www.burmeseclassic.com

မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

# မှုခင်းရှာဖော်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E), N0 ( 25 ) ၂၀၁၃ ခုနှစ် ၊ ဇန်နဝါရီ

## မှုခင်း မှုခင်း မှုခင်း မှုခင်း



အရုပ်ဆောင် - အေးမြတ်သူ
ဓာတ်ပုံ - ကိုမြင့်လွင်

www.burmeseclassic.com

www.burmeseclassic.com

1 - DEC 2012

# ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----


မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြ-၀၃၈၂၈ဖြင့်
ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား
လစဉ်...ဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

| | | |
|---|---|---|
| နာယက | - | ရဲမှူးကြီးဝင်းခေါင် |
| | | ဒုတိယရဲမှူးကြီးဝင်းမြင့်(ငြိမ်း) |
| အကြံပေးလမ်းညွှန်မှု | - | ဒေါ်သက်ရှိ (Jacob) |
| | | Jacob Media Group |
| အယ်ဒီတာချုပ် | - | ဦးသက်နိုင်ဦး |
| တာဝန်ခံအယ်ဒီတာ | - | မောင်ငြိမ်းသူ(ကြို့ပင်ကောက်) |
| အုပ်ချုပ်ရေးမှူး | - | ညိုညိုစိမ့် |
| တွဲဖက်အုပ်ချုပ်ရေးမှူး | - | ငွေနိုင် (ဖြန့်ချိဆက်သွယ်ရေး) |
| တွဲဖက်အုပ်ချုပ်ရေးမှူး | - | အောင်ကျော်ဦး (သတင်း) |
| ဒီဇိုင်း | - | စောဝဏ္ဏ |
| ကွန်ပျူတာအဖွဲ့ | - | တင်တင်အောင်၊ မြမြစိုး |
| ရုံးလုပ်ငန်း | - | ခင်စန်းဝင်း၊ မြူမြူလှိုင် |
| | | ခင်မာဆွေ၊ တင်ကြိုင် |
| ကြော်ငြာတာဝန်ခံ | - | ဦးသက်ထွန်း၊ ဒေါ်အေးအေးခန့် |
| စာအုပ်ချုပ်အဖွဲ့ | - | ဦးတင်ဦးအဖွဲ့ |
| ပုံနှိပ် | - | စိန်နဂါးပုံနှိပ်တိုက် |
| အဖုံးဖလင် | - | **EAGLE** |
| အတွင်းဖလင် | - | **PERFECT** |


*************


သတင်းနှင့်စာမူများပေးပို့ရန်

လိပ်စာ

ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံး
အမှတ်(၉၆)၊ (ဒုတိယထပ်)၊ မဟာသုခလမ်း၊ ကျိုက်တော်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**PH : 01-297297, 01-9000017,**
**FAX : 01-397164**
**Email : shuhtaunt@gmail.com**
**nyonyoseinnt@gmail.com**


## သတင်းစုဆောင်းရေးရုံးခွဲများ

| | | |
|---|---|---|
| ဦးဇော်လင်းသန်း (ရဲရဲအဖွဲ့) | - | နေပြည်တော်ရုံးခွဲ |
| ဦးခင်ဇော်ဦးအဖွဲ့ | - | မြဝတီရုံးခွဲ |
| ဦးသိန်းဇော်ဦးအဖွဲ့ | - | မူဆယ်ရုံးခွဲ |
| ဦးမင်းဦးအဖွဲ့ | - | ချောက်ရုံးခွဲ |
| ဦးလှရွှေအဖွဲ့ | - | ကျောက်ပန်းတောင်းရုံးခွဲ |
| ဦးအောင်မြင့်အဖွဲ့ | - | ဥသျှစ်ပင်ရုံးခွဲ |
| ဦးအောင်သန်းထွင့်အဖွဲ့ | - | ပြည် (၁) ရုံးခွဲ |
| ဦးခင်မောင်ရွှေ၊ ဦးဖိုးလှိုင်အဖွဲ့ | - | ပြည် (၂) ရုံးခွဲ |
| ဦးလှထူးအဖွဲ့ | - | အောင်လံ (မြလို) ရုံးခွဲ |
| ဦးစိုင်းဇော်ဇော်အဖွဲ့ | - | ရွှေတောင်ရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - | သဲကုန်း/ပုတီးကုန်းရုံးခွဲ |
| ဦးမောင်မောင်သိန်းအဖွဲ့ | - | ဇီးကုန်းရုံးခွဲ |
| ဦးသိန်းဝင်းအဖွဲ့ | - | ကြို့ပင်ကောက်ရုံးခွဲ |
| ဦးကြီးမြင့်နိုင်အဖွဲ့ | - | လှိုင်ကော်ရုံးခွဲ |
| ဦးမြင့်လွင်အဖွဲ့ | - | သာပေါင်းရုံးခွဲ |
| ဦးသိန်းလှိုင်အဖွဲ့ | - | မော်လမြိုင်ရုံးခွဲ |
| ဦးဘထိန်အဖွဲ့ | - | မိတ္ထီလာရုံးခွဲ |
| ဦးဇော်ငွေလှိုင်အဖွဲ့ | - | ဟင်္သာတရုံးခွဲ |
| ဦးစိုးမြင့်အဖွဲ့ | - | ဘိုကလေးရုံးခွဲ |
| ဦးတင်လှိုင်အဖွဲ့ | - | ရေကြည်ရုံးခွဲ |
| ဒေါ်သန်းသန်းသျှိန်းအဖွဲ့ | - | ကမာရွတ်ရုံးခွဲ |
| ဒေါ်လှလှကြည်အဖွဲ့ | - | လှိုင်သာယာ (၁) ရုံးခွဲ |
| ဦးတင်ထွန်းဦးအဖွဲ့ | - | လှိုင်သာယာ (၂) ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - | သာကေတ (၁) ရုံးခွဲ |
| ဦးစိုးမြတ်ထက်အဖွဲ့ | - | သာကေတ (၂) ရုံးခွဲ |
| ဦးအောင်မင်းအဖွဲ့ | - | ဒေါပုံရုံးခွဲ |

www.burmeseclassic.com

www.burmeseclassic.com

# ရှုထောင့်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း VOL(E),NO(25), ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ

## ကဗျာရှုထောင့်


- ရွှေညာသားမြတ်မင်း ၈
- ကောင်းညွန့်ဝေ (ရေစကြို) ၉
- ဇော်မိုးဟန် (ငါးသိုင်းချောင်း) ၁၀
- တနိုင်ခ ၁၁


## ကာတွန်းရှုထောင့်


- ရွှေကိုဦး၊ စည်သူကျော်၊ ငွဲနေ




## ဥပဒေရှုထောင့်


- မောင်ဉာဏ်ရှင် (ဥပဒေ) ၁၅


## မှုခင်းပဟေဠိရှုထောင့်အမှတ်စဉ် (၆၂)


- မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၂၃


## မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်


- မော်ကျွန်းရဲခိုင် (မောဟာမျဉ်းဖြောင့်) ၃၅
- ကျော်စိုးသူ (ဥသျှစ်ပင်) (သောကကြောင့်ဒေါသပွားရသည်) ၄၆
- ကိုကိုလှ (ကမာမြေ) (မြှုပ်ကွက်ဝက်ပါ) ၅၂
- မောင်မောင်စိန်လင်း (နတ်မောက်) (အချစ်ဆုံးကိုမုန်းမိသူ) ၅၉
- ထက်လှ (ဟင်္သာတ) (ဖြတ်လမ်းလိုက်၍မိုက်မိသူ) ၆၆
- ဇော်ထွဋ် (ကမ်းသာယာ) (ကျော့ကွင်းမှဆိုး) ၇၄


www.burmeseclassic.com

www.burmeseclassic.com


- အောင်သီဟ (နဝ်တလင်း)
  (ဘယ်ဝယ်မျှော်မှန်းမြန်းလေပြီ) ၈၂
- သင်းသင်းလှိုင် (တပ်ကုန်း)
  (ဝမ်းနှင့်မလွယ်သားမမည်) ၉၀
- မောင်မောင်ဝင်းတင်
  (ခုတော့ပခြုတ်ထဲကမြွေပေါက်မ) ၉၇
- သာစည်အောင်တင်
  (ကံတရားဆိုတာအဆန်းသားကလား) ၁၁၀
- အောင်ရဲကျော် (မှူခင်း)
  (သတင်းထောက်ဇော်ရှင်းနှင့်လှယမင်းဒေဝီ) ၁၁၅
- တွင်းကြီးသားတင်ဝင်းဦး
  (မငိုပါနဲ့မလေးနွယ်) ၁၂၈


## ဘာသာပြန်ရှထောင့်


- အောင်ချစ်စိုး (လသာ)
  (အချစ်ထဲကအဆိပ်) ၁၄၄


## ဆောင်းပါးရှုထောင့်


- ဆူးသစ်
  (မှန်းတဲ့ဆု၊ မမှန်းတဲ့ဆု) ၁၄၉


## "နှလုံးသားရှုထောင့်"


- ညိုလှိုင်းထန် (မြင်းခြံ)
  (အချစ်ဦးသို့ ပန်ကြားလွှာ) ၁၅၄


## "ဖြောင့်ချက်နှလုံးသား"


- တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၅၉
- ဟန်နီ (တောင်ကြီး)
  (အညတရလေညင်း) ၁၆၁


## "ရုပ်ရှင်ရှုထောင့်"


- ကျော်ဇောဟိန်း (ဒေါ်ပုံ)
  (ထာဝရအလင်းတန်းများ) ၁၆၆
- ခိုင်စင်သန့်
  (လှူရှင်တော်အိပ်မက်) ၁၆၉


## "စာအုပ်စင်ရှုထောင့်"


- ကိုကြီးထူး ၁၇၂


## "ဗေဒင်ရှုထောင့်"


- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄


www.burmeseclassic.com

www.burmeseclassic.com



ကဗျာ

# ငါ၏နိဂုံး

ရွှေညာသားမြတ်မင်း



- သစ်သီးသစ်ရွက်၊ အပင်ထက်မှ
ကြွေပျက်ဘဝ၊ မြေထက်ကျသော်
စိမ်းမှဝါပြောင်း၊ ရင့်ရော်ဟောင်းသည်
အကောင်းဘာမျှ မကျန်ပေ။
- ဆင်းရောင်စုံဖြင့်၊ ပန်တင့်သော
ပန်းပွင့်မျိုးစုံ၊ ကြွေဖို့ကြုံက
ပင်ရုံထက်မှာ၊ ပန်းတကာတို့
နံ့သာလည်းဆုံး၊ သျှောင်လည်းဖုံးနှင့်
အဆုံးမြေတွင် ကျဲပြန့်စင်။
- ငါမှငါသာ၊ ငါဆရာဟု
ငါငါကိုင်စွဲ၊ ငါကိုယ်ကဲလျက်
ငါပဲငါမြင်၊ ငါသခင်လုပ်
ငါ့သွင်ငါ့ရုပ်၊ ငါကောင်ပုပ်ကို
အဟုတ်ငါထင် မာနဝင်။
- ငါနှင့်ငါသာ၊ နှိုင်းစရာတို့
ခန္ဓာဉာဏ်မွဲ၊ အတ္တကဲ၍
ငါစွဲတစ်နေ့၊ သေရက်စေ့သော်
ကြုံတွေ့ကြွေပျက်၊ သေမင်းလက်သို့
ဝကွက်အပ်နှံရလိမ့်မည်။
ကျရှုံး မှတ်ဟန် ပြခြိမ့်ပြီ။ ။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ

# သစ္စာသည်သာ

ကောင်းညွန့်ဝေ (ရေစကြို)

- အတတ်ပညာ၊ ဂုဏ်ထည်ဝါလည်း
သစ္စာမရှိ၊ ဖောက်ပြန်ဘိက
တတ်သည့်ပညာ၊ မလိမ္မာ။

- ဓနဥစ္စာ၊ ကြွယ်ဝပါလည်း
သစ္စာမရှိ၊ ဖောက်ပြန်ဘိက
ရှိသည့်ဥစ္စာ၊ မရေရာ။

- အဆင်းရုပ်ပါ၊ တင့်လှပါလည်း
သစ္စာမရှိ၊ ဖောက်ပြန်ဘိက
လှသည့်ရုပ်ပါ၊ ကြောက်စရာ။



- အတတ်ပညာ၊ ဥစ္စာဓန
အလှရုပ်ပါ၊ ထိုအရာထက်
သစ္စာသည်သာ၊ ခိုင်မြဲရာဟု
ဘယ်ခါမလွှဲ၊ မပြောင်းလဲဟု
ရင်ထဲစွဲပါ၊ ထိုသစ္စာ။
သစ္စာရှိမှ၊ မြတ်နိုးရာ။ ။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာ

# အမှုံးပြုံပြုံ အနိုင်ကွဲ

ဇော်မျိုးဟန် (ငါးသိုင်းချောင်း)



BURMESE CLASSIC .com

♠ ငါ့စိတ်ကို လာလာစမ်း
ငါဘာမှန်း သိစေ့မယ်။
ငါ့အစွမ်း ငါ့အစ
ပြရပေါ့ပါတယ်။
သိက္ခာတော့ အကျမခံတယ်
ချရန်ရွယ် စိတ်စော။
ဒေါသကို တက်ကုန်ဖွင့်
ရွက်လွှင့်ပြီကော။

♠ ငါ့နယ်ပယ် လာလာလှမ်း
ငါဘာမှန်း သိစေ့တယ်။
ငါ့အစွမ်း ငါ့အစ
ပြမှဖြစ်မယ်။
ဥစ္စာတော့ အထိမခံတယ်
ငြိရန်ရွယ် စိတ်စော။
လောဘကို ရွက်စုံလွှင့်
တက်ဖွင့်ပြီကော။

♠ အခါးကို အချိုဟုထင်
ပုထုဇဉ် လူ့သဘော။
အမှားနှင့်သောကယှဉ်
မောဟဝင် လူ့မနော။
ဩော်––အအေးကို အပူမြင်
အပေးကို အယူထင်လို့
သူယှဉ်ရင် ကိုယ်ပြိုင်နွဲတာကြောင့်
နိုင်ပွဲရှာ အဆုံးမသတ်ပါတဲ့
ရှုံးရပ်မှာမျော။ ။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာ

# အသက် ၅၀ မှ နှောင်းနှောင်းဟ

တနိုင်ခ




ကြိုးစားမှုပျက်
တက်လမ်းကွေ့ကို၊ တွေ့ပေမယ့်လျှင်
မအောင်မြင်ပါ၊ ရှုံးနိမ့်လာခဲ့
ခုခါအသက် ၅၀ ပြည့်ခဲ့ပြီ---။

အတူတူတက်၊ လည်ပင်းဖက်ကာ
တွဲဖက်သူတွေ၊ ကြိုးစားလေ၍
ရွှေငွေတွဲလွဲ၊ ဂုဏ်ရှိန်ဝဲတွင်
ပျော်ပွဲဆင်နေ၊
သိမြင်တရား၊ ရနိုင်စရာ---။

ငယ်ကတည်းက၊ တူတကွတက်လာ
ဒီကျောင်းမှာပဲ၊ ဒီဆရာ ဆရာမ
ဒီအတန်းကပဲ၊ ဗီဇ စိတ်ဓာတ်
မြင့်မြတ်ကွာခြား၊ မကြိုးစားတော့
အများနှင့်မတူ၊ ပညာမူညံ့
ဘဝတန့်ခဲ့
စီးပျံ့အချိန်က၊ မစောင့်ပြီ---။

ဩော်--အခုသော်၊ လမ်းမပေါ်မှာ
ငှားမည့်လူရှာ၊ အရိပ်မှာရပ်
တရစပ်နင်း၊ အံကြိတ်ရင်းနှင့်
ချွေးနှင်းဖွေရ၊ မလွယ်ပါလား
ဘဝနောင်တ၊ ပြန်တ သလည်း
မရတော့ချေ၊ နှောင်းခဲ့ပေပြီ
နစ်နေတဲ့ချွေး၊ ခါသုတ်ပေးရင်း
ရှေးကံကြမ္မာ၊ မယိုးပါတော့
ပညာငယ်စဉ်၊ မခံမင်၍
ခုတွင်ပြစ်ဒဏ်၊ ခါးစည်းခံပေါ့
ကြဲဖန်စဉ်းစား၊ တို့ကျောင်းနားကို
ဆိုက်ကားနင်းရင်း ရောက်ခဲ့တယ်--။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com



# မေးမယ်ဖြေမယ်

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** ဆရာ ကျွန်တော်ဟာ တရားခံဖြစ်တဲ့ အမှုတွင် ဆရာဝန်ရဲ့ထွက်ချက်နဲ့ ဆေးစာအရ တရားလိုရရှိတဲ့ ဒဏ်ရာသုံးချက်အနက် အမှတ်(၁)ဒဏ်ရာမှာ ပြင်းထန်ဒဏ်ရာဖြစ်တယ်လို့ ဆိုပေမယ့် အဲဒီဒဏ်ရာမှာ လက်ဝဲဘက် လက်မောင်းတွင် ကန့်လန့်ဖြတ်အလျား (၃)လက်မ အနံ လက်မဝက်၊ အနက်တစ်လက်မခန့် ပြတ်ရှဒဏ်ရာဖြစ်ပြီး ပခုံးကြွက်သားပြတ်၍ သွေးထွက်ကြောင်း၊ အာရုံကြောနဲ့ သွေးကြောမထိကြောင်း ဖော်ပြထားတယ်။ တရားလိုဟာ ဆေးရုံ၌ (၁၁)ရက်ကြာ တက်ရပြီး ဆေးရုံကဆင်းခဲ့ရတယ်။ တရားလိုရရှိတဲ့ ဒဏ်ရာအမှတ် (၁) ဒဏ်ရာမှာ ရုပ်ဆင်းပျက်ကာ ခန္ဓာကိုယ်ချို့ယွင်းတဲ့အထိ ဖြစ်နိုင်တဲ့ဒဏ်ရာမဟုတ်ကြောင်း ဆရာဝန်က ထွက်ဆိုထားတယ်။ အမှုပြီးလို့ တရားရုံးက အမိန့်ချတော့ ပုဒ်မ ၃၂၄အရ ဒဏ်ငွေ (၅၀၀ိ/-)ချမှတ်ခဲ့တယ်။ တရားလိုက ချမှတ်ထားတဲ့ ပြစ်ဒဏ်ဟာ သက်ညှာရာရောက်တယ်ဆိုပြီး အထက်ရုံးကို တက်တယ်။ ဘယ်လိုဖြစ်လာနိုင်သလဲ ရှင်းပြပါဆရာ။

ဦးကျော်ဝင်း၊ စမ်းချောင်း။

**ဖြေ။** တရားလို ရရှိတဲ့ဒဏ်ရာဟာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀ပါ အပြင်းအထန်နာကျင်စေမှု အင်္ဂါရပ်နဲ့ အကျုံးဝင်မှု မရှိတာထင်ရှားနေလို့ တရားခံ ဦးကျော်ဝင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄အရ ပြစ်မှုထင်ရှား စီရင်ခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒဏ်ငွေ (၅၀၀ိ/-)သာ ချမှတ်ထားခြင်းမှာ သက်ညှာရာ ရောက်တယ်ဆိုပေမယ့် သက်ညှာရကြောင်း အကျိုးသင့်အကြောင်းသင့် ဆင်ခြင်သုံးသပ်ပြီး တရားရုံးက ချမှတ်ခဲ့တာဖြစ်လို့ မှားယွင်းတယ်လို့လည်း ဆိုနိုင်မယ် မထင်ပါဘူး။

တရားခံ ဦးကျော်ဝင်းအား သတ်မှတ်ပေးထားတဲ့ ပြစ်ဒဏ်ဟာ အလွန်အမင်း သက်ညှာလွန်းရာ ရောက်တဲ့အခါတွင် ချမှတ်တဲ့ ပြစ်ဒဏ်မှာ တရားစီရင်ရေး တိမ်းစောင်းမှုကို ရောက်စေတဲ့အခါမှတစ်ပါး ပြစ်ဒဏ်ကို တိုးမြှင့်ပေးလေ့ မရှိဘူး။ သက်ညှာတဲ့ ပြစ်ဒဏ်ချမှတ်ရုံမျှနဲ့ ပြစ်ဒဏ်တိုးမြှင့်ပေးရန် လုံလောက်တဲ့ အကြောင်းအချက်များဖြစ်တယ်လို့ မဆိုနိုင်ပါဘူး။ ကျူးလွန်တဲ့ ပြစ်မှုအတွက် သတ်မှတ်ပေးတဲ့ ပြစ်ဒဏ်ဟာ သိသိသာသာ ထင်ထင်ရှားရှား နည်းလွန်းတဲ့အပြင် တရားစီရင်ရေးကိုပါ တိမ်းစောင်းနေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်မှသာ ပြစ်ဒဏ်ကို တိုးမြှင့်လေ့ရှိပါတယ်။ ဒါကြောင့် မြို့နယ်တရားရုံးက တရားခံ ဦး...ဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄အရ ပြစ်မှုထင်ရှားစီရင်ပြီး ဒဏ်ငွေ (၅၀၀ဝိ/-)ချမှတ်ခဲ့ခြင်းအတွက် ပြစ်ဒဏ်တိုးမြှင့်ပေးရန် အပေါ်ရုံးတက်ခြင်းဟာ မအောင်မြင်နိုင်ဘူးလို့ ဆရာတော့ ယူဆပါတယ်။ အပေါ်ရုံးရဲ့ အမိန့်ကို စိတ်အေးအေးထားပြီး စောင့်ကြည့်ပါလို့ပဲ ဆိုချင်ပါတယ်။

**မေး။** ဆရာ ကျွန်တော် မကွေးမှ ရန်ကုန်သို့ ကုန်ပစ္စည်း ငါးသိန်းဖိုးခန့် ဒေါ်အေးသန်းကို ပို့နိုင်းလိုက်တယ်။ ကျွန်တော် ပို့နိုင်းလိုက်တဲ့ ကုန်ပစ္စည်းတွေ ပျောက်ဆုံးသွားတယ်။ ဒေါ်အေးသန်းက ပျောက်ဆုံးသွားတဲ့ ကုန်ပစ္စည်းတန်ဖိုးကို ပေးလျော်ပါမယ်လို့ ဝန်ခံကတိပြုလက်မှတ်ရေးထိုးပေးတယ်။ နောက်ပိုင်း ဒေါ်အေးသန်းက ပျောက်ဆုံးသွားတဲ့ ကုန်ပစ္စည်းတန်ဖိုး ငါးသိန်းမပေးလျော်လို့ တရားမကြောင်းအရ တရားစွဲခဲ့တယ်။ တရားရုံးက ကျွန်တော်နဲ့ ဒေါ်အေးသန်း နှစ်ဦးသဘောတူ ကတိစာချုပ်ဟာ ငွေပေးချေရန် ကတိစာချုပ် မဟုတ်ဟုဆိုကာ ကျွန်တော်စွဲထားတဲ့အမှုကို ပယ်ခဲ့တယ်။ ဘာကြောင့် ကျွန်တော့်အမှု ပယ်ရတာလဲ ရှင်းပြပါဆရာ။

ဦးကျော်ဌေး၊ မကွေးမြို့။

**ဖြေ။** အမှုမှာ ဦးကျော်ဌေး တင်ပြတဲ့ စာချုပ်ဟာ ငွေပေးချေရန် ကတိပြုတဲ့ စာချုပ်လား၊ ဒါမှမဟုတ် နှစ်ဦးသဘောတူ ကတိစာချုပ်ဖြစ်သလားဆိုတာ ကြည့်ရမှာဖြစ်တယ်။ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ (၄)တွင် ငွေပေးချေရန် ကတိစာချုပ် (Promissory Note)ဆိုတာမှာ ဘဏ်လက်မှတ် ဒါမှမဟုတ် ငွေစက္ကူမဟုတ်ဘဲ ငွေတစ်စုံတစ်ရာကို တစ်စုံတစ်ယောက်သော သူတို့သာဖြစ်စေ၊ ၎င်းက အခွင့်လွှဲအပ်သူသို့သာဖြစ်စေ၊ လက်မှတ်ကိုင်ဆောင်လာသူသို့သာဖြစ်စေ ပေးချေရန် စည်းကမ်းတစ်စုံတစ်ရာ မထားဘဲ ဝန်ခံလက်မှတ်ရေးသား ချုပ်ဆိုသူက လက်မှတ်ရေးထိုးသည့် စာချုပ်ကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားတယ်။

ငွေပေးချေရန် ကတိစာချုပ်ဟာ အောက်ပါအချက်များနဲ့ ညီညွတ်ရန် လိုပါတယ်။ (၁) ငွေပေးချေရန် ကတိစာချုပ်ဟာ စာနဲ့ရေးသားထားခြင်း ဖြစ်ရမယ်။ (၂) စည်းကမ်းချက် တစ်စုံတစ်ရာ မထားဘဲ ငွေချေးပါမယ်လို့ ဝန်ခံကတိပြုချက်ဖြစ်ရမယ်။ (၃) ငွေပေးချေရန် ရှိတယ်လို့ သာမန်အသိအမှတ်ပြုရုံနဲ့ မလုံလောက်၊ အဲဒီငွေကို ပေးပါမယ်လို့ ကတိပြုချက်ဖြစ်ရမယ်။ (၄) ပေးရန်ကတိပြုတဲ့ ငွေဟာ အတိအကျဖြစ်ရမယ်။ (၅) ရေးသားကတိပြုသူက လက်မှတ်ရေးထိုးရမယ်။ (၆) ငွေပေးရမယ့် သူရဲ့အမည်ကို အတိအကျ ဖော်ပြထားရမယ်။ (၇) ငွေပေးရန် ကတိပြုခြင်းဖြစ်ရမယ်။ အခြားပစ္စည်းပေးရန် ကတိပြုခြင်း မဖြစ်စေရ။

ဒီစာချုပ်ဟာ ဦးကျော်ဌေးက ဒေါ်အေးသန်းရဲ့ ကုန်ပစ္စည်းများ ပျောက်ဆုံးမှုအတွက် ကုန်တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ပေးလျော်ရန် ဦးကျော်ဌေးနဲ့ ဒေါ်အေးသန်းတို့ နှစ်ဦးသဘောတူ ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်ရမယ်။ ဒီစာချုပ်တွင် လျော်ကြေးငွေကို ပေးဆောင်ရန် နှစ်ဦးသဘောတူထားတဲ့ စည်းကမ်းချက်များပါရှိနေတဲ့အတွက် ဒီစာချုပ်ဟာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ (၄)တွင် ဖော်ပြထားတဲ့ အချက်များနဲ့ မကိုက်ညီဘူး။ ငွေပေးချေရန် ကတိစာချုပ် (Promissory Note) မဟုတ်ဘူး။

**မေး။** သက်သေဦးကြီးစိန်နဲ့ ရဲတပ်ဖွဲ့ဝင်များက ည (၁၀)နာရီအချိန်ခန့်တွင် တရားခံသန်းကျော်အိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှေ့ကြမ်းပြင်မှ စာရွက်အလိပ်တစ်လိပ်တွေ့တယ်။ သန်းကျော်အား ရဲက ကောက်နိုင်းပြီး ဖြေကြည့်တဲ့အခါ ထီလယ်ဂျာစာရွက်ဖြစ်ကြောင်း တွေ့ရတယ်။ ဒါကြောင့် သက်သေခံ ဝရမ်းဖြင့် သန်းကျော်အိမ်ကို ရှာရာ ရှာဖွေပုံစံ သက်သေခံ (ခ)နဲ့ (ဃ)တွင် ရေးသွင်းထားတဲ့ ပစ္စည်းတွေ့ရှိလို့ သိမ်းဆည်းတယ်။ တရားခံသန်းကျော်က မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ကြပ်အဆင့်ဖြစ်တယ်။ စိစစ်ရေးကတ်ပြားနဲ့ ဂုဏ်ပြုမှတ်တမ်းများ တင်ပြတယ်။ တရားခံက ရဲတပ်ဖွဲ့များနဲ့ ပူးပေါင်း၍ မှုခင်းနှင့်စပ်လျဉ်းတဲ့ ရှာဖွေဖမ်းဆီးရာတွင် ပါဝင်လေ့ရှိတဲ့အတွက် လူမှုန်းများကြောင်းလည်း သိရတယ်။ တရားခံ သန်းကျော် အိမ်တွင် သတင်းစာစက္ကူ၊ ဗလာစာအုပ်၊ စက္ကူအဟောင်းများ ရောင်းဝယ်တဲ့လုပ်ငန်း လုပ်ကိုင်ကြောင်းနဲ့ စက္ကူဟောင်းများကြားမှ ရှာဖွေပုံစံပါ ဘောင်ချာစာရွက်နဲ့ လယ်ဂျာစာအုပ်များ ရှာဖွေတွေ့ရှိသွားခြင်း ဖြစ်ပါတယ်။ သန်းကျော် ပစ္စည်းများမဟုတ်ပါဘူး။ ရှာဖွေပုံစံဖြင့် သိမ်းဆည်းတဲ့ စာရွက်စာတမ်းများပေါ်ရှိ လက်ရေးမှာ သန်းကျော်ရဲ့လက်ရေးမဟုတ်ကြောင်း မှုခင်းတပ်ဖွဲ့မှ ပြန်ကြားထားပါတယ်။ တရားလိုကလည်း အိမ်ထဲတန်းဝင်ကြောင်း၊ တံခါးပိတ်မထားကြောင်း ထွက်ဆိုထားပါတယ်။ သက်သေ ဦးကြီးစိန်ကလည်း အိမ်တွင်ခြံစည်းရိုးများ၊ တံခါးများမရှိကြောင်း ထွက်ဆိုထားပါတယ်။ အမှုဘယ်လို အခြေအနေရှိလည်း ပြောပြပါဆရာ။

ဦးလွန်းမောင်၊ ပဲခူးမြို့။

**ဖြေ။** ရှာဖွေပုံစံနဲ့ သိမ်းဆည်းခဲ့တဲ့ သက်သေခံပစ္စည်းများမှာ တရားခံသန်းကျော်ရဲ့ ပစ္စည်းဟုတ်မဟုတ်သာ ပေါ်ပေါက်တယ်။ ဖမ်းဆီးချိန်မှာ ည (၁၀)နာရီဖြစ်တယ်။ တွေ့ရှိနေရာမှာ အိမ်ရှေ့ကြမ်းပြင်ပေါ်မှာဖြစ်တယ်။ တရားခံက စက္ကူအဟောင်းများထဲမှ ရောပါလာတဲ့ပစ္စည်းဖြစ်ကြောင်း၊ သူ့ရဲ့ ပစ္စည်းမဟုတ်ကြောင်း ငြင်းဆိုပြီး အပြစ်မရှိဘူးလို့ ထုချေတယ်။ တရားခံဟာ စာအုပ်ဟောင်း၊ စက္ကူဟောင်း ရောင်းဝယ်ကြောင်းလည်းပေါ်ပေါက်တယ်။ တရားခံအနေနဲ့ ကျော်စောသတင်းလည်း မရှိဘူးလို့ သက်သေများက ထွက်ဆိုထားတယ်။ တရားလိုရဲ့ ထွက်ဆိုချက်အရ အိမ်ထဲသို့တန်းဝင်ကြောင်း၊ တံခါးပိတ်မထား၍ ဖွင့်နိုင်းရခြင်းလည်း မရှိကြောင်း ပေါ်ပေါက်တယ်။ တရားလိုပြသက်သေ ဦးကြီးစိန်ကလည်း ပြန်လှန်မေးမြန်းရာတွင် အချင်းဖြစ်အိမ်တွင် ခြံစည်းရိုးများ၊ တံခါးများ မရှိဆိုလျှင်မှန်ကြောင်း ထွက်ဆိုထားတယ်။ သက်သေခံပစ္စည်းတွေ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ အိမ်ရှေ့ကြမ်းပြင်ပေါ်မှ ဖြစ်တဲ့အပြင် စာအုပ်ဟောင်း၊ စက္ကူဟောင်းများနဲ့ ရောပါလာနိုင်၍ တရားခံရဲ့ပစ္စည်းဖြစ်တယ်လို့ သံသယရှင်းစွာ တစ်ထစ်ချကောက်ယူရန် သပ်သေခံချက် မလုံလောက်ဘူးလို့ ယူဆပါတယ်။ တရားခံရဲ့ ခန္ဓာကိုယ်မှ တွေ့ရှိခြင်းမဟုတ်တဲ့အပြင် ကျော်စောသတင်းလည်း မရှိတာကြောင့် လောင်းကစားအိမ်ဖြစ်တယ်လို့ မသတ်မှတ်နိုင်ပါဘူး။

ဒီအခြေအနေ၊ ဒီသက်သေခံချက်တွေ ကြည့်ခြင်းအားဖြင့် တရားခံဟာ ချဲထီလောင်းကစားတဲ့သူဖြစ်တယ်လို့ စိတ်ချယုံကြည်စွာ တစ်ထစ်ချကောက်ယူနိုင်ရန် သက်သေခံချက် မလုံလောက်တာကြောင့် တရားခံ ပြစ်မှုကျူးလွန်တယ်လို့ သုံးသပ်ရန် ခဲယဉ်းနေတယ်လို့ ယူဆပါတယ်။ အထက်ရုံးကို အယူခံတက်ရင် လုံးဝလွတ်နိုင်ပါတယ်။

**မေး** ဆရာ အာမခံကိစ္စမရှင်းလို့ မေးပါရစေ။ မြို့နယ်တရားရုံးတွင် ကျွန်တော့်သား မောင်ကျင်အောင်နဲ့ မောင်မြင့်အေးကို ပုဒ်မ ၄၀၉/၄၂၇/၁၁၄အရ တရားစွဲခဲ့တယ်။ မောင်ကျင်အောင်နဲ့ မောင်မြင့်အေးတို့ အာမခံလျှောက်ထားတယ်။ မောင်မြင့်အေးကိုပဲ အာမခံပေးတယ်။ မောင်ကျင်အောင်ကို အာမခံမပေးဘူး။ မောင်ကျင်အောင်က မကျေနပ်လို့ ခရိုင်တရားရုံးကို လျှောက်ထားရာ ကျင့်ထုံးပုဒ်မ ၄၉၈(၁)အရ အာမခံပေးခဲ့တယ်။ အမှုကို စစ်ဆေးပြီး စွဲချက်အဆင့်မှာ မောင်ကျင်အောင်နဲ့ မောင်မြင့်အေးကို စွဲချက်မတင်မီ လွှတ်ခဲ့တယ်။ တရားလိုက မကျေနပ်လို့ ခရိုင်တရားရုံးကို ပြင်ဆင်မှုတင်သွင်းရာ ခရိုင်တရားရုံးက ကျွန်တော့်သား မောင်ကျင်အောင်ကို စွဲချက်မတင်မီ လွှတ်သည့်အမိန့်အား ပယ်ဖျက်၍ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်ရန် အမိန့်ချတယ်။ အဲဒီအမိန့်ကို မကျေနပ်လို့ တရားလွှတ်တော်သို့ ပြင်ဆင်မှုတင်သွင်းရာ ပယ်ခဲ့တယ်။ အမှုကို ဆက်လက်စစ်ဆေးတဲ့အခါ မြို့နယ်တရားရုံးက မောင်ကျင်အောင်အား ပုဒ်မ ၄၀၉/၄၂၇အရ စွဲချက်တင်ပြီး ချုပ်မိန့်ပေးခဲ့တယ်။ ဒီလို အာမခံပေးထားတာကို ပြန်ရုပ်ပြီး ပြန်ချုပ်တာဟာ မှန်မမှန် သိချင်ပါတယ် ဆရာ။

ဦးသက်နောင်စိုး၊ ကမာရွတ်မြို့နယ်

**ဖြေ။** ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇အရ အာမခံပေးခြင်းဟာ အမှုစစ်တရားရုံးရဲ့ လုပ်ပိုင်ခွင့်နဲ့ သက်ဆိုင်တယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇အရ အချုပ်မှ လွှတ်ထားသူတစ်ဦးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၇(၅)အရ တရားလွှတ်တော် ဒါမှမဟုတ် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် ဒါမှမဟုတ် အမှုစစ်တဲ့ရုံးက ပြန်လည်ဖမ်းဆီးရန် အမိန့်ချမှတ်နိုင်တယ်။ အာမခံကို ဖျက်သိမ်းနိုင်တဲ့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၇(၅)အရ အပ်နှင်းထားတဲ့ အာဏာကို ပုဒ်မ ၄၉၇အရ အချုပ်မှ လွှတ်ထားတဲ့ တရားခံများရဲ့အတွက်သာ ကန့်သတ်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၈အရ အာမခံပေးခြင်းမှာ တရားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တို့နှင့်သာ သက်ဆိုင်တယ်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၈၌ အာမခံပေးထားခြင်းကို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိဘူး။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၈အရ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်က အာမခံပေးထားခြင်းကို တရားလွှတ်တော်ကသာလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁(က)အရ ပယ်ဖျက်နိုင်တယ်။ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်က အာမခံပေးထားတာကို မြို့နယ်တရားရုံးက ပယ်ဖျက်နိုင်တဲ့အာဏာ မရှိဘူး။


ယခုအမှုတွင် မောင်ကျင်အောင်အား ခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၈(၁)အရ အချုပ်လွှတ် ထုချေခွင့်ပြုခဲ့တယ်။ တရားလိုပြ သက်သေများ စစ်ဆေးပြီး မြို့နယ်တရားရုံးက တရားခံများအား စွဲချက်မတင်မီ လွှတ်ခဲ့တယ်။ တရားလိုက ခရိုင်တရားရုံးကို ပြင်ဆင်မှုတင်သွင်းရာ တရားခံအား စွဲချက်မတင်မီ လွှတ်တဲ့အမိန့်အား ပယ်ဖျက်၍ ဥပဒေနဲ့အညီ ဆက်လက်စစ်ဆေးရန် အမိန့်ချတယ်။ တရားခံက အဲဒီအမိန့်ကို မကျေနပ်လို့ တရားလွှတ်တော်သို့ ပြင်ဆင်မှုတင်သွင်းရာ ပလပ်ခဲ့တယ်။ ဒီနောက် မြို့နယ်တရားရုံးက တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉/၄၂၇အရ စွဲချက်တင်ခဲ့တယ်။ ဒီနောက် မောင်ကျင်အောင်အား ချုပ်မိန့်ပေးခဲ့တယ်။ ဒီလိုချုပ်မိန့်ပေးထားခြင်းဟာ တိုင်းဒေသကြီးလွှတ်တော်က တရားခံမောင်ကျင်အောင်အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၉၈(၁)အရ အာမခံပေးထားတာကို မြို့နယ်တရားရုံးက ပယ်ဖျက်တဲ့သဘော သက်ရောက်နေတယ်။ အာမခံကို ဆက်လက်ပေးထားရမှာ ဖြစ်ပါတယ်။

**မောင်ဉာဏ်ရှင်(ဥပဒေ)**



www.burmeseclassic.com

www.burmeseclassic.com



## ဗြဟ္မဏမျိုးနွယ်ဖွား
## ပါရမီရှင် ဆရာထွန်းထွန်းလင်း၏ ပညာကွန်းခိုရာသို့

ရာသီဥတုသာယာတဲ့နေ့တစ်နေ့မှာပေါ့ ရွှေမန်းမြို့လေးဟာလဲ ကြက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံနေတယ်လေ။ ဆရာထွန်းထွန်းလင်းရဲ့ဖိတ်ကြားချက်အရ ကျွန်မနှင့်အဖွဲ့ဟာ ဆရာရှိရာ မန္တလေးမြို့၊ ၇၂လမ်း၊ ၃၄×၃၅လမ်းကြားကို ရောက်ခဲ့ပါတယ်။ စနစ်သစ်ရှေ့ဆောင် ဗြဟ္မဏပုဏ္ဏား လူငယ်ပညာရှင် ဆရာထွန်းထွန်းလင်းရဲ့ ပညာ့ရိပ်သာကွန်းခိုရာထဲသို့ ဝင်လိုက်တယ်ဆိုရင်ဘဲဥပတိရုပ်သန့်ပြန့်ပြီးရွှင်လန်းနေတဲ့ ဆရာထွန်းထွန်းလင်းက ပြုံးရွှင်စွာ ကြိုဆိုနေတာကိုတွေ့ရပါတယ်။

ဆရာ - မင်္ဂလာပါခင်ဗျာ။

ကျွမ - မင်္ဂလာပါရှင် ဆရာရဲ့ပညာခန်းဖွင့်ထားတဲ့နေရာလေးကရှာရတာလွယ်ကူတယ်နော်။ ၇၂ လမ်းမကြီးပေါ် ၃၄လမ်းနဲ့ ၃၅လမ်းကြားဆိုတော့ ပိုထင်ရှားတာပေါ့ဆရာ။

ဆရာ - ဟုတ်ကဲ့ပါ ထိုင်ကြပါခင်ဗျာ။

ကျွန်မတို့လည်း ဆရာ့အနီးက နေရာလေးမှာဝင်ထိုင်ပြီးစကားပြောဖြစ်ကြပါတယ်။

ကျွမ - ဆရာဒီဟောခန်းဖွင့်တာဘယ်နှစ်နှစ်ခလောက်ရှိပြီလဲ။

ဆရာ - တောင်ကြီးမြို့၊ စပ်စံထွန်းဈေးမှာလဲဖွင့်ဘူးတယ်၊ အဲဒီအရင်က နယ်တွေသွားပြီးတော့လဲ ဟောဘူးတယ် မန္တလေးမှာတော့ ဒီဇင်ဘာလ ၂၀၀၆ခုနှစ် ကစပြီးဟောခန်းဖွင့်တာပါ။

ကျွမ - ဆရာဒီပညာကိုရရှိခဲ့တာ လက်ဦးဆရာရှိပါသလားဆရာ။

ဆရာ - ဒီဗေဒင်ဟောတဲ့ပညာကို ရရှိတာ လက်ဦးဆရာက ဆရာကြီးဦးစိန်းဝင်းဗိုလ်နှင့် ဆရာဦးဇော်ဝင်းဗိုလ်တို့ ဖြစ်ပါတယ်ခင်ဗျ။



ကျွမ - ဆရာတို့က ဗြဟ္မဏမျိုးနွယ်ဖွားတွေဆိုတော့ မွေးရာပါ ပါရမီဓါတ်ခံနှင့် ပညာ ရှိမယ်ထင်ပါတယ်နော်။

ဆရာ - မွေးရာပါ ပါရမီဓါတ်ခံဆိုရလို့ အကြားအမြင်ပညာပါရမီလို့ပြောလို့ရပါတယ်။


ကျွမ - အကြားအမြင်အာရုံရတယ်ဆိုတော့၊ ဆရာ့မှာထူးခြားတဲ့ဘာသာရေးကျင့်စဉ်တွေလည်းအသုံးပြုထားမှာပေါ့နော်။

ဆရာ - အကြားအမြင်အာရုံရတယ်ဆိုတာက ဗေဒင်လက္ခဏာပညာလို သင်ရိုးစနစ်မရှိပါဘူး။ ဆရာကိုင်ပြီးသင်လို့လည်းမရနိုင်ပါဘူး။ ကျွန်တော် ကိုယ်တိုင်က မသိစိတ်နှင့်သိစိတ်နှစ်ခုကြား ချက်ခြင်းဖြစ်လာတဲ့စိတ်သဘောတစ်ခုဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ - အကြားအမြင်အာရုံဆိုတာ ကြိုတင်ခန့်မှန်ပြီးပြင်ဆင်ထားလို့မရပါဘူးခင်ဗျ၊ ပဋ္ဌာန်းဆက်ကပေးသောပါရမီတစ်ခုသာဖြစ်ပါတယ်။ အဓိကကျင့်စဉ်တစ်ခုနဲ့ဆိုင်တယ်။ မိမိကိုယ်ကျင့်တရား သီလနဲ့သမာဓိက အဓိကဖြစ်တယ်။ အထူးစိတ်ကျင့်စဉ်ကိုပိုပြီးဂရုစိုက်ဖို့လိုပါတယ်။ ဂါထာတွေအများကြီးထဲက အဓိကကျတဲ့ သုံးခုကိုလက်ကိုင်ထားပါတယ်။ နေ့ထူးနေ့မြတ်တွေမှာ ကျင့်စဉ်နဲ့မေတ္တာပို့ခြင်းကိုလုပ်ရပါတယ်။

ကျမ - လေးစားပါတယ်ဆရာ စီးပွားရေး လာဘ်ပိတ်နေတာတွေကို အဆင်ပြေအောင်လုပ်ပေးတယ်လို့ ကျမတို့ကြားမိပါတယ်။လာတ်ပွင့်တဲ့သူတွေလဲ ဝမ်းသာနေကြတယ်လို့ သိရပါတယ်။ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စမှာလည်း ဆရာကထိရောက်မှုရှိတယ်လို့ မိတ်ဆွေတစ်ဦးကညွှန်းလိုက်သေးတယ်။

ဆရာ - အိမ်ခြံမြေရောင်းဝယ်ရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စ၊ အချစ်ရေးကိစ္စတို့ကို ဓါတ်ရိုက်ဓါတ်ဆင်နဲ့အဓိက စီမံရတာပါ။ ပညာခန်းတစ်မျိုးပေါ့။

ကျွန်မ - ဓါတ်ရိုက်တာနဲ့ ဓါတ်ဆင်တာတူပါသလား။

ဆရာ - ဓါတ်ရိုက်တာနဲ့ ဓါတ်ဆင်တာမတူပါဘူး။ လူဖြစ်စေ အရာဝတ္ထု ဖြစ်စေ ထွက်စေချင်တာ၊ ဝင်စေချင်တာတို့ကို ဓါတ်ရိုက်နည်းဖြင့်သုံးရပါမယ်။ ဓါတ်ဆင်တယ်ဆိုတာဖြစ်ချင်တာကိုအကျိုးပေးရန်အတွက် နမ်တူအကျိုးပေးခြင်းရလို့မှုအတွက်ဖန်တီးလုပ်ဆောင်ခြင်းကိုဓါတ်ဆင်ခြင်းလို့ခေါ်ပါတယ်။ လေ့လာမှုအလွန်လိုအပ်ပြီး ကံ၊ စိတ်၊ ဥတု၊ အဟာရ အကြောင်းလဲသိဖို့လိုပါတယ်။ ကျွန်တော့ဆရာတွေ သင်ကြားပေးချက်တွေက တန်ဖိုးကြီးလွန်းပါတယ်။ ဗေဒင်ပညာကို ကျွန်တော် (၁၃)နှစ်သားအရွယ်ကစပြီးဆရာကြီးဦးစိန်ဝင်းဗိုလ်ထံ ပညာသင်ခဲ့ရတာပါ။ ငယ်စဉ်ကတည်းက မိဘနဲ့အတူမနေခဲ့ရပါဘူး အဖွားနှင့်အတူနေပြီးကြီး ပြင်းလာရသူမို့ ဗေဒင်ပညာကို ဂရုတစိုက်သင်ကြားခဲ့ရပါတယ်။

ကျွန်မ - ဆရာ့ဟောခန်းက မန္တလေးမြို့ ၇၂လမ်း (၃၄×၃၅)ကြား မှာရှိပြီး ဖုန်းနံပတ် ဝ၉-၉၁၀၀၀၃၂၄ဆိုတာမှန်ပါတယ်နော်။

ဆရာ - မှန်ပါတယ်ခင်ဗျာ။ မှုခင်းရှုတောင့်မှာ ကြော်ငြာထားတဲ့အတိုင်းပါဘဲ။

ကျွန်မ - မန္တလေးမြို့ ၇၂လမ်းက ဆရာ့ဟောခန်းအပြင် တစ်ခြားဟောခန်းဖွင့်ထားတာရှိပါသေးသလား။

ဆရာ - ရှိပါသေးတယ်။ စက်မှုဇုန် (၁) ဈေးအတွင်း မန္တလေးမြို့ဖြစ်ပါတယ်။ ဒီနေရာမှာတော့ မွန်းတည့် (၁၂း၀၀) နာရီမှ (၀၄း၀၀) နာရီအထိ ဟောကြားပါတယ်။ ကျွန်တော့အနေနဲ့ရန်ကုန်လာပြီး ဟောခန်းဖွင့်ချင်တဲ့ဆန္ဒပေါ်လာပါတယ်။ ရန်ကုန်မြို့ပေါ်ရှိ ပရိတ်သတ်တွေကို ဖုန်းနဲ့ကူညီတာများနေပြီ၊ ပင့်ခေါ်ကြတော့ တစ်ညအိပ်နှစ်ညအိပ်သွားရတယ်။ ဒါကြောင့် ရန်ကုန်ပရိတ်သတ်ကိုကူညီပေးချင်တို့ ဟောခန်းဖွင့်ချင်တာပါ။



ကျွန်မ - ဆရာ့သဘောထားအတိုင်း အောင်မြင်ပါစေ။

ကျွန်မနှင့်အဖွဲ့ဆရာရဲ့ပညာကွန်းခိုရာကနေ ညနေ (၀၃း၀၀) နာရီအချိန်တွင်ထွက်ခွာခဲ့ကြပါတယ်။

နှုတ်ဆက်ခဲ့ပါတယ်မန္တလာမြေ

အေးအေးခန့်-အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

# ဆုငွေများချီးမြှင့်မည့်
# မှုခင်းပဟေဠိအစီအစဉ်
# အမှတ်စဉ် (၆၂)

(၁) မေးခွန်းနံပါတ် (၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် ငါးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၂) မေးခွန်းနံပါတ် (၁/၃/၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် သုံးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၃) မေးခွန်းနံပါတ် (၁/၂/၃) ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် နှစ်သောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၄) မေးခွန်းနံပါတ် (၄)ခုစလုံးအတွက် အနီးစပ်ဆုံး အဖြေမှန်သူများအား ဆုငွေကျပ် သုံးထောင်နှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

အဖြေမှန်သူတစ်ဦးထက် ပိုမိုခဲ့ပါက ကံစမ်းမဲစနစ်ဖြင့် ချီးမြှင့်ပေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com



# မှုခင်းပဟေဠိ
## အမှတ်စဉ် (၆၂)

မောင်ငြိမ်းသူ

(ကြိုယင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



## မှုခင်းပဟေဠိ အမှတ်စဉ် (၆၂)

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

"လူတွေက အပြောရတော်တော်ခက်တယ် ဗိုလ်ကြီးရာ"

"ဘာတွေ ပြောနေလို့လဲ ကိုဝင်းကျော်"

"တက္ကသိုလ်သမား အသတ် ခံရတာကို အခုထိ ကျွန်တော်တို့ ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီး မပေးနိုင်တာဟာ၊ ရဲတွေညံ့လို့၊ အရည်အချင်းမရှိလို့တဲ့ ဗိုလ်ကြီး။ တော်တော်ခံပြင်းစရာ ကောင်းလွန်းတယ်။ ရဲတွေဟာ နတ်မျက်စိ ရထားကြသူတွေ မဟုတ်ဘူး။ ပြည်သူ့ဝန်ထမ်းတွေထဲမှာတောင် ရိုးရိုးဝန်ထမ်း မဟုတ်ဘူး။ တပ်မတော်ပြီးရင် အသက်နဲ့ရင်းပြီး ရပ်ရွာ အေးချမ်းသာယာရေး တာဝန်ကို ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဆိုတော့ သူတို့ မသိအောင် ကျွန်တော် ဟစ်ကြွေးချင်စိတ်ပေါက်နေတာ စိတ်ကို မနည်းထိန်းနေရတယ် ဗိုလ်ကြီးရာ"

"သည်းခံပါ စိတ်ရှည်ပါ ကိုဝင်းကျော်။ ကူညီပါရစေ ဆိုတဲ့ ဆောင်ပုဒ်ကို လက်တွေ့ကျင့်သုံးနေကြရတဲ့ ကျွန်တော့်တို့ရဲတပ်ဖွဲ့ဝင်တွေဟာ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်နေပေမယ့်၊ သမိုင်းအစဉ်အလာ ကောင်းခဲ့တဲ့ ရဲတပ်ဖွဲ့ရဲ့ ဂုဏ်ရည်ကို မသိကြလို့ပါဗျာ"

စခန်းမှူး ရဲအုပ် သက်မောင်က၊ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် ဝင်းကျော်၏ စိတ်ဓာတ်ကျ ညည်းညူနေမှုကို ဖျောင်းဖျ နားချသည်။

ဒုရဲအုပ် ဝင်းကျော်က ခံပြင်းလွန်းစွာ အံကိုကြိတ်ကာ နားထောင်နေသည်။ ရဲအုပ် သက်မောင်က ဆက်ပြောသည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ကို တစ်ချိန်က နယ်ချဲ့လက်ကိုင်တုတ် ပုလိပ်ကျင့် ပုလိပ်ကြံတယ်လို့ အမနာပ စကားတွေနဲ့ ပြစ်တင် ရှုတ်ချခဲ့ကြတယ်။ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝ ကျရောက်ခဲ့စဉ်က အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်၊ ပုလိပ်သပိတ်ကြီး ဆင်နွှဲပြီး နယ်ချဲ့တွေကို တော်လှန်ပုန်ကန်ခဲ့ကြတော့မှ ပြောဘ်--ရဲတပ်ဖွဲ့ကြီးဟာ သမိုင်းအစဉ်အလာ ကောင်းခဲ့ကြသူတွေပါလားဆိုပြီး ဂုဏ်ပြုနေတဲ့အနေနဲ့ အောက်တိုဘာလ(၁)ရက်နေ့ကို ရဲတပ်ဖွဲ့နှစ်ပတ်လည်နေ့အဖြစ် ကျင်းပခဲ့တာ နှစ်စဉ်ပဲဆိုတာ ခင်ဗျား အသိပါ--

"လူ့သဘော သဘာဝအရ ကိုယ့်လိုအင်ဆန္ဒပြည့်ဝရင် ကျေနပ် နှစ်သိမ့် ချီးကျူး ထောမနာပြုကြတယ်။ ကိုယ့်ဘက်ကသာရင် ဖေးဖေးမမ အားပေးဂုဏ်ပြုကြတယ်။ ကိုယ့်ဘက်ကနာရင် တစ်ဖက်သားကို ပြစ်တင် ရှုတ်ချကြတယ်။ ကိုယ့်လိုအင်ဆန္ဒ မပြည့်ဝရင် ငြိုးသူရန်ဘက်ပမာ သဘောထားပြီး တစ်ဖက်သတ် စွပ်စွဲပုတ်ခတ်ကြတယ်။ ကျွန်တော်တို့ရဲတပ်ဖွဲ့ကိုသာ မဟုတ်ဘူး။ နယ်ပယ်အသီးသီးမှာ အဲဒီ သဘောထားတွေရှိနေကြတယ်။အဲဒီအထဲမှာ ပိုပြီးထူးခြားတာက ကျွန်တော်တို့ရဲတပ်ဖွဲ့ပဲ။ ဘာကြောင့်လဲ ဆိုရင် အသက်တစ်ရာမနေရ၊ အမှုတစ်ရာ ကြုံကြရတဲ့ လူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာ ကျွန်တော်တို့ ရဲတပ်ဖွဲ့က လူတန်းစား ပေါင်းစုံ အလွှာမျိုး ပေါင်းစုံနဲ့ နေ့စဉ်ကြုံတွေ့နေကြရလို့ပဲ။ မှုခင်း ကြီးငယ် အသွယ်သွယ်ရှိနေတော့ မှုခင်းအလိုက် သာသူ နာသူ ကိုယ်စီဟာ ကိုယ့်အတွက်အမြင်နဲ့ ရှုမြင်ပြောဆိုနေကြလို့ပဲ ကိုဝင်းကျော်--

"ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ တက္ကစီသမား အသတ်ခံရမှုကိုပဲ ကြည့်လေ။ တက္ကစီ အသွားအလာ နည်းပါးတဲ့လယ်ကွက်ထဲမှာ အလောင်းကို ပစ်ချထားခဲ့တယ်။ လူသတ်တဲ့ ဓားလို့ယူဆရတဲ့ ငှက်ကြီးတောင်ဓားကို အလောင်းတွေ့တဲ့ လယ်ကွက် နှစ်ကွက် အကျော်မှာ တွေ့ခဲ့ရတယ်။ ဘယ်မှာ သတ်ခဲ့ပြီး ဘယ်လိုလာပစ်သွားတယ်ဆိုတာ ကျွန်တော်တို့ မသိရဘူး။ တက္ကစီကားကို မြို့သစ်အစွန်မှာ နောက်တစ်နေ့ တွေ့တဲ့အခါကျမှ ကားအုံနာနဲ့ သေဆုံးသူ တက္ကစီသမား ထွန်းသန်းလို့ သိခဲ့ရတယ် မဟုတ်လား---

"အသတ်ခံရသူ တက္ကစီသမားဟာ ထွန်းသန်းလို့ သိရတဲ့အခါမှာ ထွန်းသန်းက ညဘက်မှာဆွဲတဲ့ တက္ကစီသမား၊ အသောက်အစား အပျော်အပါး ကင်းတယ်။ ရိုးသားတယ်ဆိုတာလောက်ပဲ သိရတယ်။ သူ့ကို



ဘယ်သူက၊ ဘယ်နေရာမှာ၊ ဘာကြောင့် သတ်သွားတယ်ဆိုတာကို ရှာဖွေဖို့က ဘဲဥအစရှာမရသလို တော်တော့်ကို ခေါင်းစားနေခဲ့တာ၊ အခုဆိုရင် (၂)နှစ်ကျော်သွားပြီ။ အမှုကို မပိတ်ဘဲ လူသတ်တရားခံကို ဖော်ထုတ် ဖမ်းဆီးနိုင်အောင် ကျွန်တော်တို့ကြိုးစားနေကြတာကို ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင် အချင်းချင်းပဲ သိနေကြတယ်။ ပြင်ပက လူတွေက မသိကြတော့ သူတို့အထင်နဲ့အမျိုးမျိုး ဝေဖန် စွပ်စွဲနေကြမှာပဲဗျ--

"ဒါပေမယ့် ကိုဝင်းကျော်၊ အမှုဟာ ဆွေးမသွားပါဘူး။ အနေးနဲ့အမြန်ပဲရှိတယ်။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ အနေနဲ့ အဖြေမထွက်သေးခင်မှာတော့ အမြင်မကြည်လင်သူတွေရဲ့ စွပ်စွဲပုတ်ခတ်မှုအမျိုးမျိုးကို ခံကြရမှာ သေချာတယ်။ ထုံးစံလိုဖြစ်နေပြီပဲဗျာ။ အရပ်လှည့်ရင် အသိပိုတယ် အပတ်ပြည့်ရင် ကဝိချိုတယ်ဆိုတဲ့ စကားလိုပဲ၊ ဇာတ်ရည် လည်သွားတဲ့အခါကျရင် အမြင်ကြည်လင်လာကြမှာပါဗျာ။ ဘယ်သူတွေ ဘာပြောပြော၊ ကိုယ့်အလုပ်ကို ကိုယ်တာဝန် ကျေအောင် ဆက်ကြိုးစားကြတာပေါ့ဗျာ။ ကျွန်တော်ပြောတာ သဘောပေါက်ရဲ့လား ကိုဝင်းကျော်"

"သဘောပေါက်ပါတယ် ဗိုလ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ရင် ဆက်လုပ်ဗျာ၊ စိတ်ဓာတ်မကျနဲ့။ မေးပါများ စကားရ၊ သွားပါများ ခရီးရောက်တဲ့၊ မောင်ပေါက်ကျိုင်း ထုံးနှလုံးမှုပြီး လှည့်ရှာလိုက်စမ်းဗျာ"

စခန်းမှူး ရဲအုပ် သက်မောင်ကိုနယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဝင်းကျော်က အလေးပြုကာ သူ့ရှေ့မှ ထွက်ခွာသွားသည်။

~~~~~

ဒုရဲအုပ်ဝင်းကျော် ထွက်ခွာသွားတော့မှ ရဲအုပ် သက်မောင်က သက်ပြင်းကို မှုဦးချပြီး၊ ထွန်းသန်း၏အလောင်းကို ဖက်ငိုရင်း တသသပြောဆိုနေသောထွန်းသန်း၏ဇနီး မြမြစန်းကို မြင်ယောင်နေမိသည်။

"ကျွန်မတို့ သားအမိကို စိတ်ချထားခဲ့ပြီလား ကိုထွန်းရေ။ အန္တရာယ်များလို့ ညဘက်မှာ ကားမမောင်းပါနဲ့လို့ ကျွန်မ တားနေတဲ့ကြားက တော်က ငါ့သားလေးအတွက် ကြိုးစားရမယ်ဆိုပြီး ညဘက်ထွက်မောင်းတာ ခုတော့ ကျွန်မတို့သားအမိ ဘယ်သူ့ကို အားကိုးရတော့မှာလဲ ကိုထွန်းရဲ့"

မမြင်သင့်၊ ရင်နင့်စရာ ထိုမြင်ကွင်း။ မကြားရက်ပေမယ့် ရင်ထဲမှာမချိအောင်တရိရိ ခံစားခဲ့ရသောမြမြစန်း၏ ငိုညည်းသံတွေက ရုပ်ရှင်ပြကွက်လို မြင်ယောင် ကြားယောင်နေဆဲပင်။

ထို့ကြောင့်လည်း ထွန်းသန်းကို သတ်သည့် လူသတ် တရားခံကို စာနာစိတ်ဖြင့် ဖော်ထုတ်ဖမ်းဆီး အရေးယူ အပြစ်ပေးချင်လွန်းသည့် ဆန္ဒက ရဲအုပ်သက်မောင် ရင်ထဲတွင် ပြင်းပြလွန်းနေသည်။ တနုံ့နုံ့ ခံစားနေရသည်။

မြို့နယ် ရဲတပ်ဖွဲ့မှူးကိုလည်း ခရိုင်နှင့် တိုင်းအဆင့်တွေက ဖိအားပေးလွန်းနေရာ အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာပမာ ခံစားနေရသူက ရဲအုပ်သက်မောင်။

သို့သော် လူသတ်မှုက (၂)နှစ်ကျော်သွားပေမယ့် ထူးခြားမှုက မရှိသေး။ မျှော်လင့်ချက်က ရွှေပြည်တော်မျှော်တိုင်း ဝေးနေသည်။

တွေးလေ တွေးလေ ခေါင်းမပြေခံစားနေရသော ထွန်းသန်း၏ အမှုတွဲကို ဆွဲယူပြီး သက်သေခံ "ငှက်ကြီးတောင် ဓား" အကြောင်းကို ပြန်လည်စဉ်းစားနေမိသည်။

ငှက်ကြီးတောင်ဓားတွင် တွေ့ရသော သွေးသည် လူသွေးဖြစ်ကြောင်းကိုလည်း ဓာတုဗေဒစစ်ဆေးရေး မှတ်တမ်းက သက်သေခံနေသည်၊ သို့သော် ဓားပိုင်ရှင်က ဘယ်သူလဲ။ တချို့က ထိုဓားမျိုးကို အပျော်သဘော ဆောင်ထားလေ့ရှိကြသည်။ တချို့ကလည်း နတ်ဆက်ဓားအဖြစ် အသုံးပြုကြလေ့ရှိသည်။

ငှက်ကြီးတောင် ဓားကိုယ်ထည်တွင် "ကိုကြီးကျော်" ဟူသော စာသားထွင်းထားသည်ကိုလည်း စဉ်းစားမိသည်။ သောက်လည်းသောက်တဲ့ "ကိုကြီးကျော်" နတ်များဖြစ်နေလေရောသလားဟုလည်း တွေးနေမိသည်။

စဉ်းစားတာ တွေးတောတာထက် ပိုပြီး ထူးခြားမှု ရှိမလာ။ လက်တွေ့မှာလည်း အကောင်အထည်ဖော်၍မရ။



www.burmeseclassic.com
~~~~~

www.burmeseclassic.com



“ဗိုလ်ကြီး --- ကျွန်တော် သတင်းပို့စရာ ရှိလို့ပါ”

“ဟေ -- မောင်တိုး လှာလေကွာ။ ထိုင် – ပြောပါဦး ဘာသတင်းထူးရှိလဲ”

အချုပ်ခန်း တာဝန်ကျ ရဲတပ်ဖွဲ့ဝင်လေး အောင်တိုးက သတင်းပို့သဖြင့် ရဲအုပ် သက်မောင်က ဝင်ခွင့်ပြုထိုင်ခိုင်းကာ မေးလိုက်သည်။

မောင်တိုးက ပြောသင့် မပြောသင့် ချင့်ချိန်စဉ်းစားနေဟန်ဖြင့် ချက်ချင်းမဖြေသေးဘဲ တွေဝေနေသည်။ ထို့ကြောင့် ရဲအုပ် သက်မောင်က ထပ်၍ မေးလိုက်သည်။

“ဟေ့ကောင် -- ပြောစရာရှိရင်၊ ရဲရဲသာပြောစမ်းကွာ”

“ဒီလိုပါ ဗိုလ်ကြီး၊ အချုပ်ခန်းထဲမှာ အချုပ်သား အချင်းချင်း ငြင်းခုန်နေကြတဲ့ စကားတွေထဲမှာ မသင်္ကာစရာကောင်းတဲ့ စကားတွေကို ကျွန်တော် ကြားခဲ့ရပါတယ်”

“အင်း ကြားတာကို ပြောပြစမ်းပါဦး”

“ခါးပိုက်နှိုက် အမှုနဲ့ ထောင်အကြိမ်ကြိမ်ကျ အဖမ်းခံနေရတဲ့ ကျော်စွာက ဆန်ခိုးမမိ ဖွဲခိုးမိနေတဲ့ကိန်းလိုပဲ တို့ခါးပိုက်နှိုက်တွေ ခံနေကြရတယ်တဲ့။ လူသတ်၊ ငွေလု၊ တက္ကစီလုပြီး အပြင်မှာ ကောင်းစားနေတဲ့ လူသတ်တရားခံတွေကိုတော့ ရဲတွေက မိအောင် မဖမ်းနိုင်ဘူးလို့ ပြောနေတယ် ဗိုလ်ကြီး”

မောင်တိုး၏ စကားကို ကြားလိုက်ရသော ရဲအုပ် သက်မောင်က ဟန်မဆောင်နိုင်အောင်ပင် ကုလားထိုင်မှ ထ၍ရပ်လိုက်မိသည်။

“မောင်တိုး--မင်း စကားက သိပ်တန်ဖိုးရှိတယ်ကွ။ မင်း အခုချက်ချင်း ကိုဝင်းကျော်ကို သွားခေါ်ခဲ့။ ငါ-ပြောစရာရှိလို့ အမြန်လာခဲ့ပါလို့ ပြောကွာ”

“ဟုတ်ကဲ့ ဗိုလ်ကြီး”

မောင်တိုး ထွက်သွားပြီး မကြာမီမှာပင် ဒုရဲအုပ် ဝင်းကျော် သုတ်သုတ်ပျာပျာဖြင့် ရောက်လာသည်။ ရဲအုပ် သက်မောင်က ဒုရဲအုပ်ဝင်းကျော်ကို မောင်တိုး၏ သတင်းစကားကို ပြန်လည်ပြောကြားပြီး၊ ခါးပိုက်နှိုက် ကျော်စွာကို ချဉ်းကပ်စည်းရုံးစေကာ သတင်းမှန်ကို ရအောင် ရှာခိုင်းလိုက်သည်။

ဒုရဲအုပ် ဝင်းကျော်က ခါးပိုက်နှိုက် ကျော်စွာကို အချုပ်ခန်းထဲမှ ထုတ်ကာ ရဲစစ်ဆေးရေး နည်းဗျူဟာကို ကျင့်သုံးပြီး ကျော်စွာဖော်ထုတ်ပြောချင်လာအောင်လည်း မက်လုံးပေး စည်းရုံးသည်။

“ငါ သိချင်တာကိုသာ မင်း ပြောပြရင်၊ မင်းလိုအပ်တာတွေ ငါကူညီမယ်။ ဒါပေမယ့် မင်းက ငါ့ကိုထိရောက်တဲ့ အကူအညီတော့ ပေးရမယ်”

“ကျွန်တော်က ဘယ်လိုကူညီရမလဲ၊ ကျွန်တော် ကူညီနိုင်တာဆိုရင် ကူညီပါ့မယ် ဗိုလ်လေး”

“ငါလဲ ယုံကြည်စိတ်ချလို့ မင်းဆီက အကူအညီပဲ လိုချင်တာပါကွာ။ မင်းကို ငါ မေးမယ်။ မင်းမှန်တာကိုပဲ၊ ရဲရဲဖြေပါ။ မင်းအတွက် အစစအရာရာ ငါ တာဝန်ယူတယ်ကွာ”

“ဟုတ်ကဲ့ပြောပါ ဗိုလ်လေး”

“မင်းအခု ခါးပိုက်နှိုက်မှုတွေ ကျူးလွန်နေတယ်။ အ



www.burmeseclassic.com

www.burmeseclassic.com



ကယ်၍ မင်း ခါးပိုက်နှိုက်တာကို လူတစ်ဦးတစ်ယောက်ကမြင်ရင် မင်း ဘာပြန်လုပ်မလဲ။ တချို့က ဓားနဲ့ပြန်ထိုးတာတို့ ဘရိတ်ဓားနဲ့ လှီးသွားတာတို့ လုပ်လေ့လုပ်ထ ရှိကြတယ်ကွာ''

''ကျွန်တော်ကတော့ အနှိုက်ခံရသူက မြင်သွားရင် အသာလေး ကလွှဲမပျက် လှည့်ထွက်လိုက်မယ်။ ကျွန်တော့်ကို ဖမ်းချုပ်ထားရင်လဲရုန်းကန်ထွက်ပြေးမယ်။ အန္တရာယ်ရှိအောင် ဘယ်တော့မှ ပြန်မလုပ်ဘူး။ ခါးပိုက်နှိုက်ပြစ်မှုပဲ ခံမယ်။ ဓား၊



ဘရိတ်ဓားလဲ ဘယ်တော့မှ မသုံး ဘူး''

''ဒါဆိုရင် မင်းက ဓားနဲ့ထိုးတာတို့ လူသတ်တာတို့ကို အားမပေးဘူး ဆိုတဲ့ သဘောလား''

''အဲဒီသဘောပါပဲ။ ခါးပိုက်နှိုက်တဲ့ ပြစ်မှုကျူးလွန်တာတောင် လွန်နေပါပြီ။ ကျွန်တော်က လူသတ်တာဆိုရင် သိပ်မုန်းတယ် အော့နှလုံးနာတယ်။ ဒါကြောင့် ကျွန်တော် အဖမ်းခံရတိုင်း အသာတကြည်ပဲ အဖမ်းခံနေခဲ့တာ ဗိုလ်လေးတို့အသိပါ''

ဒုရဲအုပ် ဝင်းကျော်က ခေါင်းတဆတ်ဆတ် ညိတ်ကာ၊ ကျော်စွာကို စိုက်ကြည့်နေရင်းက ကျော်စွာ မရိုးမရွဖြစ်အောင် မသိမသာ သွေးဆွပေးလိုက်သည်။

''မလွှဲသာလို့သာ ခါးပိုက်နှိုက်စားနေရတဲ့မင်းရဲ့ပင်ကိုစိတ်ဓာတ်ကိုတော့ငါသဘောကျသွားပြီကွာ။မင်းက လူသတ်တာကို မနှစ်မြို့ဘူးဆိုတော့ အကြောင်းကြောင်းကြောင့် လူသတ်တရားခံတွေ လွတ်မြောက်နေတာကို မင်းသိရင် မင်းရင်ထဲမှာ ဘယ်လိုခံစားရလဲ၊ မင်းခံစားနေရတာကို ငါသိနေတယ်ကွ''

ကျော်စွာ ဘာမျှ မတုံ့ပြန်တော့ဘဲ အဝေးဆီသို့ ငေးရီကာ ကြည့်နေလေတော့သည်။ ဒုရဲအုပ် ဝင်းကျော်က ဆက်မေးသည်။

''ကျော်စွာ ရဲရဲသာ ပြောပြပါကွာ။ ငါ မင်းအတွက် တာဝန်ယူပါတယ်။ ငါ့ကို ကူညီပါ ငါ့ညီရာ''

''ကျွန်တော်နဲ့ ထောင်ကျတုန်းကတွေ့ခဲ့တဲ့ ထောင်ကျဖက် တစ်ယောက်က ပြောပြလို့ ကျွန်တော် သိရတာပါ။ သိပ်တော့ မသေချာဘူး ဗိုလ်လေး''

''မသေချာချင် နေပါစေကွာ။ ငါက မင်းသိထားတာလေးကိုပဲ သိချင်တာပါ။ မင်းသူငယ်ချင်းက အခုဘယ်မှာလဲကွ''

''သူက ခါးပိုက်နှိုက်မှုနဲ့ ရဲဘက်စခန်း ရောက်နေတယ်။ သူ့အိမ်ဘေးက လူနဲ့ ကြံရာပါနှစ်ယောက်ဟာ သောက်စား မူးယစ်ပြီး တက္ကစီငှားစီး



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီသမားကိုသတ်ငွေနဲ့ကား ကိုလုယက်ထွက်ပြေးခဲ့ကြတယ်။ ရဲတပ်ဖွဲ့က မဖမ်းနိုင်ဘူးတဲ့။ အဲဒီလိုပဲ ရဲတပ်ဖွဲ့က ဖမ်းမမိကြလို့ တရားခံတွေလွတ်နေတာ အများကြီးရှိတယ်တဲ့။ အဲဒါကြောင့် သွေးစွန်းနေတဲ့ လက်ဟာ ထပ်ပြီး သွေးစွန်းဖို့ ဝန်မလေးဘူးဆိုပြီး လမ်းထဲ ရပ်ကွက်ထဲမှာ ဗိုလ်ကျ ရမ်းကားနေတယ်တဲ့ ဗိုလ်လေး''

''မင်း သူငယ်ချင်း နာမည်က ဘယ်သူလဲ၊ ဘယ်တုန်းကထောင်ကျတာလဲ ပြောစမ်းပါဦး''

''ဖိုးလုံးလို့ပဲ ခေါ်ကြပါတယ်။ သူ့ ာမည်ရင်းက စိုးလွင်ပါ။ သူ့နေရပ်တော့ ကျွန်တော် မသိဘူး ဗိုလ်လေး''

''အေးကွာ ဒီလောက်သိရရင်ပဲ၊ ကျေးဇူးပါပြီ။ ကျေးဇူးပဲကျော်စွာ။ အင်း လိုအပ်တာကိုပြော ငါ ဥပဒေဘောင်တွင်းက ကူညီမယ်''

''ရပါတယ် ဗိုလ်လေး''

~~~~~

ဒုရဲအုပ် ဝင်းကျော်က ရဲအုပ် သက်မောင်ထံ တင်ပြပြီး ရဲအုပ် သက်မောင်က မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ဆက်လက်တင်ပြကာ အကျဉ်းဦးစီးဌာနနှင့် ဆက်သွယ် ညှိနှိုင်းကြသည်။

ဒုရဲအုပ် ဝင်းကျော်နှင့် အဖွဲ့က ဖိုးလုံး (ခ) စိုးလွင်ရှိရာ ရဲဘက်စခန်းသို့ လိုက်သွားကြသည်။

ဖိုးလုံးနှင့် တွေ့ဆုံမေးမြန်းခဲ့ကြရာ တက္ကစီသမားထွန်းသန်းကို သတ်ဖြတ်လုယက်ခဲ့ကြသည့် မသင်္ကာစရာ လူသတ်တရားခံများကို ဖမ်းဆီးရမိရန် လမ်းစရခဲ့ကြသည်။

ရဲအုပ်ဝင်းကျော်က တရားခံဟုသံသယဝင်ဖွယ်ကောင်းလှသည့် မော်ကြီးနေထိုင်ရာ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးထံသွားရောက် တွေ့ဆုံ လေ့လာသည်။ ကျေးရွာ အုပ်ချုပ်ရေးမှူးထံမှရသောသတင်းတွေအရ မော်ကြီးသည် လူသတ် တရားခံဖြစ်ရန် နီးစပ်နေသည်။

''မော်ကြီးက တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်သမားပါ။ ယောင်လည်လည်နဲ့ သူ့အမေရဲ့ လုပ်စာကို ထိုင်စားပြီး သောက်စားရမ်းကားနေသူပါ။ သူ့အမေဆီက အရက်ဖိုးမရရင် သူ့ အမေရဲ့ နတ်ဆက်မားကိုတောင် ရောင်းစားပစ်တဲ့ကောင်ပါ''

''သူ့အမေက ဘာလုပ်တာလဲ။ နတ်ဆက်မားဆိုတာ ဘယ်လိုမားမျိုးလဲ''

''သူ့ အမေက နတ်ကတော်ပါ။ နတ်ကနားပွဲတွေမှာ မင်းညီနောင်တို့ ကိုကြီးကျော်တို့ နတ်ဝင်ပူးပြီး ကကြတဲ့အခါ အသုံးပြုနေကြတဲ့ ငှက်ကြီးတောင်မားမျိုးပါ ဗိုလ်လေး''

ဒုရဲအုပ် ဝင်းကျော်က ရပ်ကွက်အုပ်ချုပ်ရေးမှူးကို သေချာအောင် ဆက်မေးနေသည်။

''အဲဒီမော်ကြီးက သူ့လက်ဟာ သွေးစွန်းနေပြီးသားမို့ ထပ်ပြီး သွေးစွန်းဖို့ ဝန်မလေးဘူးလို့ ခဏခဏပြောဆိုကြွားဝါပြီး လမ်းထဲ ရပ်ကွက်ထဲမှာ ဗိုလ်ကျ ရမ်းကားနေတယ်ဆိုတာကော ဟုတ်လား''

''သိပ်ဟုတ်တာပေါ့၊ မြို့နယ် ရဲစခန်းမှာ ခံဝန်လက်မှတ်ထိုးထားရတယ် ဗိုလ်လေး''

''ကျေးဇူးပါပဲဗျာ''

''ရပါတယ် ဗိုလ်လေး



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ရော။ ဗိုလ်လေးတို့ကို ကျွန်တော်တို့ကကူညီဖို့ တာဝန်ရှိပါတယ်"

ဒုရဲအုပ် ဝင်းကျော်က စခန်းမှူး ရဲအုပ် သက်မောင်ထံ တင်ပြရာ ရဲအုပ် သက်မောင်က မော်ကြီးနှင့် မော်ကြီး၏ မိခင် ဒေါ်အေးသန်းကို ရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးသည်။

ပထမဦးစွာ ဒေါ်အေးသန်းကို စတင်စစ်ဆေးသည်။

"ဒေါ်ဒေါ်--ဒေါ်ဒေါ်ရဲ့ သားမော်ကြီးက ဒေါ်ဒေါ်ရဲ့ နတ်ဆက်မားဖြစ်တဲ့ ငှက်ကြီးတောင်မားကို ရောင်းစားပစ်တယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်။ ကျွန်မက ပေါင်ထားရင်လဲ ပြန်ရွေးမယ်။ ရောင်းစားထားရင်လဲ နှစ်ဆဈေးနဲ့ ပြန်ဝယ်ပေးပါလို့ တောင်းပန်တာတောင် ဒီကောင်က ဘူးခံငြင်းနေလို့ ကျွန်မ ဓား အသစ်ပြန်ဝယ်ပြီး နတ်ဆက်ထားရပါတယ်"

"ဒေါ်ဒေါ်ရဲ့ နတ်ဆက်ဓားကို ပြန်တွေ့ရင် မှတ်မိနိုင်ပါ့မလား"

"သိပ်မှတ်မိတာပေါ့၊ ဘာကြောင့်လဲဆိုရင် အဲဒီနတ်ဆက်ဓားရဲ့ ကိုယ်ထည်ပေါ်မှာ "ကိုကြီးကျော်"လို့ စာလုံးထွင်းထားတယ်။ ကိုကြီးကျော်နတ်ကို ဆက်သထားလို့ ကိုကြီးကျော်လို့ ကမ္ပည်းတင်ထားတာပါ"

ရဲအုပ် သက်မောင်က စားပွဲအောက်တွင် ကြိုတင်ဝှက်ထားသော ငှက်ကြီးတောင်ဓားကို စားပွဲပေါ်တင်ပြရင်း မေးလိုက်



သည်။

"ကဲ--ကြည့်ပါဦး ဒေါ်ဒေါ်။ ဒီဓားဟာ ဒေါ်ဒေါ်ရဲ့ ဓား ဟုတ် မဟုတ်"

ဒေါ်အေးသန်းက ဓားကိုယူပြီး သေသေချာချာ ကြည့်ကာ အားရ ဝမ်းသာပြောသည်။

"ကျေးဇူးတင်လိုက်တာရှင်။ ဒီဓားဟာ ကျွန်မရဲ့ ဓားပါ။ ဗိုလ်လေးတို့ ဘယ်ကရသလဲ။ ကျွန်မ ပြန်ဝယ်ချင်ပါတယ်။ ဗိုလ်လေးတို့ ဘယ်ထားတာဆိုရင်လဲ နှစ်ဆပေးပါမယ်"

"ဒေါ်ဒေါ့်ကို ပြန်ပေးလို့ မရပါဘူး။ ဒီဓားဟာ လူသတ်တရားခံရဲ့ဓားဖြစ်နေလို့ပါ။ တရားရုံးမှာ သက်သေတင်သွင်းရမယ့် ဓားဖြစ်နေလို့ပါဒေါ်ဒေါ်"

"ရှင်----လူသတ်တရားခံရဲ့ဓားဟုတ်လား။ ဘယ်သူက ဘယ်သူ့ကို သတ်လိုက်လို့လဲ"

"လူသတ် တရားခံကတော့ ဒေါ်ဒေါ်သား မော်ကြီးပါ။ ဒီဓားနဲ့ တက္ကစီသမားကို သတ်ဖြတ်လုယက်မှုနဲ့ အခုအချုပ်ခန်းထဲရောက်နေပါပြီ"

"အင်း --- တစ်နေ့ဒီလို ဖြစ်လာလိမ့်မယ်လို့ ထင်တော့ထင်သားပါ ဗိုလ်ကြီးရယ်။ သူ့ထိုက်နဲ့ သူ့ကံပဲပေါ့။ မိုက်လိုက်ပါဘိ သားမိုက်ကြီးရယ်"

ဒေါ်အေးသန်းက ပြောပြောဆိုဆို ရှိုက်ငိုလိုက်လေတော့သည်။

ရဲအုပ် သက်မောင်က ဒေါ်အေးသန်းကို အပြင်သို့ခေါ်ထုတ်သွားစေပြီး မော်ကြီးကို တစ်ဖက်လှည့်နည်းဖြင့် ဆက်



www.burmeseclassic.com

www.burmeseclassic.com





လက် စစ်ဆေးသည်။

"ကဲ --မော်ကြီး -- မင်း အမေကတော့ ဒီနတ်ဆက်ဓားဟာ သူ့ဓားပဲ'လို့ ဝန်ခံသွားတဲ့အပြင် မင်းက ဒီဓားကို ရောင်းစားထားတယ်လို့လဲ ပြောသွားတယ်။ မင်းဝန်ခံဖို့ပဲ လိုတော့တယ်။ မင်းက ဘူးခံပြီး ငြင်းဆန်နေမယ်ဆိုရင် မင်း အမေကိုလဲ လူသတ်တရားခံနဲ့ ကြံရာပါအဖြစ် ထောင်ထဲ ရောက်သွားမှာပဲကွ"

"ဒီဓား တွေ့တာနဲ့ပဲ ကျွန်တော်က လူသတ်တရားခံ ဖြစ်ရရောလားဗျာ၊ ဗိုလ်ကြီးတို့ ဒီလိုတစ်ဖက်သတ် စွပ်စွဲလို့ ရရိုးလားဗျာ"

"ဟေ့ကောင်---ဘာလဲ--မင်းက ဘူးခံပြီး ငြင်းဦးမလို့လား၊ ဒီဓားမှာပါတဲ့ လက်ဗွေရာတွေနဲ့ မင်းရဲ့လက်ဗွေရာကို တိုက်ဆိုင်စစ်ဆေးကြည့်ရင် မင်း ငြင်းလို့မရဘူးကွ။ ဒါ့အပြင် မင်းက ငြင်းနေပေမယ့် မင်းနဲ့ အတူ ကြံရာပါတွေက ဝန်ခံပြီး သွားကြပြီကွ။ မင်းငြင်းနေရင် တော့ မင်း တစ်ယောက်တည်း အပြစ်က ပိုကြီးလေးသွားလိမ့်မယ်--စဉ်းစား။ ရပ်ကွက်ထဲမှာ လေလွှားနေတဲ့ မင်းရဲ့သွေးစွန်းလက်ကလဲ သက်သေပဲလေကွာ။ မင်းက ရာဇဝတ်ဘေးပြေးလွတ်ပြီအထင်နဲ့ ဝါကြွားနေလေတော့ ကျွန်တော်ဟာ လူသတ်တရားခံပါလို့ ကြွေးကြော်နေတာနဲ့ အတူတူပဲကွ။ မင်း--ဆက်ငြင်းနေဦးမယ် ဆိုရင်တော့ သေဒဏ်ခံရမှာ သေချာတယ်။ မူးလို့မှားတာပါလို့ဝန်ခံရင်တော့ သေဒဏ်ကလျော့ပေါ့ပြီးထောင်ဒဏ်လောက်ပဲ ကျခံရမယ်။ မင်းရဲ့ သောက်ဖော်သောက်ဖက်၊သတ်ဖော်သတ်ဖက်တွေကလဲ နောင်တရနေတာကြာပါပြီလို့ ဝန်ခံလက်မှတ် ထိုးပေးကြတယ်ကွ၊ ကဲ -မင်းဘယ့်နှယ် လုပ်မလဲ မော်ကြီး"

မော်ကြီးက ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



မျှ ငိုင်တွေ သွားပြီးမှ ဝန်ချ တောင်းပန်သည်။

"ဗိုလ်ကြီး ပြောသလို ပဲ၊ ကျွန်တော်မှုးလို့ မှားမိတာပါ။ ကျွန်တော့် အမေနဲ့ ဘာမှမဆိုင် ပါဘူး။ ဆိုင်တာက ကြွက်နီနဲ့ အောင်ဒင်တို့ပါ"

"ဟုတ်ပါတယ်။ ကြွက် နီနဲ့ အောင်ဒင်တို့ကလဲ ဖြောင့် ချက်ပေးထားကြပြီလေ"

ရဲအုပ် သက်မောင်က အစ်အောက်ထုတ်လိုက်ရာ ကြဲ ရာပါ ကြွက်နီနှင့် အောင်ဒင်တို့ ပါ ပေါ်လာသည်။

"ဒီလိုဆိုရင် မင်း တ ရားရုံး တရားသူကြီး ရှေ့မှာ ဖြောင့်ချက်ပေးနိုင်မလား"

"ဖော်ကောင်တွေက ဖြောင့်ချက်ပေးထားမှတော့ ကျွန်တော်လဲ ဖြောင့်ချက်ပေးပါ တော့မယ်"

"ဒါ ပေါ့ ကွာ ယောက်ျားပဲ လုပ်ရဲရင် ခံရဲရမှာ ပေါ့"

"ကဲ --- မင်းတို့ ထွန်းသန်းကို ဘယ်နေရာမှာ ဘယ်လို သတ်ခဲ့တာလဲ ပြောပါ ဦး"

"ကျွန်တော်တို့ သုံး ယောက် ည(၈)နာရီ ကျော် လောက်မှာ အရက်ဆိုင်က အ ပြန်မှာ ကျွန်တော်တို့ အိမ်အထိ လိုက်ပို့ကြရင်းက အရက်မဝ သေးဘူး ထပ်သောက်ကြဖို့တိုင် ပင်ကြပါတယ်။ အမေ့ဆီက အ ရက်ဖိုး တောင်းတာ မရလို့ အ မေရဲ့ နတ်ဆက်ဓားကြီးကို မူးမူး နဲ့ ဆွဲချလာပြီး အပေါင်ဆိုင်မှာ ပေါင်မယ်။ ရတဲ့ငွေနဲ့ သောက် ကြမယ်လို့ကြံရွယ်ရင်းကတက္ကစီ ငှား၊ တက္ကစီသမားကို လုယက် ကြဖို့ အစီအစဉ် ပြောင်းသွားခဲ့ ကြပါတယ်။ ကြုံတဲ့ တက္ကစီကို ဖမ်းတားပြီး အပေါင်ဆိုင်ကို ပို့ ခိုင်းပါတယ်။ ကြွက်နီက ခေါင်း ခန်းကစီးပြီး ကျွန်တော်နဲ့ အောင် ဒင်က နောက်ခန်းက စီးခဲ့ကြ ပါတယ်။ မီးပြတ်လူပြတ်တဲ့ နေ ရာမှာ အပေါ့သွားချင်တယ် ဆို ပြီးကားကိုရပ်ခိုင်းပါတယ်။ ကား လဲရပ်၊ ကြွက်နီက ထွန်းသန်းကို ချုပ်ပေး၊ ကျွန်တော်က ဓားနဲ့ထိုး သတ်ခဲ့ကြပါတယ်။ အလောင်း ကို ကားနောက်ခန်းထဲ ထည့်ပြီး လယ်ကွက်ထဲ ပစ်ချထားခဲ့ပါ တယ်။ ဓားကိုလည်း ခပ်လှမ်း

လှမ်းမှာပဲလွှင့်ပစ်ခဲ့ ါ။ ထွန်း သန်း ဆီမှာပါတဲ့ ငွေငါးထောင် ကျော်ကိုယူပြီး စားသောက်ဆိုင် မှာ စားသောက်ခဲ့ကြပါတယ်။ မိုးလင်းခါနီးမှာ ကားကို မြို့သစ် အစွန်မှာထားပြီး အိမ်ပြန်လာခဲ့ ကြတာပါ"

"မင်းတို့ကွာ အရက် သောက်ချင်တာလေးနဲ့ အပြစ်မဲ့ ရှိးသားသူကို ရက်ရက်စက်စက် သတ်ခဲ့ကြတယ်။ အသတ်လဲခံရ မိသားစုလဲ အပူမီး ဒုက္ခခံကြရ တယ်။ အရက်သွေးက ကြွနေ ကြတော့ လူ့အသိစိတ် ကင်းမဲ့ ကုန်ကြလို့လဲ မှားကြတာပေါ့ ကွာ။ ပြစ်မှုကြွေးကိုသွေးနဲ့ပဲ ပြန် ဆပ်ကြပေါ့ကွာ"

ရဲအုပ် သက်မောင်က နာကြည်းရှုံ့မှုန်း အော့နှလုံးနာ လွှန်းစွာဖြင့် ပြောလိုက်လေရာ မော်ကြီး ခေါင်းငိုက်စိုက်ကျသွား လေတော့သည်။

**မောင်ငြိမ်းသူ**
**(ကြို့ပင်ကောက်)**



www.burmeseclassic.com

www.burmeseclassic.com



# ဆုငွေချီးမြှင့်မည့် မှုခင်းပဟေဠိ

## အမှတ် (၆၂)အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

**မေးခွန်းနံပါတ် (၁)** ဝတ္ထုလေးရဲ့ ခေါင်းစဉ်ကို အနှစ်သာရရှိရှိ ဘယ်လိုပေးရင် ကောင်းမလဲ?

**မေးခွန်းနံပါတ် (၂)** တရားခံကို ဖမ်းမိရေးအတွက် ရဲတပ်ဖွဲ့ရဲ့ အဓိကသော့ချက်က ဘာလဲ?

**မေးခွန်းနံပါတ် (၃)** တရားခံဖြစ်ရတဲ့အကြောင်းရင်းနဲ့ အသတ်ခံရတာ ဘာကြောင့်လဲ?

**မေးခွန်းနံပါတ် (၄)** ဒီမှုခင်းဝတ္ထုတိုကို ဖတ်ပြီး ဘာတွေ သင်ခန်းစာယူသင့်သလဲ?

အဖြေလွှာများကို သီးခြားလျှောက်လွှာဖြင့် ဖြေဆို၍ မှုခင်းရှုထောင့်ရာသစုံမဂ္ဂဇင်းရုံး (အမှတ်၉၆၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့)သို့ လိပ်မူ၍ (၁၀-၁-၂၀၁၃)နေ့ နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ဖြေဆိုကြရာ၌ အဓိကအချက်ကို လိုတိုရှင်းသာ ဖြေကြပါ။ ကျိုးကြောင်းဖော်ပြချက်ကို ရှည်လျားစွာ ရေးသားထားပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**မှတ်ချက်**

၁။ ဆုငွေရရှိသူများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူဖြစ်ပါက နိုင်ငံသားမှတ်ပုံတင်နှင့်အတူ မှုခင်းရှုထောင့်ရာသစုံမဂ္ဂဇင်းရုံးတည်ရှိရာနေရာတွင် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါသည်။

၂။ ဆုငွေရရှိသူများသည် နယ်မြို့များမှ ဖြစ်ပါက အနီးစပ်ဆုံး စာတိုက်သို့ ပေးပို့မည်ဖြစ်ပါ၍ လိပ်စာနှင့် မှတ်ပုံတင်နံပါတ်များကို တိတိကျကျရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်ရှိမယားကို
ဖော်ကားတဲ့
မှောင်ညှို့သေရတဲ့
ထောက်လှမ်းတစ်ပုဒ်



မော်ကျွန်းရဲခိုင်

# မောဟာမျဉ်းဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



**မောဟမျှဉ်းဖြောင့်**

**(မော်ကျွန်းရဲခိုင်)**

သပြေတန်း ကျေးရွာသည် အိမ်ခြေများစွာရှိသော ရွာကြီး တစ်ရွာဖြစ်လေသည်။ အလွန် စည်ကားသော ရွာကြီးဖြစ်ကာ ဈေးရောင်းဈေးဝယ်အလုပ်နှင့် လယ်အလုပ်ကို အဓိကထား လုပ်ကိုင်ကြ၏။

နွေစပါး ရိတ်သိမ်းချိန်နီးလာပြီဖြစ်၍ လုပ်ငန်းခွင်ဝင်ရန် ပြင်ဆောင်နေကြလေပြီ။ မြေကြီးမှ ရွှေသီးများရတော့မည်ဖြစ်၍ အားတက် ရွှင်လန်းနေကြလေသည်။ သို့သော် ထိုအပြုံးအပျော်များကို ပျက်စီးစေသည့်ကား 'မောင်ညို လူသတ်ခံရ၍သေပြီ''ဟုသော သတင်းပင်ဖြစ်လေသည်။

ကျေးရွာဥက္ကဋ္ဌ ကိုမျိုးအကြောင်းကြားခေါ်ဆောင်လာ၍ မြို့နယ်ရဲစခန်းမှ ရဲအုပ်သာဦးနှင့်အဖွဲ့ ရောက်ရှိ စစ်ဆေးနေကြသည်။ အခင်းဖြစ် နေရာသည် မောင်ညိုတို့ နေထိုင်ရာ အိမ်ခြံဝင်း အနောက်ဘက်တွင်ဖြစ်၏။ သေဆုံးသူမောင်ညိုသည် တစောင်း အနေအထားဖြင့် ငြိမ်သက် သေဆုံးနေပြီး ထိုးသွင်းဒဏ်ရာနှစ်ချက်စစ်ဆေး တွေ့ရှိရလေသည်။

ရဲအုပ်သာဦးနှင့်အဖွဲ့သည် အခင်းဖြစ်ပွားချိန်တွင် မျက်မြင်သက်သေမရှိခြင်းနှင့် မည်သည့်သဲလွန်စမျှ မတွေ့ခြင်းတို့ကြောင့် အခက်ကြုံရလေသည်။ မောင်ညို၏ မိဘများကို မေးမြန်း စစ်ဆေး၍ ရသောအဖြေနှင့် အိမ်နီးချင်းများကို စုံစမ်း စစ်ဆေး၍ ရသောအဖြေကား တစ်ထပ်တည်း ဖြစ်နေလေသည်။

သပြေတန်း တစ်ရွာလုံး နီးပါး ပကတိ ရိုးသား အေးဆေးကြသူများဖြစ်၏။ လူသတ်ရန် မိုက်မဲရမ်းကားသူ မရှိ။ မောင်ညိုသည် ရွာတကာလှည့်လည်၍ လောင်းကစား ပြုလုပ်တတ်၏။ အသောက်အစားအပျော်အပါး ဝါသနာလည်း ရှိ၏။ သို့သော် ရန်ငြိုးရှန်စမရှိ။ မောင်ညို၏ စရိုက်ကို မနှစ်မြို့ကြသော်လည်း ခိုက်ရန်ဖြစ်ဖူးသူမရှိ။ တွေ့ဆုံ ဆက်ဆံရသူတိုင်းနှင့် အဆင်ပြေအောင် ပြောဆိုနေထိုင်တတ်သူ ဖြစ်လေသည်။ ထိုအချက်များကို ထောက်ဆ၍ တရားခံ ဖော်ထုတ်ဖမ်းဆီးရေးအတွက် အခက်အခဲ ရှိလိမ့်မည်ကို ရဲအုပ်သာဦး တွက်ဆထားပြီး ဖြစ်ပါသည်။ သို့သော် ရဲလုပ်ငန်း အတတ်ပညာနှင့် အတွေ့အကြုံ ပေါင်းစပ်၍ ''ရာဇဝတ်ဘေးပြေးမလွတ်''ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားကာ ''ကြောင်ဆိုတာ ရေကြာကြာမငုပ်နိုင်ပါဘူး''ဟူ၍

***

''ဥက္ကဋ္ဌရေ တစ်ခုတော့ ကူညီဗျာ''

''ဘာများလဲ စခန်းမှူးပြောပါ''

''ကျွန်တော် ကိုချစ်မွှေးဆိုတဲ့ လူနဲ့တွေ့ချင်တယ်ဗျာ၊ တဆိတ် ခေါ်ပေးစမ်းပါ''

''သူလား သူက ရွာမှာမရှိဘူးခင်ဗျ၊ မြို့က ပဲစက်မှာအလုပ်လုပ်နေတာဆိုတော့''

''အဲဒါ ကျွန်တော်သိပြီးပါပြီ၊ သူကတစ်လတစ်ခေါက်လောက်ပဲ ရွာကိုပြန်လာလေ့ရှိတယ်၊ ဟုတ်တယ် မဟုတ်လား ဥက္ကဋ္ဌ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါကြောင့် ဒီလူ့သတ်မှုနဲ့သူ မပတ်သက်လောက်ဘူးထင်ပါတယ်"

ဥက္ကဋ္ဌ ကိုမျိုး၏ အမူအရာနှင့် စကားများကြောင့် ရဲအုပ်သာဦး ပြုံးလိုက်ပါသည်။

"ဆန္ဒ မစောစေချင်ပါဘူး ဥက္ကဋ္ဌရာ၊ ကျွန်တော့်ဆီရောက်လာအောင်သာ ကူညီပါဗျာ"

"ဟုတ်ကဲ့၊ ဆိုင်ကယ်နဲ့သွားလိုက်ရင် သိပ်တော့မကြာပါဘူး။ ဒါပေမဲ့ သူက လူရိုးလူအေးဆိုတော့ကာ"

"ကျွန်တော် နားလည်ပါတယ်၊ မသက်ဆိုင်ဘဲ နစ်နာရတာမျိုးဖြစ်မှာ စိုးရိမ်တယ်မဟုတ်လား၊ စိတ်ချပါဗျာ ကျွန်တော့် လုပ်သက် တစ်လျှောက် ဒီလို အမှားမျိုး တစ်ခါမှ မရှိခဲ့ပါဘူး။ နောက်လဲ မရှိစေရဘူး စိတ်ချ၊ တစ်ခုတော့ ရှိတယ်၊ ဥက္ကဋ္ဌရဲ့ ရွာသားကို တရားခံပါလို့ ကျွန်တော်မပြောပါဘူး၊ ဒါပေမယ့် လူ့စိတ်ဆိုတာက အခက်သားလားဗျာ၊ အကြောင်းတစ်စုံ တစ်ရာကြောင့် လူရိုးလူအေးတွေ လူသတ်မိတဲ့ အဖြစ်တွေ များစွာ ရှိခဲ့ဖူးတာ ဥက္ကဋ္ဌလဲ သိပါတယ်လေ"

ဥက္ကဋ္ဌ မည်သည့် စကားမျှ မဆိုတော့ဘဲ၊ ကိုချစ်မွေး ရှိရာသို့ လူလွှတ်၍ ခေါ်ခိုင်းလိုက်လေတော့သည်။

ပုဂ္ဂလိကပိုင် 'ပဲသန့်စင်စက်ရုံ' တစ်ရုံဖြစ်၏။ နံနက်ပိုင်းတွင် ပဲအတင်အချ ကားများပဲ ထပ်လုပ်သားများနှင့် ပဲရွေး အမျိုးသမီးများ သူ့နေရာနှင့်သူ စနစ်တကျ ရှိနေ၏။ နေ့လယ်ထမင်းစား နားချိန်ရောက်လာသောအခါ လုပ်ငန်းများ ရပ်နား၍ လူစု ကွဲသွားကြလေသည်။

"ဂိုဏ်းမှူး၊ ဂိုဏ်းမှူးကို ကျွန်တော် ပြောစရာ နည်းနည်း ရှိတယ်ဗျ၊ မနက်ကတည်းက ပြောသင့် မပြောသင့် စဉ်းစားနေတာ"

"ဟော့ မောင်ထွန်း၊ အဆန်းပါလားကွ၊ ဂိုဏ်းမှူးတွေဘာတွေလုပ်မနေနဲ့ဟေ့၊ တစ်ရွာတည်းသားတွေပဲ ပြောစရာ ရှိပြောကွာ။ ဘာစကားမို့ စဉ်းစားနေတာလဲကွာ"

"တစ်ရွာတည်းသားပေမယ့် ဒီနေရာမှာက ဂိုဏ်းမှူးက ဂိုဏ်းမှူးပဲလေဗျာ၊ ပြီးတော့ ဒီအလုပ်ကလဲ ဂိုဏ်းမှူး သွင်းပေးလို့ အလုပ်ရတာဆိုတော့ ..."

"ဟော့ကောင် မောင်ထွန်း လုပ်မနေနဲ့၊ ရွာမှာလိုပဲ ကိုချစ်မွေးပဲခေါ်၊ ပြီးတော့ မင်း ဘာပြောချင်တာလဲ ပြောကွာ၊ စကားပလ္လင်ခံနေတာနဲ့ပဲ အချိန်ကုန်တယ်ကွာ"

မောင်ထွန်း ချက်ချင်း မပြောသေး။ မျက်နှာလွှဲကာ ချိန်ဆ စဉ်းစားနေဟန်ရှိ၏။ မှန်သည် မောင်ထွန်းနှင့် ဂိုဏ်းမှူး ကိုချစ်မွေးတို့သည် တစ်ရွာတည်းသား ဖြစ်၏။ ရွာတောင်ပိုင်းနှင့် မြောက်ပိုင်းသာ ကွဲသည်။ ကိုချစ်မွေးက ဤ ပဲစက်ရုံ၌ ယခင်က သာမန် အလုပ်သမား ပဲထမ်းဘဝမှ ဂိုဏ်းမှူး ဖြစ်လာသူ ဖြစ်၏။ ဂိုဏ်းမှူးဘဝဖြင့် (၂) နှစ်ရှိပြီ ဖြစ်သည်။ စက်ရုံမှူးမှ သဘောကျ၍ ဂိုဏ်းမှူးနေရာ ပေးထားခြင်း ဖြစ်လေသည်။

အလုပ်သမား တစ်ယောက်ကို အကြောင်းပြချက်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်လုံသော အပြစ်တစ်စုံတစ်ရာ ရှိပါက ထုတ်ပယ်ခွင့်ရှိ၏။ အလုပ်တွင် လိုအပ်ပါက အလုပ်သမားသစ် ခေါ်ယူခွင့်ရှိ၏။ သာမန် အလုပ်သမားကဲ့သို့ အထမ်းအပိုးမလုပ်ရဘဲ စီစဉ်ကွပ်ကဲသူသာလုပ်ရပြီး နေ့တွက်လုပ်အားခ အချိုးကျ ရရှိခံစားခွင့် ရှိလေသည်။

နေ့ဂိုဏ်း ညဂိုဏ်းရှိ၍ တစ်ခါတစ်ခါသော အိမ်ပြန်ရလေသည်။ အိပ်ရေးအနည်းငယ်ပျက်သော်လည်း ကိုချစ်မွေးကျေနပ်၏။အဘယ်ကြောင့်ဆိုသော် တစ်လအကြာတွင် သာမန် အလုပ်သမားများထက် လုပ်အားခ (၂) ဆ ပိုရသောကြောင့်ပင်။ ထိုသည်မှာလည်း အလှအပ ကြိုက်သူ အစားအသောက် ကောင်းကြိုက်သူ ဇနီးချောလေး မဝင်းလှဲ့အတွက် ရယ်သာ။

မဝင်းလှဲ့ မကြောင့်မကြ နေနိုင်စားနိုင်ရေး အတွက် ရယ်ကြောင့် ကိုချစ်မွေး နေ့ညကြိုးစားနေခြင်းပင်။ လွန်ခဲ့သော လကပင် ငွေအချို့နှင့် လက်စွပ် တစ်ကွင်း ပေးခဲ့နိုင်ပါသည်။ အပြန်တွင် အလုပ် လိုချင်သော မောင်ထွန်းခေါ်လာခဲ့ခြင်းဖြစ်လေသည်။

ယခု ထမင်းစားချိန် (၁)နာရီတွင် နာရီဝက်ခန့် တစ်မှေးမှေးရန် ပြင်နေချိန် မောင်ထွန်းခေါ်လာခဲ့ခြင်းဖြစ်လေသည်။



"ကဲ မောင်ထွန်း ဘာစကားမို့လို့ ဒီလောက်စဉ်းစားနေရတာလဲကွာ။ ပြောမှာဆို ပြောကွာ အချိန်မရှိတော့ဘူး"

"ပြောမှာပါ ဂိုဏ်း-- အဲ--ကိုချစ်မွေးရာ၊ ဒီလိုလေ ကျွန်တော့် ဒီ အလုပ်နဲ့ရွာ အလှမ်းကွာလို့ ကစ်ပတ်တစ်ခါပဲ ရွာကိုပြန်တာနော်"

"အေးလေ အဲဒါ ဘာဖြစ်လဲ။ မလွှဲသာလို့ပေါ့။ ငါလဲ တစ်ပတ်တစ်ခါမဟုတ်ဘူး။ တစ်နေ့တစ်ခေါက် ပြန်ချင်တာပဲ၊ ထားပါတော့ အဲဒါ ဘာဖြစ်လို့လဲ။ နေ့တိုင်းပြန်ရင် မင်း လမ်းစရိတ် ကုန်မှာပေါ့"

"အဲဒါ ပြောချင်တာ မဟုတ်ပါဘူး ကိုချစ်မွေးရာ ဒီလိုဗျ ကျွန်တော် ဟိုလေ--ဟိုအစ်မ မဝင်းနဲ့ ဟို မောင်ညိုကို မသင်္ကာဘူးဗျာ"

"ဘာကွ--ဘာလို"

"ဟုတ်တယ်ဗျာ။ တစ်ခုတော့ ရှိပါတယ်၊ ကိုချစ်မွေးရာ ကျွန်တော့် အထင်ဆိုတော့ မှန်ချင်မှ မှန်မယ်။ ကျွန်တော် ပြောချင်တာက ခေါင်းအေးအေးထားပြီး ဟုတ်မဟုတ် စုံစမ်းစေချင်လို့ပါ"

မမျှော်လင့်သော စကားများကြောင့် ကိုချစ်မွေး အံ့သြ ထိတ်လန့်ကာ သွေးများလည်း ဆူပွက်သွားပါသည်။

"နေ---နေစမ်းပါဦး မောင်ထွန်း၊ မင်း--မင်းက ဘာ မသင်္ကာစရာ တွေ့ခဲ့လို့လဲ



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် ဒီလိုပြောနိုင်တာလဲ ပြောပါဦး''

''ဒီလိုပါ မနေ့က မနက် စောစော(၅)နာရီလောက် ကျွန်တော် ဒီကိုပြန်လာဖို့ အိမ်က ထွက်လာခဲ့တယ်။ ကိုချစ်မွှေးတို့ အိမ်နား မရောက်တရောက်မှာ မောင်ညို အိမ်ပေါ်က ပြေးဆင်းလာပြီး သူ့အိမ်ဘက် သုတ်သုတ် သုတ်သုတ်နဲ့ သုတ်ခြေတင် ထွက်ပြေး သွားတာ တွေ့ခဲ့လို့ပါ''

မောင်ထွန်း၏ စကားအဆုံး ကိုချစ်မွှေး မျက်နှာလွှဲသွားပြီး အဝေးတစ်နေရာသို့ ငေးကြည့်နေပါတော့သည်။

''ကဲ--ဘယ်လိုလဲ ဥက္ကဋ္ဌ ကိုချစ်မွှေး ပြောပြတာ ကြားခဲ့ပြီနော်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ မသတ်ဖူးလို့ ပြောနိုင်ပါမလားဗျ''

ကိုချစ်မွှေးကို သိလိုသောအချက် အနည်းငယ် မေးခဲ့၍ ကိုချစ်မွှေးက ပြောပြလိုက်ခြင်းဖြစ်၏။ ထို့ကြောင့် စခန်းမှူးက ဥက္ကဋ္ဌကို ထင်မြင်ချက် တောင်းလိုက်ခြင်းဖြစ်ပါသည်။

''ဟူး--အေးဗျ၊ ဒီကိစ္စ ကျွန်တော် လုံးဝ မသိသေးဘူးဗျ''

''မှန်ပါတယ်။ ဥက္ကဋ္ဌရာ တခြားရွာသားတွေပါ မသိကြသေးပါဘူး။ ဒါပေမဲ့ ကျွန်တော် စုံစမ်းမေးမြန်းရင်းနဲ့ တစ်ယောက်တည်းသာ သိတဲ့လူနဲ့ တိုးခဲ့တာဗျ။ မောင်ပေါက်ကျိုင်းထုံး နှလုံးမူရတာပေါ့ဗျာ''

''ဟင်း---အေးဗျာ၊ စခန်းမှူးတို့ တော်ပါပေတယ်ဗျာ ချီးကျူးပါတယ်၊ အင်း လူရိုးလူအေးလဲ လူသတ်ဖို့ အကြောင်း ရှိလာတော့လဲ တရားခံ ဖြစ်ရတော့တာပဲလေ''

''ဟိုး--နိုးနိုး--- ဥက္ကဋ္ဌ အမြင်ကတစ်မျိုးဖြစ်သွားပြီပဲ။ ကျွန်တော် ပြောချင်တာက လူရိုးလူအေးလဲ လူသတ်နိုင်ခြေရှိတာလောက်ပဲ ပြောတာပါဗျာ။ ကိုချစ်မွှေးဟာ လူသတ်တရားခံပါလို့ မပြောမိသေးပါဗျာ။ သူ့ကိုလဲ မမေးသေးသလို သူကိုယ်တိုင်ကလဲ သူ သတ်ပါတယ်လို့ မပြောရသေးဘူးလေ''

ရဲအုပ် သာဦး စကားကြောင့် ဥက္ကဋ္ဌ ကိုမျိုး နားရှုပ်သွားဟန်ရှိ၏။

''ဟင်--ဒါဆို စောစောက စခန်းမှူးနဲ့ ကျွန်တော် ကြားခဲ့တဲ့ ကိုချစ်မွှေးရဲ့ တိုးတိုးတိတ်တိတ်စကားက အမှန်တွေ မဟုတ်ဘူးလို့ စခန်းမှူးက ပြောချင်တာလား၊ မောင်ညိုကိုသတ်တာ ကိုချစ်မွှေး မဟုတ်ဘူးလို့ ဆိုချင်တာလားဗျ။ ကျွန်တော်တော့ နားမလည်ဘဲ မျက်စိလည်သွားပြီဗျာ'

''အဟားဟား ဒါက သဘာဝပဲလေ။ မျက်စိလည်ရင် နားမလည်လို့ပဲဗျ။ အင်း နားလည်ရင်တော့ မျက်စိမလည်တော့ဘူးပေါ့ဗျာ။ ထားပါတော့ဗျာ၊ တွေးမနေပါနဲ့တော့။ ကစားနည်းတစ်မျိုးလို့ပဲ မှတ်ပြီး စောင့်ကြည့်နေပါ။ မကြာခင် ဂိမ်းတော့မှာပါ''

''ဟင်း''

ရဲအုပ် သာဦးက သူ့အပြောနှင့် သူ သဘောကျစွာ ပြုံးနေ၏။ ဥက္ကဋ္ဌ ကိုမျိုးကတော့ သက်ပြင်းသာ ချမိတော့သည်။ ထိုအချိန်တွင် အိမ်ရှေ့က အမျိုးသမီး တစ်ယောက်၏ ခေါ်သံကို ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဉက္ကဋ္ဌ ရှိလား ဉက္ကဋ္ဌ ကိုမျိုး"

အရှေ့ခြံအဝမှ အသံကြောင့် ဉက္ကဋ္ဌရော စခန်းမှူး ရဲအုပ် သာဦးပါ အကြည့်ရောက်သွားကြ၏။

"အဲဒါ မဝင်းလှဲ့ ဆိုတဲ့ အမျိုးသမီးလား ဉက္ကဋ္ဌ"

"ဟုတ်တယ် ဟုတ်ပါတယ် စခန်းမှူး"

"ခေါ်လိုက်ဗျာ"

"ဉက္ကဋ္ဌ ကိုမျိုး"

"ရှိတယ် မလှဲ့ရေ တံခါး တွန်းဖွင့်ပြီး ဝင်ခဲ့လေဗျာ"

မဝင်းလှဲ့ တံခါးဖွင့် ဝင်လာ၏။ အမူအရာက သုတ်သုတ်ပျာပျာ။ အိမ်ပေါက်ဝ အရောက် ထိုင်နေသော ရဲအုပ် သာဦးကို မြင်သောအခါ တုံ့ခနဲ တစ်ချက် ဖြစ်သွား၏။ ပြီးမှ အိမ်ပေါ် လှမ်းတက်ရင်း–

"ဟင်––ဘယ်သူမှလဲ မမြင်ပါလား"

"ဘာကို ပြောတာလဲ မလှဲ့။ ကျွန်တော့် အိမ်သားတွေကို ပြောတာလား။ သူတို့က နောက်ဖေးအိမ်မှာလေ။ ဘာကိစ္စရှိလို့လဲ"

"သြော်––ဒီလိုပါ ရှင် ကျွန်မ ယောက်ျား ကိုချစ်မွေး၊ မောင်ညိုကို သတ်တဲ့ အမှုနဲ့ သွားခေါ်လာပြီး ဉက္ကဋ္ဌ အိမ်မှာ ဖမ်းထားတယ်လို့ ရဲတပ်သား တစ်ယောက်က ပြောသွားလို့ပါ။ အဲ––အဲဒါအခု ဘယ်သူမှ မတွေ့ လို့"

မှန်၏။ ဉက္ကဋ္ဌ၏ ခြံဝင်းထဲ၌ အိမ်နှစ်လုံး ရှိနေ၏။ ကိုချစ်မွေးအား ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့်အတူ နောက်ဖေးအိမ်တွင် ထားထားခြင်း ဖြစ်သည်။ ဉက္ကဋ္ဌ၏ မိသားစုပါ နောက်ဖေးအိမ်တွင် ရှိနေကြပြီး ဉက္ကဋ္ဌနှင့် စခန်းမှူးသာ အိမ်ရှေ့အိမ်တွင် ရှိနေကြခြင်း ဖြစ်လေသည်။

"ခင်ဗျား လိုက်လာတော့လဲ ဘာအကြောင်းထူးမှာလဲဗျာ။ ပြစ်မှုဆိုတာ ကျူးလွန်မိရင် ထိုက်သင့်တဲ့အပြစ်ဒဏ် ခံရမှာပဲဗျ"

"ရှင်"

ရဲအုပ် သာဦး စကားကြောင့် မဝင်းလှဲ့ အထိတ်အလန့် ဖြစ်သွား၏။

"ဟင်––ဒါ–––ဒါဆို ကိုချစ်မွေးကို ရဲစခန်းပို့လိုက်ကြပြီးလာရင်။ သူဟာ ၁––ဘာပြစ်မှုမှ မကျူးလွန်ပါဘူး ရှင်"

"ဘာ––ခင်ဗျားက ဘာကြောင့် ဒီလို ပြောနိုင်တာလဲ"

ရဲအုပ် သာဦး အမေးကို မဝင်းလှဲ့ မဖြေသေးဘဲ ဉက္ကဋ္ဌကို တစ်လှည့်၊ ရဲအုပ် သာဦးကို တစ် လှည့် ကြည့်ရင်း မျက်ရည်များ စီးကျ လာ၏။ ဉက္ကဋ္ဌလည်း နားမလည်နိုင်စွာ သူတို့ နှစ်ဦးကိုသာ ကြည့်နေမိသည်။ မဝင်းလှဲ့ ခေါင်းငုံ့ထားရာမှ ဆတ်ခနဲ ခေါင်းမော့လာပြီး ရဲအုပ်သာဦး ဘက်လှည့်ကာ–

"မောင်ညိုကို သတ်တာ ကျွန်မပါ။ ကျွန်မကိုယ်တိုင် သတ်လိုက်တာပါရှင်"

"ဟေ"

ဉက္ကဋ္ဌ ကိုမျိုး အံ့အားသင့်သွားသော်လည်း ရဲအုပ်သာဦးကား အဓိပ္ပာယ်ပါသော အပြုံးတစ်ပွင့် လက်သွား၏။

"ခင်ဗျား ယောက်ျားကို ကာကွယ်ချင်တာနဲ့ ထင်ရာတွေ လျှောက်ပြောမနေနဲ့ဗျာ"

"ကျွန်မပြောတာ ယုံ



www.burmeseclassic.com

www.burmeseclassic.com



ပါရှင်၊ မောင်ညိုကို ကျွန်မသတ်တာ အမှန်ပါရှင်''

''ထားပါတော့ဗျာ။ ကျွန်တော် ယုံလိုက်ပါမယ်။ ကဲ--ပြောပါဦး။ ခင်ဗျားက ဘာကြောင့် သတ်ရတာလဲ။ ဘယ်လို သတ်လိုက်တာလဲ''

မဝင်းလဲ့ စီးကျ စိုစွတ်လာသောမျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ခတ်ဖယ်ထုတ်လိုက်၏။

''ကျွန်မ---ကျွန်မကို စော်ကားလို့ပါရှင်''

''ခင်ဗျား အမှန်အတိုင်း ပြောမယ်ဆိုရင် အပြည့်အစုံ ပြောပါ''

''ဟုတ်ကဲ့---ဟုတ်ကဲ့ ကျွန်မ ပြောပါမယ်''

မြိုင်မြိုင်ဆိုင်ဆိုင် ပေါ်ထွက်လာသော လင်းကြက်တွန်သံများက နားစည်ထဲ ရိုက်ခတ်တိုးဝင်လာသောကြောင့် မဝင်းလဲ့ ဖျတ်ခနဲ လန့်နိုးသွားလေသည်။ လေးလံနေသော မျက်လုံးများကို ကြိုးစားဖွင့်လိုက်ရာ အရုဏ်ဦးရောင်နီဖျော့ဖျော့လေးကို ထရံပေါက်မှ မြင်လိုက်ရ၏။

''ဟင်--ဒါ---ဒါ ဘယ်သူလဲ။ ဟင်--မောင်ညို-နှင့် ဘယ်အချိန်ရောက်နေတာလဲ--ဘာလာလုပ်တာလဲ''

''ဝါး--ဟား-- မလဲ့



ကလဲဗျာ၊ အတိတ်မေ့နေတာလား။ ကျွန်တော် ညဦးကတည်းက ပြန်မှ မပြန်တာ မလဲ့နဲ့ အတူ အိပ်နေတာလေဗျာ''

''အ--ဟင်-ဘုရား--ဘုရား''

မောင်ညို၏ စကားကြောင့် မဝင်းလဲ့ အထိတ်တလန့် ဖြစ်ကာ ကမန်းကတန်း စဉ်းစားလိုက်၏။ မနေ့က မောင်ညို ချဲထီ ပေါက်သည်ဆို၍ ဒ်ပေါက် ဝယ်ကျွေးခိုင်းသည်။ မိုးချုပ်စတွင် မောင်ညို ရောက်လာ၏။ ဒ်ပေါက်တစ်ဘူး၊ ကွဲရိုင်းအချိုရည်တစ်ဘူး ပါလာပြီး မိမိကို ကျွေး၏။ ပြီး သူက ဘီယာ သံဘူးလေး တစ်ဘူး ဂျာကင် အိတ်ထဲမှ ထုတ်ကာ သောက်ရင်း စကားပြောကြ၏။ ပြီး မိမိကို အချိုရည် ဖောက်ပေး၍ စကား ပြောရင်း သောက်၏။ ပြီးတော့ ပြီးတော့--- မဝင်းလဲ့ စဉ်းစားမရ တော့ပေ။

''ဟင်''

မဝင်းလဲ့ ရင်ထဲ ထိတ်သွားလေသည်။ မောင်ညိုအကြံကိုလည်း သဘောပေါက်သွား၏။ အိပ်ရာဘေးမှ မီးခြစ်ဖြင့် ဖယောင်းတိုင်ထွန်းလိုက်ပြီး-

''မောင်--မောင်ညိုနှင် ငါ့ကို ဗုတ်မာလိုက်တာပေါ့ ဟုတ်လား၊ ခွေးတိရစ္ဆာန်--အီး အဟီး--သွားပါပြီ။ ဟီး --အီး--အီး---အီး''

မဝင်းလဲ့ မိမိကိုယ်ကို ဆန်းစစ်မိကာ ယူကျုံးမရ ငိုနေလေသည်။ ဒေါသများလည်း ထွက်မိသည်။


''မလဲ့ကလဲဗျာ။ ငိုစရာကျနေတာပဲ၊ ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com





က ကြားသွားရင် မကောင်းပါဘူးဗျာ။ တိတ်စမ်းပါ''

''ဟင် ခွေးတိရစ္ဆာန်နင့်လုပ်ရပ်ကရော ကောင်းသလားဟဲ့။ နင် အချိုရည်ထဲကို ဘာတွေ ထည့်ခဲ့လဲပြောစမ်း''

''ကဲပါဗျာ၊ ဒီလောက်စိတ်လှုပ်ရှားရမယ့်ကိစ္စမှမဟုတ်တာဗျာ။ ကျွန်တော် ပြောတာခဏ နားထောင်ပေးပါဦးဗျာ။ အမှန်ပြောတာ။ မလဲ့ကို ကျွန်တော် အရမ်း ချစ်လို့ပါ။ ဟိုးအရင် အပျိုကတည်းက မလဲ့ကို ကျွန်တော် ချစ်နေတာ မလဲ့ သိသားနဲ့။ ကိုချစ်မွေးကြီးနဲ့ယူလိုက်တာလေ။ ထားပါတော့လေ။ ဟို--ဟိုလေ---မလဲ့က တစ်လကိုးသီတင်းကြာမှ ယောက်ျားနဲ့တစ်ခါတွေ့ရတာဆိုတော့ အဟဲ မလဲ့ကို သနားလို့ ကူညီတဲ့ သဘောလဲ ပါတာပေါ့''

''ဘာ ကူညီတာလဲ။ အဲဒါ ခွေးကြံကြံတာဟဲ့၊ နားလည်လား။ အေး နင် မနက်ဖြန်ကျရင် ရဲစခန်း ရောက်ပြီးသာမှတ်။ သွား နင်အခု ငါ့အိမ်ပေါ်က ဆင်းသွား။ သွားအခုသွား''

''တိုးတိုး လုပ်စမ်းပါဗျာ၊ ကျွန်တော် အခုသွားပါမယ် မလဲ့ရာ။ အေး--ကျွန်တော် တစ်ခုတော့ သတိပေးလိုက်မယ်နော်။ ဒီကိစ္စက ဒီအတိုင်းထားရင် မလဲ့နဲ့ ကျွန်တော် နှစ်ယောက်တည်းပဲ သိတာ။ ဘာပြဿနာမှ မရှိဘူး။ အေး တိုင်လား တောလား လုပ်ရင်တော့ ကျွန်တော် အချုပ်ထဲ ရောက်သလို မလဲ့လဲ အရှက် ကွဲမှာပဲ။ အထူး သတိထားရမှာ ကတော့ ကျွန်တော်က ထောင် ကျလို့ မလဲ့မှာ ဘာမှ အကျိုး မရှိတဲ့ အပြင် မလဲ့ယောက်ျားက မလဲ့ကို ပေါင်းမယ် ထင်သလား။ မသတိတော့ပါဘူးဆိုပြီး အနားတောင် ကပ်မှာ မဟုတ်တော့ဘူး။ အဲဒါ မမေ့နဲ့''

ပြောချင်ရာ ပြောပြီး မချိုမချဉ် မျက်နှာဖြင့် အိမ်ပေါ်မှ ဆင်းသွားသည်ကို ကြည့်ရင်း မဝင်းလဲ့ ရှက်ကြောက်ခြင်း၊ ဝမ်းနည်းခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ပါ ရောထွေးလျက် ရင်ထဲပူလောင် ခံစားနေရပါတော့သည်။

*****

မဝင်းလဲ့နှင့် မောင်ညိုသည် အသက် (၃)နှစ်ခန့် ကွာသော တစ်ရွာတည်းသားများဖြစ်၏။ မောင်ညိုသည် မိဘများ၏ စီးပွားရေးကောင်းခြင်း၊ အချစ်ပိုအလိုလိုက်ခဲ့ခြင်းတို့ကို အခွင့်အရေး ယူသူဖြစ်၏။ ငယ်

www.burmeseclassic.com



စဉ်ကကည်းက ကျောင်းပညာရေးတွင် အာရုံမရှိ။ လောင်းကစား အပျော်အပါးသာ အာရုံရှိခဲ့သည်။

အရွယ်ရောက် ကြီးပြင်းလာသော အချိန်တွင်လည်း ဖဲသမားယောင်ယောင် ချဲသမားယောင်ယောင်ဖြင့် ယောင်ကိုးဆယ် လုပ်နေခဲ့သည်။ အပေါင်းအသင်း စုံပါက အရက်သေစာလည်း သောက်တတ်၏။ မူးလာလျှင် မိန်းမကိစ္စ အပျော်လည်း ပါတတ်ပြန်သည်။ ထိုအပြုအမူ အကျင့်စရိုက်ကြောင့်ပင် သူ၏ ချစ်ရေးဆိုမှုကို မဝင်းလှဲ့က လက်မခံခဲ့ပါ။ ရိုးသားကြိုးစားသော ကိုချစ်မွေးနှင့် ဂဟေဆက်ခဲ့လေသည်။

မဝင်းလှဲ့နှင့် ကိုချစ်မွေး အိမ်ထောင်ကျပြီးနောက် မောင်ညိုက အခင်အမင်မပျက် အိမ်အဝင်အထွက် ရှိခဲ့လေသည်။ မောင်ညို၏ အကျင့်စရိုက်ကို မကြိုက်သော်လည်း တစ်ရွာတည်းသားဟူသော သံယောဇဉ်ဖြင့် ရိုးသားစွာ ခင်မင်၍ မဝင်းလှဲ့တို့က ဝင်စေထွက်စေ ကြည်ဖြူခဲ့ကြပါသည်။ ခုတော့ရိုးသားမှုကို အခွင့်အရေးယူတတ်သော မောင်ညို အကြံဆိုးကြောင့် မဝင်းလှဲ့ နောင်တရချိန် နှောင်းခဲ့လေပြီ။

တိုင်တန်း အမှုဖွင့်ပါက တစ်ရက်က နှစ်ရက်ဖြစ်ရလေမည်လား။ ချစ်လင်ကို ချစ်မွေး၏ စက်ဆုပ်ရွံရှာသော အကြည့်ကို ခံနိုင်ပါမည်လား။ သိုသိုသိပ်သိပ် သည်အတိုင်းနေလိုက်လျှင် ကောင်းမည်လား။ အတွေးများဖြင့် မဝင်းလှဲ့ရင်ထဲ မွန်းကျပ်နေ၏။ ခေါင်းထဲရှုပ်ထွေးနေ၏။ ချီတုံချတုံ အတွေးကြောင့် မတိုင်ဖြစ်သေးခြင်းကို မောင်ညိုက တစ်ဆင့်တိုးရန် ကြိုးစားလာသော နောက်တစ်နေ့တွင် ဖြစ်၏။ အရုဏ်ဦးအလှ ပျက်စီးစေသောနေ့ဟု ဆိုရချေမည်။ အချိန်ကား (၄)နာရီ ကျော်ခန့်တွင် ဖြစ်သည်။

"ဒီလို အခြေအနေ ဒီလိုအချိန်မျိုးမှာ နင် ငါ့ အိမ်ကို လာစရာအကြောင်းမရှိတော့ဘူး မောင်ညို"

"နောက်ဆို ကျွန်တော် ဘယ်တော့မှ မလာတော့ပါဘူး။ မလှဲ့ရယ်၊ အခုလဲ ကျွန်တော့်အမှားအတွက် တောင်းပန်ဖို့ လာခဲ့တာပါ"

"မလိုဘူး မောင်ညို တောင်းပန်စရာမလိုဘူး။ ဘာလုပ်ရမယ်ဆိုတာ ငါ စဉ်းစားနေတယ်။ အကောင်းဆုံးဖြစ်ဖို့ ငါ ကြိုးစားနေတယ် မောင်ညို"

မဝင်းလှဲ့ အိမ်ခြေရင်းဘက်ရှိ အိမ်သာမှအပြန် မောင်ညိုရောက်လာခြင်းပင်။ မဝင်းလှဲ့က ပြောအပြီး အိမ်ပေါ်လှမ်းအတက်တွင် မောင်ညိုက ဇွတ်ခနဲ နောက်ကတိုးတက်လိုက်၏။

"ဟဲ့ တိရစ္ဆာန်ကောင်နင် ဒါက ဘာလုပ်တာလဲ အခုချက်ချင်း ပြန်ဆင်းစမ်း"

"ကျွန်တော် တောင်းပန်ဖို့ လာတာလို့ပြောပြီးပြီပဲဗျာ၊ စောစောစီးစီး သူများတွေ မြင်သွားမှာစိုးလို့ အိမ်ပေါ်တက်လိုက်တာပါ။ ခဏပြောပြီးပြန်ပါမယ် မလှဲ့ရယ် တောင်းပန်ပါတယ်ဗျာ"

"ဟင်း---ခွေး--ခွေး နင် အခု ငါ့ကိုလွှတ်စမ်း၊ နင် ငါ့ကို ဘယ်လိုထင်နေလဲ၊ လွှတ်ဆို လွှတ်စမ်း--မောင်ညို"

မောင်ညိုက ရှုပ်တ



www.burmeseclassic.com

www.burmeseclassic.com



ရက် သိုင်းဖက်ထားခြင်းကြောင့် အံ့အားသင့်တုန်လှုပ်သွား၏။ ဒေါ်သသွေးတို့လည်း ဆူပွက်လာသည်။

"ကျွန်တော် ပြောတာ ခဏလေး ငြိမ်ပြီး နားထောင်ပါ မလဲ့ရယ်။ လူကြီးတွေ ပြောတာ ကြားဖူးတယ်ဗျ။ ဒီကိစ္စမျိုးဟာ ဆားငန်းရေ သောက်ရသလိုမျိုးတဲ့။ သောက်လေ သောက်လေ ငတ်မပြေတဲ့ဗျ။ ဒါကြောင့် ဒီ တစ်ကြိမ်လောက်တော့"

"ဟော်"

"အား"

"ဖုန်း"

မဝင်းလဲ့ ရှိသမျှ ခွန်အားများ စုစည်း၍ အတင်းရုန်းကာ ဆောင့်တွန်းလိုက်ခြင်းပင်။ မောင်ညို အိမ်ပေါက်ဝမှ မြေပြင်ပေါ်သို့ ခွေခနဲပြုတ်ကျ သွားလေသည်။ ထိုအဖြစ်အပျက်ကို ချောင်းကြည့်နေသူ တစ်ဦးရှိနေ၏။ မောင်ညိုရော မဝင်းလဲ့ပါ ရိပ်ခနဲ မြင်လိုက်ရသော်လည်း မည်သူမည်ဝါ ဆိုသည်ကိုတော့ ဖြင့်။

✻✻✻✻✻

"အင်း--ဒီအတိုင်း ဆိုရင်တော့ ခင်ဗျားသတ်တယ် ဆိုတာ ဖြစ်နိုင်ချေရှိပါတယ်။ အဲ ဒါပေမဲ့ အခင်း ဖြစ်တာက ခင် ဗျား အိမ်ဝင်းထဲမှာဆိုတော့"

"အဲ--အဲဒါက ဒီလိုပါ



ကျွန်မတို့ အကြောင်းကို တစ်ယောက်ယောက် သိသွားပြီ ဆိုတာ သိလိုက်ရတော့ မောင်ညို ဆက်မတိုးရဲတော့ဘဲ လှည့်ပြန်သွားပါတယ်။ ဒီကိစ္စဟာ လူသိရှင်ကြား ဖြစ်တော့မယ်ဆိုပြီး ကျွန်မလဲ သိရင် သူ့ကိုပဲ ဖြစ်ဖြစ် နှစ်ယောက်စလုံးပဲဖြစ်ဖြစ် သတ်မှာပါ။ ဒါကြောင့် မထူးပါဘူးလို့ တွေးမိပြီး ကြက်သွန်လှီး ဓားကို ယူ မောင်ညို့ နောက်ကို လိုက်သွားပါတယ်။ သူတို့ခြံနားမှာ သူ့ကို မီသွားပါတယ်။ သူတို့ ခြံထဲကို နောက်ဘက်ကနေ သူ အဝင်မှာ ကျွန်မက ဓားနဲ့ နှစ်ချက်ဆင့် ထိုးပြီး ပြန်ပြေးလာခဲ့တာပါရှင်"

"အင်း-ဟုတ်ပါပြီ။ ကဲ ထားတော့။ အဲဒီ ဓားက အခု ဘယ်မှာထားလဲ"

"ရှင်"

"ခင်ဗျား မောင်ညိုကို ထိုးတဲ့ ကြက်သွန်လှီး ဓားလေး ဘယ်မှာလဲ"

"အဲ--အဲ---ကျွန်မ ကြောက်ကြောက်လန့်လန့်နဲ့ ဘယ်နား လွှင့်ပစ်မိမှန်း မသိပါဘူးဆရာ"

"ဟော -- ကိုမင်းအောင်"

အိမ်ခြံဝင်းထဲ လာပြီး အလေးပြုလိုက်သော နယ်ထိန်း မင်းအောင်ကို တွေ့လိုက်သောကြောင့်ပင်။

"လေးစားပါတယ် ကိုမင်းအောင်၊ ကဲ--ပြောပါဦး ထူးခြားလား"

"သွေး စွန်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြက်သွန့်သီး မားတစ်ချောင်း အခင်းဖြစ်ရာ ခြံအပြင်ဘက်က ရလာပါတယ်''

''ဒါဆို ဆက်လုပ်''

''ဟုတ်''

''ဂျောက်''

လုပ်ထုံးလုပ်နည်းအရ မဝင်းလဲ့ကို လက်ထိတ်ခတ်လိုက်ပါတော့သည်။ ထိုအခါမှ မဝင်းလဲ့ တုံ့ခနဲဖြစ်သွားကာ ချုံးပွဲချ ငိုနေလေသည်။

''မလဲ့---ငိုမနေပါနဲ့တော့ဗျာ။ ခင်ဗျားသတ္တိကိုတော့ ချီးကျူးပါတယ်ဗျာ။ အင်း-ဒါပေမဲ့ ကျွန်တော်ရဲ့ ဥက္ကဋ္ဌသက် (၃) နှစ် အတွင်းမှာ ဒီအဖြစ်မျိုး



ဒီတစ်ခါ ပထမဆုံးပဲမို့ အံ့သြတယ်ဗျာ''

''ဒါ ချီးကျူးစရာ မဟုတ်ဘူး ဥက္ကဋ္ဌရေ၊ တကယ်ဆို ဥပဒေလမ်းကြောင်းပေါ်က ရှင်းလို့ရတဲ့ ကိစ္စလေဗျာ။ အလဟဿ အသက်တစ်ချောင်း ဆုံးရှုံးရသလို သူ့ဘဝလဲ အချိန်တွေ ဆုံးရှုံးရတာပေါ့။ ဒီမှာ မဝင်းလဲ့ ဒီလိုလုပ်ရပ်မျိုးက မဖြစ်သင့်ဘူးဗျ။ လူတိုင်းကို အကာအကွယ်ပေးတဲ့ တရားဥပဒေဆိုတာ ရှိတယ်။ တရားဥပဒေအရပဲ ဖြေရှင်းသင့်တာဗျ''

''တိုင်လိုက် ပြုလိုက်ရင် လူသိရှင်ကြား ဖြစ်မယ်။ အရှက်ကွဲရမယ်လို့ တွေးလိုက်မိလို့ပါရှင်''

''ရော---ခက်ပေါ့ အခုရော လူမသိ ရှင်မကြားတော့ဘူးတဲ့လား''

''ဟုတ်ကဲ့--ကျွန်မ မှားသွားပါတယ်ရှင်။ အတွေးချော် အစိုးရိမ်လွန်သွားလို့ ကျွန်မ ကျွန်မ''

မဝင်းလဲ့ စကားမ



ဆက်နိုင်တော့ပေ။ စီးကျလာသော မျက်ရည်များကို ထိန်းသိမ်းနိုင်စွမ်း မရှိတော့ပြီ။ အတွေးထဲတွင်လည်း ချစ်လင် ကို ချစ်မွေး မျက်နှာကို ဘယ်လိုရင်ဆိုင်ရပါ့။ သူ့ဘာများ ပြောလာလေမလဲဟူ၍ ဖြစ်ပါသည်။

ထို ဖြစ်စဉ်များကို ချောင်းမြောင်းကြည့်သူ မျက်မြင်သက်သေဖြစ်လာသူမှာ မောင်ထွန်းဖြစ်သည်ဟု ရဲအုပ် သာဦးအနေဖြင့် ဘယ်သောအခါမှ ပြောတော့မည် မဟုတ်။

**မော်ကျွန်းရဲခိုင်**



www.burmeseclassic.com

www.burmeseclassic.com

# ဒေါသကြောင့် သောကများရသည်

ကျော်စိုးသူ
(ညသျှစ်ပင်)



လူနှစ်ယောက်ကို
မှိန်းနဲ့ထိုးသတ်တဲ့
အငြိမ်းစားရဲကြီး
တစ်ဦးရဲ့ဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်သကြောင့်**
**သောကပွားရသည်**
**ကျော်စိုးသူ-ဥသျှစ်ပင်**

"ဒီမှာ---ကိုလှကြိုင်ရှင် အခုဘာလုပ်မှာလဲ။ အရင်တုန်းက ဆရာ ဆရာနဲ့ လာကြတဲ့ ရှင်တပည့်တွေ ဟိုဟာလေး လုပ်ပေးပါဦး၊ ဒီကိစ္စလေး ကူညီပါဦးဆိုပြီး လာကြတဲ့ ရှင့် မိတ်ဆွေတွေ အခု တစ်ယောက်မှ ပေါ်မလာကြတော့ပါလား။ ရာထူးက အနားယူခဲ့တာ တစ်လကျော်ကျော်လေးပဲရှိသေးတယ်။ ရှင်သိပြီး မဟုတ်လား။ ဝင်ငွေလဲ တစ်ပြား ရှိ အလုပ်ကလဲ ဘာလုပ်ရမှန်းမသိ အပေါင်း အသင်းတွေကလဲ တစ်ယောက်မှ မလာ ရှင့်အစား ကျွန်မတော့ ရှက်တယ်။ အစကတည်းက ပြောသားပဲ ရသလောက် နေပါဦးဆိုတာ ကျွန်မ စကား နားမထောင်တဲ့ ကိုတိကျကြီးရဲ့"

ပင်စင် မယူမီ ခံစားခွင့် ရတဲ့ ရက်တွေကတည်းက ကြားနေရတဲ့ ဇနီးသည် မပုစိန်ရဲ့ စကားတွေက ကိုလှကြိုင်ရဲ့ နားထဲမှာ ကြားရပါများတော့အလွတ်ရနေလောက်ပါပြီ။ မပုစိန်လို့ ခေါ်မယ့်အစား မပူစိန်လို့သာ အမည်ပြောင်းလိုက်ချင်ပါရဲ့။ ငွေမရတဲ့နေ့ကျတော့လဲ မရလို့ တဆူဆူ ငွေရတဲ့နေ့ကျတော့လဲ မလောက်ငလို့ တပူပူ၊ ဝန်ထမ်း ဘဝဆိုတာ ဒီလိုပါပဲ ရယ်လို့။ ဖျောင်းဖျ နားချပေမယ့် မရခဲ့လို့ နားဒုက္ခခံလာခဲ့ရတာ နှစ်တွေလည်း ကြာခဲ့ပါပေါ့။

လုပ်သက်စေ့၍ ပင်စင်နားနီးပြန်တော့လည်း အလုပ်က ထွက်ရင် ဘာလုပ်စားမလဲ။ သားသမီးတွေရဲ့ ရှေ့ရေးကို ပင်စင်လေး မတောက်တခေါက်နဲ့ ဘယ်လိုရင်ဆိုင်မလဲ။ ကျုပ်ဈေးရောင်းတာကလည်း မြတ်မှစားရမှာ ရှုံးရင်ဘယ်က စိုက်မှာလဲ စတဲ့ စကားလုံးတွေကလည်း ကြားနေကျ ခတ်ပြားဟောင်း တစ်ချပ်ပါပဲ။

သူ့လုပ်စာ ထိုင်စားရတာ တစ်လ မပြည့်ခင်မှာပဲ ကြားနေကျ စကားတွေက ပိုပြီး ပြင်းထန် လာပါတော့တယ်။ တစ်ခါတစ်ခါ တွေးမိတယ်။ ပင်စင်ယူပြီး အိမ်မှာ နေမယ့်အစား ဘုန်းကြီးကျောင်းသွားပြီး တစ်ခါတည်း ဘုန်းကြီး ဝတ်နေရင် အကောင်းသားလို့။

❖❖❖❖❖

ဒီနေ့တော့ ရာသီဥတု သာယာတယ် ဆိုရမလားပဲ။ မနက် စောစောကတည်းက ဈေးရောင်း ထွက်သွားတာ ခုထိပြန်မလာသေးတော့ နားအေးပါးအေး ရှိတဲ့ အချိန်လေး ခဏနားနေမိပါတော့တယ်။

သိပ်မကြာပါဘူး။ အဝေးက လှမ်းမြင်ရတဲ့ မပူစိန်ရဲ့ ကိုယ်လုံးဝဝ တိုင်ကီပိုင်း လိမ့်လာသလို လိမ့်လာရင်းနဲ့ ပါးစပ်ကလည်း ထုံးစံအတိုင်း ကျယ်လောင် ကျယ်လောင်ပြောလက်ဟန် ခြေဟန်ကလည်းပါသေး။ သူ့ဘေးမှာလည်း အဝတ်အစား ခပ်နွမ်းနွမ်းနဲ့ လူငယ် တစ်ယောက် ပါလာတာ မြင်နေရပါတယ်။

အနားရောက်တော့မှ မြင်ဖူးသလိုလိုရှိတဲ့ လူရွယ်ကို ငေးကြည့်ရင်းနဲ့ စူးစမ်းနေမိပါတယ်။

"ကိုလှကြိုင် ဘာကြောင်ကြည့်နေတာလဲ၊ ရှင်ကလေ ရဲပိုပီ လူတစ်ယောက်ကြည့်

www.burmeseclassic.com



ရင် မသက်ာမျက်လုံးနဲ့ အမြဲကြည့်တယ်။ ကြည့်မနေနဲ့တော်ရေ၊ ရှင် ရဲထဲမှာ နေတုန်းက လူသတ်မှုနဲ့ ထောင်ကျသွားတဲ့တော့် ယောက်ဖ 'ကြည်မောင်' လေ မသိတော့ဘူးလား''

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ တည့်တည့်ပြောမှ ရိပ်မိတယ်ဆိုသလိုပဲ ယောက်ဖ အရင်းခေါက်ခေါက်ကို မမြင်ဖူးသလိုကြည့်နေမိတာကိုး။

'' ဟာ– ညီလေး မင်းက အသားတွေ မည်းသွားတာကိုး၊ အစ်ကိုက ဘယ်မှတ်မိတော့မှာလဲ။ လာကွာ အိမ်ပေါ်တက်''

''ကဲ–သမီး ယောက်ဖတွေ့ စကားပြောကြဦး၊ ကျုပ်ချက်လိုက်ပြုတ်လိုက်ဦးမယ်''

''ညီလေး ထောင်ထဲမှာ ဘယ်လောက်ကြာလဲ''

''ကျတာကတော့(၁၃) နှစ်ပဲ အစ်ကို။ အထဲမှာ ကျွန်တော်က ထောင်က သတ်မှတ်ထားတဲ့ စည်းကမ်း ဥပဒေတွေ လိုက်နာတယ်။ တခြား အပြစ်တွေလဲ ဘာမှမရှိတော့ လျော့ရက်တွေ အများကြီးရတော့ ၁၀ နှစ် ကျော်ကျော်လေးပဲ နေရတယ်။ ထောင်ထဲမှာလဲ အေးဆေးပါပဲ အစ်ကိုရာ။ ကျွန်တော်လဲ နောင်တတွေရပါပြီ။ အပြင်ရောက်ရင်အရာအားလုံးပြောင်းလဲပြီး လူသစ် စိတ်သစ်နဲ့ လောကကြီးကို ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပါပြီ''

''ဒါပေါ့ကွာ တကယ်တော့ ထောင်ဆိုတာ လူမိုက်စိတ်မကုန်သေးသူတွေ အတွက် အကျဉ်းစခန်း ဆိုပေမယ့် လူလိမ္မာ ခါတ်ခံရှိသူတွေအတွက်ကတော့ စိတ်ရောလူပါ တကယ့်ကို ပြုပြင်ရေး လမ်းညွှန်ဌာနကြီးပါကွာ။ ငါ့ညီလဲ ဘာမှတွေးပြီး ပူမနေနဲ့တော့၊ ဒီမှာ ပျော်သလောက် နေပြီး ကိုယ့်နေရပ်ပြန် ရောက်ရင် စိတ်သစ်လူသစ်နဲ့ လောကကြီးကို ရင်ဆိုင်ဖို့ အသင့် ပြင်ထားပေါ့ကွာ---

''ကဲ ... ညီလေး ရေချိုး မင်းကိုယ်မှာရှိတဲ့ ထောင်ထဲက အငွေ့အသက်တွေကို အပြင်က ရေသန့်သန့်နဲ့ ဆေးကြောသုတ်သင်လိုက်ပေါ့ကွာ။ ပြီးရင် တို့ညီအစ်ကိုတွေ အတူ



ထမင်းလက်ဆုံ စားကြမယ်''

ပြောပြော ဆိုဆိုပဲ ယောက်ဖတော် ရေချိုးဖို့ အသင့် ပြင်ဆင်ပေးရင်း ဒီဝာစ်နေ့တော့ ညှော်သည်ရှိနေလို့ ခေတ္တနားအေးပါးအေး စားရမယ့် ထမင်းဝိုင်းကို အတွေးနဲ့မျှော် ပျော်နေမိပါတော့တယ်။

❀❀❀❀❀

မောင်နှစ်မနှစ်ယောက်သာရှိတဲ့ မိသားစုမို့ ကျွန်တော့် အမျိုးသမီး မပုစိန်က သူ့မောင်ကို အလွန်ချစ်သည်။ ယောက်ဖတော် ကြည်မောင်ကလည်း လူဖြောင့်စိတ်တိုမခံချင်စိတ်ကြောင့် စိတ်မထိန်းနိုင်လို့ လူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တုန်းကဆိုရင် ကျွန်တော့်ကလည်း တာဝန်ထမ်းဆောင်နေချိန်မို့ ဇနီးဖြစ်သူရဲ့ အပူသောကကို နားရော မျက်စိပါ ဒုက္ခခံခဲ့ရပါတယ်။

သို့သော်လည်း ပြစ်မှုက ထင်ရှား၊ သက်သေများကလည်း ခိုင်လုံတော့ လူသတ်မှုလက်နက်မှုတို့ဖြင့် ထောင် ၁၃ နှစ် ကျသွားခဲ့ရခြင်းဖြစ်ပါတယ်။

"ကဲ--ဟို နှစ်ယောက် ထမင်း စားကြမယ်၊ လာကြတော့"

ချွေးတလုံးလုံးနဲ့ ချက်ပြုတ် ပြင်ဆင်ပြီးလို့ လှမ်းခေါ်လိုက်တဲ့ အချိန်မှာ ရေချိုးပြီးလို့ ခေတ္တနားပြီး အတွေးနယ်ချဲ့နေတာ ခေတ္တရပ်ပြီး ထမင်းစားခန်းထဲကို ဝင်လိုက်ပါတော့တယ်။

ကျွန်တော့်အိမ်က အိမ်ကြီးမှာ မီးဖိုချောင်ဘေးက တွဲထားပြီး ထမင်းစားခန်းပါ တစ်ပါတည်း အခန်းဖွဲ့ထားတာကြောင့် ထမင်းစားနေရင်းလည်း အိမ်ရှေ့ကို လှမ်းမြင်နေရပါတယ်။

"စား ညီလေး အိမ်ထမင်း အိမ်ဟင်း မစားရတာကြာတဲ့ ငါ့ညီအတွက် မင်းအစ်မက စပါယ်ရှယ် ချက်ထားတာ အားမနာနဲ့စား ညီလေး"

တကယ်တော့ ယောက်ဖကို လောကွတ်ပြုသလိုနဲ့ တကယ်ထည့်တာကကျွန်တော်လက်နဲ့ ကျွန်တော့် ပန်းကန်ထဲကိုသာ ထည့်နေခြင်း ဖြစ်သည်။ တကယ်တော့ ယောက်ဖရောက်သည့်နေ့မှ ဟင်းကောင်း စားရခြင်းဖြစ်သည်။ ဒါပေမယ့် ဒီနေ့အဖို့တော့ နားအေးပါးအေးနဲ့ ထမင်းမြိန်မယ့် ဝိုင်းတစ်ဝိုင်းဖြစ်မှာတော့ သေချာပြီလို့ ထင်နေဆဲမှာပဲ။

"ဟော့ --ကိုယ်ပိုက်ဆံနဲ့ကိုယ်သောက်တာ ဘယ်သူ့မှဂရုမစိုက်ဘူးကွ။ မိုက်တဲ့ကောင်ထွက်ခဲ့၊ အားလုံးကို --ပဲမှတ်တယ်။ ဒါဘယ်သူ့အိမ်လဲ၊ ဩော် ရဲဆရာကြီး အိမ်ပါလား။ ဒါဆိုလဲ မင်္ဂလာရေစင်လေးဖျန်းပေးရဦးမှာပေါ့လေ ဟဲ ဟဲ ဟဲ"

ဆိုတဲ့ စကားပြောသံကြားလို့ ထမင်းစားနေရင်းက အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော့ ကျွန်တော် ရဲတပ်ဖွဲ့မှာ တာဝန် ထမ်းဆောင်နေစဉ်က ပုဒ်မ ၄၇နှင့် အမြဲတမ်းအချုပ်နဲ့ အိမ် ကူးလူးဆက်ဆံနေတဲ့ အရက်သမား "ငနိုင်" ဖြစ်နေတာတွေ့ရပါတယ်။အချုပ်ထဲရောက်လာပြီ ဆိုရင်တော့ ဆရာချင်းမိုးမွှန်အောင်ခေါ်ပြီး ခြေသလုံးဖက်မတက် လက်အုပ်ကလေးတချီချီနှင့် တေားပန်ခံယပြီး အချုပ်က လွတ်သွားပြီဆိုရင်တော့ အလျင်က ပုံစံအတိုင်း မပြောင်းလဲခဲ့သူပါပေ။

အခုလည်း အသံကြားလို့ ခြံဝကိုလှမ်းကြည့်လိုက်တော့ စကားသံနဲ့အတူ ပုဆိုးလှန်ပြီး အိမ်ဘက်လှည့်ကာ အပေါ့စွန့်နေတာ ထမင်းဝိုင်းမှာ ထိုင်နေသူ အားလုံး တွေ့လိုက်ရပါတော့သည်။ မောင်ဖြစ်သူရဲ့ ရှေ့မှာ မဖွယ်မရာ မြင်ကွင်းကို တွေ့လိုက်တဲ့ ဇနီးသည် မပုစိန်ရဲ့ ရှက်ဒေါသမွှန်ပြီး--

"အမလေး---ကိုလှကြိုင်ရယ်။ တော့်ကို လူမလေးခွေးမခန့် လုပ်နေတာပေါ့လေ။ အရင်တုန်းက ဆရာ ဆရာနဲ့ ခြေသလုံးဖက်နေတဲ့ သူက အခုတော့ အိမ်ရှေ့လာ သေးနဲ့ပန်း

www.burmeseclassic.com



နေတာ ရှင် ဒီအတိုင်းကြည့်နေမှာလား။ ရှင်ယောကျ်ားမဟုတ်ဘူးလား။ ရှင်နဲ့ကျွန်မနဲ့ ထဘီနဲ့ ပုဆိုးလဲဝတ်မယ်၊ ခု ချွတ်လိုက်စမ်း''

ဒေါသ ဆိုသည့်ကား အမြဲတမ်း ရင်ထဲမှာ ရှိနေသော အရာဖြစ်သော်လည်း ဒေါသထွက်သည်ဆိုရာ၌ ဒေါသထွက်စရာ အကြောင်းတရားနှင့် ၎င်းအကြောင်းတရားကို လှုံ့ဆော်ပေးမည့် အရာ။ တစ်နည်းအားဖြင့် လောင်စာနှင့် မီးကဲ့သို့ မူလက သီးခြား ရှိနေခဲ့သော်လည်း အကြောင်းအကျိုး တိုက်ဆိုင်ပေါင်းစပ်လာပြီဆိုရင်တော့ မီးတောက်မီးလျှံအဖြစ်သို့ ပြောင်းလဲတတ်သော သဘောရှိတာ ဓမ္မတာပါပေ။

ယခုပင် အိမ်သူ ဇနီးမယား၏ နေ့စဉ်နှင့်အမျှ ဆူပူပြောဆိုနေမှုတွေ အပေါ်တွင် ကြိတ်မှိတ်မျိုသိပ်ပြီး နေလာခဲ့တာ ကြာတော့ အစိုင်အခဲအဖြစ် မသိမသာ တည့်နေရာက ပေါက်ကွဲထွက်စေမယ့် ဇနီးမယားရဲ့ စကားသံတွေက စနက်တံကို မီးနဲ့ ရှို့လိုက်သလို ဖြစ်သွားလေတော့---

''ဟာကွာ ဒီကောင် စော်ကားလွန်းတယ်၊ ဘာကောင်လဲကွ''

ဟုပြောဆိုသံနှင့်အတူ မီးဖိုချောင်တွင် အသင့်ထောင်ထားသော တစ်လုံးထိုး မှိန်းကို လှမ်းဆွဲပြီး ထမင်းဝိုင်းမှ အိမ်ရှေ့သို့ တစ်ဟုန်ထိုး ပြေးထွက်လိုက်ပါတော့တယ်။

ဒီတော့မှ မပုစိန်က

''ဟဲ့--ဟဲ့ မောင်လေး လုပ်ပါဦး။ နင့်အစ်ကိုကို လိုက်ဆွဲပါဦး။ တော်ကြာ လက်လွန်ခြေလွန်ဖြစ်ကုန်ဦးမယ်''

ပြောရာ ကြည်မောင်က-

''မမ ကလဲဗျာ ပြောတုန်းက ပြောပြီး အခုမှ စိုးရိမ်နေလိုက်တာ၊ ကဲ ကျွန်တော် လိုက်သွားမယ်။ မမ အိမ်မှာနေခဲ့''

ဟုပြောပြောဆိုဆို စားလက်စ ထမင်းပန်းကန်ထားပြီး လက်မဆေးအားဘဲ အိမ်ရှေ့ကို အပြေးတပိုင်း ထွက်သွားပါတော့တယ်။

*****

တွေးလိုက်တိုင်း ဒေါသတွေက တလိမ့်လိမ့် တက်လာသည်။ ခြေလှမ်းတိုင်းမှာ ဒေါသဒီဂရီတွေက တိုးလာပြန်သည်။ ဘာကို ဒေါသဖြစ်တာလဲ။ ဘယ်သူ့ကို ဒေါသဖြစ်တာလဲ ဝေခွဲမ



www.burmeseclassic.com



ရ။ လက်ထဲမှာ ကိုင်လာတဲ့ တစ်လုံးထိုး မိန်းကို ကျစ်ကျစ်ပါ အောင် ဆုပ်ကိုင်ရင်း တစ်စုံတစ် ယောက်၏ အမိန့်ပေးစေခိုင်းမှု အရ လုပ်နေရသလို ရှေ့မှာ ယိုင်တိယိုင်ထိုးနှင့် တစ်လှမ်း ချင်း သွားရင်း ပါးစပ်မှလည်း ပွစိပွစိ နှင့်ရေရွတ်ပြီး သွားနေတဲ့ "ငနိုင်"ကို တွေ့ပါပြီ။ ရင်ထဲက ဒေါသတွေ ပေါက်ကွဲပြီး။

'ဟေ့ကောင် ရပ်စမ်း'

"ဘာလုပ် ရပ်ရမှာလဲ၊ မင်းက ဘာကောင်မို့လို့ ငါ့ကို အမိန့်ပေးတာလဲ"

"အမ်မာ ဒီကောင် လူ ပါးဝပါလား"

"လူပါးဝတော့ မင်းက ဘာလုပ်ချင်လဲ"

"ဟာ. . . ဒီကောင် ကဲ . . . ကွာ"

"အား ထိုးတယ်ဗျ"

ကျွန်တော် သတိ ပြန် ဝင်လာချိန်မှာတော့ "ငနိုင်" ကို မိန်းနဲ့ ထိုးလိုက်လို့ လက် ပြင်ကနေ ရင်ညွန့်ဘက်ကို ထုတ်ချင်းပေါက် စူးဝင်နေပြီ ဆို တာ သိလိုက်ရပါသည်။ ဒီအချိန် မှာပဲ နောက်က အပြေးတစ်ပိုင်း လာနေတဲ့ ခြေသံနှင့်အတူ စ ကားသံ ဗလုံးဗထွေးနှင့် ခေါ်သံ လိုလို တားသံလိုလို ကြားလိုက် ရသည်။ အာရုံ အသိက ငါ့ကို နောက်ကနေ အလစ်ဝင်ပြီး ရန် ပြုမလို့ဆိုတဲ့ အသိက ရုတ်တ ရက် ဝင်လာပြီး ငနိုင် ကိုယ်မှာ စိုက်ဝင်နေတဲ့မိန်းကို ဆတ်ခနဲ ဆွဲနုတ်ပြီး တစ်ဆက်တည်းပဲ နောက်ပြန် ပစ်ထိုးလိုက်ရာ-

" အား--သေပါပြီ အစ်ကိုရယ်"

ဆိုတဲ့ ယောက်ဖဖြစ်သူ ကြည်မောင့် အသံကြားလိုက် ရချိန်မှာ ငါတော့ မှားပြီဆိုတဲ့ အသိက ခေါင်းထဲ ဝင်လာပေ မယ့် အရာအားလုံးဟာ နောက် ကျသွားခဲ့ရပါပြီ။

"ဒေါသော အတ္တာ နဇာနာတိ" လို့ဘုရားဟောရှိ ခဲ့ပါတယ်။ ဒေါသဟာ အမှား အမှန်ကို မခွဲခြားနိုင်ပါဘူး။ အ ရာရာဟာ ဒေါသကြောင့် အ မှောင် အတိ ဖြစ်ခဲ့ရပါတယ်။ ဇနီးမယား ဆိုတာကလည်း ယောကျ်ားအတွက် တစ်ခါ တစ် ရံ မိတ်ဆွေ တစ်ခါတစ်ရံ ရန် သူ၊ တစ်ခါတလေ ကျတော့ လည်း ပညာရှိ တစ်ခါတစ်ရံမှာ လည်း တို့မီးရှို့ မီးလို့သာ ဆိုလိုက်ချင်ပါတယ်။ သို့သော် လည်း တရားသဘောနဲ့ ဆင် ခြင်လိုက်ရင်အရာရာဟာ ကိုယ် သာ အဓိကပါပဲ။ ဘယ်သူမှ အပြစ်မတင်ချင်တော့ပါ။

တစ်ချိန်က လူဆိုး ပေါင်းစုံကို ဖမ်းဆီးလာခဲ့တဲ့ ရဲ အရာရှိ တစ်ယောက် အနေဖြင့် ယခုအချိန်မှာတော့ လူသတ်မှု နှစ်မှုနဲ့ ကြိုးစင်ကတော့ သေချာ နေပါပြီ။ လတ်တလော ဖြစ်ပေါ် လာတဲ့ ဒေါသကို မထိန်းနိုင်ဘဲ ဇနီးဖြစ်သူရဲ့ စကားကိုဒေါသတ ရား ပေါ်ပေါက်စေခဲ့လို့ သောက ပွားရတဲ့ ကျွန်တော့်လို မဖြစ်ကြ စေဖို့ ရည်ရွယ်ဆုတောင်းရင်း သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ် များရဲ့ ခေါ်ဆောင်ရာသို့ တစ် လှမ်းချင်း လိုက်ပါ သွားခဲ့ရပါ တော့သည်။

**ကျော်စိုးသူ (ဥသျှစ်ပင်)**



www.burmeseclassic.com

www.burmeseclassic.com

# မြှုပ်ကွက်ဝင်ပါ

ကိုကိုလှ (တမာမြေ)



ကုမ္ပဏီမန်နေဂျာက
ကုမ္ပဏီပိုင်ငွေကို ခိုးတဲ့
ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



**မြှုပ်ကွက် ဝက်ပါ**

**ကိုကိုလှ (ကမာမြေ)**

ဦးထွန်းလှ ခြေလှမ်းတို့သည် သွက်လက်နေသည်။ စိတ်ရှင်လန်းမှုတို့လည်း တံ့ဆိုင်းမနေ၊ နေ့စဉ်လုပ်ငန်းခွင်သို့ သွားနေလာနေရသည်ကိုပင် နွမ်းနယ်မှုမထင်။ မိသားစု ဝမ်းရေးက ဥပေက္ခာပြုထား၍မရ၊ ဝမ်းတစ်ထွာဟုဆိုရလောက်အောင်လည်း မရ၊ စုစုပေါင်း ဝမ်းလေးထွာက ဦးထွန်းလှကို လွှမ်းမိုးထားသည်။ အိမ်တွင်းရေး ခြုံငုံလေ့လာရင်တော့ ဖနီး နန်းအိဈေးသည်တာဝန်ယူထားသည်မို့ တော်ပေသေးသည်။ သားသမီးတွေကတော့မိုးလင်းပေါက်သည်နှင့် အကြောင်းပြချက်ခိုင်လုံစွာ အထောက်အထားပြ၍လက်ဖြန့်တောင်းတော့သည်။ ငြင်း၍မရသော ကိစ္စ၊ ရှင်းထုတ်ပေးမှ ကျောင်းသွားမည့်အရေး--

ထို့ကြောင့်လည်း ဦးထွန်းလှ အလုပ်ကို ဖွဲ့နပဲထား၍ မြဲအောင်ရှုန်းကန်ရသည်။ ဝီရိယစိုက်ထုတ်တော့ ကိုယ်ကျိုးနောင့်နှေးစရာမလို။ ရက်ပေါင်းသုံးဆယ် လွင့်ပါးချိန်မတော့ မိသားစုအရေး ဖြေရှင်းပေးဖို့ လစာ ငါးသောင်း နီးပါး ပြေးမလွတ်ခဲ့။ ယနေ့ အခြေအနေကလည်း လစာ ငါးသောင်းရဖို့ဆိုတာ မိုးလင်းမိုးချုပ် နေ့ကြီးရက်ကြီး စိတ်မကူးရဲပေ။ ကုမ္ပဏီအလုပ်၊ဘဝ အာမခံချက်ကမည်သူမျှမရှိ၊ ကြိုက်လျှင်ခန့်မည်။မကျေနပ်လျှင် ဖြုတ်မည်။ ကုမ္ပဏီရုံးလျှင် ဖျက်သိမ်းမည်ဆိုသည့် ဦးတည်ချက်က ရှေ့တန်းတင် အလေးထားသည်။ မယားကြိုက်အောင် မနေသည်က တော်ပေဦးမည်။ ကုမ္ပဏီကြိုက်အောင် စွမ်းအားရှိသလောက် ကြိုးစားရမည်။ ဝီရိယအားစိုက်ထုတ်ရမည်။

ဦးထွန်းလှ လုပ်ငန်းခွင်ဝင်းအတွင်း ရောက်သည်နှင့် ညှော်ကြိုဌာနမှ ကလေးမလေး တစ်ဦးက-

'ဦးလေးကို ဒါရိုက်တာ ခေါ်နေတယ်၊ ရောက်ရင် သူ့ဆီ လွှတ်လိုက်ပါတဲ့''

ဦးထွန်းလှ လေးဖင့်နေ၍မရ၊ ဦးတည်ရာလမ်းကြောင်းသည် ဒါရိုက်တာဆီသို့၊ ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာဆိုသော်လည်း ဦးထွန်းလှမွေးသည့် သားကြီးနှင့် အရွယ်တူတန်းတူ။ သို့သော် အတွေးအခေါ် ကောင်းသူ တစ်ဦး စီးပွားရေး ပညာရှင်တစ်ဦး အလား ကျွမ်းကျင်မှု ရာခိုင်နှုန်းကိုးဆယ်နီးပါး-

''ဆရာ ဦးစောဝေ၊ ကျွန်တော့်ကို ခေါ်တယ်ဆို''

''ဟုတ်တယ်၊ ထိုင်ပါဦး၊ အခုကျွန်တော်တို့ရုံးမှာ နိုင်ငံခြားငွေတွေ ပျောက်တယ်၊ ထုးဆန်းတယ်၊သူခိုးက အားလုံးကိုယူမသွားဘူး၊ လိုချင်သလောက်ပဲ ယူသွားတယ်''

''ဘယ်တုန်းကသိတာလဲ ဆရာ၊ ဘယ်သူ့သတင်း လာပို့တာလဲ''

''ငွေကိုင်တွေ သတင်းပို့တာ''

'အမှုဖွင့်မလား ဆရာ'

''စောသေးတယ်၊ ဦးထွန်းလှ၊ သက်ဆိုင်သူတွေ ခေါ်စစ်ကြည့်မယ် ပျောက်ဆုံးမှုကတော့ နှစ်ကြိမ်ရှိသွားပြီ၊ ဟိုတစ်လောက ခြောက်ဆယ်၊ အခုတော့ ရာနဲ့ချီသွားပြီ ရက်ဘ်တော့ လေးဆယ့်ငါးရက် ကွာ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ကျွန်တော် ဆိုင်ဖွင့်ပါရစေ၊ အားလုံး ပြီးသွားရင် ဆရာ့ဆီ ပြန်လာခဲ့ပါ့မယ်''

''ကောင်းပြီလေ ဦးထွန်းလှ ဆိုင်ဖွင့်ထားလိုက်၊ ပြီးရင် ကျွန်တော်ရယ်၊ ဦးထွန်းလှရယ်၊ မန်နေဂျာဝင်းထွဋ်ရယ် အစည်းအဝေးထိုင်ရအောင်ပြန်လာခဲ့ဦး''

ဦးထွန်းလှသည် မန်နေဂျာ ဝင်းထွဋ်ထံမှ သံလိပ်တံခါးသော့များ မုန်တံခါးသော့များ စုံလင်စွာထုတ်ပြီး ရုံးပေါ်မှ ဆင်းခဲ့သည်။ ဆိုင်ဆိုသည်က သေးသေးကွေးကွေးမဟုတ်၊ ဝန်ထမ်း သုံးရာနှင့် လှုပ်ရှားနေသော အဲဆင့်မြင့် ကုန်တိုက်ကြီးတစ်တိုက် အထပ်ငါးထပ်၊ ကလေးကစားကွင်းကတစ်ကွင်း၊ ဂိုဒေါင်နှင့် ရုံးခန်းဆိုင်ရာက အဆောက်အအုံတစ်နေရာ၊ အဲသည်အသိုင်းအဝန်းကို လုံခြုံရေးမှူးဖြစ်သောဦးထွန်းလှ ဦးဆောင်သော လုံခြုံရေးဝန်ထမ်း ဆယ့်ငါးဦးက အချိန်ပြည့်လုံခြုံရေးတာဝန်များ ဆောင်ရွက်ရသည်။

♛ ♛ ♛

အစည်းအဝေးတွင် ဦးထွန်းလှက သူ့ထင်မြင်ချက်ကို ပြောသည်။

''ဒါ အတွင်းလူထဲကပဲ ဖြစ်နိုင်ပါတယ်ဗျာ''

''ခင်ဗျား မသေချာဘဲ အရမ်းမပြောနဲ့လေဗျာ''

မန်နေဂျာ ဝင်းထွဋ်က ဥစ္စာပျောက် ငရဲရောက်မဖြစ်စေရန် ထိန်းထိန်းသိမ်းသိမ်း ပြောစေချင်သည်။

''သေချာတာမှ သိပ် သေချာတာပဲ၊ ဆရာတို့ ပျောက်ဆုံးပုံ သူစိမ်းလက်ရာမှ မဟုတ်ဘဲ အတွင်းကျကျ စားနေကျကြောင်ဖား၊ ခုတ်သိလို့အပိုင်ပြောလို့ရတယ်''

''ဦးထွန်းလှ ဘာကို ကြည့်ပြီး ပြောနိုင်တာလဲ''

''ဆရာတို့ နေ့လယ်က စားပွဲခုံဗီရိုအံဆွဲကိုပဲကြည့်လေ။ ဝက်အူလှည့်နဲ့ ကလော်မယ်၊ အံဆွဲကို ဖိချမယ်၊ အသာတကြည် လွယ်လင့်တကူ ဖွင့်လို့ရနေတာ ငွေကိုင်ကလေးမတွေ မဟုတ်တာ သေချာနေပြီ''

ဦးထွန်းလှနှင့် သူ့ဒွေးတို့ တစ်သိုက်ခေါင်းချင်းဆိုင်ဝေဖန်နေချိန် မန်နေဂျာဖြစ်သူ ဝင်းထွဋ်က မသက်သာ ဝန်ထမ်းဆယ်ဦးအားခေါ်ခဲ့သည်။ မန်နေဂျာ ဝင်းထွဋ်သည် စားပွဲခုံပေါ်သို့ လင်ပန်းတစ်ချပ်ယူတင်၍ သောက်ရေခွက်ကြီးတစ်ခွက် ဖ

''ဒါ အတွင်းလူထဲကပဲ ဖြစ်နိုင်ပါတယ်ဗျာ''

''ခင်ဗျား မသေချာဘဲ အရမ်းမပြောနဲ့လေဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ယောင်းတိုင် ငါးတိုင် ထွန်းညှိစေ
ပြီး၊ ရွှေ့တည့်တည့်တွင် ဒူး
ထောက်သစ္စာဆိုစေပတော့သည်။
မသင်္ကာသူဆယ်ဦးစလုံးကလည်း
မျက်နှာမညိုး၊ စိတ်မဆိုးဘဲ၊
သစ္စာဆိုရုံမက တိုက်သည့်ရေ
တောင် တစ်စက်မကျန်
သောက် ခဲ့ကြသည်။

တချို့သော သူတို့က
ဒီ အထဲမှာမပါတဲ့ သူကတော့
အခု အချိန်ဆို အတော်ပျော်နေ
မှာပဲတဲ့လေ။ နည်းနာနိဿယ
စုံလင်စွာနဲ့ သူခိုးကို မရရအောင်
ဖော်ထုတ်သည်၊ သူ၏ကြိုးစား
မှုက အချည်းနှီးသာပင် တစ်
ရက်သာ ကုန်ဆုံး သွားခဲ့သော်
လည်း သတင်းမထူး။ လက်စ
လက်နု မတွေ့၊ အားလျော့၍
အိမ်ပြန် ရောက်ခဲ့သော ဦးထွန်း
လှ နဖူးပေါ် လက်တင်၍
စဉ်းစားခန်း ထုတ်ရတော့သည်။

နောက်နေ့တွင်တော့
အမှန်ကန်ဆုံးအကြံဉာဏ်ကိုပေး
ရမည်ဟု တိုက်တွန်းမှုကြောင့်
အကျပ်တွေ့ကာ အခက်ရနေ
သည်။ ဦးထွန်းလှ၏ လေပူမှုတ်
ထုတ်သံသည် ဇနီးသည် မနန်း
အိအတွက် မကြားဝံ့မနာသာရှိ
ချေသည်။

"ရှင် အိပ်တော့လေ၊
ဘာဖြစ်နေတာလဲ။ ကျွန်မကော
မသိရဘူးလား"

"ဘာမှ မဖြစ်ပါဘူး
ကွာ၊ သိလဲမသိချင်နဲ့၊ စိတ်လဲ
ပူစရာ မဟုတ်ဘူး"

ဦးထွန်းလှ စိတ်ဓာတ်
ကို သိသူတစ်ဦး ပီပီ ရွှေ့ဆက်
မမေးဝံ့၊ သူ့ဒွေးလူယုံတော် မန်
နေဂျာ ဝင်းထွဋ် ဒေါသူပုန်ထနေ
သည်။ အားလုံးသော ဝန်ထမ်း
များ ကြောက်ရွံ့ စိုးရိမ်နေကြ
သည်။ မနည်းလှသော ယနေ့
ပေါက်ဈေးဖြင့် ငွေကြေးများစွာ
ပျောက်ဆုံးရခြင်းကို မကျေနပ်၊
ဖမ်းဆီးရမိလို့ကတော့ အရိုးအ
သား တခြားစီမှတ်ဟု ကြိမ်းဝါး
ဟစ်ကြွေးနေလေသည်။

"ဒီ သူခိုးဟာ စားနေ
ကျကြောင်ဖားကွ၊ မိရင်တော့
လားကွာ ငါ့အကြောင်း ကောင်း
ကောင်း သိမယ်။ နေနှင့်ဦးပေါ့၊
ဒီလိုသစ္စာမရှိတဲ့ကောင်မျိုးတွေ
ကို ငါ ရွံတယ်၊ မုန်းတယ်ကွ
ဟင်း"

မှန်သည်။ လုပ်ဖော်
ကိုင်ဖက် ဝန်ထမ်းချင်းကို မညှာ
တာ၊ ဘယ်သူသေသေ ကိန်း
ဆိုက်ပါစေဆိုတဲ့ ဖောက်ထွင်း
ဝိဇ္ဇာမကျ သူခိုးအကြီးစားလည်း
မဟုတ် သူကတော့ ရွှေ့ဆက်
ခွင့်ကြုံက ဖန်တီးမည့်ကိန်းပင်"

"ဦးထွန်းလှ ခင်ဗျား ဒီ
ကိစ္စကို မဖော်ထုတ်နိုင်ဘူးလား။
ခင်ဗျား အဓိကနော်၊ ဒီဝန်းကြီး
တစ်ခုလုံး ဆိုင်ကြီးတစ်ခုလုံးမှာ
တာဝန် အရှိဆုံးဟာ ခင်ဗျားပဲ"

"မှန်ပါတယ်၊ ကျွန်
တော်တို့ အဖွဲ့အားလုံးကလဲ ဂရု
စိုက်သင့်သလောက်စိုက်ပါတယ်။
ဒါပေမယ့် အခုကိစ္စက ရုံးပိုင်း
ဆိုင်ရာ၊ ငွေစာရင်းထိန်းသိမ်းမှု
လျော့နည်းလို့ပျောက်တဲ့ကိစ္စပါ။
သူစိမ်းတစ်ရဲ့ လူပုဂ္ဂိုလ် မ
ဟုတ်ဘူး၊ အသားထဲက
လောက် ထွက်တဲ့ကိစ္စ၊ မသင်္ကာ
တဲ့သူ စာရင်းအရ ဒီနေ့စခန်းမှာ
အမှု ဖွင့်ပေးရမလား။ ဆရာ
ဝင်းထွဋ် တရားလိုလုပ်ပြီး အမှု
ဖွင့်လိုက်ရင်တော့ ယူတဲ့သူပေါ်
လာမှာပဲ"

"တော်–တော် ဦးထွန်း
လှ၊ ဒီအမှုဖွင့်တဲ့ကိစ္စထပ်မပြော
နဲ့။ ကျုပ်တို့စီးပွားပြိုင်ဘက်တွေ
လက်ခုပ်တီးမယ့်အရေး အားမ



www.burmeseclassic.com

www.burmeseclassic.com



ပေးနဲ့''

''ဟုတ်ကဲ့ ဆရာ ဦးစောဝေ၊ ဒီလိုဆိုရင် အချိန်နည်း နည်းပေးပါ။ ကျွန်တော် အတတ်နိုင်ဆုံး ဖော်ထုတ်ပေးပါ့မယ်''

♛ ♛ ♛

ဝန်ထမ်း အာလုံး နှစ်ချုပ် လက်ကျန်စာရင်း ကောက်ရမည့်နေ့ဆိုလျှင် ကုန်တိုက်ပိတ်သည့်တိုင် အိမ်ပြန်ခွင့်မရ၊ အလှည့်ကျ ညစာစားသောက်ပြီး သည်နှင့် သက်ဆိုင်ရာပစ္စည်း စာရင်းနှင့်အတူ အဖွဲ့ငယ်များ ဖွဲ့၍ပစ္စည်းလက်ကျန်လျော့နည်း ပျောက်ဆုံးမှုကွာဟချက်အတိုင်း အားလုံးကို ထိုသို့သော နည်းလမ်းမျိုးနှင့် စေ့စပ်သေချာစွာ စစ်ဆေးမှု မရှိလျှင် အရှုံးအမြတ်



သည် မရေမရာသောအဖြေသာ ရရှိလိမ့်မည်။ အမြတ်ဆိုသည့် ကောက်ချက်ပေါ်လာမှလည်းဝန်ထမ်း များအဖို့ အထူး လက်ဆောင် ငွေအသပြာလက်ခံ ရရှိမည်မဟုတ်ပါလား။

ညဉ့်နက်မှုက အနိုင်ယူလာသည်။ တစ်နေကုန် ဈေးရောင်း လုပ်ငန်းခွင်မှာနေ အလုပ်လုပ်ပြီး ဆက်လက်၍ လက်ကျန်စာရင်းကောက်ရသည်ဆိုတော့ အတော်ကလေး ပင်ပန်း နွမ်းနယ်လာကြသည်။ ဦးဆောင် ဦးရွက်ပြုသူကလည်း စာရင်းဇယားများမည်စိုး၍ တိကျစွာ ကောက်ရန် သတိပေး နှိုးဆော်ချက်က မရပ်မနားတအားပင်။ လုံခြုံရေး တာဝန်ယူရသော ဦးထွန်းလှ အဖွဲ့သည်လည်း ဆိုင်နှင့် ကိုဒေါင်ရုံးခန်း အစရှိသည့် ဝန်းတစ်ခုလုံး လှည့်ပတ်ကြည့် နေရသည်မှာလည်း အလှည့်ကျ တာဝန်။

မျက်နှာကို သိုးမွေး ခေါင်းစွပ်စွပ်၍ အမှောင်ထုကို မိတ်ဖွဲ့ပြီး လှုပ်ရှားနေသူတစ်ဦး ကိုတော့ မည်သူမျှ အကဲမခတ် ဂရုမစိုက်မိ။ သွားနေကျခရီး၊ လုပ်နေကျ အလုပ်ဆိုတော့ သည်းထိတ်ရင်ဖို မဟုတ်။ ခွင်ကြုံလျှင် ဖမ်းစားတတ်သော သူ့အဖို့ အခက်ဆိုသည်က အချက်ရှိသည်။ သည်ကနေ့မှ သည်အခန်းသို့ မဝင်ရလျှင်မဖြစ် ဘဝ ပျက်မည်။ ပျက်မည့်ဘဝ သည်လည်း စုပ်စုပ်မြုပ်မည့် ဘဝ။ လောင်းကစားမျိုးစုံ လက်မလွှတ်တမ်းဆင်နွဲ အသိုင်းအဝန်း ပေါင်းစုံကလည်း သတ်မည် ဖြတ်မည်ဆိုသည့် သဘော။ အကြွေးဗလပွနှင့် မြွေပူရာကင်းမှောင့်သည့် သဘောမဆောင်။ ကိုယ်တိုင် သရုပ်ဆောင်သည့် လောင်းကစား အဖြစ်ကြောင့် သည်လိုလှုပ်ရှား ရမည်။

ပထမ ခြေလှမ်းက အုတ်နံရံရှိ အအေးပေးစက်ကို အပြင်ဆွဲထုတ်လိုက်သည်။ ကြိုးစကြိုးနတွေကိုရှင်း၊ အအေးပေး စက် ထားရာ အပေါက်က သူ့ခန္ဓာကိုယ်နှင့်အတော်ပင်။ ကျဉ်းလည်းမကျဉ်း၊ ကျယ်လည်းမကျယ်ဆိုတော့ သူ့အဖို့ အလိုက်သင့် ဟန်ကျနေသည်။ ဒုတိယ ခြေလှမ်းက ငွေများထားရာ အ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာအံဆွဲနားသို့ အခက်မရှိ ရောက်သွားခဲ့သည်။

သည်တစ်ခါရသမျှ အကုန် ကျုံးလိုက်သည်။ လာရာလမ်းဆီသို့ ချောမွေ့စွာ ပြန်သွားရတော့သည်မို့ လျှင်မြန်သွက်လက်သည့် ခြေလှမ်းများက အအေးပေးစက် အထွက်ပေါက်မှ ထွက်လိုက်သည်။ အအေးပေးစက်ကိုလည်း ဟန်မပျက်နေရာမှာ ထားလိုက်သည်။ ဟန်ချက်က မညီတော့။

"ဝုန်း ချလွမ်း"

"ဟာ–သွားပြီ၊ လစ်မှပဲ"

"ဟော့ –ဟော့ – မပြေးနဲ့ ရပ်လိုက်၊ သူခိုး–သူခိုးဗျို့"

ပတ်ဝန်းကျင် အနေအထား အားလုံး ကျွမ်းကျင်သူမို့ ခြေလှမ်းပေါင်းများစွာက နောက်ကျန်ရစ်ခဲ့သည်။

"ဦးထွန်းလှ သူခိုး မိလား"

"လူကိုတော့ မမိဘူး၊ ဒါပေမယ့် ညတွင်းချင်းဖော်ပေးမယ်"

"ဟုတ်ပြီ ဦးထွန်းလှ လုပ်ဆောင်ချက်ကို ကျွန်တော် ကြည့်မယ်၊ ကျွန်တော့်ကို ပျားရည်နဲ့ ဝမ်းမချနဲ့၊ မမိရင်တော့ ထွက်စာတင်ပေါ့ဗျာ"

ဒါရိုက်တာ ဦးစောဝေ စိတ်ဆိုးမာန်ဆိုးဖြင့် အနားမှ ထွက်သွားသည်။ ဦးထွန်းလှအမြန်ဆုံး လုပ်ရှားရန်ဆုံးဖြတ်ချက်ချလိုက်သည်။စာရင်းကောက်ယူနေသော ဝန်ထမ်းများအားလုံး စစ်ဆေးလိုက်သည်။ လျော့နေသည်က ပစ္စည်းမဟုတ်၊ ဝန်ထမ်းတစ်ဦးသာ ဖြစ်သည်။ လူယုံတော်တစ်ဦး သူဌေးမိသားစုမှ လုပ်ငန်းအားလုံးဝကွက်အပ်ထားသူ။ ပျောက်ဆုံးနေသူ လူယုံတော် မန်နေဂျာ ဝင်းထွဋ်။

"သေချာရဲ့လား ဦးထွန်းလှ၊ ဒီကောင် ဝင်းထွဋ်၊ ကျွန်တော်တို့ကို မရက်စက်ဘူးထင်တယ်။ သစ္စာအရှိဆုံးလူပါ။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

**"ဟုတ်ပြီ–––ဦးထွန်းလှ လုပ်ဆောင်ချက်ကို ကျွန်တော် ကြည့်မယ်၊ ကျွန်တော့်ကို ပျားရည်နဲ့ ဝမ်းမချနဲ့၊ မမိရင်တော့ ထွက်စာတင်ပေါ့ဗျာ"**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■



www.burmeseclassic.com

www.burmeseclassic.com





ခင်ဗျား။ ထမင်းရည်ပူလာ လျှာလွှဲမလုပ်နဲ့နော်''

''ဒါက သူဌေးအမြင်၊ ကျွန်တော်သူ့ကို မသင်္ကာနေတာကြာပြီ၊ ဒီကောင့် အခြေအနေကို ကျွန်တော် စုံစမ်းကြည့်တော့ လောင်းကစားလုပ်လို့ ရှုံးပြီး အကြွေးတွေ ဝိုင်းဝိုင်းလည်နေတယ်ဆိုတဲ့ သတင်းကို သိရတယ်။ ဒါကြောင့် နောက်တစ်ကြိမ်သူလုပ်ဦးမှာပဲဆိုတာသိလို့ အခြေအနေ စောင့်ကြည့်ပြီး လက်ဆုပ်လက်ကိုင်ပြနိုင်အောင် ချောင်းဖမ်းဖို့ စီစဉ်ထားပါတယ်။ ခဏစောင့်ကြည့်လိုက်ပါဦး သူဌေး''

ထိုစဉ် ဦးထွန်းလှ လက်ကိုင်ဖုန်းမှ အသံပေါ်ထွက်လာ၏။

''ဟဲလို ဟုတ်ပါတယ်၊ ဩော် -- အဲဒီကိစ္စ သူဌေးနဲ့ ပြောပါနော်''

ဦးထွန်းလှ လက်ကိုင်ဖုန်းကို ဦးစောဝေလက်သို့ အပ်လိုက်သည်။

''ဟုတ်ကဲ့ စောဝေပါ''

''ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေပါ၊ သတင်းအရ အခြား ကိစ္စနဲ့ ကင်းပုန်းဝပ်နေတုန်း ဦးစောဝေတို့ရဲ့ ကုမ္ပဏီခြံဝင်းထဲက လူတစ်ယောက် ကျော်ပြီး ထွက်ပြေးလာတာတွေ့လို့ ဖမ်းစစ်လိုက်တော့ သူ့ဆီက နိုင်ငံခြားငွေတွေ တွေ့ရပါတယ်။ အဲဒါတွေကို ဦးစောဝေရဲ့ ရုံးခန်းထဲက ခိုးလာတာပါလို့ ဝန်ခံပါတယ်။ သူ့ နာမည်က ဝင်းထွဋ်တဲ့''

''ကျေးဇူးတင်ပါတယ်ဗျာ၊ သက်ဆိုင်ရာကိုလဲ ကျွန်တော် အပ်ပါတယ်။ ထိုက်သင့်သလို အရေးယူပေးပါ။ ဟုတ်ကဲ့ --- ဟုတ်ကဲ့''

လက်ကိုင် ဖုန်းကလေးကို ပိတ်ပြီး၊ ဦးထွန်းလှထံပြန်ပေးကာ-

''ကဲ ဦးထွန်းလှ တာဝန်ရှိတဲ့ အလုပ်တွေ ဆက်လုပ်ကြဗျာ။ မနက်ကျမှ ဆက်ရှင်းကြတာပေါ့''

မြုပ်ကွက် ဝက်ပါထဲမှ ဦးထွန်းလှတစ်ယောက် အေးအေးလူလူဖြင့် ထွက်ခွင့်ရ၍အေးမြလှသော လေနုစိမ်းစိမ်းများကို ခံစားရင်း--

ကိုကိုလှ (ကမာမြေ)




www.burmeseclassic.com

www.burmeseclassic.com

# အချစ်ခံုးကို မုန်းမိသူ

မောင်မောင်စိန်လင်း
(နတ်မောက်)





ဆရာဝန်ကြီး
တစ်ယောက်က
သူ့ဇနီးကို
အမှုဖွင့်ပြီးဖမ်းတဲ့
ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



## အချစ်ဆုံးကိုမုန်းမိသူ

မောင်မောင်စိန်လင်း
(နတ်မောက်)

(၁)

"နံပါတ် (၁၈)၊ မပိုးအိဖြူ"

"ရှိပါတယ်ရှင့်"

မပိုးအိဖြူသည် သူမ၏ နာမည်ကို ခေါ်သံကြားလိုက်သည်နှင့် ဆရာဝန်ကြီး၏ အခန်းသို့ ဝင်သွားလေသည်။

"ဘာဖြစ်လဲ သမီး"

"သားအိမ် နားက အောင့်သက်အောင့်သက်ဖြစ်တယ် ဆရာ၊ သူများတွေကပြောတော့ အလုံးရှိနေတာ ဖြစ်မယ်လို့ ပြောကြတယ် ဆရာ၊ ဒါကြောင့် ဆရာကြီးထံ လာပြတာပါ"

ဒေါက်တာ လွင်ထွန်းဦးသည် ဆရာဝန်တို့၏ သမားစဉ်အတိုင်း သွေးပေါင်ချိန်တိုင်းခြင်း၊ နှလုံးခုန်နှုန်းတိုင်းခြင်း၊ စမ်းသပ်မှုများ ပြုလုပ်သည်။ လူနာရှက်ကိုးရှက်ကန်း ဖြစ်မည်စိုးသောကြောင့် မျက်နှာကို ဖုံးလိုက်သည်။ မိန်းမကိုယ်၏ ပတ်ဝန်းကျင်ကို စမ်းသပ်သည်။

"နာသလား သမီး"

"နာတယ်ဆရာ"

'အခု နေရာကကော'

"ပိုပြီး နာတယ် ဆရာ"

"သိပ်ပြီး မစိုးရိမ်ပါနဲ့ သားအိမ်ရောင်တာလဲ ဖြစ်နိုင်တယ်၊ စားဆေး အရင် စားကြည့်သေးတာပေါ့။ ဒါပေမယ့် သားအိမ်ရဲ့ အတွင်း လက္ခဏာ စစ်ဆေးဖို့ လိုသေးတယ်၊ အချိန်ရရင် အိမ်ပြန်ပြီး သန့်ရှင်းရေး လုပ်ပါ။ ဒီဆေးရည်ကိုလိမ်းပါ။ (၁၅)မိနစ်ကြာရင် ရေဆေးလိုက်ပါ။ အားလုံး သန့်ရှင်းသွားမယ် ည(၉)နာရီ ပြန်လာ"

"ဟုတ် ဟုတ်ကဲ့ ဆရာ"

ပိုးအိဖြူသည် အထူးကု ဆရာဝန်ကြီး မှာကြားသည့်အတိုင်း၊ သန့်ရှင်းမှုဆေးရည် လူးပြီး သန့်ရှင်းမှု ပြုလုပ်ခဲ့ရာ မိမွေးတိုင်း၊ ဖမွေးတိုင်းဖြစ်သွားသည်။ သန့်ရှင်းသွားသည်။ မိန်းကလေးများ သဘာဝအတိုင်း အလှအပများ ပြင်ဆင်ကာ ဆရာဝန်ကြီးထံသို့ ပြန်သွားသည်။ ဆေးခန်းမှာ လူနာများ မရှိတော့။ ဆေးခန်း၏ တံခါး တစ်ချပ်သာ ဖွင့်ထားသည်။

"ဪ မပိုးအိဖြူ လာလာ"

"အချောအလှတွေပါ ပြင်လို့ပါလား"

"သမီးက ဒီလိုပဲ လှလှပပ နေတတ်လို့ပါ ဆရာ"

"ကောင်းတာပေါ့ အလှအပဆိုတာ လူတိုင်း မြတ်နိုးကြပါတယ်"

"ကဲ သမီး ခုတင်ပေါ် တက်"

ဒေါက်တာ လွင်ထွန်းဦးသည် သန့်ရှင်း ဝင်းလက်နေသော ပိုးအိဖြူ၏ ကိုယ်ခန္ဓာရုပ်ရုံမှ မိန်းမကိုယ်၏ အတွင်း အဖုအထွသဏ္ဍာန်ကို ကြည့်ရှု စစ်ဆေးကာ(အလုံး)ဆိုသော ဝေဒနာ ရှိမရှိ စစ်ဆေးသည်။

ပိုးအိဖြူ၏ ကိုယ်ခန္ဓာရုပ်ရုံ သားအိမ်တွင် (အလုံး)ဆိုသော ဝေဒနာကား မရှိပါ။ သားအိမ်ရောင်နေခြင်းသာ ဖြစ်သည်။ သို့ရာတွင် ဒေါက်တာလွင်ထွန်းဦး၏ နှလုံးသားတွင်မူကား ပိုးအိဖြူကို စွဲလမ်းသည့်ဝေဒနာကို ခံစားနေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ ရောဂါက အရေးမကြီးပါဘူး၊ သားအိမ်ရောင်တာပါ ဆေးစားလိုက်ရင် တစ်ပတ် (၁၀)ရက် အတွင်း ပျောက်သွားမှာပါ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ ဆရာ"

"ဆရာ့ ရောဂါက တော့ ဆေးကုဖို့ မလွယ်ဘူး အိဖြူ ကုပေးမှရမယ် သမီး"

"ဘာကို ဆိုလိုတာလဲ ဆရာ"

"ဆရာ အိဖြူရဲ့ ရုပ်ရည် ရူပအဆင်းကို တွေ့ရမြင်ရကတည်းက အိဖြူကို ချစ်နေပြီ၊ စွဲနေပြီ"

"ဆရာရယ် စဉ်းစားပါဦး ဆရာ့မှာလဲ သားနဲ့မယားနဲ့"

"ဆရာ့
ရောဂါကတော့
ဆေးကုဖို့
မလွယ်ဘူး
အိဖြူ ကုပေးမှရမယ်
သမီး"

"အိုး မှားနေပြီ ဆရာလဲ အိဖြူလိုပဲ မိန်းမနဲ့ ကွဲသွားတာ (၃)နှစ်ရှိပါပြီ"

"ဒါဆိုရင် ဘဝချင်း တူနေကြပြီပေါ့ ဆရာ"

"အိဖြူ တို့ ညစာစား ကြမယ်၊ အေးအေးဆေးဆေး စကားပြောကြရအောင်"

ဒေါက်တာ လွင်ထွန်းဦးသည် သူ၏ ပရာဒိုကားကြီးဖြင့် ကန်တော်ကြီး ဟိုတယ်သို့ သွားပြီး၊ ညစာစားသုံးကြလေသည်။ ဒေါက်တာ လွင်ထွန်းဦး၏ အရှုံးအမူး ချစ်နေသော ဝေဒနာကို အဖြေရှာကြလေသည်။

(၂)

"ဟယ်လို အမိန့်ရှိပါရှင့်"

"အစ်ကိုပါ ဖြူလေး၊ မနက်ဖြန် ဆန်းဒေးဆိုတော့ ဆေးခန်းပိတ်တယ်၊ တစ်နေရာ သွားပြီး အေးအေးဆေးဆေး စားပြီး သောက်ကြမယ်လေ"

"အစ်ကိုကြီး သဘော ပါ အိဖြူကတော့ လိုက်လျောပြီး သားပါ အစ်ကို"

"မနက် (၉) နာရီလာခေါ်မယ်၊ အချစ်စောင့်နေနော် ဘိုင့်ဘိုင်"

ဒေါက်တာ လွင်ထွန်းဦးနှင့် ပိုးအိဖြူတို့သည် ရန်ကုန်နှင့် ပဲခူးအကြား၊ ခြံကြီးဝင်းကြီးအတွင်းရှိ (စိတ်ကူးယဉ် ဟိုတယ်ကြီး)တွင် အပန်းဖြေ အနားယူကြလေသည်။

"ဆရာ ဘာသုံးဆောင်မလဲ ဆရာ"

"လောလောဆယ် ဘလက် တစ်လုံး၊ ဆန်းကစ်၊ ကြက်ကြွပ်ကြော် တစ်ပွဲ အရင်ပေးကွာ"

"ညီလေး ဒီနေ့ ဘာတွေရလဲ ညီလေး"

"ဟုတ်ကဲ့ ဆရာ၊ ယုန်သား၊ ဆတ်သား၊ တောဝက်သား၊ ဂျီသား(ချေသား)၊ လတ်လတ်ဆတ်ဆတ် ရပါတယ် ဆရာ၊ ငါးကလဲ မျိုးစုံရပါတယ် ဆရာ"

ပိုးအိဖြူနှင့် ဒေါက်တာ လွင်ထွန်းဦးတို့သည် စိမ်းလန်းစိုပြည်သော တောတောင်ရေမြေမှ တိုက်ခတ်လာသော လေကောင်း၊လေသန့်များကို ရှိုက်ရင်း ကာမစည်းစိမ်၊ ဘဝစည်းစိမ်တို့ကို အပြည့်အဝ ခံစားနေ

www.burmeseclassic.com



ကြသည်မှာ နတ်ဘုံ နတ်နန်း အလားဖြစ်လေသည်။

"ဖြူလေး တို့တွေ တရားဝင်ထိမ်းမြား လက်ထပ်ကြစို့လား အချစ်လေးရယ်"

"ဖြူလေးလဲ အစ်ကို့ကို ချစ်ပါတယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ **ဖြူလေး**"

"ဖြူလေးရဲ့ မိဘတွေ**ဆီကို ကန်ထရိုက်တာ** (ဘော့စေ့)တစ်ဦးက၊ ဖြူလေးကို လက်ထပ်လိုကြောင်း ပြောထားတာရှိတယ်၊ ဒါကြောင့် အမေတို့ မျက်နှာမပျက်အောင် အသိပေးမှ ဖြစ်မယ် အစ်ကို"

"အကယ်၍ တစ်ဖက်ကို့ လက်ခံလိုက်ပြီဆိုရင် ဖြူလေး သဘောက ဘယ်လိုလဲ"

"ဖြူလေးကတော့ အစ်ကို စီစဉ်သလို လုပ်မှာပဲ"

ဒေါက်တာ လှုင်ထွန်းဦးနှင့် ပိုးအိဖြူတို့သည် သမီးရည်းစားဘဝမှ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းရန်၊ စွန့်စားခန်းလေးများ စွန့်စားရန် တိုင်ပင်နှီးနှောနေကြလေသည်။ ပိုးအိဖြူ၏ မိဘများထံသို့ တောင်းဆိုရန် စီစဉ်ကြလေသည်။

"အမေ သားနဲ့ ဖြူလေးတို့အကြောင်း ဖြူလေးပြောလို့ အမေသိပြီးဖြစ်တယ်လို့ သိရပါတယ်၊ တို့ရှင်းလိုရှင်း ပြောချင်တာကတော့ သား အမေနေတဲ့ ဒီအိမ်ကို အသစ်ပြန်ဆောက်ပေးမယ်။ အမေ့အတွက် တစ်လ တစ်သိန်းခွဲ၊ နှစ်သိန်းထောက်ပံ့ပါ့မယ်။ ဖြူလေးအတွက် ဆေးခန်း အနီးမှာ ကွန်ဒိုတိုက်ခန်း ဝယ်ပေးမယ်။ အမေတို့အတွက် သားတို့အတွက် အဆင်ပြေအောင် စီစဉ်ထားပေးပါတယ် သားတို့ကို လက်ထပ်ခွင့်ပေးပါ အမေ"

"သားက ဆရာဝန်ကြီးပါ။ သမီးကတော့ ငယ်သေးတယ်၊ (၂၂)နှစ်ပဲ ရှိသေးတယ်၊ အမေ သားကို အပ်ပါတယ်၊ သားတို့ စိတ်ချမ်းသာသလိုသာ စီစဉ်ကြပါ"

ဒေါက်တာ လှုင်ထွန်းဦးသည် ပိုးအိဖြူနှင့် တရားဝင် ထိမ်းမြား လက်ထပ်လိုက်ကြလေသည်။ ကတိ အတိုင်း ယောက္ခမကြီးကိုလည်း မိခင်အရင်းကဲ့သို့ ကျွေးမွေးထောက်ပံ့ခဲ့လေသည်။ အပေါင်ဆုံး စိန်ဘယက် တစ်ကုံး၊ စိန်လက်ကောက် (၂)ကွင်း၊ စိန်ဆွဲသီးတို့ကိုလည်း ချစ်ဇနီးလေး ပိုးအိဖြူသို့ လက်ထပ်လက်ဖွဲ့ပစ္စည်းအဖြစ် ပေးအပ်လေသည်။

(ရွှေပင်နားတော့ ရွှေကျိုး၊ ငွေပင်နားတော့ငွေကျိုး)ဆိုသကဲ့သို့ ပိုးအိဖြူ တစ်ယောက်မှာ နဂိုမူလက ဘိုကပြားမလေးရုပ်ဖြစ်လေရာ နဖတ်အိစက်၊ ဖြူဖွေးလှပနေသည်မှာ မြင်သူတကာ ငေးဖြစ်နေလေသည်။ အိဖြူကို မြင်ကြ တွေ့ကြသော ပုရိသတိုင်း သမင်လည်ပြန် ဆိုသကဲ့သို့ တစ်ကြိမ် မြင်ပြီးနောက်တစ်ကြိမ် ကြည့်ပြီးမှ ကျေနပ်ကြလေသည်။

(၃)

ဒေါက်တာ လှုင်ထွန်းဦးနှင့် ပိုးအိဖြူတို့၏ အိမ်ထောင်သက်ကား တစ်နှစ်တင်းတင်း ရှိခဲ့လေပြီ။(သောက်လေ၊သောက်လေ ငတ်မပြေ ဆားငံရည်သို့တည်း) ရှေးစကားအတိုင်း တဏှာန္တွံအတွင်း နစ်မွန်းနေကြသည်။ ဒေါက်တာ လှုင်ထွန်းဦးသည် ချစ်ဇနီး ပိုးအိဖြူကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စိအောက်မှ အပျောက် မခံချင်ပေ။ ပိုးအိဖြူသည် မိခင်ကြီးနှင့်အတူ လုပ်ကိုင်ခဲ့သော (အိမ်ဟောင်း ရောင်းဝယ်ရေး လုပ်ငန်း)ကို ကူညီပြီး ရံဖန်ရံခါ လုပ်ကိုင်ပေးသည်ကို ဒေါက်တာ လွင်ထွန်းဦးက လုံးဝ မကြိုက်၊ သဘောမတူ။ ဤသည်တို့ကား သူတို့လင်မယားအကြား (ပိရောဓိ) တစ်ခု ဖြစ်နေသည်။

"တီးတောင်၊ တီးတောင်"

(ဘဲလ်) တီးသံ ကြားသောကြောင့် ဒေါက်တာလွင်ထွန်းဦး အိမ်တံခါး ဖွင့်ပေးလိုက်သည်။

"ဩော် အမေပါလား။ ဖြူလေး အမေ လာတယ်ဟေ့"

"အမေ သား ဆေးခန်း သွားလိုက်ဦးမယ်"

"အေး သွားပါ သားရယ်၊ အမေ သတိရလို့ လာတာ ညနေ ပြန်မယ်နော်"

"ဟုတ်ကဲ့ အမေ"

မိခင်ဖြစ်သူ (ဒေါ်မာဂရက်ကြည်ဖြူ)နှင့် သမီးပိုးအိဖြူတို့သည် သိန်း(၁၀၀)လောက် အမြတ်ရမည့် အဆောက်အအုံဟောင်း ဝယ်ယူ ဖျက်သိမ်းရောင်းချခြင်း လုပ်ငန်းကို အကြိတ်အနယ် တိုင်ပင်နေကြသည်။ မိမိတို့ အနှစ်နှစ်အလလ လုပ်ကိုင်လာသော လုပ်ငန်းဖြစ်၍ ကျိန်းသေ မြတ်မည့်လုပ်ငန်းကို မိခင်ကြီးက လုပ်ချင်နေသည်။ ငွေရေးကြေးရေးက မလုံလောက် ဖြစ်နေသည်။ ဒါကြောင့်လည်း သမီးဖြစ်သူ ပိုးအိဖြူထံ မိခင်ကြီးက အကူအညီတောင်းသည်။

"သမီး အမေ ငွေ သိန်း (၅၀) လောက် လိုချင်တယ်၊ မောင်လွင်ထွန်းဦးကိုပြောကြည့်ရင် ကောင်းမလားလို့"

"အမေ သမီး၊ အမေ့ရဲ့ လုပ်ငန်းကို လာပြီး ကူဖော်လောင်ဖက်လုပ်ကိုင်တာကိုတောင် သူ မကြိုက်ဘူး၊ ဒါကြောင့် အဆင်မပြေနိုင်ဘူး၊ အမေသိပ်လိုချင်တယ်ဆိုရင်တော့ သမီးရဲ့ (စိန်ဘယက်)ကို ရောင်းပြီးလုပ်၊ သမီး ရောင်းပေးမယ်"

"အမေ့ လုပ်ငန်းပြီးတာနဲ့ အမေ ပြန်ဝယ်ပေးပါ့မယ် သမီးရယ်၊ ကျိန်းသေ မြတ်မယ်ဆိုတာလဲ အမေအသိပဲ"

ပိုးအိဖြူသည် သူမ၏ (စိန်ဘယက်)ကို ရွှေဘုံသာလမ်းရှိ စိန်အရောင်းအဝယ်ဆိုင်သို့ ငွေကျပ် သိန်း (၅၀)ဖြင့် ရောင်း

"အမေ သမီး၊ အမေ့ရဲ့ လုပ်ငန်းကို လာပြီး ကူဖော် လောင်ဖက် လုပ်ကိုင် တာကိုတောင် သူ မကြိုက်ဘူး၊ ဒါကြောင့် အဆင် မပြေနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချသည်။ ရောင်းရငွေများကို မိခင်ကြီးထံသို့ အပ်နှံလိုက်သည်။

ဒေါ်မာဂရက်ကြည်ဖြူသည် ဒလမြို့ရှိ ရှေးအခါက ဧရာဝတီ သင်္ဘောကျင်းတွင် အလုပ် လုပ်ကိုင်ပြီး ဝယ်ယူနေထိုင်ခဲ့သော (အင်္ဂလိပ်လူမျိုး)၏ ရှေးဟောင်း ဘိုအိမ်ဟောင်းကြီးကို ဝယ်ယူသည်။ ဖျက်သိမ်း၌ ထွက်ရှိလ  ဟ သံထည်၊ သွပ်၊ သံပေ  ယက်မကြီးများ၊ အုတ်များကို ဖျက်ပြီးရောင်းချလျက် ရှိသည်။

(၄)

"ဘဝဆိုတာ" ဘာမှ မပိုင်ဘူး၊ ဘာမှလည်း မသေချာ၊ မရေရာဘူး၊ လမ်းချော်၊ လမ်းလွဲ ကျသွားစရာတွေက အများကြီး၊ ကြိုးတန်းပေါ် လမ်းလျှောက်နေရသလို ချောက်နှုတ်ခမ်းဘေး သွားနေရသလို၊ အချိန်မရွေး ကျသွားနိုင်တာမျိုး။ ကြက်ဥ၊ ငှက်ဥလို အချိန်မရွေး လည်း ပေါက်ကွဲ ပျက်စီးသွားနိုင်လေသည်။

ဒေါက်တာ လွင်ထွန်းဦးနှင့် ပိုးအိဖြူတို့ အိမ်ထောင်ရေးမှာလည်း မမြဲသော သဘောတရားအတိုင်း ကံဇာတာ တစ်ဆစ်ချိုး ပြောင်းလဲ၊ ပေါက်ကွဲမှုကြုံရပုံက---

"ဒေါက်တာ ကျွန်မကတော့ ဒေါက်တာကို လုံးဝမကျေနပ်ဘူး။ ဒီစိန်ဘယက်ကို ကျွန်မ ရောင်းပါဆိုနေ၊ ခုတော့ ရွှေဘုံသာလမ်း သွား ရောင်းတယ်၊ ကျွန်မလဲ ဝယ်နိုင်ပါတယ်"

ဒေါက်တာ လွင်ထွန်းဦးသည် ဆိုင်းမဆင့် ဗုံမဆင့် ကြားသိရသောကြောင့်၊ ဒေါသ အမျက်ခြောင်းခြောင်းထွက်သွားသည်။ အိမ်သို့ပြန်ပြီး ပိုးအိဖြူကို ဘာကြောင့် စိန်ဘယက်ကို ရောင်းရသလဲ စစ်ဆေးသည်။

အိမ်တွင် ပိုးအိဖြူကို မတွေ့ရ၊ စိန်ဘယက်ထားသော မီးခံသေတ္တာကို စစ်ဆေးသည်။ စိန်ဘယက်လည်းမရှိ၊ စိန်လက်ကောက်လည်းမရှိ၊ ဒလမြို့နေ ယောက္ခမ ဒေါ်မာဂရက်ကြည်ဖြူ အိမ်သို့ လိုက်သွားသည်။ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့သည်။

"ဒီမှာ အိဖြူ ငါမသိဘဲနဲ့ ဘာကြောင့် စိန်ဘယက်ကို ရောင်းတာလဲ နွားမ၊ ဘယ်လောက် တန်သလဲ နင် သိလား"

ပြောပြောဆိုဆို ပါးနားရင်းကို ရိုက်ချလိုက်သည်။

"ရှင် ကျွန်မကို အပိုင်ပေးထားတာလို့၊ ကျွန်မ အမေမှာ ငွေလိုလို့ရောင်းတာ ဘာဖြစ်လဲ၊ ရှင် မရမ်းကားနဲ့"

ဒေါက်တာ လွင်ထွန်းဦးနှင့် ပိုးအိဖြူတို့သည် အပြန်အလှန်ရိုက်ကြ၊ နှက်ကြ၊ ဆဲကြ၊ ဆိုကြသည်။ ဒေါသ အမျက်ခြောင်းခြောင်းထွက်နေကြသည်။ ဒေါက်တာ လွင်ထွန်းဦးသည် ရန်ကုန်ဘက်သို့ ပြန်လာသည်။ ပိုးအိဖြူအပေါ် အိမ်ဖော်ယုံ

"ငါမသိဘဲနဲ့ ဘာကြောင့် စိန်ဘယက်ကို ရောင်းတာလဲ နွားမ၊ ဘယ်လောက်တန်သလဲ နင်သိလား"



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အမှုဖွင့်သည်။ တိုင်ချက်အရ ရဲစခန်းမှ ပြစ်မှုပုဒ်မ ၃၈၀ ခိုးမှုဖြင့် ဖမ်းဆီးပြီး စစ်ကြောရေးလုပ်သည်။ စိန်ဘယက် ဝယ်ယူသော စိန်ဆိုင်ထံမှ ခိုးရာပါ စိန်ဘယက်အဖြစ် သိမ်းဆည်းသည်။ ပိုးအိဖြူကို ရဲစခန်းတွင် (၂၁)ရက် ချုပ်ထားပြီး အမှုကိုင် ဒုရဲအုပ် ကျော်စိန်လင်းက စစ်ကြောရေး လုပ်သည်။

''ဆရာ ကျွန်မနဲ့ ဒေါက်တာ လွင်ထွန်းဦးတို့ဟာ လင်မယားပါ၊ အိမ်ထောင်သက် တစ်နှစ်ရှိပါပြီ။ ရပ်သိ၊ ရွာသိ၊ လူသိထင်ရှားလင်မယားပါ။လင်မယားဖြစ်တဲ့အတွက် ကျွန်မကို ခိုးယူမှုနဲ့အရေး မယူသင့်ပါဘူး။ ဒီစိန်ဘယက်ကလဲ ကျွန်မကို မင်္ဂလာလက်ဖွဲ့ပစ္စည်း အဖြစ် အများသိ အပိုင်ပေးခဲ့တဲ့ ကျွန်မပိုင်ပစ္စည်းပါ။ ကျွန်မပစ္စည်း ကျွန်မ ရောင်းတာမို့ ခိုးမှုလဲ မဟုတ်ပါဘူး၊ ခိုးရာပါပစ္စည်းလဲ မဟုတ်ပါဘူး ဆရာ''

''ကျွန်တော်တို့ ရဲလုပ်ငန်းဆိုတာ တိုင်ကြားသူဘက်၊ တိုင်ကြားခံရသူဘက်၊ နှစ်ဖက်မှ သက်သေများ၊ အထောက်အထားများကို စစ်ကြောရေး လုပ်ပါတယ်။ တွေ့ရှိချက်တွေကို သဘောထား မှတ်ချက်နဲ့အတူ မြို့နယ်အဆင့်၊ ခရိုင်အဆင့် ဥပဒေရုံးတွေကို တင်ပြပြီး ဥပဒေ အကြံပြုချက် ရယူရပါတယ်။ ဥပဒေ အကြံပြုချက်အတိုင်း ကျွန်တော်တို့ လုပ်ကိုင် ရပါတယ်၊ ကျွန်တော်တို့ရဲ့ လုပ်ငန်းကို နားလည်ပေးပါ''

ဒုရဲအုပ်ကျော် စိန်လင်းသည် တရားခံ ဖြစ်နေရသော မပိုးအိဖြူကို ရဲလုပ်ငန်း သဘောတရားများကို ရှင်းလင်းပြသည်။

ရဲအချုပ်ခန်းတွင် (၂၁) ရက်တိုင်တိုင် ချုပ်နှောင်ခံနေရသော ပိုးအိဖြူသည် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံအတိုင်း သမ္ဗုဒ္ဓေဂါထာတော်ကြီး အမြဲ ရွတ်ဖတ်သည်။ မေတ္တာပို့သည်၊ ဝဋ်ရှိက ကျေပါစေ၊ ကျွတ်စေ၊ လွတ်စေ ဆုများ တောင်းရင်း ဥပဒေရုံး၏ ဥပဒေအကြံပြုချက်ကို စောင့်မျှော်နေရလေသည်။

''မင်္ဂလာပါ မပိုးအိဖြူ''

''ကျွန်တော်တို့ ရဲစခန်းနဲ့ မပိုးအိဖြူ ခွဲရတော့မယ်''

''ဘာကို ဆိုလိုတာလဲ ဆရာ''

''ဒီနေ့ ဥပဒေအကြံပြုချက်ရောက်လာပြီ၊ လင်နဲ့မယားဟာ နှစ်ဦးပိုင်ပစ္စည်းဖြစ်လို့ တစ်ဦးကိုတစ်ဦး ခိုးမှုနဲ့တရားစွဲဆိုလို့ မရပါဘူး၊ ဒါကြောင့် မပိုးအိဖြူ အပေါ် ခိုးမှု ၃၈၀နဲ့ တရားစွဲပိုင်ခွင့်မရှိဘူးလို့ ပြန်ကြားလာပါတယ်''

''ဒါဆို ကျွန်မကို လွှတ်ပေးတော့မှာလား ဆရာ''

''လွှတ်ပေးရမှာပေါ့ မပိုးအိဖြူရယ်၊ အချုပ်ခန်းဆိုတာ အပြစ်ရှိသူတို့အတွက်ပါ။ အပြစ်မရှိသူကို ချုပ်ထားခွင့်မရှိပါဘူး''

မြို့နယ်မှူး၊ စခန်းမှူးတို့၏ ညွှန်ကြားချက် အရ ဒုရဲအုပ် ကျော်စိန်လင်းသည် မပိုးအိဖြူကို အချုပ်မှ လွှတ်ပေးလိုက်လေသည်။


**မောင်မောင်စိန်လင်း**

**(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## "ဖြတ်လမ်းကိုလိုက်၍ မိုက်ခဲ့မိသူ"

**ထက်လူ-ဟသာ်ာတ**

(၁)

ဤ မြဝတီရပ်ကွက်ကလေးထဲသို့ ကိုဘချစ်၊ ဒေါ်ရီရီခင်ဖနီးမောင်နှံမိသားစု ပြောင်းရွှေ့ရောက်ရှိလာခဲ့သည်မှာ ငါးနှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ကိုဘချစ်မှာ ဘဝစုံသူဖြစ်ရာ လုပ်ငန်းမျိုးစုံလည်း လုပ်ခဲ့ဖူးသည်။ ထို့ကြောင့်လည်း ဘာလုပ်ငန်းကိုပဲ လုပ်လုပ် သူလုပ်လျှင် အောင်မြင်တာက များသည်။

ယခုလည်း ဤမြဝတီရပ်ကွက်ကလေးထဲသို့ ကိုဘချစ်ရောက်လျှင်ရောက်ချင်း ရပ်ကွက်ထိပ် တက္ကသိုလ်လမ်းမကြီး ဘေးတွင် လက်ဖက်ရည်ဆိုင်ကလေးဖွင့်၍ သူကိုယ်တိုင်ပင် ဝက်သားပေါက်စီ၊ ကြက်သားပေါက်စီ လုပ်ကာ အသက်မွေးဝမ်းကျောင်းပြုခဲ့ရာ ထင်ထားသည်ထက်ပင် အောင်မြင်မှုရခဲ့၏။

တက္ကသိုလ်ရှေ့ရှိ လက်ဖက်ရည်ဆိုင်ကလေးဖြစ်၍ သူ့ဆိုင်တွင် ဂယ်ယူအားပေးစားသုံးသူများမှာ အညွန့်တလူလူနှင့် ပွင့်ဖူးစ လူငယ်လူရွယ်တွေသာ များသည်။ ရိုးရိုးကျင့် မြင့်မြင့်ကြဲ မှန်မှန်ကလေးရောင်းနေရ၍ ချက်ချင်း သူဌေးမဖြစ်နိုင်သော်လည်း ကိုဘချစ်မှာ ပူပင်စရာ နတ္ထိ။ သားမယားနှင့် သမက်မိသားစုလည်း အများနည်းတူ လူတန်းစေ့ နေနိုင်ခဲ့သည်မှာလည်း တစ်ရပ်ကွက်လုံး အသိပင်။

ဒီလိုနှင့် နေလာခဲ့ရာ တစ်နေ့တွင်တော့ ကိုဘချစ်သမီး၏ ခင်ပွန်း အောင်ကြီး ဆိုသူက ကိုဘချစ်အား တီးတိုးစကား ဤသို့ ဆိုလာသည်။ အောင်ကြီး၏ ပုံစံက တစ်သက်စားမကုန်တော့သည့် တကယ့်ရတနာသိုက်ကြီး တွေ့လာသည့် ပုံစံမျိုး။

"အဖေ့ကို ကိုယ့်မိဘမို့ ယုံကြည်လို့ ပိုက်ဆံလွယ်လွယ်နဲ့ မြိုးမြိုးမြက်မြက်ရမယ့် အလုပ်တစ်ခုဖွင့်ပြောချင်တယ်"

"ဘာ အလုပ်လဲကွ"

"ဒီ လက်ဖက်ရည်ဆိုင်က လူငယ်တွေ အားပေးတာများတော့ သူတို့နဲ့ လိုက်ဖက်တဲ့ ရှားပါးကုန်ပစ္စည်းကို ရောင်းရင် မြန်မြန် စီးပွားဖြစ်မှာ သေချာပေါက်ပဲ အဖေ"

သမက်ဖြစ်သူ အောင်ကြီးက သွေးတိုးစမ်း၍ စကားကြီးစကားကျယ်ဆိုရင်း ပြောလက်စ စကားကို ခေတ္တရပ်ကာ ကိုဘချစ် မျက်နှာကို တစ်ချက်အကဲခတ် ကြည့်လိုက်သည်။

"မင်းကလဲ စကားပြောရင်း ဆက်ပြောကွာ"

အချိုးတွေကို ကိုဘချစ်က စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ် အော်ပြောလိုက်တော့မှ အောင်ကြီးက လည်ချောင်းဝတွင် ရှတ်တရက် နင်လာသော တံတွေးကို မျိုချလိုက်ပြီး စကားဆက်သည်။

"ကျွန်တော် ပြောမယ့် အလုပ်က တခြားအလုပ်မဟုတ်ဘူး။ ရန်ကုန်မှာနေတဲ့ ကျွန်တော့် သူငယ်ချင်း စိန်ဝင်း ဆီကနေ ဆေးခြောက် ယူရောင်းရမယ့် အလုပ်ပါ။ ငွေလက်ငင်းပေးစရာ မလိုဘူး။ ခေါက်ပြန်ကြေးပေးတဲ့ စနစ်နဲ့ရောင်းရမှာ ဒီအရောင်းအဝယ်က သူဌေးမြန်မြန် ဖြစ်နိုင်တဲ့ ဖြတ်လမ်းပဲ အဖေရ"

"ဟေ--ဘာ--ဘာ

www.burmeseclassic.com



"ဟာ---အဲဒီအလုပ်တော့ မလုပ်ပါနဲ့ကွာ တော်ကြာ လူငယ်တွေ မူးယစ်ဆေးဝါးကြောင့် ဒုက္ခရောက်ကုန်ကြလိမ့်မယ်။ ပြီးတော့ ဥပဒေနဲ့ မကင်းဘူး"

ဆေးခြောက်ရောင်းတဲ့ အလုပ် ဟုတ်လား''

မျက်ခုံးနှစ်ဖက်ကို ဖျတ်ခနဲ ပင့်တင်ရင်း တအံ့တသြဖြင့် ကိုဘချစ်ပြန်မေးလိုက်သည်။ သမက်ဖြစ်သူ အောင်ကြီးက ရယ်ကျဲကျဲဖြင့်—

''ဟုတ်တယ် အဖေ''

''ဟာ---အဲဒီအလုပ်တော့ မလုပ်ပါနဲ့ကွာ တော်ကြာ လူငယ်တွေ မူးယစ် ဆေးဝါးကြောင့် ဒုက္ခရောက်ကုန်ကြလိမ့်မယ်။ ပြီးတော့ ဥပဒေနဲ့ မကင်းဘူး''

ကိုဘချစ်က ထိုသို့ ပြန်ပြောရင်း တက္ကသိုလ်လမ်းမကြီးပေါ်တွင် ဥဒဟိုသွားလာနေကြသည့် လူငယ်လူရွယ်များကို အချိန် အတန်ကြာသည်အထိ ငေးမောကြည့်နေမိသည်။

ထို လူငယ်လူရွယ်များသည် လာမည့် အနာဂတ် ကာလတွင် အစွမ်းကုန်ပွင့်လန်းတင့်ဆန်းကြပေဦးမည်။ အမိမြန်မာပြည်ကြီးကို သူတို့ သင်ယူတတ်မြောက်ထားသော ပညာရပ်များဖြင့် အလုပ်အကျွေးပြု ကြပေဦးမည်။ အင်ဂျင်နီယာ အဖြစ်နှင့်လား၊ ကျောင်းဆရာအဖြစ်နှင့်လား၊ ဆရာဝန်,ဆရာမကြီးတွေ အဖြစ်နှင့်လား ဒါတော့ ကိုဘချစ် မပြောတတ်။ ထိုလူငယ်လူရွယ်များအား ဆေးခြောက်ရောင်းပြီး စီးပွားရှာရမည်ကို ကိုဘချစ် မနှစ်မြို့သည်က အမှန်ပင်။

''ကောင်းရောင်း ကောင်းဝယ် အလုပ်ကိုသာ လုပ်စမ်းပါကွာ''

ကိုဘချစ်က ထွက်သက်ကို လေးလေးမှန်မှန် မှုတ်ထုတ်လိုက်ရင်း စကားစကိုဖြတ်ကာ တစ်ဖက်သို့ ချာခနဲ လှည့်ထွက်သွားတော့သည်။ အောင်ကြီးက စိတ်ပျက်လက်ပျက် ဟန်အမူအရာဖြင့် ဆံပင်ကို ထိုးဖွ၍ တဖျင်းဖျင်း ကုတ်လိုက်သည်။ ထိုခဏမှာပင် အောင်ကြီး ခေါင်းထဲသို့ အကြံအစည်တစ်ခု ဖျတ်ခနဲ ဝင်လာသည်။

''ဟာ ငါ ခုမှ သတိရတယ်။ ငါ့မိန်းမ ယွန်းယွန်းကို ပြောခိုင်းရမယ်။ သူ့အဖေနဲ့ သူ့သမီး ဒါမှလဲ စကားအောင်မှာ''

အောင်ကြီး အလွန်အမင်း ကျေနပ်စွာဖြင့် လက်ဖျောက် တစ်ချက် တီးလိုက်သည်။

(၂)

''မိန်းမရေ နင့်အဖေကို ဆေးခြောက် ရောင်းဖို့ တိုက်တွန်းတာ မရဘူးဖြစ်နေတယ်။ နင်လဲဝင်ပြီး နင့်အဖေကို နားချပါဦးဟ''

ထိုနေ့ည အိပ်ရာဝင်



www.burmeseclassic.com

www.burmeseclassic.com



ခါနီး၊ ခုတင်ပေါ်တွင် အောင်ကြီးက သူ့ဇနီးဖြစ်သူ မယွန်းယွန်း (ကိုဘချစ်၊ ဒေါ်ရီရီခင်တို့၏ သမီး) အား တီးတိုးကပ်ပြောလိုက်သည်။ မယွန်းယွန်းက ချက်ချင်း ခေါင်းမညိတ်သေးဘဲ အောင်ကြီးကို ငူငူကြီး ကြည့်နေသေး၏။ အောင်ကြီးက သူ့မိန်းမ အကြိုက်အထာကိုသိသူဖြစ်သည်။

"ငါ အခု ပြောနေရတာတွေဟာ နင် ရွှေနဲ့ ငွေနဲ့ တင့်တင့်တယ်တယ်နေနိုင် ဝတ်နိုင်ဖို့ အတွက်ပါ ယွန်းရယ်"

ဒီတော့မှ မယွန်းယွန်းက သက်ပြင်းမောတစ်ချက်ကို ရှည်လျားစွာ ချလိုက်ပြီး ဖျတ်ခနဲ မော့ကြည့်ကာ စကားဆို၏။

"အဖေက ရှေ့ရေးနောက်ရေး တွေးပြီး၊ စိတ်ပူလို့ ငြင်းနေတာ ဖြစ်မှာပါ၊ အင်းလေ ဘာပဲဖြစ်ဖြစ် ကျွန်မ နားချပေးပါ့မယ်"

မယွန်းယွန်း၏ ကတိစကား အဆုံးတွင် အောင်ကြီးတစ်ယောက် မျက်နှာ အစုံကို ဖွတ်မိုဝ်၍ အိပ်ပျော်ရန်ကြိုးစားလိုက်သည်။ မကြာမီ ဆေးခြောက်ရောင်းပြီး ရလာမည့်ငွေများဖြင့် လေထဲမှာ တိုက်အိမ်ဆောက်ကာ စိတ်ကူးယဉ်အိမ်မက်တွေ မက်နေမိသည်။

(၃)

ဤသို့ဖြင့် မနက်မိုးလင်းတော့ မယွန်းယွန်းက လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်၊ ရောက်ချင်း မုန့်လုပ်နေသော သူ့မ ဖခင်အနီးသို့ မရဲတရဲဖြင့် ကပ်သွားပြီး–

"အဖေ"

"ဟေ–ဘာလဲ သမီး"

"မနေ့က သမီးယောကျ်ား အောင်ကြီး ပြောတဲ့ ဆေးခြောက်ရောင်းဖို့ကိစ္စလေ"

"အဲဒါ ဘာဖြစ်လို့လဲ အဖေ မရောင်းဖို့ ပြောလိုက်တယ်လေ"

သမီးဖြစ်သူ မယွန်းယွန်းက နှုတ်ခမ်းလေး စူလိုက်ပြီး–

"ဒီလို တုံးတိတော့ မပြောပါနဲ့ အဖေရယ်၊ သမီးတို့က လဲ တစ်သက်လုံး ရောင်းဖို့ ပြောတာမှ မဟုတ်တာ၊ နောက်ပြီး အဲဒီ ဆေးခြောက်ဒိုင်က ကိုစိန်ဝင်းက ကျွန်မတို့ လင်မယားနှစ်ယောက်အပေါ်မှာတော်တော်ကောင်းတယ် အဖေရဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ရဲ့ ဘဝရှေ့ရေးက ရှိသေးတယ်။ လူ့လောကမှာ ငွေရှိမှ လူရာဝင်တာ အဖေလဲ သိရက်သားနဲ့"

ဤသို့ပင် နေ့စဉ်လိုလို အကြိမ်ကြိမ် တိုက်တွန်းပါ များတော့ ကြင်နာစိတ် ကိုယ်ချင်းစာစိတ် ကြီးမားပါသည် ဆိုသော ကိုဘချစ် စိတ်ပါစပြုလာ၏။ ဖြတ်လမ်းနည်းကို သဘောကျလာသည်။

"အေးလေ သမီးတို့ ဒီလောက်တောင် လုပ်ချင်နေရင်လဲလုပ်ကြတာပေါ့၊ အဲဒီ ဆေးခြောက်က ခုသမီး ယောကျ်ား အောင်ကြီး လက်ထဲ ရောက်နေပြီလား"

"အဟင်း ရောက်နေလို့ ပြောတာပေါ့ အဖေရဲ့"

မယွန်းယွန်းက သွားတက်ကလေးများကို ပေါ်သည် အထိပြုံးလိုက်ရင်း ခေါင်းညိတ်ကာ အဖြေပေးသည်။

ထိုသို့ သားအဖ နှစ်ယောက် စကားပြော နေစဉ်မှာပင် အနီးရှိ လက်ဖက်ရည်ဆိုင်းတစ်ဝိုင်းမှ အကြမ်းနန်းကန်

www.burmeseclassic.com



တစ်လုံး ကျကွဲသံကြားလိုက်ရသည်။

"ခွမ်း ချလွင် ချလွင်"

ကိုဘချစ် စိတ်မချမ်းမြေ့စွာဖြင့် ဆတ်ခနဲလှည့်ကာ ကြည့်လိုက်သည်။ ဤဖြစ်ရပ်သည် သူတို့ မိသားစုအတွက် ကြိုတင်အတိတ်နိမိတ်ပေးသည် ဖြစ်ရပ်တစ်ခုပေပဲလားဟူ၍ တွေး လိုက်မိ၏။ ဒါကို သမီးဖြစ်သူ မယွန်းယွန်းက ရိပ်မိသည်။

"အဖေကလဲ အယူသည်းမနေစမ်းပါနဲ့ ဒီအယူအဆတွေက ကိုယ့်စိတ်အပေါ်မှာပဲ မူတည်တာပါ"

"အောင်မယ် ခွေးမသူကပဲ ငါ့ကိုပြန်ပြီး နှစ်သိမ့်နေရပြန်ပြီ ငါရိုက်လိုက်ရ"

"အဟိ အဖေကလဲ"

ဖက်ကလေး ပုံ၍ မယွန်းယွန်းက ထိုသို့ပြောပြီး သူ့ဖခင်အနီးမှ လုစ်ခနဲပြေးထွက်လာခဲ့တော့သည်။ မည်သို့ပင်ဖြစ်စေ သူမ၏ ပြောစကား အောင်မြင်ခဲ့ပြီ မဟုတ်ပါလား။

(၄)

ဤသို့ဖြင့် များမကြာမီ ရက်ပိုင်း အတွင်းမှာပင် ကိုဘချစ်လက်ဖက်ရည်ဆိုင်ရှေ့တွင် သပ်သပ်ရပ်ရပ် ကွမ်းယာဆိုင်ကလေးတစ်ဆိုင် ပေါ်ပေါက်လာ၏။ ထိုကွမ်းယာဆိုင် ကလေး၏ ရှေ့မျက်နှာစာပိုင်း ခုံကလေးပေါ်တွင် ဒီးဂက်စီးက ရက်ဘူးခွံ ...ာက်ကလေးများကို အစီ ...ဘင်သားပြီး အများအမြင်တွင်တော့ တမင် လူကြည့်ကောင်းအောင် တင်ထားသည့်ပုံစံမျိုး။

တကယ်တော့ ထို ဒီးဂက် စီးကရက်အခွံ လွတ်ဘူးများထဲတွင် ဆေးခြောက်ထုပ်ကလေးများက ပုန်းလျှိုးကွယ်လျှိုး ရှိနေကြသည်။ ထို စီးကရက်ဘူးခွံလွတ်များ၏ နောက်ဘက် ဘေးတန်းတွင်တန်းလန်းချိတ်ဆွဲထားသည့် ကြွပ်ကြွပ်အိတ်ထဲတွင်မူ ဆေးခြောက်ထည့်သွင်းထားသည့် ဆေးပေါ့လိပ်ကလေးများကလည်း ပိပိရိရိရှိနေကြသည်။ ဒီအကြောင်းကို တော်ရုံလူ သိဖို့မလွယ်။ သိသူမှာ ဈေးရောင်းသူပိုင်ရှင် ကိုဘချစ်နှင့် ဆေးခြောက် သုံးစွဲသူ လူငယ် တချို့သာ။

ဈေးကလည်း မသေးလှ။ ဆေးပေါ့လိပ် တစ်လိပ် ၁၅၀၀ ကျပ်။ ဆေးခြောက် တစ်လက်မခန့် ပလတ်စတစ်အထုပ်ကလေးတစ်ထုပ် ၅၀၀၀ ကျပ်။ မည်မျှပင် ဈေးကြီးစေကာမူ ရှားပါးကုန်ပစ္စည်းဖြစ်သည့်အပြင် ဥပဒေနှင့်မကင်းသည့်ပစ္စည်းဖြစ်

"အောင်မယ် ခွေးမ သူကပဲ ငါ့ကိုပြန်ပြီး နှစ်သိမ့်နေရပြန်ပြီ ငါရိုက်လိုက်ရ"



www.burmeseclassic.com

www.burmeseclassic.com


၍ ဆေးခြောက်သုံးစွဲသူများက မညည်းမညူ ဝယ်ယူ သုံးစွဲအားပေးကြသည်သာ။

(၅)

ကိုဘချစ် အသက်(၄၄) နှစ်ရောက်မှ ကံဇာတာက တိုင်ထိပ်ရောက်နေ၍လားတော့မသိ။ ဆေးခြောက်ရောင်းဝယ် ဖောက်ကားမှုက လက်မလည် အောင်ရောင်းနေရ၏။ ဒီလို အရောင်းသွက်လာလေလေ ကိုဘချစ်၏ ဇနီး ဒေါ်ရီရီခင်မှာ ကိုယ်စောင့်နတ်က သတိပေး၍လားတော့ မသိနိုင် တုန်လှုပ်ချောက်ချားနေရသည်က အမှန်ပင်။

"ကိုဘချစ် ကလေးတွေနဲ့ တုပြီး မမိုက်ပါနဲ့တော် ဥပဒေနဲ့ မကင်းတဲ့ ဒီအလုပ်ကို ကျုပ် ဆက်မလုပ်စေချင်ဘူး"

"အို ရီရီကလဲကွာ ကြောက်တတ်ချက်ကော ဘယ်သူ သိတာမှတ်လို့"

"မင်း နားတစ်ထောင်တော့ တော်ကြာ ဥပဒေဘက်တော်သားတွေ သိသွားရင် အဖမ်းခံရမှာ ရှင်လဲ သိသားနဲ့၊ နောက်ပြီး မတရားသဖြင့် ဝုန်းဒိုင်းနဲ့ဝင်လာတဲ့ ငွေတွေဟာ မမြဲ တတ်ဘူး သူ့ဟာသူ အကြောင်းရှာပြီး ဝုန်းဒိုင်းနဲ့ အကုန် ပြန်ထွက်သွားတယ်ဆိုတာ ရှင်လဲ သိသားနဲ့ ကိုဘချစ်ရယ်"

ဇနီးဖြစ်သူ ဒေါ်ရီရီခင်က သူမ ရင်ဘတ်ကို လက်ကလေးဖြင့်ဖိရင်း စိုးရိမ်ကြီး သတိပေးစကားဆို၏။

"ဟား ဟား ဟား ချွေးမထွက်ဘဲ ဖြတ်လမ်းက ဒီလောက်ပေါ့ပေါ့ပါးပါးနဲ့ ရနေတဲ့ အလုပ်ကို စွန့်လွှတ်လိုက်မယ်ဆိုရင် ငါ့လောက်မိုက်တဲ့လူ ဒီလောကကြီးမှာ ရှိပါဦးမလားကွာ"

ဒေါ်ရီရီခင် ဘယ်လောက်ပင် တားမြစ် တားမြစ် ကိုဘချစ်ကတော့ နားမဝင်။ ထောင်ကျချင်လည်းကျ၊ ငရဲအိုးထဲ ဇောက်ထိုးဆင်းရရင်လည်းဆင်းရ၊ ဖြတ်လမ်းနည်းဖြင့် အလွယ်တကူရနေသည့် ဥစ္စာရတနာတို့ကို အလွန်အမင်း စွဲလမ်း မက်မောနေခဲ့ပေပြီ။

ဒီလိုနှင့် (၆)လခန့် ကြာသောအခါတွင်မူကား–

(၆)

၂၀၀၉ ခုနှစ် ဒီဇင်ဘာ လဆန်းပိုင်းရက်တွင် ဖြစ်သည်။

လယ်တီကွင်း ရဃက ဥက္ကဋ္ဌ ကိုသက်ထွန်းနိုင်နှင့် ဟသ်ာတမူးယစ် (အထူး) တပ်ဆွယ်မှူး ရဲအုပ်သန်းဝင်းရွှေတို့သည် မြဝတီရပ်ကွက်၊ တက္ကသိုလ်လမ်းမ ဝန်းကျင်တစ်ဝိုက်တွင် ဆေးခြောက် ရောင်းနေသော သတင်းကို သူတို့နည်း သူတို့ဟန်ဖြင့် သဲလွန်စ တစ်ခုရခဲ့ကြ၏။ သို့ရာတွင် သူတို့ရရှိသော သဲလွန်စမှာ သိပ်ရေရေရာရာ တိတိကျကျတော့ မရှိသေး။

ထို့ကြောင့် ဟသ်ာတ မူးယစ် (အထူး) တပ်ဆွယ်မှူး ရဲအုပ်သန်းဝင်းရွှေ ဦးဆောင်၍ လယ်တီကွင်း ရဃကဥက္ကဋ္ဌ ကိုသက်ထွန်း နှင့်အတူ ရရှိထားသော သဲလွန်စကို အခြေပြု၍ ခြေရာကောက်ခဲ့ကြသည်။လက်ဖက်ရည်နှင့် အကြော်ဆိုင်တွေမှာ ငွေကုန်ကြေးကျခံ၍ ထိုင်ကာ စုံစမ်း ဖော်ထုတ်ခဲ့ကြရသည်မှာ လေးလထက် မနည်းကြာမြင့်ခဲ့ရပေသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင်–

လေးလလွန်မြောက်၍ ၂၀၁၀ ခုနှစ်အကူး ရက်ဦးပိုင်းတွင် ဆေးခြောက်ရောင်းချသူ ကိုဘချစ်အား အခိုင်အမာ ခြေရာခံမိခဲ့ကြသည်။

ထို့ကြောင့်––

၈–၂–၂၀၁၀ နေ့ နံနက် (၁၀း၃၀)နာရီတွင် ဟသ်ာတ မူးယစ် (အထူး) တပ်ဆွယ်မှူး ရဲအုပ်သန်းဝင်းရွှေနှင့်အဖွဲ့ ပုသိမ်မြို့ မူးယစ်(အထူး) ရဲအုပ် မြင့်ရှိန်နှင့်အဖွဲ့ ဟသ်ာတ အမှတ်(၁) စခန်းမှူး ရဲအုပ်မြစိန်နှင့်အဖွဲ့ လယ်တီကွင်း ရယက ဥက္ကဋ္ဌ ကိုသက်ထွန်းနိုင် မြဝတီ ရပ်ကွက်ရယကဥက္ကဋ္ဌ ဦးအောင်ကျော်သိန်းနှင့် သက်သေများသည် သတင်းအရ မြဝတီရပ်ကွက် (––)လမ်း ကိုဘချစ်အိမ်သို့ ရောက်ရှိသွားကြ၏။ ထိုသို့ ရောက်ရှိသွားကြစဉ်––

နေအိမ်၌ ဆေးခြောက်ရောင်းချသူ ကိုဘချစ်နှင့် ၎င်း၏ သမက်ဖြစ်သူ အောင်ကြီးတို့အား သူတို့၏မိသားစုဝင်များနှင့်အတူ အခန့်သင့်ပင် တွေ့လိုက်ကြရ သည်။

ပူးပေါင်း ရဲတပ်ဖွဲ့ဝင်များကို မြင်လိုက်ရသည်နှင့် တစ် ပြိုင်နက် အိမ်ရှင်ကိုဘချစ် ပါးစပ် ဟသွား၏။ တုန်လှုပ်ချောက်ချားသွား၏။ သူ့အကြောင်းသိပြီးသားပင် မဟုတ်ပါလား။

"ဆ––ဆ––ဆရာတို့ ဘာကိစ္စရှိလို့လဲဟင်။ ထိုင်ကြပါခင်ဗျာ"

စိတ် အားတင်း၍ ညောင်နာနာအသံဖြင့် ပဋိသန္ဓာရ စကားဆိုနေရလင့်ကစား ကိုဘချစ် တစ်ကိုယ်လုံး၌ ဇောချွေးတို့က တပြိုက်ပြိုက်။

ဤတွင် ရဲအုပ်သန်းဝင်းရွှေက ကိုဘချစ်ကို တည့်တည့် ကြည့်လိုက်ပြီး–

"တာဝန်အရ ကိုဘချစ်တို့အိမ်ကို ရှာခွင့်ပြုပါ"

မူးယစ် (အထူး) ရဲအုပ်သန်းဝင်းရွှေ၏ ခွင့်ပန်စကားက ကိုဘချစ်ခေါင်းကို မိုးကြိုးပစ်လိုက်သလို ဖြစ်သွားစေခဲ့သည်က အမှန်ပင်။ ကိုဘချစ် မငြင်းသာတော့ ...

"ဟုတ်–––ဟုတ်ကဲ့ ရှာပါ"

ကိုဘချစ် စကားအဆုံးတွင် ပူးပေါင်းရဲတပ်ဖွဲ့ဝင်များသည် ရပ်ကွက်လူကြီးများနှင့်အတူ အိမ်အတွင်းဝင်၍ ရှာဖွေကြတော့သည်။

အကုသိုလ် ဆိုသည်မှာ အချိန်ကို စောင့်ဆိုင်းနေတတ်ပြီး အချိန်ကျလျှင် အကျိုးပေး စမြဲပင်။

ဒီလိုနှင့် မိနစ် အနည်းငယ်ကြာသောအခါ ရဲအုပ်သန်းဝင်းရွှေနှင့် ပူးပေါင်းရဲတပ်ဖွဲ့ဝင်

**"စိတ်အားတင်း၍ ညောင်နာနာ အသံဖြင့် ပဋိသန္ဓာရစကား ဆိုနေရလင့်ကစား ကိုဘချစ် တစ်ကိုယ်လုံး ဇောချွေးတို့က တပြိုက်ပြိုက်"**

www.burmeseclassic.com



များသည် အိမ်အပေါ်ထပ်တွင် ချိတ်ဆွဲထားသည့် ပန်းပွင့်ပုံများ ပါသော ကလေးဝတ် အနွေးထည် အတွင်းမှ ပလတ်စတစ် အိတ်အဖြူကြီးတစ်လုံးကို အမှတ်မထင် တွေ့လိုက်ရသည်။ ထို ပလတ်စတစ်အိတ်အဖြူကို ဖွင့် ကြည့်လိုက်သည့်အခါတွင် တော့ ဒသမ ၄၅၇ဂရမ်ရှိ ဆေးခြောက်များကို တွေ့လိုက်ရ ပေတော့သည်။

မူးယစ် (အထူး) ရဲအုပ် သန်းဝင်းရွှေနှင့် စခန်းမှူး ရဲအုပ်မြစိန်တို့ နှစ်ယောက် ပြိုင်တူလိုလိုပင် အိမ်ရှင်ကိုဘချစ်ကို လှည့်ကြည့်လိုက်ကြသည်။ ထို အကြည့်ကို ကိုဘချစ် နားလည် ပါသည်။ ထို့ကြောင့် သူ့ပစ္စည်း ဖြစ်ကြောင်း ဝန်ခံစကား ဆိုလိုက်၏။

"အဲဒါ--ကျွန်တော့် ပစ္စည်းတွေပါ။ ကျွန်တော် ကိုယ်တိုင် ရောင်းပါတယ်"

ထိုနောက် ဆက်၍ ရှာဖွေကြရာ အနီးရှိ သံသေတ္တာ အတွင်းမှ ငွေသားကျပ် ၄၄၀၀၀ ကျပ်တိတိကို ထပ်မံ၍ တွေ့ရှိရ ပြန်ပါ၏။

"အဲဒီ့ ပိုက်ဆံတွေက ဆေးခြောက် ရောင်းလို့ ရတဲ့ ငွေတွေပါ"

ကိုဘချစ်က သို့နှယ် ဝန်ခံ စကားဆိုပြီးနောက် မျက်ရည် ဝဲနေသော မျက်လုံးအစုံဖြင့် သမက်ဖြစ်သူ အောင်ကြီးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ချိန်တွင် အောင်ကြီးကလည်း အလိုက်သိစွာဖြင့် ဤသို့ဆို၏။

"ဒီ--ဆေးခြောက်တွေကို ဒီဟင်္သာတ မြဝတီရပ်ကွက်ကို ရောက်အောင် သယ်လာတဲ့သူက ကျွန်တော်ပါ ဆရာ။ ရန်ကုန်၊ ရာဇဓိရာဇ်(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမှာနေတဲ့ ဆေးခြောက် အရောင်းဒိုင်ကို စိန်ဝင်းဆီကနေ တစ်ဆင့် ပယ် ယူခဲ့တာပါ"

အောင်ကြီး၏ ဝန်ခံ စကား အဆုံးတွင် ရဲတပ်ဖွဲ့ဝင် တစ်ဦးက ကိုဘချစ်နှင့် ၎င်း၏ သမက်ဖြစ်သူ အောင်ကြီးကို လက်ထိတ်ဖြင့် ချိတ်ဆက်ပေး လိုက်လေတော့သည်။ သူတို့နှစ်ယောက်ကို မိသားစုဝင်များအားလုံးက အငိုမျက်လုံး ဝမ်းနည်း ကြေကွဲသော မျက်နှာများဖြင့် ကြည့်နေကြလေသည်။

( ၇ )

သို့ဖြင့်--

ထို့နေ့ ညနေပိုင်းမှာပင် ဆေးခြောက် အရောင်းဒိုင် ဖြစ်သော ရာဇဓိရာဇ် (၇) ရပ်ကွက်၊ တောင်ဥက္ကလာပ ရန်ကုန်မြို့တွင် နေထိုင်သူ ကိုစိန်ဝင်းကိုလည်း ရဲတပ်ဖွဲ့ဝင်များက လက်ရ ဖမ်းဆီးနိုင်ခဲ့ပါ၏။

အထက်ပါ တရားခံ သုံးဦးအား ဟင်္သာတမြို့အမှတ် (၁) ရဲစခန်းမှ မယ(ပ) ၁/၂၀၁၀ မူးယစ်ဆေးဝါးပုဒ်မ-၁၅/၁၉(က)/၂၀(က)/၂၁ အရ ဒုရဲအုပ် မင်းသက်လှိုင်က အမှုဖွင့် အရေးယူခဲ့ရလေတော့သည်။

[တရားခံ သုံးဦး၏ အမည်ကို လွှဲပြောင်းထားသည်မှအပ ဖြစ်ရပ်မှန်အတိုင်း ခံစား ရေးဖွဲ့ထားပါသည်။ ဤဖြစ်ရပ်ကို အသေးစိတ်ပြောပြခဲ့သော ဟင်္သာတ မူးယစ် (အထူး) တပ်ဆွယ်မှူး ရဲအုပ်သန်းဝင်းရွှေအား ကျေးဇူးတင်စွာဖြင့် အမှတ်ရ၍]

ထက်လူ-ဟင်္သာတ



www.burmeseclassic.com

www.burmeseclassic.com

"
မိန်းမရှုပ်ချင်တဲ့
ဆိုင်ကယ်ကယ်ရီသမား
ခံလိုက်ရတဲ့
ဇာတ်လမ်းတစ်ပုဒ်
"



# ကျော့ကွင်းမှုခိုး

ဇော်ထွန်း (ကမ်းသာယာ)



www.burmeseclassic.com

www.burmeseclassic.com



## "ကျော့ကွင်းမှုဆိုး"

**ဇော်ထွဋ်**
**(ကမ်းသာယာ)**

(၁)

ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ ငါ့ညီရာ။ မွေတဲ့ရှုပ်ခဲ့လို့ ဒုက္ခ ကောင်းကောင်းကြီးကြုံတွေ့ခဲ့ရသလို ငါ့ညီက လူသိရှင်ကြားဖြစ်အောင် စာရေးချင်တယ်ဆိုတော့ ရှက်စရာများဖြစ်နေမလား မသိဘူးနော်။ ဒါပေမယ့်လည်း ကိုလိုလူတွေမဖြစ်အောင် ဆင်ခြင်နိုင်အောင်ပြောပြပါ့မယ်။ ဟာ--မဟုတ်ပါဘူး။ ကိုက ဒီသဘောမျိုးဆင်လို့ ပြောတာမဟုတ်ဘူးကွ။ အင်းလေ၊ ငါ့ညီက အကြောင်းစုံသိချင်တယ်ဆိုရင် ပြောမှာပါ။ ဒီအတိုင်း သွားရမယ့် အတူတူစကားပြောရင်း သွားကြတော့ ပျင်းစရာ မကောင်းတော့ဘူးပေါ့ မဟုတ် လား။ ကျေးဇူးပါပဲ။ ကိုယ် ဒီလို သဘောထားပေးတဲ့အတွက် ဟုတ်မှာ။ ဟုတ်မှာ။

ကိုက ဒီဇာတိ၊ ဒီဘက်နယ်သားတော့ မဟုတ်ဘူး။ မန္တလေးဇာတိပါ။ ဟုတ်တယ် မြို့ထဲကပါပဲ။ ဒီဘက်ကို အလုပ်လာလုပ်ရင်းနဲ့ အိမ်ထောင်ကျတာ။ပုသိမ်ကပါပဲ။ အိမ်ထောင်ကျခါစက၊ ယောက္ခမအိမ်မှာနေဖြစ်သေးတယ်။ နောက်တော့ ရာမညဘက်မှာ အိမ်ငှားပြီးနေကြတာ။ အင်းဟုတ်တယ်။ အစကတည်းက ဒီအလုပ်ကို ဝါသနာပါခဲ့တာ။ မန္တလေးမှာ ဦးလေးက နာမည်ကြီး ဝပ်ရှော့ဆရာတစ်ယောက်လေ။ ဒါကြောင့်ပဲ စက်နဲ့ပက်သက်ပြီး ကျွမ်းကျင်မှုရှိတာပေါ့။ အဲဒီအထဲမှာ ဆိုင်ကယ်ကို စိတ် အဝင်စားဆုံးပဲလေ။ ကိုတို့ အိမ်ထောင်ကျခါစက ငွေဆောင်ဆိုတာ လုပ်ခါစအဆင့်ပဲရှိသေးတယ်။ ချောင်းသာကတော့ နာမည်ကြီးနေပြီ။ အင်း ဟုတ်တယ်။ ငါ့ညီ ခုမြင်တွေ့ခဲ့ရသလို စည်စည်ကားကား ဘယ်ဟုတ်မှာလဲ။ အဲဒီကတည်းက ကို ပုသိမ်မှာ ဆိုင်ကယ် တက္ကစီဆွဲနေတာ။

တစ်ခါတလေ ငါးသိုင်းချောင်းတို့ ရေကြည်တို့ဘက်တောင် ပို့ပေးရတာတွေ ရှိဖူးတယ်။ ဟာ ကိုက်တာပေါ့။ ခုလိုလည်း ဆိုင်ကယ်တွေက မပေါသေးဘူးလေ။ အိမ်သုံးသက်သက် ဝယ်စီးပြီး ခုလို ကယ်ရီလိုက်ဖို့ ဘယ်သူကမှ စိတ်မကူးကြသေးတဲ့အချိန်လေ။ ဝင်ငွေကောင်းပါတယ်။ ဆိုင်ကယ်ကလည်း ကိုယ်ပိုင်၊ ပျက်ရင်လည်း ကိုယ့်ဘာသာကို ပြင်ဆိုတော့ ကုန်ငွေသိပ်မရှိဘူးပေါ့။ ဟာဒါတွေကို မစဉ်းစားသေးပါဘူး။ ပိုက်ဆံရှာဖို့ တစ်ခုပဲ အဲဒီတုန်းက တွေးနေတာ–

ဩော် ခက်ပြီ ငါ့ညီရယ် ဒီလိုမတွေးလို့ ဒီလို ဖြစ်ရတာပေါ့ကွာ။ ဟုတ်ဘူးလား။ တစ်ရက် ဘူတာကြီးကနေ ဒါးကကို လူတစ်ယောက်ငှားတယ် သူ့မိန်းမ အသည်းအသန်ဖြစ်နေတဲ့။ ဒါးကဆိုတော့ နည်းနည်း လှမ်းတယ်လေ၊ ကျန်းမာရေးကိစ္စဆိုတော့ ကိုယ်ချင်းစာမိတာနဲ့ လိုက်ပို့ဖြစ်တယ်။ ဒါးက ခရီးသည် ပို့ပြီးအပြန် မှောင်နေပြီ။ အပြန်မှာ ကောင်မလေး တစ်ယောက် ပုသိမ်ကို ခရီးကြုံလိုက်တယ်။ ငွေတော့ မရလိုက်ဘူး။ ဟား ဟား။ ဟုတ်တယ်။ ဟုတ်တယ်။ ငါ့ညီ ပြောတာ မှန်တယ်။ ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးက ပုသိမ်မြို့ ထဲကလို့ ပြောတယ်။ ခပ်ကဲကဲ လေးပဲ။ နောက်တော့ အဲဒီ ကောင်မ လေးနဲ့ ကို ငြိသွားကြရော။

ငါ့ ညီက အထင်ကြီး နေပြန်ပြီ။ ငါ့ညီထင်သလောက် ကိုက မစွမ်းပါဘူး။ ကောင်မ လေးကလည်း ရေလာမြောင်း ပေးလုပ်။ ကိုကလည်း အရဲစွန့် ကြည့်လိုက်တာနဲ့ အဆင်ပြေ သွားတာ။

ဟင့်အင်း။ မရိပ်မိပါ ဘူး။ ကိုယ့်မိန်းမ ခပ်အေးအေးပဲ နေတတ်တာ။ နောက်ပြီး သူ့မှာ လည်း အလုပ်တစ်ဖက်နဲ့လေ။ မဟုတ်ဘူး။ ဈေးရောင်းတာ။ ဈေးထဲမှာ အခန်းငှားပြီး ရောင်း တာ အဆင်ပြေတာပေါ့ ငါ့ညီ ရာ။ ကို့ယောက္ခမတွေကလည်း ဈေးသည်တွေလေ။ မိန်းမ ဝင် ငွေက မိသားစု ပါးစပ်ပေါက် ကို လောက်ငှစေတယ်။ ကိုရှာ တဲ့ ငွေက အပိုစုငွေပေါ့။

ငါ့ ညီက အရမ်း ဆန္ဒ စောတာပဲကွာ။ ပြောပြမှာပါ။ အဲဒီလိုဖြစ်တာ ဘာကြောင့်လဲ ဆိုတာ သေသေချာချာသိချင်လို့ ပါ။ အင်း ဆက်ပြောမယ်။ ငွေ ကုန်တာတွေ ရှိတာပေါ့။ ကိုနဲ့ ကောင်မလေးက မကြာခဏမြို့ ထဲမှာတွေ့ကြသလို လျှောက် လည်ကြတာမျိုးတွေလည်း ရှိ တာလေ။ ကောင်မလေးလိုချင် တဲ့ ပစ္စည်းလေးတွေဆိုလည်း ဝယ်ပေးရသေးတယ်။ ဘေးလူ တွေ အမြင်မှာတော့ ခရီးသည် ပေါ့ကွာ။

ကြုံဖူးပါတယ်။ ဆီဖိုး လောက်ပဲ ကျန်တဲ့နေ့မျိုးဆိုရင် ဆိုင်ကယ်ပြင်ရတယ်။ ဘာညာနဲ့ မိန်းမကို လိမ်ရတာပေါ့။ နောက် တော့အဲဒီကောင်မလေး တရုတ် သူဌေးတစ်ယောက်နဲ့ ညားသလို လို သတင်းကြားရပြီး ပျောက် သွားလိုက်တာ အခုအချိန်ထိပဲ။ တစ်ခါမှ မတွေ့တော့ဘူး။

မလွမ်းပါဘူး ငါ့ညီရာ။ လွမ်းစရာမှ မဟုတ်တာ။ တစ်ခါ တလေတော့လည်း တိုက်ဆိုင်မှု တွေကြုံလာရင် သတိရတတ် တာမျိုးတော့ ရှိတတ်တယ်လေ။ သိပ်အစွဲအလမ်းကြီးတော့ မ ဟုတ်ပါဘူး။ ကိုလည်း နည်း နည်းဇ ရှိလာတော့ ကြုံလို့ တွဲ လိုက်တာတွေ ရှိသေးတယ်။

"ကိုမြတ်သူ ခုတစ် လော ရှင် ကောင်မလေးတွေနဲ့ ဘာဘာညာညာ ကျွန်မ ကြား နေတယ်နော်၊ ပိုက်ဆံ အပ်တာ လဲ အရင်ကထက် နည်းလာ ကယ်"

"ညှိုမိရယ်--ဘယ်သူ တွေက မနာလိုကြလို့ မင်းကို ပြောတာမှမသိတာ၊ ဆိုင်ကယ် ကယ်ရီလောကမှာ ကိုက ချိုချို သာသာပြောတယ်၊ အားလုံးနဲ့ အဆင်ပြေအောင်နေတယ်။ ဒါ ကြောင့် တခြား လူတွေထက် ခရီးသည် ပိုရနေတာ၊ ပို့ပို့အိုအို ဘယ်သူမျိုးမဆို အခကြေးငွေယူ ပြီး လိုရာခရီးပို့ပေးရမှာ ကိုတို့ တာဝန်လေ ညှိုမိ။ မင်းယော ကျ်ား ဒါမျိုးမဟုတ်ဘူး ဆိုတာ ယုံပါကွာ။ ပိုက်ဆံအပ်တာ နည်း တယ် ဆိုတာက ခုတလော ဆိုင်ကယ်ထဲကို ထည့်နေရလို့ ပါ"

"ရှင်မဟုတ်ရင် ပြီး တာပဲ။ ဒါမျိုးကိစ္စဆို လုံးဝ ခွင့် လွှတ်မှာ မဟုတ်ဘူးနော်။ကျွန်မ က မုန့်သာဝေစားမှာ ဒါပဲ"

ကိုလည်း အချိုသတ် ပြီး မိန်းမကို ကြင်ကြင်နာနာ နေပြလိုက်တယ်။ သံသယတွေ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတာပေါ့။ ကြောက်တာတော့ ဘယ်ဟုတ်မလဲ ငါ့ညီရာ။ လင်ရယ် မယားရယ်ဆိုတာ ဒီလိုပဲ ရှိတတ်တာပေါ့။ ဟုတ်တယ်။ ငါ့ညီပြောတာ ကိုလက်ခံပါတယ်။ ပြောပြီးပါရော။ ဒီလို အသိစိတ်မျိုးရှိခဲ့ရင် ဒီလို ဘယ် ဖြစ်လာမှာလဲကွာ။

စိတ်ဆိုတာလည်း အခက်သား မဟုတ်လား။ တိုင်းမြို့တော်ဆိုတော့လည်း လူစုံတာပေါ့လေ။ ဘာဘာညာညာလေးတွေလည်း ရှိနေတတ်တယ်။ ဟာ ရှိဖူးတာပေါ့။ အဲဒီလို နေရာမျိုးလိုက်ပို့ရင်၊ ရှာပေးနိုင်ရင် ငွေပိုရတတ်တယ်။ အချောအလှ၊ အလန်းလေးတွေလည်း ရှိတယ်လေ။ ပြောတော့မှာပါကွ။ ပါးစပ်ချဉ်လာပြီ ငါ့ညီရာ။ ရှေ့နား ကွမ်းယာဆိုင်မှာ ကွမ်းတစ်ထုပ်ယူဦးမယ်။ ဒီသလပ်ခွာ ကွမ်းယာက ငွေဆောင်ကွမ်းယာတွေထက် ပိုကောင်းတယ်။ စိတ်ထင်လို့မဟုတ်ပါဘူး တကယ်ပြောတာ။ ရော့ ငါ့ညီကွမ်းစားတတ်ရင် စားလေ။ ကောင်းတယ်။ ကောင်းတယ်။ ကိုကတော့ ကွမ်းသမားတစ်



ယောက်ပဲ။ ဟင့်အင်း အရက်နဲ့ဆေးလိပ်တော့ မသောက်တတ်ဘူး။

ကဲ ဆက်ကြရအောင်။ အဲဒီနေ့က ဘြော် အဲဒီနေ့ဆိုတာ ကို ဒုက္ခရောက်တဲ့ နေ့ကိုပြောတာလေ။ အော် ဒါတွေကိုဆက်တိုက်ရလိုက်တယ်။ ငွေကထင်တာထက်ပိုပြီးရလိုက်တယ်။ အပင်နှစ်ဆယ်ကို လူငယ်တစ်ယောက်ငှားတာနဲ့ လိုက်ပို့သေးတယ်။ ဒါပြီးရင်တော့ နားတော့မယ်လို့ စိတ်ကူးထားလိုက်တယ်။ လူငယ်လေးပို့ပြီး မြို့ထဲပြန်မယ်လို့ ဆိုင်ကယ် နှိုးရုံရှိသေးတယ် ကောင်မလေး တစ်ယောက် ကို့ဆီ လာတယ်။

"ဒီက ကိုကြီး ဆိုင်ကယ်၊ ကယ်ရီလိုက်တာလားဟင်"

"ဟုတ်ပါတယ် ညီမ၊ ညီမက ဘယ်သွားချင်လို့လဲ"

"လှေကြီးတက်မှာရှိတဲ့ ပျော့ဖတ်စက်ရုံက အစ်မတစ် ယောက်ဆီသွားချင်လို့ပါ။ တစ်ခါမှလည်း မရောက်ဖူးသေးဘူး။ ကားကလဲ မမီလိုက်ဖြစ်နေလို့၊ လိုက်ပို့ပေးပါလား ကိုကြီး"

တို့ကလည်း သူ့ကို

www.burmeseclassic.com



လိုက်ပို့ပြီး အပြန် မှောင်နေမှာ ရယ်၊ တစ်ယောက်တည်း ဆိုတော့ မလိုက်ချင်တာ အမှန်ပဲ။ ဒါပေမဲ့ ကို မငြင်းနိုင်ခဲ့ဘူး။

''လိုက်ပို့ပေးပါလား ကိုကြီးရယ်၊ ကိုကြီးက စိတ်ကောင်းရှိမယ့်ပုံပါ။ ဒီအချိန်မှာ တခြား ယောက်ျားလေးတွေနဲ့ မသွားရဲလို့၊ ကိုကြီးကိုတော့ ယုံတယ်''

တောင်းတောင်း ပန်ပန်ဆိုတော့ ကို တကယ် အားနာသွားတယ်လေ။ ဟုတ်တယ် ငါ့ညီရေ။ ရင်ခုန်တာတော့ အမှန်ပဲဟေ့။ ကောင်မလေးက အလွန်ဆုံးရှိမှ နှစ်ဆယ်ကျော်လောက်ပဲရှိမယ်။ ချောတော့ အံတော့်ကို ချောတယ်။ ခုခေတ် ဒီဇိုင်းလေးနဲ့ဆိုတော့ ပိုကြည့်ကောင်းနေတယ်။ မရယ်နဲ့ ငါ့ညီ၊ ကို တကယ် ပြောတာ။ ခုနေများ တွေ့ရင် ပြလိုက်ချင်တယ်ကွာ။

ဟာ ဒီလိုတော့ မဟုတ်ဘူး။ တကယ်ပဲ ငါ့ညီ။ ဒါနဲ့ပဲ ကို အဲဒီကောင်မလေးကို လိုက်ပို့ဖြစ်တယ် ဆိုပါတော့။ ဆိုင်ကယ်ပေါ် လှမ်းအတက်မှာ ကို ခါးကို ဖက်လိုက်တယ်။ ကိုယ်သင်းရနံ့လေးကလည်း စွဲမက်စရာပဲ။ ဖြစ်သွားကြတော့ပေါ့။ အချိန်ပိုင်းလောက်မှာတင် ရင်းရင်းနှီးနှီး ဖြစ်သွားကြတာ။ ကိုကလည်း အိမ်ထောင်ရှိ ပုထုဇဉ် လူသားလေ။ အတွေ့ကို ဘယ်ရှောင်နိုင် မှာလဲ။

ရှေ့ကလည်း အတွေ့အကြုံရှိပြီးသားဆိုတော့ ကောင်မလေးကို မသိမသာ အကဲစမ်းကြည့်တယ်။ ကောင်မလေးက သူ့အိမ်ထောင်ကျတဲ့အကြောင်း ပြောတော့တာပဲ။ သူက မကြိုက်ဘဲ အိမ်က ဖွတ်အတင်းပေးစားလို့ မုဆိုးဖိုအသက်ကြီးကြီး သဘောသားတစ်ယောက်ကို လက်ထပ် လိုက်ရတဲ့ အကြောင်း။ မိန်းကလေး တစ်ယောက်ကို ကာမ ဆက်ဆံဖို့ တစ်ခုတည်းသာ သဘောထားတတ်တဲ့ သူ့ ယောကျ်ားကို ဘယ်တော့မှ သူချစ်မလာဘူး။ အိမ်ထောင်ရေး သာယာမှုမရှိ။ ကြင်နာယုယမှုဆိုတာဘာလဲ၊ ပြောလိုက်တာတော့ စုံရောကွာ။ ကောင်မလေးက ဘကယ့်ကို ကြေကြေကွဲကွဲ ပြောနေတာ။ ကိုတောင် သနားသွားမိတယ်။

ဟာ --- ဘယ်ထင်ရက်မှာလဲ **ကောင်မလေး** အမူအရာတွေက **ယုံလောက်**တာ ကိုး။ သူ့အကြောင်း၊ **ကို့** အကြောင်း ပြောကြ**ရင်း** အဆင်ပြေသွားကြတာ။ အသေးစိတ်တော့ မပြောတော့ဘူး။ ဒါလောက်ဆို ငါ့ညီလည်း စာရေးဆရာ တစ်ယောက်ပဲကွာ သဘောပေါက်ရောပေါ့ ဟုတ်လား။ ကောင်မလေး ဗိုက်ဆာတယ်ဆိုတာနဲ့ လမ်းဘေးဆိုင်မှာ တို့ ခေါက်ဆွဲကြော် စားကြသေးတယ်။ စက်ရုံက သူ့အစ်မဆီ ဖုန်းဆက်မယ် ဆိုတာနဲ့ ကောင်မလေး ဖုန်းသွားဆက်တယ်။

'ကိုကြီး မမကို ခုညတော့ မလာဖြစ်ဘူး။ ပုသိမ်က သူငယ်ချင်းတွေနဲ့တွေ့လို့ မနက်မှ လာမယ်လို့ ညာပြောလိုက်တယ်။ စိတ်တွေ ကျဉ်းကျပ်ခဲ့သမျှ ခုည လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေလိုက်ကြမယ်နော်။ သောကဆိုတာတွေကို မေ့ထားလိုက်ကြရအောင်နော် ကိုကြီး'

ကောင်မလေးက ပြော

www.burmeseclassic.com



တော့ အလွန်ကိုပျော်သွားတာ။ ဒီဂရီအမြင့်ဆုံးပဲ။ အဲဒီတုန်းက ခံစားမှုကို ပြောတောင်မပြတတ်ဘူး။ ငါ့ညီ ဟုတ်တယ်။ ကိုလည်း ပုသိမ်ကို ဖုန်းဆက်ပြီး ခုည အော်ဒါ ခရီးတစ်ကြောင်း ရလို့ ဘာညာပေါ့ကွာ။ အင်း။ မိန်းမကလည်း ယုံတယ်။ ဆိုင်က ခေါက်ဆွဲစားပြီး ထွက်တော့ အမှောင်ထုက ကြီးစိုးနေပြီ။ ကိုတို့ ပုသိမ်ကိုပဲ ပြန်လှည့်ခဲ့ကြတယ်။ ဒါကလည်း ကောင်မလေးရဲ့ ဆန္ဒပါ။ တို့ သဘောလည်းပါတာပေါ့ကွာ။

ပုသိမ်မှာ ညအိပ်ပြီး၊ မနက် စောစောထ ကောင်မလေးကို လိုက်ပို့မယ်။ မိန်းမ, မသိအောင်စုထားတာနဲ့ အဲဒီနေ့က ဝင်ငွေပေါင်းလိုက်ရင် ကိုလက်ထဲမှာ သိန်းဂဏန်း နီးပါးလောက်ရှိတယ်။ ဟ ဘယ်နည်းမလဲ။ ဟိုတုန်းက ငွေလေ။ သုံးလို့ ကျန်တာ အကုန် မိန်းမကို အပ်လိုက်ရင် မိန်းမလည်း ယုံမှာပဲလို့ တွေးတာပေါ့။ ဟုတ်တယ် ငါ့ညီ ဒီကိစ္စမျိုးဆို စိတ်ကူးက အလိုလိုရလာတာ။

ပုသိမ်ကို ပြန်အလှည့် ခမ်းခမ်းနားနား သိပ်မရှိလှတဲ့ လက်ဖက်ရည်ဆိုင်မှာ အချိန်အတော်ကြာထိုင်ဖြစ်သေးတယ်။ ရန်ခုန်တာပေါ့ကွာ။ ယောကျ်ားသားပဲလေ။ ကောင်မလေးကလည်း ကြည့်လေလှလေပဲ။ ဆွဲဆောင်မှုလည်းရှိနေတာ။ တစ်နာရီလောက်ထိုင်ပြီး စားစရာနဲ့ ရေသန့်ဘူးလဲ ဝယ်ခဲ့သေးတယ်။

'ကိုကြီးမြို့ထဲကို မပြန်ချင်သေးဘူး။ ဟိုရွှေနားက ကွင်းပြင်မှာ အေးအေးဆေးဆေး နေချင်တယ်။ ကိုကြီးရဲ့ ရင်ခွင်ထဲမှာ မှီပြီး ညအမှောင်က သာယာကြည်နူးစရာ ကြင်နာစရာတွေ ခံစားချင်တာ၊ ပြီးတော့မှ ပုသိမ်ကို ပြန်မယ်လေ၊ ခုည တစ်ညလုံး မအိပ်ကြေးနော် ကိုကြီး'

'ညီမလေး သဘောပါကွာ'

'ကိုကြီးက အရမ်းချစ်ဖို့ကောင်းတာပဲ၊ အတိတ်က ဘာကြောင့်မဆုံဖြစ်ကြတာလဲ မသိဘူးနော်'

ကိုကလည်း အမှန်အတိုင်းဝန်ခံရရင် ဒီအချိန်ပုသိမ်ကို မပြန်ချင်သေးဘူး။ ညဘက်ကယ်ရီသမားတစ်ယောက်က တွေ့သွားရင် ဒုက္ခပဲလေ။ ခုလိုလူသိပ် မရှိတဲ့နေရာ၊ ဆိတ်ငြိမ်တဲ့နေရာဆိုတာ လွတ်လပ်တာပေါ့။ ဟုတ်တာပေါ့ညီရယ်။ ကိုကလည်း ဒီဘက်က ရင့်ကျက်နေသလို ကောင်မလေးကလည်း အိမ်ထောင်ကျဖူးသားဆိုတော့ ငါ့ညီ စဉ်းစားကြည့်ပေါ့ကွာ။

ကောင်မလေးပြောတဲ့ နေရာရဲ့ ကွင်းပြင်ကို ဆိုင်ကယ်မောင်းပြီး သွားခဲ့တယ်။ ဟုတ်တယ် ရှုံးပြတ်တော့။ နွေစပါးစိုက်ပုံ မရဘူး။ အဲဒီရွှေနားက သစ်ပင်အောက်ကို သွားခဲ့ကြတာလေ။ ကောင်မလေးက ကိုခါးကို ဖက်တယ်။ အဲဒီ သစ်ပင်အောက်မှာထိုင်ပြီး ကိုနဲ့ ကောင်မလေး ဇာတ်လမ်းစကြတာပေါ့။ ကျန်တာဘာမှသတိမထားမိဘူး။ အထိအတွေ့လေ။ ဇာတ်လမ်းလေး ကောင်းမယ် အလုပ်မှာ ကိုယ့် ခေါင်းကို လူတစ်ယောက် ပြင်းပြင်းထန်ထန် ရိုက်ချလိုက်တော့ပဲ။ မဟုတ်ဘူး။ အသေသတ်ဖို့ ရည်ရွယ်ပုံ မပေါ်ဘူး။

www.burmeseclassic.com



သေကွင်းကို မရိုက်တာရယ်။ တစ်ချက်ပဲ ရိုက်ပြီးသွားတာ ဆိုတော့ မေ့ရုံလောက်ရိုက်တာလို့ ယူဆရ တာပေါ့။ ခေါင်းကိုထိလို့ ကိုလည်း လောကကြီးနဲ့ အဆက် ပြတ်သွားတာ။ လှည့်ကင်း လှည့်လာတဲ့ တပ်ဖွဲ့ဝင်တွေက ကို့ကို တွေ့ပြီး၊ ဆေးရုံပို့လိုက်ကြတာ။ တပ်ဖွဲ့ဝင်တွေ ကယ်လို့ပေါ့ကွာ။ ကို သတိရတော့ မိန်းမနဲ့ သူငယ်ချင်းတွေ ရောက်လာတယ်။ ကိုလည်း အဖြစ်မှန်ကို ဝန်ခံလိုက်တယ်။ မညာချင်တော့ဘူးကွာ။ မိန်းမက ငိုလည်းငို၊ ဒေါသလည်းဖြစ်၊ သူပြောသမျှကို ငြိမ်ခံနေလိုက်တယ်။

ငါညီ ပြောတာဖြစ်နိုင်ပါတယ်။ သူအစ်မဆီ ဖုန်းဆက်တယ်ဆိုတာ ဖြစ်နိုင်ချေမရှိဘူး။ သူ့ကောင်တွေကို လှမ်းချိတ်တာ ထင်တယ်။ အင်း–ဘယ်သတိထားဖြစ်မှာလဲ ဆိုင်ကယ်အပြင် လက်စွပ်၊ နာရီ၊ ငွေတွေအကုန်ပါသွားတာ၊ ကိုယ့်အပေါ်ဂျာကင်လေးတောင် အဆစ် ပါသွားသေးတယ်။

ဟုတ်မယ်ကွာ။ ဘောင်းဘီနဲ့အင်္ကျီ မယူသွားလို့တော် သေးတာ။ နို့မို့ဆိုရှက်စရာပေါ့။ မတိုင်ပါဘူး။ ကိုက အမှုဖွင့်ချင်တာ၊ ကိုမိန်းမက လူသိမှာလည်း ကြောက်၊ သံသရာလည်း မရှည်ချင်လို့ မတိုင်ကြတာ။ လောလောဆယ်တော့ မလုပ်ဖြစ်သေးဘူး။ နောက်တော့ ငွေဆောင်ကလည်း စည်စည်ကားကား ဖြစ်လာပြီ။ ပုသိမ်မှာလည်း အရောင်းအဝယ်က အရင်တုန်းကလို မကောင်းတော့ဘူးလေ။ ဒါကြောင့် မိသားစု တိုင်ပင်ပြီး ငွေဆောင်ကို ပြောင်းလာကြတာ။ ခြံက ယောက္ခမ အရင်ကတည်းက ဝယ်ထားတာလေ။ အဆင်ပြေပါတယ်။ မိန်းမကလည်း ဈေးရောင်းတာမှာ ကျွမ်းတော့ အဆင်ပြေတာပေါ့။

ဟာ ကြောက်သွားပြီ ငါညီရေ၊ ဆင်ခြင်တာလည်း ပါတာပေါ့ကွာ။ ကိုသန်းက သားသမီးမရှိလို့ မိုက်မဲ့ပေမယ့် ခုက သားသမီးမျက်နှာထောက်ရမယ်လေ။ကို့ကို သစ္စာရှိပြီး၊ မေတ္တာမပျက်တဲ့ မိန်းမကြောင့်လည်း ပါတာပေါ့။ ကောင်မလေးတစ်ယောက်တည်းလာငှားရင်လည်း ကိုမလိုက်တော့ဘူး။ ညတက်





www.burmeseclassic.com

www.burmeseclassic.com



လည်း မလိုက်ဘူး။ စောစော သိမ်းပြီး မိန်းမကို ကူညီလိုက်တယ်။ 'အင်း။ ဒါပေါ့။ ဒါပေါ့။ ကိုလိုပဲခံရတဲ့သူတွေ ဒီလောကမှာရှိနေမှာပဲ။ ဘယ်အရာမဆို ဆင်ဆင်ခြင်ခြင်နေပြီး သတိရှေ့ထားရင်ဒုက္ခ မရောက်နိုင်ပါဘူး။ စကားပြောရတာလည်း မောသွားပြီ။ ဟာ နေပါစေ ငါ့ညီ စေတနာကို လေးစားပါတယ်။ ကို မသောက်တတ်လို့ပါ။ အင်း ပြောရင်းဆိုရင်း ငါ့ညီ ကားဂိတ်ရောက်တော့မယ်။ နောက်ငွေဆောင်ရောက်ရင်လည်း ဝင်ပေါ့ကွာ။ ဒီအချိန်က ဧည့်သည်သိပ်မရှိတော့ဘူး။ သင်္ကြန်ဆို အရမ်းစည်ကားတာ။ လာခဲ့ပါကွာ။ ဖိတ်ပါတယ်။ ကို့အိမ်ရော၊ ဆိုင်ကိုပါ ငါ့ညီသိနေပြီပဲ။ စောစောက ဆီဝင်ထည့်တာ ကို့ဆိုင်လေ ဟုတ်တယ် အဲဒါကိုယ့်မိန်းမပဲ။ ကဲရောက်ပြီ။ကားထွက်ဖို့တောင် နီးနေပြီပဲ။ သွားတော့ငါ့ညီရေ။ ကိုလည်း အပြန် ငွေဆောင်ခရီးသည် ရလိုရငြား ကားဂိတ်ဖက် ပတ်လိုက်ဦးမယ်။ အိုကေ။

(၂)

၂၀၀၉ခုနှစ်၊ ဧပြီလတွင် ဦးလေးဖြစ်သူ နေထိုင်ရာ ငရုတ်ကောင်းမြို့နယ်၊ ဂုံညင်းတန်း ရွာကလေးတွင် တစ်လကျော် နေထိုင်ရင်း ကျွန်တော် စာရေးဖြစ်ခဲ့သည်။ ဇွန်လဆန်းတွင် ထိုရွာကလေးမှ ကျွန်တော် ပြန်လာခဲ့သည်။ သစ်ရောင်း–ညောင်မော် သဘော်ကိုစီး၍ ကားဂိတ်သို့လာစဉ် ရာသီဥတု အခြေအနေကြောင့် ပင်လယ်ပြင်မငြိမ်မသက်။ ထိုအခြေအနေများကြောင့် ငွေဆောင်ကားဂိတ်သို့ အချိန်မီမရောက်နိုင်ခဲ့။ ညောင်မော်သို့ သဘော်ဆိုက်သည့်အခါ ပုသိမ်ကားက ထွက်သွားပြီဖြစ်သည်။ နောက်ထွက်မည့် ကားကိုစောင့်နေမည်ဆိုပါက ပုသိမ်မှ ငါးသိုင်းချောင်းသို့ ထွက်မည့် ကားကို ကျွန်တော် မီနိုင်တော့မည်မဟုတ်ပေ။ ငါးသိုင်းချောင်းကို အချိန်မီရောက်ပါမှ ရန်ကုန်ကားကိုစီးရမည်။ ခရီး အကွာအဝေးနှင့် ကားအဆင့်ဆင့် စီးရမည် ဖြစ်သောကြောင့် ညောင်မော်မှ ဆိုင်ကယ်တက္ကစီငှား၍ ပုသိမ်သို့လာခဲ့သည်။ ငွေဆောင်တွင် ဆီဝင်ဖြည့်ကာ တောက်လျှောက်မောင်းတော့သည်။

လမ်းတွင် စကားစမြည် ပြောကြရင်း ကိုမြတ်သူက သူကြုံတွေ့ခဲ့ရပုံကို ပြောပြ၍ ကျွန်တော်သိခွင့်ရလိုက်သည်။ တစ်ချိန်က လူငယ်ပီပီ အမှားလုပ်ခဲ့မိသော်လည်း၊ ယခုအချိန်တွင် အပျော်အပါးတို့ကို ရှောင်ကြဉ်၍ မိသားစုနှင့် အတည်တကျ နေထိုင်ကာ သာယာပျော်ရွှင်ဖွယ် မိသားစု ဘဝလေးကို ဖန်တီးတည်ဆောက်နေခဲ့သည်။


လေးစားစရာ ကောင်းသော ကိုမြတ်သူက သူ့အဖြစ်ကို စာရေးရန် ခွင့်ပြုခဲ့၍ ကျွန်တော် ရေးလိုက်ခြင်း ဖြစ်သည်။ မကျွမ်းကျင် မရင်းနှီးသောအရပ်ဒေသတို့တွင် ဒုစရိုက် ကျူးလွန်သူများက သားကောင်းတို့ကို မာယာဖြင့် လှည့်စား၍ အနိုင်ယူတတ်ကြသည်ကို သတိပြုသင့်ပေသည်။

**ဇော်ထွန်း–ကမ်းသာယာ**



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ဝယ်မျှော်မှန်းမြှန်းလေပြီ

အောင်သီဟာ (နတ်တလင်း)

“

လူသုံးယောက်ကို မားနဲ့ခုတ်ပြီး
ထွက်ပြေးသူ မြွေကိုက်ပြီး
သေရတဲ့ ဇာတ်လမ်းတစ်ပုဒ်

”



www.burmeseclassic.com

www.burmeseclassic.com



**“ဘယ်ဝယ်မျှော်မှန်းမြန်းလေပြီ”**

**အောင်သီဟ (နတ်တလင်း)**

သူရာမေရယ သိက္ခာပုဒ်–အရက်သေစာသောက်စားသူများသည် မေ့လျော့ခြင်း အကြောင်းနှင့် စပ်ယှဉ်ထားသော အရက်ကို သောက်စားသဖြင့် မျက်မှောက်ဘဝ၌လည်းကောင်း မျက်ကွယ်ဟုဆိုသော တမလွန်ဘဝ၌လည်းကောင်း ကြမ်းတမ်းစွာသော ဆင်းရဲကိုခံရ၏။

ထိုသို့ ဆင်းရဲကိုလည်းကောင်း မစင်ကြယ်သည် စင်ကြယ်သည်ကိုလည်းကောင်း မသိမမြင်နိုင်သည်ဖြစ်၍ ပျံ့လွင့်စိတ်ရှိသည် အလေးဂရုပြုအပ်သည်၌ မသိနိုင်ဖြစ်၍ ရူးသော ခွေးကဲ့သို့ ဖြစ်၏။

အရက်သေစာ သောက်စားသူသည် မိမိ သားမြေးတစ်ပါးသော သူစိမ်းပြင်ပ တို့သည် ရှုတ်ရှုတ်ချချ မထီမဲ့မြင် ရှုအပ်အောက်မေ့အပ်သည် လူအပေါင်းထက် အလွန်မိုက်မဲသည် နက်နဲသော အမြော်အမြင်ပညာမှ ကင်းကွာသည် သူခပ်သိမ်းကို ရှိတကွကွ နှိမ့်ချရသည် ဖြစ်၏။

ကျွန်တော်သည် ဂရုမမူ နိစ္စသီလ ခေါ် ငါးပါးသီလမှ သိက္ခာပုဒ်အကျယ် တို့ကို လေ့လာနေစဉ် ကျွန်တော့်အိမ်ရှေ့က ခေါ်သံထွက်လာသည်။

“ဆရာကြီး ဆရာကြီး သန်းအောင်ရှိလား”

ဘယ်သူပါလိမ့် ဟု ကျွန်တော် စိတ်ထဲက ပြောရင်း နေအိမ် အပေါ်ထပ်မှ ဝရန်တာသို့ ထွက်ကြည့်လိုက်သည်။

“ဟော–ဗိုလ်လေး မြင့်သိန်းပါလား။ ရှိတယ် ဗိုလ်လေးရေ လာ––လာ”

ကျွန်တော်က ပြောပြောဆိုဆို နေအိမ်အောက်ထပ်သို့ ဆင်းလာသည် ဒုရဲအုပ်မြင့်သိန်းက ကျွန်တော် အိမ်အတွင်းသို့ ဝင်လာသည်။

“လာ–ထိုင်–ဗိုလ်လေး စောစောစီးစီး ဘယ်က လှည့်လာလဲ”

ကျွန်တော်က ဧည့်ခန်း ဆက်တီတွင် ဝင်ထိုင်ရင်း ဒုရဲအုပ် မြင့်သိန်းအား ဧည့်ဝတ်ပြုလိုက်သည်။ ဒုရဲအုပ် မြင့်သိန်းက ဆက်တီတွင် ဝင်ထိုင်လိုက်သည်။

“ဒါနဲ့ နလဲ မမြင်ပါလား”

“ဈေးသွားတယ် ဗိုလ်လေးရေ။ ကဲ–ခဏလေးစာဖတ်ဦးဗျာ”

ပြောပြောဆိုဆို ကျွန်တော်က နောက်ဖေး မီးဖိုခန်းသို့ ဝင်လိုက်သည်။

“ဆရာကြီး ဘာမှ မလုပ်နဲ့နော်”

ဒုရဲအုပ် မြင့်သိန်းက အားနာမှုဖြင့် လှမ်းတားသည်။ ကျွန်တော်က စူပါကော်ဖီမစ်တစ်ထုပ်ကို ဖျော်ကာ ကိတ်ခြောက်တစ်ပန်းကန်ထဲထည့်ပြီး ဧည့်ခန်းသို့ ပြန်လာ၍ ဒုရဲအုပ် မြင့်သိန်း ရှေ့ချပေးလိုက်သည်။

“ကဲ–ဗိုလ်လေး သုံးဆောင်ပါဦး”

ဒုရဲအုပ် မြင့်သိန်းက ဆက်တီ စားပွဲပေါ်ရှိ အပ္ပမာဒ ဓမ္မရသ မဂ္ဂဇင်းကို လှန်ဖတ်ရင်း–

“အံမယ်–မှုခင်းစာရေးဆရာက ဘာသာရေးတွေ ဘာတွေ ဖတ်လို့ပါလား”

“ဒါပေါ့ ဗိုလ်လေးရာ အသိကို သတိကလေးကပ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ဖတ်နေရတာပါ။ ဒါနဲ့ နေပါဦး အလုပ်ကိစ္စပဲလား''

ကျွန်တော်က ဒုရဲအုပ် မြင့်သိန်းကို ပြန်ပြောရင်း မေးကာ ရေနွေးကြမ်းကို ငှဲ့လိုက်သည်။

''အလုပ်ကိစ္စ ကတော့ တရားရုံးကို လာခဲ့တာပါ။ ဒီကိုတော့ ဆရာကြီးနဲ့ တွေ့ရအောင် တမင်လာတာ''

ဒုရဲအုပ် မြင့်သိန်းက ပြန်ပြောရင်း ရေနွေးကြမ်းခွက်ကို ယူသောက်သည်။

''ကော်ဖီသောက်လိုက်ပါဦး။ ဗိုလ်လေး မုန့်လဲစားပါဦး''

ကျွန်တော်က တိုက်တွန်းလိုက်သည် ဒုရဲအုပ် မြင့်သိန်းက ကော်ဖီကို တစ်ကျိုက် သောက်လိုက်သည်။ ထိုအချိန်မှာပင် ကျွန်တော့်ဇနီး နုက ဈေးဆွဲခြင်းဆွဲလျက် ပြန်လာသည်။

''ဟော နုတောင် ပြန်လာပြီ''

ကျွန်တော့်က ပြောပြောဆိုဆို နုထံ သွားကာ နု လက်ထဲက လက်ဆွဲခြင်းကို လှမ်းယူလိုက်သည်။ ကျွန်တော့်ထံ နုက လက်ဆွဲခြင်းကို ကမ်းပေးစဉ် ဧည့်ခန်းတွင် ထိုင်နေသော ဒုရဲအုပ်မြင့်သိန်းကို မြင်သွားသည်။

''ဟော ဗိုလ်လေး ဘယ်တုန်းကရောက်နေတာလဲ။ ကလေးရော နေကောင်းလား၊ ကလေးကဘယ်နှတန်း ရောက်ပြီလဲ''

နုက ဆက်တိုက် မေးလိုက်သည်။ ဒုရဲအုပ်မြင့်သိန်းက နုကို ပြုံးပြရင်း–

''အမောလေးလဲ ဖြေပါဦး မနုရယ်၊ တော်တော်စောကလေးကပဲ ရောက်တယ်။ ကလေးက ၈တန်း ရောက်နေပြီ၊ နေကောင်းပါတယ်၊ ဆရာကြီးကို ဇာတ်လမ်း လာပေးတာ''

''ထိုင်ဦးနော် ဗိုလ်လေး ဒီမှာ ထမင်းစားသွား''

''မနုက ဘာချက်မလို့လဲ''

ဒုရဲအုပ် မြင့်သိန်းက ကျွန်တော့် အိမ်နှင့် ရင်းနှီးပြီးသားဖြစ်နေ၍ ရင်းရင်းနှီးနှီး မေးလိုက်သည်။

''မောင်က ဝက်သားကြိုက်တော့ ဝက်သားဝယ်လာခဲ့တယ် ဗိုလ်လေး၊ ချဉ်ရည်ဟင်းချက်မယ်၊ စကားပြောကြဦးနော် ကျွန်မထမင်းချက်လိုက်ဦးမယ်''

နုက ဒုရဲအုပ်မြင့်သိန်းကိုပြောပြီး အဝယ်အစားလဲကာ မီးဖိုခန်းထဲ ဝင်သွားသည်။ ကျွန်တော်နှင့် ဒုရဲအုပ်မြင့်သိန်းတို့က ဧည့်ခန်းတွင်ထိုင်ရင်း ဒုရဲအုပ်မြင့်သိန်း၏ ဇာတ်လမ်းကို ကျွန်တော် နားထောင် နေလိုက်သည်။

~~~~~

ပြာသိုလ၏ ညတစ်ညချမ်းဖြစ်သည်။ ညနေ ၅နာရီ ကျော်သည်နှင့် ဆောင်း၏ အမှောင်ထုသည် မင်းမူ ကြီးစိုးလို့လာသည်။ တာပွန်မြို့ကလေးသည် ဆောင်းဝတ်ရုံ ခြုံလွှာအောက်တွင် အေးစက်စက်နှင့် ငြိမ်သက်နေသည်။ တာပွန်မြို့၏ တစ်စိတ် တစ်ဒေသဖြစ်သော မင်းတဲလမ်းကလေးသည်လည်း ဆောင်းအအေးကြောင့် တိတ်တိတ်ကလေး ငြိမ်နေသည်။

''အဟွတ်–အဟွတ်–အဟွတ်––''

မင်းတဲလမ်း၏ အစွန်း



www.burmeseclassic.com
~~~~~

www.burmeseclassic.com



ဆုံး တဲအိမ်စုမှ တဲအိမ်တစ်အိမ် အတွင်းမှ ချောင်းဆိုးသံသည် ပတ်ဝန်းကျင်ကို လှုပ်နိုးစေသည်။

''ချောင်းဆိုးလှချည့်လား အဖေရယ်''

မိအေးက ကလေး နို့တိုက်နေရာမှ ပြောလိုက်သည်။

''ဟုတ်ပ သမီးရယ် အေးလာတော့ ရင်ထဲကျပ်တတ်တတ်ဖြစ်ပြီး လည်ချောင်းယားလွန်းတော့ ချောင်းဆိုးတာနေမှာ လျှက်ဆားကလဲ ကုန်နေပြီ အဟွတ်-အဟွတ်-အဟွတ်''

ကိုပေါက်စက သူ့သမီး မိအေးကို ပြန်ပြောရင်း ချောင်းဆိုးပြန်သည်။

''အဖေ ဒီလိုလုပ်ပါလား။ ဟို ခေါင်းရင်း ဦးလေးတင်မြင့်တို့ အိမ်ခေါင်းရင်ဘက်မှာ ဇီယာ အိုးပုတ်ပင်ရှိတယ်။ အဲဒါ ခူးပြီး ဆားနဲ့နယ် အရည်ညှစ်သောက်ပါလား''

မိအေးက အကြံပေးသည်။

''အေး သမီး ပြောတာ ဟုတ်တယ်၊ အဖေ သွားခူးဦးမယ်''



ကိုပေါက်စက မိအေးကိုပြောပြီး သူ့တဲအိမ်ကလေးထဲမှ ထွက်ကာ ကိုတင်မြင့်တဲ့အိမ်ခေါင်းရင်းကိုသွားသည်။ မိအေးက သူ့အဖေ ကိုပေါက်စကို ကလေး နို့တိုက်နေရာမှ လှမ်းကြည့်နေသည်။

ကိုပေါက်စသည် သူ့တဲအိမ်ခေါင်းရင်ဘက် ဝါးနှစ်ပြန်ခန့်ဝေးသည်။ ကိုတင်မြင့်တဲအိမ်ခေါင်းရင်းရှိ ဇီယာအိုးပုတ်ပင်ရှိရာသို့သွားကာ ဇီယာအိုးပုတ်ရွက် ခြောက်ရွက်ခန့်ခူးပြီး ပြန်လှည့်လာစဉ် ကိုတင်မြင့် အိမ်ခြေရင်းနားတွင် အရက် မူးယစ် ပြန်လာသူ ကိုတင်မြင့်နှင့် မျက်နှာချင်းဆိုင် တွေ့တော့သည်။

''ဘယ်သူလဲကွ ငါ့အိမ်ဘက်က ပြန်လာတာ''

''ငါပါကွ-ပေါက်စပါ-ဇီယာအိုးပုတ်ရွက်လာခူးတာကွာ ချောင်းဆိုးနေလို့''

''ဘာကွ-မင်း ငါ့ကို ဘာမှအကြောင်းပြမနေနဲ့ ငါ့အိမ်က ပြန်လာပြီးတော့ ငါ-မသား''

ကိုတင်မြင့် အရက်မူးမူးနှင့် စွပ်စွပ်စွဲစွဲ ပြောကာ ကိုပေါက်စကို လက်သီးဖြင့် ထိုးတော့သည်။

''ခွပ်--ခွပ်''



www.burmeseclassic.com

www.burmeseclassic.com



ကိုပေါက်စက ထင်မထား၍ ရှောင်တိမ်းမရလိုက်။ လက်ထဲမှ ဗီယာအိုးပုတ်ရွက်ကိုလည်း မချရဲ။ သည်အရွက်က ချောင်းဆိုး ပျောက်အောင် သောက်ရမည့် အရွက်။

"မင်း လွှန်မယ်နော် တင်မြင့်၊ ငါ ဗီယာအိုးပုတ်ရွက် ခူးတာပါကွ"

ကိုပေါက်စက အရက်မူးနေသူ ကိုတင်မြင့်ကို ပြောပြီး သူ့တဲအိမ် ရှိရာသို့ ပြန်လာခဲ့သည်။ ကိုတင်မြင့်က ကိုပေါက်စကို လက်သီးဖြင့်ထိုးလိုက်သည်ကို ကလေးနို့တိုက်ရင်း ကြည့်နေသူ မိအေးက သဲသဲကွဲကွဲ လှမ်းမြင်လိုက်သည်။

"အဖေ--အဖေ့ကို ဦးလေး တင်မြင့်က လက်သီးနဲ့ ထိုးလိုက်တယ် မဟုတ်လား"

တဲအိမ်ဝသို့ ရောက်လာသူ ကိုပေါက်စအား သမီးဖြစ်သူ မိအေးက မေးလိုက်သည်။

"...မူးနေလို့ ဖြစ်မှာပေါ့ သမီးရယ်။ အဟွတ်--အဟွတ်"

ကိုပေါက်စက လေသံပျော့ကလေးနှင့်ပြောကာ ချောင်းဆိုးလိုက်ပြီး လက်ထဲမှ ဗီယာအိုးပုတ်ရွက်ကို ဝါးကြမ်းခင်းပေါ် ချလိုက်သည်။ မိအေးက ကိုပေါက်စ၏ မျက်နှာကို မီးရောင်ဖြင့် ကြည့်လိုက်သည်။

"ဟင် အဖေ့ နှာခေါင်းက သွေးတွေ ထွက်နေပါလား။ ဒါ ဦးလေးတင်မြင့် လူပါးဝတာ အဖေက ငြိမ်ခံ နေရတယ်လို့ သမီးကတော့ မခံနိုင်ဘူး အခုတော့ အဖေ့မျက်နှာမှာ ဒဏ်ရာရသွားပြီ အဖေပြန်မလုပ်ရင်နေ သမီး သွားလုပ်မယ်"

မိအေးက ပြောပြောဆိုဆို ကလေးခါးထစ်ခွင်ချိလိုက်ပြီး တဲအပြင်ထွက်ရန်ပြင်သည်။ ကိုပေါက်စ၏ သည်းခံသော စိတ်သည် သမီးဖြစ်သူ မိအေး၏ ပြောစကားနှင့် လုပ်ရပ်ကြောင့် ခံပြင်းသွားသည်။ မိဘဆိုတာ သားသမီး ရှေ့က မားမားမတ်မတ်ရပ်ရမည် မဟုတ်ပါလား။ ကိုပေါက်စက ထရံနှင့် တိုင်ကြားတွင်ထောင်ထားသည့် ဝါးရင်းတုတ်ကို ဆွဲလိုက်သည်။ ပြီးမှ တဲပြင်ထွက်ရန် ဟန်ပြင်နေသော သမီးဖြစ်သူ ရှေ့မှ ထွက်ကာ ကိုတင်မြင့် တဲဘက် ထွက်ခဲ့သည်။

"သမီး နင် မလိုက်နဲ့ ငါ့ကိစ္စ ငါရှင်းမယ်"

ကိုပေါက်စက ပြောပြောဆိုဆို တားသွားသော်

**မိအေး၏ အော်ဟစ်အကူအညီတောင်းသံကြောင့် ပတ်ဝန်းကျင်မှ လူများ ပြေးလာချိန်တွင် ကိုပေါက်စ၊ အောင်ပုနှင့် မိအေးတို့ မိသားစု သွေးအိုင်ထဲတွင် လဲကျနေကြသည် – – –**

www.burmeseclassic.com



လည်း မိအေးက ကလေးခါး ထစ်ခွင်ချီရင်း ကိုပေါက်စနောက် လိုက်ခဲ့သည်။ ထိုအချိန်တွင် နေအိမ် အိပ်ရာထဲမှ တုံးလုံးလှဲနေတဲ့ မိအေး ခင်ပွန်း အောင်ပုလည်း မနေသာတော့၊ ယောက်ခမကြီးနှင့် မိန်းမနောက် ပြေးလိုက်ရတော့သည်။

"ဟေ့ကောင် တင်မြင့် မင်းကမူးမူးရူးရူးနဲ့ ထင်ရာလုပ်ခဲ့တော့ အခုငါ့မျက်နှာမှာ ဒဏ်ရာ ရနေပြီကွ။ မင်းအဲဒါ ဘယ်လို လုပ်မလဲ"

ကိုတင်မြင့်က ၎င်း၏ တဲအိမ်ပေါက်ဝတွင် ထိုင်ပြီး ကိုပေါက်စတို့ တဲဘက် ကြည့်နေသည်။

"ဦးလေး တင်မြင့် အဖေ့မှာ ဘာအပြစ်ရှိလို့လဲ၊ ရှင်က အရက်မူးပြီး သက်သက်လူပါးဝတာ၊ ရှင် လက်သီးနဲ့ထိုးလို့ ကျွန်မ အဖေ နှာခေါင်းသွေး ထွက်နေပြီ၊ ကျွန်မတို့က ပြန်လုပ်ရမှ ကျေနပ်မယ်"

"ဖုတ်-ဖုတ်-ဖုတ်"

မိအေး ယောကျ်ား အောင်ပုကလည်း နောက်မှပြေး လိုက်လာသည်။ အောင်ပု၏ ပြေးလိုက်လာသံကို ကိုတင်မြင့် အတိုင်းသားကြားနေရသည်။ ကိုတင်မြင့်က တဲပေါက်ဝတွင် ထိုင်လျက် စဉ်းစားလိုက်သည်။ ငါက တစ်ယောက်တည်း သူတို့ ကမိသားစုများတယ် မဖြစ်ဘူး။ ငါ အရင်ဆီးလုပ်မှ ဖြစ်မယ်ဟု စိတ်ကို ဆုံးဖြတ်လိုက်ပြီး ထရံတွင် ထောင်ထားသည့် ကိုင်းခုတ်ဓားကိုယူကာ ကိုပေါက်စတို့ လူစုအား ရင်ဆိုင်လိုက်သည်။

ကိုပေါက်စက ရှေ့တိုးလာသဖြင့် ကိုတင်မြင့်နှင့် ဓားတစ်ကမ်းအလိုတွင် ကိုတင်မြင့်က ကိုင်းခုတ်ဓားကို အားကုန်လွှဲ၍ ခုတ်ချလိုက်ရာ ကိုပေါက်စကို ခုတ်မိသွားသည်။

"အား"

ကိုပေါက်စ အော်ပြီး လဲကျသွားစဉ် သမက်ဖြစ်သူ အောင်ပုက မိအေးကို ကျော်ပြီး ရှေ့ပြေးတက်ကာ ကိုပေါက်စကို ထိန်းရန်ပြင်၊ ကိုတင်မြင့်က သူ့ကို လုပ်ရန် ပြေးတက်လာသည်ဟု ယူဆကာ ဆီးခုတ်ပြန်သည်။

"အား"

အောင်ပု အော်သံနှင့်အတူ လဲကျသွားသည်။ မိအေးက အဖေနှင့်ယောကျ်ားကို ဓားခုတ်ခံရသဖြင့် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီ တောင်းနေစဉ် ကိုတင်မြင့်က မိအေးကို ခုတ်လိုက်ရာမိအေး ဘယ်ဘက်လက် တိခနဲပြတ်ကျသွားပြီး မိအေးက ကလေးငယ်ကလေးနှင့် အတူ လဲကျသွားသည်။ ကိုတင်မြင့်က ကိုင်းခုတ်ဓား ကိုင်ကာ အမှောင်ထုထဲသို့ပြေးဝင်ပျောက်ကွယ်သွားသည်။

မိအေး၏ အော်ဟစ်အကူအညီတောင်းသံကြောင့် ပတ်ဝန်းကျင်မှ လူများ ပြေးလာချိန်တွင် ကိုပေါက်စ၊ အောင်ပုနှင့်မိအေးတို့ မိသားစု သွေးအိုင်ထဲတွင် လဲကျနေကြသည်။

ဒေါသ ထွက်သူကို ဖျောင်းဖျ ပြောဆိုရမည့်အစား ဒေါသမထွက် သည်းခံတတ်သော ဖခင်ကို ဒေါသထွက်အောင် နှိုးဆွပေးသော မိအေး အခုတော့လည်း မိအေးတို့ မိသားစု သွေးအလိမ်းလိမ်းဖြင့် မြေပြင်တွင် လဲကျနေကြရပြီး အမှောင်သည် မှောင်သည့်ထက် မှောင်လာလေပြီ။

www.burmeseclassic.com



ကိုတင်မြင့်က ကိုပေါက်စတို့ မိသားစုကို ဓားဖြင့် ခုတ်ပြီး ရွာနောက်ဘက် လယ်ကွက်သို့ ပြေးထွက်ခဲ့သည်။ လရောင်မရှိ ကြယ်ရောင် မရှိ မှိန်ပျပျအောက်တွင် ကိုင်းခုတ်ဓား ကိုင်လျက် ပြေးလွှားနေသည်ကို အရက် မူးနေသည့်ဒဏ်ကြောင့် လယ်ကွက်ထဲတွင် တစ်ခါတစ်ခါ လဲကျလိုက် ပြန်ထပြီး ပြေးလိုက်နှင့် သူဌေးကုန်းရွာဘက် ပြေးလွှားနေသည်။ သူဌေးကုန်းရွာကြား ဆည်ပေါင် အထက်တွင် ကိုတင်မြင့် တစ်စောင်းထိုး လဲကျသွားစဉ် "အား" ဟူသော အသံ နက်နက်ကြီးဖြင့် အော်ရင်း ပြန်မထတော့။

အမှောင်နှင့် အတူ ဆောင်း အအေးဒဏ်သည် ကိုတင်မြင့်၏ ကိုယ်ခန္ဓာကြီးအား အေးသဂျာက် အေးရန် ဝိုင်းဝန်းပံ့ပိုးနေကြသည်။

BURMESE CLASSIC .com

"မောင်နဲ့ ဗိုလ်လေး ထမင်းစားလို့ရပြီ"

နက မီးဖိုခန်းက ထွက်လာကာ ပြောလိုက်သည်။

ကျွန်တော်က နုကို တစ်ချက် ပြုံးပြပြီး လက်ကာပြလိုက်သည်။

"ဒါနဲ့ ဗိုလ်လေး အဲဒီ ကိုတင်မြင့်ကို ခင်ဗျားတို့တယ်လို ဖမ်းလိုက်ရလဲ"

ဒုရဲအုပ်မြင့်သိန်းက ရေနွေးကြမ်း တစ်ခွက်ကို မော့သောက်လိုက်သည်။

"ဒါနဲ့ပြောမလို့ ကိုတင်မြင့်ကို ရဲမဖမ်းခင် သေမင်းက အရင် ဖမ်းသွားတယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

ကျွန်တော်က ဒုရဲအုပ်မြင့်သိန်း၏အဖြေကို နားမရှင်းသဖြင့် မေးလိုက်သည်။ ဒုရဲအုပ်မြင့်သိန်းက ကျွန်တော့်ကို ကြည့်ရင်း

"ဒီလို ဆရာကြီးရဲ့ ကိုတင်မြင့်က လူသတ်ခဲ့ပြီး မူးမူးနဲ့ လျှောက်ပြေးတုန်း သူဌေးကုန်းဆည် အတက်မှာ ဝမ်းလျားမှောက် လဲကျသွားတယ်။ သူ့လက်ထဲက ကိုင်းခုတ် ဓားက မြွေဟောက် ကိုယ်တစ်ဝက်မှာ လဲကျပြီး မြွေဟောက် ခါးပြတ်သွားတယ်။ ခါးပြတ်နေတဲ့ မြွေဟောက်အပေါ် သူက လဲကျတော့ မြွေဟောက် ခါးပြတ်က ကိုတင်မြင့်ရဲ့ လည်မျိုကို ခဲရင်း တန်းလန်း သေနေတာ တွေ့ရတယ်ဆရာကြီး"

"ထူးဆန်း လိုက်တာ ဗိုလ်လေးရာ။ အင်း လူတွေ လူတွေ တစ်ယောက်နဲ့ တစ်ယောက် မသတ်လဲ သေရမှာကို မတွေးကြဘူးလား မသိဘူး။ အခု ကိုတင်မြင့်ကြောင့် ကိုပေါက်စ သေရသလို ကိုတင်မြင့်ကလည်း သူ့ကို သတ်မယ့် မြွေရှိရာကို အပြေး တစ်ပိုင်း သွားပြီး အသတ်ခံရတယ်"

ကျွန်တော်က ဒုရဲအုပ်မြင့်သိန်း၏ ဇာတ်လမ်းကို နား



ထောင်ပြီး မှတ်ချက် ချလိုက်သည်။

"ဒါပေါ့ ဆရာကြီး လူတွေဟာ ကံ ကံ၏ အကျိုးကို ခံစားနေရပြီး ကံပြုသမျှ နုနေရတာပဲ ဆရာကြီးရယ် "

ဒုရဲအုပ် မြင့်သိန်းက စကားကို ရပ်လိုက်သည်။ ခဏတော့ ကျွန်တော်တို့ စကားဝိုင်း အသံ ရပ်သွားသည်။ အတွေးကိုယ်စီဖြင့် ငိုင်လျက်။

"မောင်ရေ ထမင်းခူးပြီးပြီ ဗိုလ်လေး ထမင်းစားတော့လေ"

နု အသံ အဆုံးတွင် ကျွန်တော်နှင့် ဒုရဲအုပ်မြင့်သိန်းတို့ ထမင်းစားရန် ထလိုက်ကြသည်။ ကျွန်တော့် စိတ်ထဲမှာတော့ သူရာမေရယ သိက္ခာပုဒ်ထဲမှ အရက်သေစာသောက်စားသူ ကိုတင်မြင့်သည် မျက်မှောက် ဘဝတွင်မှာပင် ဆင်းရဲပင်ပန်းစွာ သေခဲ့ရပြီး တမလွန်ကား မည်သို့ ဆိုဖွယ် မရှိတော့ပါ။ တင်မြင့် တစ်ယောက် ဘယ်ဝယ်မျှော်မှန်းမြန်းလေပြီနည်း ဟု တွေးနေမိပါတော့သည်။

**အောင်သီဟ (နတ်တလင်း)**



www.burmeseclassic.com

www.burmeseclassic.com

သင်းသင်းရှိုင် (တပ်ကုန်း)

# ဝမ်းနှင့်မလွယ် သားမမည်



## ပထွေးကိုသတ်မိတဲ့ မယားပါသားရဲ့ ဇာတ်လမ်းတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com



## ဝမ်းနှင့်မလွယ် သားမမည်

**သင်းသင်းလှိုင် –တပ်ကုန်း**

လူပျိုကြီး ကိုတင်လေး တစ်ယောက် ဝမ်းနှင့်မလွယ်ပေမယ့် သားအမည်ခံတစ်ယောက်တော့ ရလိုက်သည်။ အဘယ့်ကြောင့်ဆိုသော် အသက်သုံးဆယ်အရွယ် ဥစ္စာပေါ ရုပ်ချောကလေးတစ်ယောက်အမေဖြစ်သူ မလှအုံးမယ်နှင့် လက်ထပ်ခဲ့ခြင်းကြောင့် ဖြစ်သည်။

မယားပါသား အေးမောင်လေးက အသက်သုံးနှစ်အရွယ်။ စကား တီတီတာတာနှင့် ချစ်စရာကောင်းသည်။ငယ်သည့် အရွယ်မို့ ကိုတင်လေးကို 'အဖေ' 'အဖေ'နှင့် တွယ်တာသည်။ အိမ်ထောင်သက် တစ်လျှောက် ပျော်ရွှင်စွာပေါင်းသင်းခဲ့ရာ အေးမောင်လေး ငါးနှစ်အရွယ်တွင် ဒုတိယမြောက် ကိုယ်ဝန် ရရှိခဲ့သည်။ ကိုတင်လေးအတွက်တော့ သားဦးဖြစ်သည့်အတွက် အရှုးအမူး ဖြစ်ခဲ့ရသည်။

မွေးလာတော့ သမီးလေး ဖြစ်သည်။ သားယောကျ်ားလေး လိုချင်သော ကိုတင်လေးက သမီးလေးကို အချစ်ပိုခဲ့ရသည်။ ဝမ်းနှင့်မလွယ်ရင်၌ မဖြစ်ပေမယ့် အေးမောင်လေးကိုလည်း အချစ်မပြယ်ခဲ့ပါ။ သမီးလေးကို အချစ်ဦးမို့လို့ မဦးချစ်ဟု အမည်ပေးခဲ့သည်။

ကိုတင်လေး ဘဝတွင် ချစ်စရာ ဇနီးချောလေးနှင့်တကွ သားတစ်ယောက်၊ သမီးတစ်ယောက်နှင့်အတူ စီးပွားရေးကို ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ရွာတွင်း၌ ပြေလည်သူတစ်ဦး အမည် ခံနိုင်ခဲ့လေသည်။ နဂိုရှိရင်းစွဲ ပစ္စည်းများကို မလှအုံးမယ်က မပျောက်မပျက် ထိန်းသိမ်းနိုင်သလို ကိုတင်လေးကလည်း ပိုမို တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

သမီးလေး မဦးချစ် သုံးနှစ် အရွယ်တွင် ထပ်မံ၍ သမီးလေး တစ်ယောက် ထွန်းကားခဲ့ ပြန်သည်။ အထွေးဆုံးလေးမို့ မထွေးချစ်ဟု အမည်ပေးခဲ့ပြန်သည်။

မထွေးချစ်လေး မွေးပြီးကတည်းက လှအုံးမယ် တစ်ယောက် မကျန်းမာခဲ့ပါ။ တရှောင်ရှောင်နှင့် ဖြစ်နေသည် သွေးဆုံးသားဆုံး ကိုင်သလိုဖြစ်နေသည်။

"ကိုတင်လေး တကယ်လို့များ ကျွန်မ သေသွားခဲ့ရင် အေးမောင်လေးကို ပစ်မထားပါနဲ့နော် ကိုယ့် သားအရင်းလို သဘောထားပြီး စောင့်ရှောက် ပါနော်"

"ဩော် လှအုံးမယ်ရယ်၊ ငါ ငယ်စဉ်ကတည်းက သံယောဇဉ်ရှိခဲ့သားပဲ။ ငါ့မှာလဲ ဒီသားတစ်ယောက်ပဲရှိတာ"

လင်သားနှင့် သားသမီး အပေါ်တွင် သံယောဇဉ်ရှိသော မလှအုံးမယ်တစ်ယောက် သုံးလလောက်အကြာတွင် မိသားစုနှင့် ခွဲခွာသွားလေတော့သည်။

"အေးမောင် လူလေး နွားတွေ အစာကျွေးလိုက် ဦးကွယ် အဘတောထဲသွားဦးမယ်"

"ဟုတ်ကဲ့ အဘအပြန် မြက်ထုံးတွေ မထမ်းခဲ့နဲ့နော် ကျုပ် လာထမ်းမယ်"

ဟုတစ်ဖုံ –

"သားရေ ကောက်စိုက်မ ရက်ချိန်းရပြီလား"

www.burmeseclassic.com




"ဟုတ်ကဲ့ အဘ ကျုပ် စိုက်သူကြီးကို ချိန်းထားပြီးပြီ"

ဟုတ်တစ်သွယ်။ အစစ အရာရာ လုပ်ငန်းများကို လွှဲပြောင်း၍ရနိုင်ပြီ။

သမီး မဦးချစ် နှင့် မထွေးချစ် နှစ်ယောက်ကလည်း အပြိုင်အဆိုင် အပျိုကြီးဖားဖား ဖြစ်နေပြီ။ မထွေးချစ်နှင့် အေးမောင် လိမ္မာသလောက် ဦးတင်လေး၏ အချစ်ဆုံးသမီး မဦးချစ်က ဆိုးချင်သည်။ အလှအပမက်သည်။ အလုပ်ကို သိပ်အလေး မထားချင်။ အစ်ကိုဖြစ်သူ အေးမောင်စကားကိုနားမထောင်ချင်။ အစ်ကိုအရင်း မဟုတ်ဘဲလာပြီး ဆရာလုပ်နေသည်ဟု အထင်လွဲနေမိသည်။

သည်လိုနှင့် အေးမောင်အသက်နှစ်ဆယ်လောက်တွင် အိမ်ထောင်ကျသည်။ ဦးတင်လေးက အိုးမခွဲပေးပါ။ တစ်အိမ်တည်း အတူနေ၍ လုပ်ကိုင်စားသောက်ကြသည်။

ဒါကို မဦးချစ်က မကျေနပ်ပါ။ ယောက်မချယ်လှယ်မှာကိုမကြိုက်။ အစ်ကိုဖြစ်သူက အိမ်ထောင်စီးပွားကို လက်ဝါးကြီးအုပ်မှာကိုလည်း မကြိုက်ချင်။ အဖေဖြစ်သူ ဦးတင်လေးက မဦးချစ်ကို ဆုံးမသည်။ သမီးလေးကို ဗိုင်းကောင်းကျောက်ဖိနေစေချင်သည်။ မဦးချစ်က ရုပ်လှသလို ရည်းစားပေါချင်သည်။ ကြိုက်နေသည့် ကောင်လေးတွေကလည်း အဆင့်အတန်း မတူ ဒါကိုသိသော အေးမောင်က ဆုံးမသည်။ မဦးချစ်က ပို၍ပင် အရွဲ့တိုက်သည်။ ယောက်မက ပြောလျှင်လည်း ကက်ကက်လန်အောင် ရန်တွေ့သည်။ သည်လိုနှင့် ဝါမဝင်ခင် မဦးချစ် တစ်ယောက် သူရင်းငှား အောင်ခင် နှင့်လိုက်ပြေးတော့သည်။ ပစ္စည်း မရှိ မုဆိုးမသားမို့ ဦးတင်လေးက အမွေပြတ် စွန့်လွှတ် ပစ်ပယ်ထားလိုက်သည်။



တစ်ခုတော့ ကံကောင်းသည်။ မဦးချစ်ရသည့် အောင်ခင် ဆိုသည့် ကောင်လေးက အလုပ် ကြိုးစားသည်။ စုဆောင်းကောင်းသည်။ မယားကို အချစ်ပိုပြီး အလိုလိုက်သည်။ လူငှားနေရင်း စုဆောင်းကာ ဗိုင်းနှင့် အိမ်လေး ပိုင်ဆိုင်ခဲ့သည်။ လယ်ကေ နှစ်ဧက လောက်လည်း ဝယ်နိုင်ခဲ့သည်။

www.burmeseclassic.com



ဒါကြောင့် မဦးချစ်က ဖခင်ကို လက်မ ထောင်နိုင်ခဲ့သည်။

"ဒင်း မပေးလဲ ဦးချစ်တို့က တည်ထောင်နိုင်ပါတယ်။ သမီးအရင်းတော့ ပစ်ထားပြီး မယားပါ သားတော့ ဦးစားပေးနေတယ် ဒင်းက အမေ ဝေစုသာဆိုင်တာ"

"မဦးချစ်ရယ်။ ကိုအေးမောင်က အဘ ဦးတင်လေးအပေါ်မှာ ကောင်းရှာပါတယ်"

"နင်ကြည့်နေပါ။ ဒါ ဟန်ဆောင်နေတာ ပစ္စည်းတွေ မောင်ပိုင်စီးချင်လို့ပါ။ တစ်နေ့ ဦးချစ် စကားမှန်မမှန် ဆိုတာသိမှာပေါ့"

မဦးချစ်က သူ့အပေါင်းအဖော်များနှင့် တွေ့လျှင် ပြောတတ်သည့်စကား။ လူတွေကလည်း မကောင်းပါ။ မဦးချစ်နှင့် တွေ့လျှင် တစ်မျိုး၊ အေးမောင်နှင့် တွေ့လျှင် တစ်မျိုး ထိကဖား ရိကဖား စကားများ ပြောတတ် သည်။

"ဟော့ကောင် အေးမောင် မင်းက မယားပါသားနော်။ သားအရင်း မဟုတ်ဘူး။ သွေးဆိုတာ ရေ မဟုတ်ဘူး။ စေးတယ်ကွ၊ ဘာပဲပြောပြော နောက်ဆုံးတော့ ဝမ်းနှင့် မလွယ်ရင် သား မမည်ဘူးနော်"

"မဖြစ်နိုင်ဘူးနော်၊ အဘက ငါ့ကိုသားအရင်းလိုချစ်ပါတယ်။ နောက်ဆုံးညီတူညီမျှတော့ ဖြစ်ပါလိမ့်မယ်"

သည်လိုနှင့် အေးမောင်တွင် သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သလို မဦးချစ်တွင်လည်း သမီးနှစ်ယောက် ထွန်းကားခဲ့သည်။ ယနေ့ထိတိုင် ဦးတင်လေးက မခေါ်သလို မဦးချစ်ကလည်း အဖေ့ အိမ်သို့ လှည့်မကြည့်ခဲ့ပေ။

မိဘ ဆိုသည်မှာ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိပါ။ မခေါ်ချင်ပေမယ့် မတော်ချင်၍ မရပါ။ မဦးချစ်အတွက် ရင်ထဲမှာရှာနေသည့် မိုးကို ဦးတင်လေး တစ်ယောက်သာ သိသည်။ လီမှာသည့် သားသမီးကိုစောင့်ရှောက်ရမည်မှာ မိဘဝတ္တရားပင် ဖြစ်သည်။ မိဘတွေ၏ ရင်တွင်းအချစ်ကို သားသမီးတွေက မသိ။ နေ့စဉ် ရက်ဆက်ဆိုသလို အေးမောင်တို့ လင်မယားကို စောင်းမြောင်း ပြောဆိုနေသည်။ အေးမောင်က သားအရင်း တစ်ယောက်လို အားကိုးရပါသည်။ မဦးချစ်နှင့် မထွေးချစ် သမီးနှစ်ယောက်၏ ဘဝ နောင်ရေးကိုလည်း ဦးတင်လေး စဉ်းစားရ

*မိဘဆိုသည်မှာ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။*

*သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိပါ။*

*မခေါ်ချင်ပေမယ့် မတော်ချင်၍ မရပါ။*



www.burmeseclassic.com

www.burmeseclassic.com



ပေးမည်။ ဒါကြောင့် သမီးထွေးလေးကို တစ်ရွာတည်းရှိ မောင်ပြုံးဆိုသော လူငယ်လေးနှင့် နှစ်ဖက် မိဘပြောဆိုကာ နေရာချထားပေးလိုက်သည်။

လုပ်ကိုင် စားသောက်နိုင်ရန်အတွက် မြေနှစ်ကေခွဲပေးလိုက်သည်။

''ဟေ့ကောင် အေးမောင် ကြာရင် မင်းအတွက်ဘာမှ မကျန်ဘဲ နေတော့မယ်နော်။ မင်းအမေရဲ့ အတွင်းပစ္စည်းတွေလဲ ရှိသေးတယ်နော်''

ပတ်ဝန်းကျင်က အေးမောင် အပေါ်ကောင်းသလို၊ စာနာစိတ် ရှိသလိုနှင့် သွေးထိုးစကားများက အေးမောင်စိတ်ကို ယိမ်းယိုင်စေသည်။ တစ်ဖန် အသိစိတ်က–

''အို အဘက ဒီလို မတရား မလုပ်ပါဘူးလေ။ သူ့မှာ အစီအစဉ် ရှိမှာပါ။ ငါ့ကို ငယ်ငယ်လေးကတည်းက သံယောဇဉ် ရှိပြီးသားပဲ''

မိန်းမ လုပ်သူက တစ်မျိုး–

''တော့် ကိုအေးမောင် ကျုပ်တို့ အဘပြောဘူးတဲ့ ပုံပြင်ထဲကလို ဘာတဲ့ ရှင်ကစွည်း မထေရ်မြတ်ကို ပစ်မှားတဲ့ မင်းသားက ယောကျ်ားဘဝက မွေးတဲ့ သားသမီးထက် မိမိကိုယ်တိုင်မွေးတဲ့ ရင်၌ဖြစ်သော သားသမီးကို ပိုချစ်တယ်ဆိုတာရှင် မကြားဖူးဘူးလား။ ရှင်က''ဝမ်းနှင့် ၅ သားမမည်ပါရှင်၊ ကြာရင် မှုံ မှာ အခွံကြီးပဲ ကျန်မှာ။ ကိုယ့်မှာက သားသမီးတွေ ရှိသေးတယ် ရှင် ပြတ်ပြတ်သားသား ရှင်းနိုင်မှဖြစ်မယ်''

အေးမောင်၏ ဦးလေးတော်သူက တစ်ဖုံ ပြောပြန်သည်။

'ဟေ့ အေးမောင် မင်း အဘ ရွာလူကြီးလေးငါးဦးနဲ့ စာချုပ်တွေ ချုပ်နေတယ်တဲ့၊ သူ့သမီးတွေကိုများ အမွေပေးဖို့လား မသိဘူး''

အားလုံးသော လူတို့ရဲ့ စကားတွေက အေးမောင်ရဲ့စိတ်ကို ဗလောင်ဆူစေသည်။ အဘတိုင်ပင်တဲ့ ရွာလူကြီးတွေကို မသိမသာ မေးကြည့်ပြန်တော့လည်း–

''မင်းကောင်းဖို့ လုပ်တာပါတဲ့''

''ဟုတ်မှ ဟုတ်ပါ့ မလား။ ငါက သားအရင်းမဟုတ်ဘူး။ အဘမှာက ဘာအကြံစည်ရှိနေလဲ''

ဤသို့ ဘေးစကားတွေကြား၊ မယားစကားက တစ်ဖုံ တွေဝေတွေးတော နစ်မျောရင်းဖြင့် ဆောင်းဦးပေါက်သို့ရောက်ရှိလာသည်။ တောင်သူတို့၏ လယ်လုပ်ငန်း ဖြစ်သော စပါးရိတ်သိမ်းသည့် ရာသီသို့ရောက်တော့မည်။ ရွှေဝါရောင် စပါးခင်းများက ပန်တင့်နေပေသည်။ အေးမောင်လည်း စပါးခင်းစောင့်ရန် တောထဲသို့ ဝင်ရသည်။ ရိက္ခာ အပြည့်အစုံနှင့် တောထဲမှာပင် ချက်ပြုတ် စားသောက်ရသည်။

ဦးတင်လေးကလည်း အသက်ကြီးလာပြီ ဖြစ်သည့်အတွက် နှစ်ဆောင်ပြိုင်အိမ်ကြီးမှာ ဆင်းရတက်ရတာမလွယ်ကူသောကြောင့် ဝိုင်းထဲ၌ပင် သုံးပင်အိမ် အနိမ့်ကလေး ဆောက်ကာတစ်ဦးတည်း နေထိုင်သည်။ အိမ်ကြီးပေါ်၌ အေးမောင်တို့ မိသားစုနေထိုင်ကြသည်။

ဦးတင်လေး အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်းသေတ္တာကြီး တစ်လုံးက ဦးတင်လေးအိပ်သည့် ခေါင်းရင်းတွင် နေရာယူထားသည်။ သော့က အမြဲခတ်ထားသည်။ ဒါ ကိုအေးမောင် တစ်ယောက် အလွန် သိချင်နေသည်။ အဘ တစ်ယောက် ဘာအကြံအစည်တွေ ရှိနေလဲဟုတွေးနေမိသည်။

နံနက်ဆောင်း၏ အအေးဓာတ်က တစ်လောကလုံးကို လွှမ်းခြုံထားသည်။ ဘယ်နေရာကြည့်ကြည့် နှင်းမှုန်ဖွေးဖွေး အုံ့ဆိုင်းလျက်ရှိသည်။သို့ပေမယ့် အားလုံး အလုပ်ကိုအကျည်းတန် စေတာကတော့ ဦးတင်လေး၏ အိမ်ကလေးဆီမှပင် ဖြစ်သည်။

"အမလေး အဘရယ် အဖြစ်ဆိုးလိုက်တာ သေတာတောင်မှ သူများသတ်လို့ သေရတယ်တဲ့"

ဦးတင်လေး သမီးကြီး မဦးချစ်၏ ငိုသံတစ်ရွာလုံး ပွက်လောရိုက်သွားသည်။ ဦးတင်လေး အသတ်ခံရသည်တဲ့-

"ကောက်ညှင်းလေး ပေါင်းလို့ အဘ စားပါစေတော့ ဆိုပြီး မနက်စောစော လာပို့တာ အိပ်ရာက နိုးတာမရလို့ တံခါး ချက်ကလဲ ထိုးထားတာ ကို အောင်ခင်ကို တံခါးဖျက်ပြီး ဝင်ခိုင်းတာ အထဲမှာ အဘကသွေး အိုင်ထဲမှာ ပက်လက်ဖြစ်နေပြီ"

"ကဲ - ကဲ ရဲစခန်းကို အကြောင်းကြားကွာ။ ဘယ်သူမှ ဘာမှမလုပ်နဲ့၊ ခြေရာလက်ရာ မပျက်ထားကြ။ ဒါနဲ့ အေးမောင် တစ်ယောက်ကော ဘယ်မှာလဲ"

"ကိုအေးမောင် တောထဲ ဝင်နေတယ်လေ"

ကျေးရွာ လူကြီးရဲ့ အမေးကို အေးမောင်ရဲ့ မိန်းမက ပြန်ဖြေလိုက်သည်။

"အေးမောင်ကို သွားခေါ်ကြဦး၊ လုပ်စရာရှိတာလုပ်ရအောင် စခန်းကလူကြီးတွေကို သွားကြိုရဦးမယ်"

~~~~~

ရဲစခန်းမှ တာဝန်ရှိသူများ ရောက်လာကြသည်။ လိုအပ်သည်များကို လေ့လာကြသည်။ သဲလွန်စ ရှာကြသည်။ အိမ်ရှိလူများကို တစ်ဦးချင်း မေးမြန်းသည်။ သားသမီးများ အားလုံးနှင့်လည်း တွေ့သည်။ ပတ်ဝန်းကျင် အနေအထား၊ ပတ်ဝန်းကျင်ရှိ လူများကိုလည်း တစ်ဦးချင်း ခေါ်မေးသည်။

အမှုစစ် အရာရှိက အေးမောင်ကို ဦးတင်လေးခေါင်းရင်းရှိ သေတ္တာကြီးကို ဖွင့်ခိုင်း

အိမ်ထဲတွင် ကျွန်းသေတ္တာကြီးတစ်လုံးက ဦးတင်လေး အိပ်သည့်ခေါင်းရင်းတွင် နေရာယူထားသည်။ သော့က အမြဲခတ်ထားသည်။ ဒါကို အေးမောင်တစ်ယောက် အလွန်သိချင်နေသည်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



သည်။ အေးမောင်က ဦးတင်လေး ဖျာအောက်မှ သော့ကိုယူ၍ အလွယ်တကူ ဖွင့်ပေးလိုက်သည်။ သေတ္တာထဲမှာ ဘာရှိလဲဆိုတာကို သိချင်ဆုံးသူက အေးမောင်ပင် မဟုတ်လား''

သေတ္တာထဲတွင် စာချုပ်တစ်ခုနှင့် ရွှေလက်ကောက်နှစ်ကွင်း လက်စွပ်နှစ်ကွင်းထည့်ထားသည်။ ဘူးငယ်တစ်ဘူးကို တွေ့ရသည်။ စာချုပ်ထဲတွင် လက်သုံးကေနှင့်အိမ်ဝိုင်း ကျွဲနွားများကို သားကြီးအေးမောင်အားလည်းကောင်း၊ မြေတစ်ကေစီနှင့် လက်ကောက်တစ်ကွင်း၊ လက်စွပ် တစ်ကွင်းစီကို သမီးနှစ်ဦးအားလည်းကောင်း၊ ခွဲဝေပေးကြောင်း ရေးသားထားသည့်စာချုပ်ဖြစ်သည်။

အမှုစစ်အရာရှိ စာချုပ်ကို ဖတ်ပြပြီး ဘေးဘီသို့အကဲခတ်ကြည့်လိုက်သည်။ တရှုပ်ရှုပ်ငိုနေသော ကိုအေးမောင်ကို တွေ့လိုက်ရသည်။

''ကဲ ကိုအေးမောင် အမှားကို သိရင် အမှန်ကို ဝန်ခံလိုက်တော့''

''ခင်ဗျား တောထဲမှာ အိပ်တယ်ဆိုပေမဲ့ မနက် နှစ်နာရီလောက်မှာ တောထဲက ပြန်လာတာ တစ်ကြောင်း၊ ခင်ဗျားက ဘယ်သန်ဖြစ်တဲ့အတွက် ဦးတင်လေးရဲ့ ညာဘက်လည်ပင်းကို ခုတ်မိတဲ့ဒဏ်ရာ၊ ရေနံတွေ **ပြည့်နေအောင်** သုတ်ထားတဲ့ **ခေါင်းရင်း** ပြတင်းပေါက်က **တက်ခဲ့တဲ့**ခါးပန်းပေါ်က ခင်ဗျားခြေထောက်ရဲ့ ခြေရာပေါ့၊ ညာဘက်ခြေမ ပြတ်နေတဲ့အတွက် ခြေလေးချောင်းသာ ထင်နေတဲ့အရာ၊ အခု ဝတ်ထားတဲ့ ပုဆိုးအောက်ခြေနားက သွေးစက်တွေပေါ့၊ သမန်းဆီနဲ့ သွေးစက်က ကွဲပြားပါတယ်ဗျာ။ ဘယ်လိုလဲ ခင်ဗျား ဝန်ခံပြီလား''

''ကျွန်တော် မှားပါပြီဗျာ၊ အဘရဲ့ စေတနာကို အလွဲသုံးစားလုပ်မိပြီ။ ဝမ်းနဲ့ မလွယ်ရတော့။ သားလို့ အမည်မတပ်ဘူး ထင်လို့ လုပ်မိပါတယ်ဗျာ။ အဘရဲ့ မေတ္တာကို စော်ကားမိပါတယ်။ ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးပါတော့''

ကိုယ့်ဝမ်းနှင့် မလွယ်ပေမယ့် ငယ်စဉ်ကတည်းက သားရင်းလိုပြုစုခဲ့သော ဦးတင်



လေး၏ မေတ္တာကို လောဘစိတ်ဖြင့် ပြုလုပ်ခဲ့သော အမှားတစ်ရပ်ကြောင့် ''ဝမ်းနှင့် မလွယ်၊ သားမမည်'' ဆိုသည့် စကားသည် မှန်နေပါရော့လား။


**သင်းသင်းလှိုင်(တပ်ကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဝင်းတင်
(ရွှေပင်မြေ)

# ခုတော့ပခြုပ်ထဲကမြွေဟောက်မ





www.burmeseclassic.com

www.burmeseclassic.com



## ခုတော့ ပခြုပ်ထဲက မြွေဟောက်မ

မောင်မောင်ဝင်းတင် (ရွှေပင်မြေ)

"ကျွန်တော် ရက်တယ် ဆရာ။ သိပ်ရက်တယ်။ ရက်တာမှ ကိုယ့်မျက်နှာကိုယ် ဓားနဲ့ လှီးပစ်ချင်လောက်အောင်ကို ရက်တယ်။ အလကား မိန်းမ ယုတ်မ။ အရှက်မရှိတဲ့ကောင်မ။ အစတုန်းကတော့ ကိုယ်က သနားလို့ ကူညီမိတာ အခုလို ဖွတ်ထွက်မှ တောင်ပို့မှန်း သိရတာ ရင်နာလိုက်တာ ဆရာရယ်။ တကယ်ပါ တကယ်ပါဗျာ။ ခြေနှစ်ချောင်းနဲ့ နားရွက်တိုကို မကယ်လေနဲ့၊ ရေဗူးတောင်းလဲမဆယ်နဲ့ ခြေနှစ်ချောင်းလဲ မကယ်နဲ့ ဆိုတဲ့ ရှေးလူကြီးတွေ ပြောစကား မှန်မှမှန်ဗျာ။ အပွဲပွဲနွဲလာသမျှ ဒီပွဲတော့ ကျွန်တော် နပ်နဲ့ ပစ်ခံလိုက်ရပြီပဲ တောက်"

ကျွန်ုပ်၏ စိတ်ထဲ၌ ကျွန်ုပ်၏ ရှေ့တွင် လူးလာခေါက်တုံ့ ဟိုလျှောက် သည်လျှောက်နှင့် စိတ်ဂနာမငြိမ်စွာ လမ်းလျှောက်ရင်း ပါးစပ်မှလည်း တဖြစ်တောက်တောက်နှင့် ပြောဆိုနေဟန်မှာ ရုပ်ရှင် ဗီဒီယို ဇာတ်ကားတွေထဲမှ သူဌေးကြီး တစ်ယောက်နှယ် ပင်။ သူ၏ တရားမဝင် ပစ္စည်းတော်တော်များများကို ရဲအဖွဲ့မှ ဖမ်းမိသွား၍ မကျေမနပ် ဖြစ်နေသော အိုက်တင် အမူအရာနှင့်ပင် တူနေသောကြောင့် ကျွန်ုပ်မှာ ဟား တိုက်ရယ်ချင်လာသလိုနှင့်ပင်။

"ဒီမှာ ငါ့ညီ ကျော်မင်းသိုက်၊ လောကကြီးအတွက်ရော မင့်အတွက်ရော မြန်မာစကားပုံတွေ အများကြီး ရှိပါသေးတယ်ကွာနော် (ဥပမာ) ဇာဒိတ်ဖိုသီးပိုးထိုးတာမျိုး။ အဲ လူပါးပုလင်းကွဲရှတာမျိုးတို့ မဟုတ်ဘူးလား"

"ဟော ဆရာတို့က တော့ လုပ်ချလိုက်ပြန်ပြီဗျာ။ ရင်ဘတ်ထဲက ဝေဒနာတွေ သက်သာလိုသက်သာငြား ဆရာ့ရှေ့ ရင်ဖွင့်ပြခါမှ ပေါ့စေလိုလို့ ဆေးထိုးပါမှ ဆေးအတွက် ပိုလေးဆိုသလို၊ ရှေ့နေငှားခါမှပဲ ထောင်လုံးလုံး ကျတော့မယ်"

"ငါ့ညီ ကျော်မင်းသိုက်၊ မင့် စကား နည်းနည်းတော့ ဖောင်းဖြစ်လာပြီထင်တယ်ကွာ။ တကယ်တော့ အနာသိရင် ဆေး ရှိရမှာပဲကွ။ အနာနဲ့ဆေးသင့် အောင်ပေးတဲ့။ နောက်တစ်ခုက ဥပဒေဘောင်အတွင်း နေထိုင် ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာတဲ့။ ကဲ မင်း ဘာပြောချင်သေးသလဲ"

ထိုသို့ ကျွန်ုပ်က ပြောလိုက်သည်နှင့် ကျော်မင်းသိုက်တစ်ယောက် အမေရိကန် ဟင်းစား ကြက်ဖကြီးအား လည်လိမ်ချိုးထားဘိသကဲ့သို့ ဖြစ်သွားလေတော့သည်။

"ကဲ ငါ့ညီ မောင်ကျော်မင်းသိုက် ဟင်။ မင်း အခု ဘာဆက်လုပ်မယ် စိတ်ကူးလဲ၊ တကယ်တော့ မင်းဟာ နုံမလိုလိုနဲ့ တကယ် အ,တဲ့ကောင်မျိုး။ ကဲ ပြောပါဦး။ မင်းပစ္စည်းတွေ ဘယ်လောက် ပါသွားသေးသလဲကွဟေ"

အခုတော့လည်း ကျော်မင်းသိုက်ဆိုသော အကောင်လေး တစ်ယောက်သည်ကား ကာလတစ်ခု အတောအတွင်း ကျားဘဝမှ နွားဘဝသို့ ရောက်လုလုဖြစ်နေလေတော့၏။ ရှော်

www.burmeseclassic.com



မည်ဆိုသော်လည်း ရုက်စရာ၊ သမင်ခတ်၍ သေသောကျားဖြစ်လုလု၊ တစ်ရွာလုံးက ပြစ်တင်ဝေဖန်နေကြသည်။ တချို့က မကြားတကြား၊ တချို့ ခင်မင်ရင်းနှီးသူများက ဆိုပါလျှင် စသလိုနောက်သလို လှောင်သလို မေးကြ၊ မြန်းကြ၏။ ဘာတဲ့ ..

"ဟော့ ဘယ်လိုလဲ မင့် ကောင်မလေး ပြန်မလာသေးဘူးလား" တဲ့။ ကဲ အဲဒီလို အပြောအဆို၊ အကြည့်တွေရဲ့ အောက်မှာ အနေခက်၊ အစားခက်၊ အသွားခက် ဖြစ်နေသော မောင်ကျော်မင်းသိုက်။ ခုတော့လည်း ခေါင်းငိုက်စိုက်။

"ဘယ်လိုလဲ ကိုယ့်ညီ မောင်ကျော်မင်းသိုက် ငါ မေးတာတွေကော ကြားရဲ့လားကွ။ ဟေ ဘာလဲ ငုတ်တုတ်မေ့သွားပြီပေါ့ ဟုတ်လား"

ထိုသို့ ကျွန်ုပ် မေးလိုက်ခါမှပင် မောင်ကျော်မင်းသိုက် တစ်ယောက် အိပ်နေရာမှ ပုတ်နိုးခံရ သူတစ်ယောက်ကဲ့သို့ ဖြစ်သွားပြီးလျှင် ...

"ဖြည်းဖြည်း ပြောပါ ဆရာရယ်၊ ဒီမှာ ကျွန်တော့်မှာ အလိုလိုမှ ရှက်ကြောင်ကြောင် နေရတဲ့ အထဲ ဆရာနဲ့တွေ့မှ ရှုးတောင် ရှုးချင်ဖြစ်လာပြီ။ ပါသွားတဲ့ ပစ္စည်းက သိပ်မများပါဘူး။ ကျွန်တော် စီးနေကျ ဆိုင်ကယ် တစ်စီးနဲ့ ကျွန်တော့် ကိုယ်ပိုင် ကျွန်တော် ဆွဲနေကျ ဆွဲကြိုးတစ်ကုံး တစ်ကျပ်ခွဲ သားတည်းပါ။ နောက်ပြီး ငွေကတော့ လေးငါးသောင်းလောက်ပါ။ အဲဒါတွေထက် အရေးကြီးတာက အရှက်နဲ့ ဂုဏ်သိက္ခာဗျာ"

"ကဲ ကောင်းပြီလေ၊ အကြံဉာဏ် တစ်ခုတော့ ပေးချင်တယ်။ ရှုးမယ့်အကြောင်း မပါဘူးနော်။ ထူးကိုထူးရမယ်။ အဲဒါက ဘာလဲဆိုတော့ ရဲစခန်းတိုင်မယ်၊ အမှုဖွင့်မယ်၊ ကိုယ့်ပစ္စည်းတွေအားလုံးပြန်ရမယ်ဆိုရင် အဲငါ့ညီ မောင်ကျော်မင်းသိုက် ပြောပြောနေတဲ့ အရှက်နဲ့ ဂုဏ်သိက္ခာ ပြန်ဆယ်သင့် သလောက် ပြန်ဆယ်မိပြီပေါ့ကွာ။ အဲဒီလိုမှ မဟုတ်ရင်တော့ ငါ့ညီမောင်ကျော် မင်းသိုက်တစ်ယောက်တည်းတင် ဂုဏ်သိက္ခာကျမှာ မဟုတ်ဘူးကွ၊ တစ်ဆွေလုံး တစ်မျိုးလုံး၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း တစ်ခုလုံး ဂုဏ်တွေ သိက္ခာတွေဖာလို့ထေးလို့ကို မရအောင်ကျမှာ။ ဘာဖြစ်လို့လဲသိလား၊ တချို့က ပြောကြမယ်လေကွာ၊ ဟ ကျော်မင်းသိုက်တို့ လူစုထဲမှာ ဥပဒေ နားလည်သင့်သလောက် နားလည်တဲ့သူ ပေါက်ပေါက်ရောက်ရောက်လူ နောက်ပြီးတော့ 'ဇ' ရှိတဲ့လူ မရှိကြတော့ဘူးလားလို့ မေးလာရင် ပြောလာခဲ့ရင် မင်း ဘယ်လို ပြန်ဖြေမလဲ။ ကဲ ပြောငါ့ သဘောပြောရရင်တော့ကွာ ငွေကို ကုန်သင့်သလောက် ကုန်ပါစေ ဟုတ်လား၊ အဓိကက ပစ္စည်းတွေအားလုံး ပြန်ရဖို့နဲ့ ဒီကောင်မလေးကို နောက်ဆုံး ထောင်ထဲ ထည့်နိုင်ရင် ဘယ့်နှယ်လဲ မောင်ကျော်မင်းသိုက်၊ ဟဲ-ဟဲ-ဟဲ မင်းတို့ငါတို့ သိက္ခာတွေ မကျနိုင်ဘူးပေါ့ကွာ၊ အရှက်တွေလဲ မရနိုင်တော့ဘူးပေါ့ ဟုတ်ဘူးလား"

ထိုသို့ရှိစဉ် ကျော်မင်းသိုက်သည် အနည်းငယ် စဉ်းစားနေဟန်ပြုပြီးနောက် ခဏအတွင်း မျက်နှာသည် ဝင်းပြုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးအမူအရာနှင့် မျက်ဝန်းအစုံမှ ဝင်းလက် တောက်ပလာ၏။ အံကိုလည်း ခပ်တင်းတင်းကြိတ်၏။ ခြေနှင့် လက်တို့သည် လှုပ်လှုပ်ရွရွ ဖြစ်လာပြီး နောက်---

''ကဲ--ဆရာ ဒါဖြင့်လဲ ရဲစခန်းသွားကြရအောင် ကျွန်တော်တို့ဘက်က ဘာတွေ လိုသေးသလဲ ပြောပါဦးဗျာ''ဟု မေးလာသောကြောင့် ကျွန်ုပ်မှာလည်း–

''နံပါတ် (၁) ငွေလိုတယ်။ နံပါတ်(၂) မောင်ကျော်မင်းသိုက်ရဲ့ မှတ်ပုံတင်နဲ့ အဖေမှတ်ပုံတင်။ အဲဒါပဲ၊ ကဲ သွားတော့''

ထို့နောက် မောင်ကျော်မင်းသိုက်သည် သွက်လက်သော ခြေလှမ်းများနှင့် အိမ်ပြန်သွားလေတော့သည်။

~~~~~

# ''ဆရာ သမီး ဗေဒင် မေးချင်လို့ပါ။ လိုအပ်ရင် ယတြာလဲ ချေရအောင်ပေါ့နော်။ အစုံသာ တွက်ချက်ပေးပါရှင်''

အင်း ငါတို့နေတဲ့ ရွာဟာ တောရွာလို့သာ ပြောရတယ်။ တစ်ခါတစ်ခါ နယ်စပ်မြို့လေးလို့တောင် ထင်ကောင်းထင်ရလောက်တယ်။ စီးပွားရေးအရ နယ်ပေါင်းစုံက ပြောင်းရွှေ့လာသူတွေ၊ ခရီးသွားတွေ၊ အရောင်းအဝယ်သမား၊ ယောကျ်ားမိန်းမတွေ ခြေချင်းလိမ်မတတ် ရှုပ်ယှက်ကို ခတ်လို့။ အဲဒီထဲမှာ မမြမှူ ဆိုတဲ့ မိန်းကလေး တစ်ယောက်လည်း အပါအဝင်ပေါ့။ တစ်နေ့ ကျွန်ုပ်အိမ်ကို ရောက်လာလေ၏။

''ဆရာ သမီး ဗေဒင် မေးချင်လို့ပါ။ လိုအပ်ရင် ယတြာလဲချေရအောင်ပေါ့နော်။ အစုံသာ တွက်ချက်ပေးပါရှင်''

ထိုသို့နှင့် ကျွန်ုပ်သည် မမြမှူ ဆိုသော မိန်းကလေးအား စိတ်ရှည်စွာ တွက်ချက်ပေးပြီးနောက် လိုအပ်သမျှသော ယတြာများပါ ရေးပေးလိုက်၏။ သို့သော် ကျွန်ုပ်သည်ကား မမြမှူအား သွယ်ဝိုက်သော ဗေဒင်ဟောနည်းနှင့်သာ ဟောပြောခဲ့လေသည်။ ကိန်းကျသမျှနှင့် လက္ခဏာ အရေးအကြောင်း အမှတ်အသားအတိုင်း ကုန်စင်အောင် မဟောပြောရက်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် မမြမှူသည် လွန်စွာ ပြေပြစ်၍ ချောမောလှပသော မိန်းကလေး တစ်ယောက်ဖြစ်၏။ အသားအရေ ဝင်းမှည့်စိုပြည်၏။ မျက်လုံး မျက်ခုံး နှာတံ နှုတ်ခမ်း ဆံပင် ကိုယ်လုံးကိုယ်ပေါက်မှအစ ပြောဖွယ်ရာမရှိ။ ခြောက်ပြစ်ကင်း သဲလဲစင်။ ဤအရာတို့သည်ကား အပြင်ပိုင်း ဆိုင်ရာ ရုပ်ဖွဲ့စည်းပုံ။ လက်ရှိ ဘဝ၏ လက္ခဏာ ပုံရိပ်သည်ကား တခြားစီ ဖြစ်နေ၏။ အဆိုးဝါးဆုံး အမှတ်သားမှာ လက္ခဏာ ပုံရိပ် အမှတ်အသားအရ သက်ခလယ်၏ အောက်ပိုင်း စနေဂြိုဟ်ခုံပေါ်က စနေကွင်း အမှတ်သား။ နောက်တစ်ချက်
~~~~~

www.burmeseclassic.com



အခု ရောက်ရှိနေသော အသက် အပိုင်းအခြားခန့်တွင် အင်္ဂါဂြိုဟ် ခုံမှနေ၍ အာယုလမ်းကြောင်း၊ အဲဒီနောက် သောကြာခါးပတ် လမ်းကြောင်းပေါ်က ရှုပ်ရှုပ် ထွေးထွေး အမှတ်သားတွေ။ အဲဒီနောက် တနင်္လာဂြိုဟ်ခုံနဲ့ သောကြာဂြိုဟ်ရင်း အခြေ နား ကို ဖြတ်ထိုးသွားတဲ့ ဂယ်ကွေး သဏ္ဌာန်လမ်းတွေအရ သိသင့် သလောက် သိပင်သိငြားလည်း ဟောသင့်သလောက်သာ ဟော ပြီးနောက် နောက်ဆုံး၌ ဒီက သမီးနဲ့ ဆရာနဲ့ဆုံတာတွေ့တာ (၆)လလောက်သာစောခဲ့ရင်--

"ကဲ ကိုယ့် ဆရာရေ သွားကြရအောင်ဗျာ။ တော်ကြာ နောက်ကျနေဦးမယ်"

မောင်ကျော်မင်းသိုက်၏ ခေါ်သံကြောင့် ကျွန်ုပ်၏ အတွေးစတို့သည် လျှပ်တစ်ပြက် လွင့်စဉ်သွားသော်လည်း-

"မင့် မြှုမ ငါတို့လက်က ပြေးမလွတ်နိုင်ပါဘူးကွာ။ သေချာပေါက်ကို ထောင်ထဲ အရောက်ပို့ပေးနိုင်မှာပါ။ မြှုဆိုတာ အကြောင်းတရားအရ ကောင်း စားပြနိုင်ရင် တစ်ခဏပဲ။

"ဘယ်က မြှုမ ရမှာလဲ၊ မြမှူပါ ဆရာသမားရယ်။ သေချာလဲလုပ်ပါဦး၊ တော်ကြာအလွဲတွေဖြစ်နေမှဖြင့်"

"အလွဲတွေ အတည့်တွေတော့မသိဘူးကွာ၊ ငါတို့ ဗေဒင် အခေါ်အဝေါ်အရတော့ ဒီကောင်မလေးရဲ့ ဗေဒင်ကိန်းဂဏန်းတွေ အရနဲ့ စနေဂြိုဟ်ခုံပေါ်က စနေကွင်းအရရယ်၊ အင်္ဂါဂြိုဟ်ခုံပေါ်ကနေ အာယုလမ်းကြောင်း အသက်လမ်းကြောင်းကို ဖြတ်ထိုးလာတဲ့ ဥပဒ်လမ်းကြောင်း အရ မိန်းကလေးဟာ တရားခံ အဖြစ် ရုံးမှာ အမှုနဲ့ရင်ဆိုင်၊ တရား တဘောင်လဲရှုံး၊ နောက်ဆုံး ထောင်ကျ။ သူ့ဘဝက အဲဒါပဲလေ။ ကံကြမ္မာလို့ပဲ ပြောပြော ကိုယ့်ကြမ္မာ ကိုယ်ပဲဖန်ဖန် အာမခံပါတယ် မောင်ကျော်မင်းသိုက်ရယ်"

ထိုသို့နှင့် ကျွန်ုပ်တို့ နှစ်ယောက်သည် စကား တပြောပြောနှင့်ပင် ရဲစခန်းသို့ ရောက်ရှိလာလေတော့သည်။

~~~~~

"ဟာ စာရေးဆရာ (ခေါ်) ဗေဒင်ဆရာနဲ့ မောင်ကျော်မင်းသိုက်တို့ပါလား။ အကြောင်းထူးတော့ ရှိပြီ ထင်တယ်။ ကဲ ထိုင်ကြဦး၊ အေးအေးဆေးပဲ မဟုတ်လား။ ပြောစရာရှိရင် ပြောနော် အားမနာပါနဲ့၊ ဒါမှ ကျွန်တော်တို့ဘက်ကလဲ ကူညီသင့်တာ ကူညီနိုင်မှာ ပွင့်ပွင့်လင်းလင်းသာ ပြော"

ထိုသို့နှင့် ကျွန်ုပ်မှာလည်း စခန်းမှူး ရဲအုပ်ထက်ဇင်အောင်နှင့် ရင်းနှီးပြီးသား ဖြစ်သောကြောင့်-

"ဒီလို ဗိုလ်ကြီးရေ ကိစ္စကတော့ ဒီကောင်လေး မောင်ကျော်မင်းသိုက်ရဲ့ ကိစ္စပါပဲ။ သူ့အိမ်မှာ လာတည်းသွားတဲ့ ကောင်မလေး မမြမှူက ဒီကောင်လေး မောင်ကျော်မင်းသိုက် စီးနေကျ ဆိုင်ကယ် တစ်စီးရယ်၊ နောက် တစ်ကျပ်ခွဲသား ဆွဲကြိုးတစ်ကုံးနဲ့ ငွေငါးသောင်းယူပြီး လစ်သွားတယ် ဗိုလ်ကြီးရယ်။ အဲဒါ အမှု ဖွင့်ချင်လို့ လာခဲ့တာပဲ။ အဲဒါ ကျွန်တော် တို့ကို ကူညီပါဦး"

ရဲအုပ် ထက်ဇင်အောင်သည် ခဏမျှ စဉ်းစားဟန်ပြုပြီး



www.burmeseclassic.com
~~~~~

www.burmeseclassic.com



နောက် လက်နှိပ်စက်စာရေးကြီး ဆရာကြီး ထွန်းကြည်နှင့် တခြားရဲဘော်များကို ခေါ်၍ အမှုဆောင်ရွက်မှုအစီအစဉ် စ,လေတော့သည်။ ထို့နောက်–

''ခင်ဗျားတို့ကို ကျွန်တော် မိတ်ဆက်ပေးရဦးမယ်။ ဒီညီလေးက အခုမကြာသေးခင် တစ်ပတ်လောက်ကမှ အထူးတာဝန်နဲ့ ရောက်လာတဲ့ ဒုရဲအုပ် ခိုင်မင်းဦးတဲ့။ အဲဒီတော့ အခု ကိုယ့်မိတ်ဆွေတို့ လာဖွင့်တဲ့ အမှုတွဲနဲ့ ဆက်စပ်ကောင်းဆက်စပ်နေနိုင်တယ်။ အဲဒီတော့ အမှု အသွားအလာ ကိစ္စအဝဝတွေအတွက် ခင်ဗျားတို့တွေအားလုံး တာဝန်ရှိသလို ဆက်ထက် ဆောင်ရွက်ကြပါ''

ထိုစဉ် ဒုရဲအုပ် ခိုင်မင်းဦးက လေးနက်တည်ကြည်ပြတ်သားသောအသံနှင့် စကားလမ်းကြောင်း စလေတော့သည်။

''ကဲ ကိုကျော်မင်းသိုက်ကိုပဲ အရင်မေးမယ်ဗျာ။ ခင်ဗျားမမြမှုအကြောင်း ဘာတွေသိသလဲ။ နောက်ထပ် ဘာတွေကူညီပေးရသေးလဲ။ မမြမှုရဲ့ အဓိကအလုပ်က ဘာလဲ။ အခု အဲဒီအမျိုးသမီး ဘယ်ဘက်ကို .ခြေဦး လှည့်တယ်လို့ ထင်သလဲ''

ထိုသို့ မေးလာစဉ် ကျော်မင်းသိုက်သည် အနည်းငယ်တွေဝေနေပြီးနောက်–

''ကျွန်တော့် အနေနဲ့ အမှန်အတိုင်း ဝန်ခံရမယ် ဆိုရင်တော့ ကျွန်တော်က မမြမှုအကြောင်း ဘာမှမသိဘူး။ ကျွန်တော်က ရိုးရိုးသားသား အရောင်းအဝယ်သမားပါ။ ရာသီအလိုက်ပေါ်ရာ စပါး၊ ပဲ၊ နှမ်း၊ ဆန်၊ ကြုံရင် ကြုံသလို ရောင်းတယ်၊ ဝယ်တယ်။ ဝယ်တယ် ရောင်းတယ်။ အဲဒီလိုနဲ့ တစ်နေ့ရွာတစ်ရွာမှာ အဲဒီလိုပဲ အရောင်းအဝယ် ကိစ္စနဲ့ မမြမှုနဲ့ ဆုံတွေ့ရင်းက ကျွန်တော့် အိမ်လိုက်လာပြီး ဒီနေရာကနေ ခဏဖြစ်ဖြစ် အထိုင်ချပြီး ပစ္စည်းသိမ်းခွင့် တောင်းတာနဲ့ ကျွန်တော်ကလဲ ထမ်းပိုးထားရတာ မဟုတ်လေတော့ ခွင့်ပြုလိုက်တယ်။ ကျွန်တော်တို့မှာကလဲ သားအမိ နှစ်ယောက်တည်းဆိုတော့ မမြမှုအတွက် အဆင်ပြေလောက်တယ် ထင်ပါတယ်။ ကျွန်တော်ကလဲ ကျွန်တော့် အရောင်းအဝယ်ကိစ္စနဲ့

''ကဲ ကိုကျော်မင်းသိုက်ကိုပဲ အရင်မေးမယ်ဗျာ။ ခင်ဗျား မမြမှုအကြောင်း ဘာတွေသိသလဲ။ နောက်ထပ် ဘာတွေကူညီ ပေးရသေးလဲ။ မမြမှုရဲ့ အဓိက အလုပ်က ဘာလဲ။ အခု အဲဒီ အမျိုးသမီး ဘယ်ဘက်ကို ခြေဦးလှည့်တယ်လို့ ထင်သလဲ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိမ်မှာ နေရတယ်မှ သိပ်မရှိလေတော့။ အဲ တစ်ခါတလေမှာတော့ မမြမှူလဲ ကျွန်တော်နဲ့အတူ လိုက်လာပြီးတော့ သူ့ အရောင်းအဝယ်ကိစ္စတွေ မေးမြန်း စုံစမ်းတာတော့ တွေ့တာပဲ''

ကျွန်ုပ်သည် ဘာမျှဝင်ပြောခြင်းမရှိဘဲ သူတို့ပြောသမျှ ငြိမ်၍သာ နားထောင်နေမိ၏။ ပွဲကြည့် ပရိသတ် တစ်ယောက်ကဲ့သို့ ရှိနေပေတော့သည်။ ထိုအခါ ဒုရဲအုပ် ခိုင်မင်းဦးသည် လေးနက် သေချာစွာ စဉ်းစားဟန်ပြုပြီးနောက်–

“ခင်ဗျား သိတာ အဲဒါအကုန်ပဲလား။ ကိုကျော်မင်းသိုက် သေချာ စဉ်းစားကြည့်ပါဦးဗျာ။ အရောင်းအဝယ်နဲ့ ပတ်သက်တဲ့ ထူးခြားတဲ့ ကုန်ပစ္စည်း၊ ဒါမှမဟုတ် မမြမှူရဲ့ တစ်စုံတစ်ရာ လေ့လာ သုံးသပ်မှုတွေ ခင်ဗျား နားလည်သလိုပဲ ပြောကြည့်ပါ''

''အရောင်းအဝယ်နဲ့ ပတ်သက်လို့ ရွာတစ်ရွာကို ဝင်တိုင်း ဝင်တိုင်း အဓိက မုဆိုးလုပ်စားတဲ့ လူတွေကို မေးလေ့မေးထ ရှိတယ်။ အဲဒီနောက် တောကောင်တွေရဲ့ ဦးချို သားရေ၊ အစွယ်။ အဲအစွယ်ဆိုလို့ ဝက်စွယ်နီ ကင်းပိတ်၊ နောက် ဆင်စွယ်၊ နောက် မြိုင်စိန်။ မိုးကြိုးသွား အမျိုးမျိုးနဲ့ တခြား ဂမ္ဘီရပစ္စည်းတွေဖြစ်တဲ့ ကျောက်လက်ဝါး၊ ကျောက်မိချောင်း၊ ကျောက်သွေး၊ ကျောက်ဘီလူး စုံနေတာပါပဲဗျာ။ နောက်တစ်ခု မမြမှူက ဘာသာရေး အတော်လိုက်စားတယ်ဗျ။ ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်း ဝင်မိပြီဆိုရင်လဲ တော်တော်နဲ့ကို ပြန်ထွက်မလာတော့ဘူး။ သမိုင်းလေ့လာတယ်ဆိုလား၊ သမိုင်းပြုစုဖို့ဆိုလား ရှေးဟောင်းဘုရား တစ်ဆူသာ တွေ့လို့ကတော့ စာအုပ်တစ်အုပ်နဲ့ မှန်ဘီလူးတကားကားနဲ့ အလုပ်ရှုပ်နေတော့တာပဲ။ နောက် အိတ်ထဲကပါလာတဲ့ ဗီဒီယိုဒီဂျစ်တယ် ကင်မရာတစ်လုံး ထုတ် လေးဖက်လေးတန် မကဘူးဗျာ။ ဘက်စုံထောင့်စုံကနေ အနီးကပ် ရိုက်ယူတော့တာပဲ။ တစ်ခါတလေ ဘုန်းကြီးကို တိုးတိုးတိုးတိုးနဲ့ ကပ်ပြီး ဘာတွေ ပြောမှန်းတော့ မသိပါဘူးဗျာ။ နောက်တစ်ခု မမြမှူက သူ့ကိုယ်သူ သမိုင်းဘာသာရပ်နဲ့ ကျောင်းပြီး ဘွဲ့ရ တစ်ယောက်ဖြစ်လို့ သူ ဝါသနာပါတဲ့ ရှေးဟောင်း အမွေအနှစ် ထိန်းသိမ်းမှုဆိုင်ရာ မြန်မာ သမိုင်းပြတိုက်မှာ လက်ရှိ အလုပ် ဝင်လုပ်နေကြောင်း၊ အဲဒီလိုတော့ ပြောတာပဲ ဗိုလ်လေး''

''ကျွန်တော် နောက်တစ်ခု မေးချင်တယ်။ အဲဒါက ဘာလဲဆိုရင် တစ်မျိုးတော့ မတွေးပါနဲ့နော် မမြမှူ ရေချိုးတာ ဘယ်နှစ်ခါ မြင်ဖူးတွေ့ဖူးသလဲ။ သူ့ခန္ဓာကိုယ်ပေါ်မှာ ထူးခြားတဲ့ အမှတ်အသားအဖြစ် ဘာတွေ့ဖူးသလဲ၊ တစ်ချက်လောက် စဉ်းစား ကြည့်ပါဦး၊ ကိုကျော်မင်းသိုက်''

ကျော်မင်းသိုက်သည် ထိုမေးခွန်းကို တော်တော်နှင့် အဖြေမပေးနိုင်ဘဲ အတန်ကြာ စဉ်းစားနေ၏။ ထို့နောက်–

''အဲ– ဟုတ်ပြီ ဗိုလ်လေး၊ ကျွန်တော် အခုမှ သတိထားမိတယ်။ မမြမှူလည်ပင်းက ဆွဲကြိုး ဘောက်သီးက လိုကိုတံဆိပ်နဲ့ ကျောလည်က မွေးရာပါလား၊ ဒါမှမဟုတ် အခေါင်



www.burmeseclassic.com

www.burmeseclassic.com



လား၊ အလှဆေး ထိုးထားတာလားတော့ ကျွန်တော် သေချာမေးမကြည့်မိဘူးဗျာ။ တကယ့်တစ်ပုံစံတည်းပဲ။ အရုပ်က မြွေဟောက်တစ်ကောင် ပါးပြင်းထောင်နေတဲ့ ပုံမျိုး။ မာန်ပါပါဟန်ပါပါနဲ့ တော်တော် အသက်ဝင်တယ်ဗျာ။ လက်ရာကလဲမြောက်ပါပေ့''

ဒုရဲအုပ်ခိုင်မင်းဦး၏ မျက်ဝန်းအစုံမှ ဝင်းလက်တောက်ပသော လျှပ်စီးတစ်စုံ ဖြတ်သန်းသွားသည် ထင်ရ၏။ ထို့နောက်ခေါင်းတညိတ်ညိတ်နှင့် လွန်စွာသဘောကျနေသော အမူအရာနှင့် ခပ်ဆတ်ဆတ် လက်ဖြောက်တစ်ချက် တီးလိုက်ပြီးလျှင်-

''ဒီတစ်ခါတော့ ခင်ဗျားသိပ်တော်သွားပြီဗျာ ကိုကျော်မင်းသိုက်၊ ခင်ဗျား သိပ်တော်သွားပြီ။ ဩော်-- မြွေဟောက်မ မြွေဟောက်မ၊ ညည်းကဒီမှာလာပြီး ခွေနေတာကိုး''

''ဗျာ''

ဒီတစ်ခါ အံ့ဩကြီးစွာနှင့်အာမေဋိတ်အသံ အလန့် တကြား ထွက်လာသူမှာ ကိုကျော်မင်းသိုက် ဖြစ်၏။ ကျွန်ုပ်သည်ပင် လွန်စွာ အံ့ဩသွားမိလေသည်။ ဒုရဲအုပ် ခိုင်မင်းဦးသည်စီးကရက်ကို အားပါးတရ ဖွာရှိုက်နေရင်းမှ--

''ခင်ဗျားတို့ကို ဒီထက်အံ့ဩသွားအောင် ပြောပြရဦးမယ်။ တကယ်တော့ မမြမှုဟာနဂါးနက်ဂိုဏ်းထဲက ဒုတိယလူပဲ။ သူ့နာမည်က မြွေဟောက်မ။ ဂိုဏ်းခေါင်းဆောင်ဖြစ်တဲ့နဂါးနက် ဦးကြင်ဝမ်ကတော့မြွေဟောက်မရဲ့ဖခင်။ သူ့အစ်ကိုနှစ်ယောက်က တစ်ယောက်ကနဂါးနီ၊ တစ်ယောက်က နဂါးစိမ်း။ သူတို့ မိသားစုတွေဟာကိုယ်လုံပညာ ကျွမ်းကျင်ကြတယ်။ ကျွမ်းတာကိုလဲ မပြောနဲ့အရင်တုန်းက နဂါးနက် ဆိုတဲ့နာမည်နဲ့ သိုင်းသင်တန်း ဖွင့်စားလာကြတာလေ။ အဲဒီထဲမှာကိုယ်လုံပညာ အကျွမ်းကျင်ဆုံးနဲ့ လက်နက်ပုန်း အသိပ်သုံးတတ်ပြီး ကြောက်စရာ အကောင်းဆုံးကတော့ မမြမှုဆိုတဲ့အလှအပ မြွေဟောက်မပဲ''

''ဗျာ''

''မဗျာနဲ့ ကိုကျော်မင်းသိုက်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဝန်ထမ်းတော်တော်များများဟာ အမှုတစ်မှု ပေါ်ပေါက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်တဲ့ နေရာမှာ အချိန်အား လူအား ငွေအား နောက်တစ်ခု စေတနာ ဝါသနာ အနစ်နာတွေနဲ့ သူ့အသက် ကိုယ့်အသက် လောင်းကြေးထပ်ထားရတာ ကိုကျော်မင်းသိုက်။ နောက်တစ်ခု ခင်ဗျားတို့လိုတရားလို အမှုသည်တွေက ပြောလိုက်သေးတယ်၊ ဘာတဲ့ ရဲကိုဘယ်လောက် ပေးရတယ်၊ ဟုတ်လား။ ဟဲ---ဟဲ ရယ်စရာ တော်တော် ကောင်းတယ်။ ဒီမှာ ကိုကျော်မင်းသိုက် ထမင်းဆိုင်တစ်ဆိုင် ဝင်စားမယ်၊ ကားစီးမယ်၊ နောက်အကြောင်းကြောင်းကြောင့် တည်းခိုခန်းတစ်ခန်းမှာဝင်တည်းမယ်။ အဲဒီအခါမှာကျွန်တော်ကကျွန်တော်ဟာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနဲ့ မြေပေါ်မြေအောက်သန့်ရှင်းရေးက အထူးအရာရှိ ဒုရဲအုပ် ခိုင်မင်းဦးပါဆိုလို့ တန်ရာတန်ကြေး မပေးရဘူးလို့ မထင်လိုက်နဲ့ ကိုယ့်လူ။ ပေးရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



တချို့ နေရာတွေမှာဆိုရင် တန်ပြန် ထောက်လှမ်းမှု၊ လျှို့ဝှက်သတင်း ပေါက်ကြားမှုကြောင့်နဲ့ အမျိုးမျိုးသွားလာ တည်းခိုရတာတွေ ရှိတယ်။ အဲဒီတော့ ငွေနဲ့လမ်းခင်း အသက်နဲ့ရင်းပြီး လုပ်နေရတာနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ခင်ဗျားတို့ ကျွန်တော်တို့ အပေါ်မှာ ပေးရလို့ ကုန်တယ်ကျတယ်ဆိုတာ ခေတ်စကားနဲ့ပြောရရင်တော့ ပါးပါးလေးပါဗျာ။ အခု ကိုကျော်မင်းသိုက်ပါသွားတဲ့ ပစ္စည်းအားလုံးနဲ့ ငွေတွေကို ကြေးဖြတ်မယ်ဆိုရင် ကာလ ပေါက်ဈေးသိန်း (၂၀) အပေါ်မှာ ရှိနေတယ်။ ဟုတ်တယ် မဟုတ်လား။ ရေအဆုံး ကုန်းတစ်ဝက်လို့ မဆိုလိုဘူးနော်။ အဓိကကတော့ အလိုက်သိဖို့နဲ့ နားလည်မှုရှိဖို့ပဲလိုတယ်။ ဘယ်လိုလဲ ကိုကျော်မင်းသိုက်''

ကျွန်ုပ်တို့ အားလုံးသည် အခုမှပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲဝန်ထမ်း အားလုံးကို အမြင်ကြည် နားလည်ပါတော့သည်။ ကိုယ်ချင်းစာနာမှုသည်လည်း ပြည့်ဝလာတော့၏။ သို့သော် ဗိုလ်လေး ခေါ် ဒုရဲအုပ် ခိုင်မင်း

## ''အမှန်အတိုင်း ဝန်ခံရရင်တော့ ဗိုလ်လေးရယ် ဒီကိစ္စမှာ ကျွန်တော် ခံရတယ်ဆိုတာကို ရှက်လဲရှက်တယ်၊ အိမ်ထဲက အိမ်ပြင် မထွက်ချင်အောင်ကို ရှက်တယ်ဗျာ''

---

ဦးသည် စီးကရက်တစ်လိပ်ကို ထပ်ညှိပြီး အားပါးတရ ဖွာရှိုက်နေပြန်သည်။ ထို့နောက်–

''ခင်ဗျားတို့ကိုလဲ ကျွန်တော် ကိုယ်ချင်းစာပါတယ်။ ကျွန်တော် ရဲဝန်ထမ်း တစ်ယောက် မဖြစ်ခင် ငယ်ရွယ်စဉ် ကျောင်းသားဘဝကနေ ကျောင်းမပြီးခင်အထိ ရဲတွေကို ကြည့်မရအောင်ကို အမြင်စောင်းခဲ့ဖူးတယ်လေဗျာ။ ကဲ ဒါတွေထားပါတော့ ကိုကျော်မင်းသိုက်က



www.burmeseclassic.com

www.burmeseclassic.com



ကော ဒီကိစ္စကို ဖြစ်ပြီးပြီးချင်း ကျွန်တော်တို့ ရဲစခန်းကို ဘာပြု လို့ အကြောင်းမကြားတာလဲ"

ထိုသို့ ဒုရဲအုပ် ခိုင်မင်းဦး ၏ မမျှော်လင့်ဘဲ မေးလာသော မေးခွန်းကြောင့် ကျွန်ုပ်တို့ နှစ်ဦး မှာ တစ်ယောက်မျက်နှာ တစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန်ကြည့်နေကြရင်းမှ ကျော်မင်း သိုက်ကပင် သက်ပြင်းရှည်ကြီး ချပြီးနောက်–

"အမှန်အတိုင်း ဝန်ခံရ ရင်တော့ ဗိုလ်လေးရယ် ဒီကိစ္စ မှာ ကျွန်တော်ခံရတယ် ဆိုတာ ကို ရှက်လဲရှက်တယ်၊ အိမ်ထဲ က အိမ်ပြင် မထွက်ချင်အောင် ကို ရှက်တယ်ဗျာ။ ကျွန်တော်နဲ့ အတူ ပြိုင်ဘက် အရောင်းအ ဝယ်သမားတွေ ပွဲစားတွေရဲ့ သ ရော်အပြုံး၊ လှောင်ပြုံး မထိမခိုက် မကြားတကြား စကားသံတွေ ကို မခံချင်ဘူး။ အဲဒါကြောင့်ပါ။ ဒါပေမယ့် တကယ်တမ်း ဥပဒေ ဘောင်အတွင်းက ကြည့်ရင် တော့ ကျွန်တော့်ဘက်က လုံးဝ ကို အမှားကြီး မှားနေတယ်ဆို တာ ခုတော့ သိသွားပါပြီဗျာ"

"ဒီလိုပေါ့ဗျာ။ လူ တစ် ယောက်ဆိုတာ အမှားကို အမှား မှန်းသိရင် အမှန်ကို ဖြည့်စွက် နားလည်လို့ရပါတယ်။ တကယ် တော့ အမှားနဲ့ အမှန်ဆိုတာ ပြဒါးနဲ့သံလိုပါပဲ။ ကဲ––ဒီတစ်ခါ တော့ ဗေဒင်ဆရာရဲ့ အလှည့် ပဲဗျ။ ကျွန်တော်တို့ ဒီအမှုကို လွယ်လွယ်နဲ့ ဖမ်းလို့ ရမရဆရာ ရဲ့ ဗေဒင်ပညာနဲ့ တွက်ချက် ကြည့်ပါဦး။ ဉာဏ်ပူဇော်ကြေး ကတော့ အဲဒီမှာ ကိုကျော်မင်း သိုက်က ဒကာတော်ရေမြေ့ရှင် ပဲ"

ကျွန်ုပ်သည် စခန်း အ တွင်းမှ တိုင်ကပ်နာရီကို ကြည့် ပြီးနောက် ပတ်ဝန်းကျင်ဘေးဘီ ဝဲယာတို့အား မျက်လုံးဝေ့ကြည့် မိ၏။ ထို့နောက် ရဲဝံ့စွာပင် ပြန် ၍ အဖြေပေးလိုက်မိ၏။ ကျွန်ုပ် အဖြေကို ဒုရဲအုပ် ခိုင်မင်းဦး ယုံကြည်ပုံမပေါ်ပေ။ ထို့ကြောင့် စောဒက တက်လာထင်၏။

"ဘယ်––ဘယ်လိုဗျ–– ဗေဒင်ဆရာ–– ဖြစ်ကော ဖြစ် နိုင်ပါ့မလားဗျာ။ မြွေဟောက်မ ဆိုရင် ဒုစရိုက်လောကမှာအသံ ကြားတာနဲ့ ဖိန့်ဖိန့်တုန်နေတာ။ သိုင်းလောက ဆပ်ကပ်လောက တွေထဲက လာတာဗျ။ ဆိုင် ကယ်နဲ့ ပတ်သက်ရင် ကမ္ဘာလုံး ထဲတောင် စီးလာတဲ့ မိန်းက လေး။ ဓားပေါက်တဲ့နေရာမှာလဲ လူတစ်ယောက်ကို မျက်နှာပဝါ စည်းပြီး ပေါက်တာ။ အပေါက်ခံ ရတဲ့ လူကိုတောင် ဓားတွေကြား က မနည်း ဆွဲထုတ်ရတယ်။ အဲဒီနောက် လူတစ်ယောက်စာ ကျန်နေတဲ့ နေရာလပ်ကို လက်နက် ပုန်းလို့ခေါ်တဲ့ ကြယ် တွေနဲ့ ပေါက်ပြတာများ မျက် လုံးဆို မျက်လုံး၊ ဝမ်းဗိုက်ဆို ဝမ်းဗိုက်၊ ဒုတ်ခဲနဲ့ ကွက်တိ။ သူ့အစ်ကိုတွေ ဖြစ်ကြတဲ့ နဂါး နီနဲ့ နဂါးစိမ်းကလဲ ကျွမ်းမှ ကျွမ်း။ လျှမ်းလျှမ်းတောက်တွေ။ အဲဒီတော့ သူတို့တွေအားလုံး ပညာတွေသင်ပေးတဲ့ သူတို့ရဲ့ အဖေ၊ မင်းသားခေါင်းစွပ်ထား တဲ့ သူတော်ကောင်း ယောင် ဆောင်နေတဲ့ လောဘကုမ္ဘာရ ဒေါသကုမ္ဘာရ လူ့ဘီလူးကြီးစစ် စစ်။ နဂါးနက်ဆိုရင်တော့ တွက် သာကြည့်ပေတော့။ အဲဒီတော့ သူတို့အဖွဲ့ကို လွယ်လွယ်ကူကူနဲ့ ဖမ်းဆီးရမိဖို့ ဆိုတာတော့ မဖြစ် နိုင်ဘူးထင်ပါတယ်ဗျာ။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်လောက် ထပ်ပြော ကြည့်ပါဦး ဗေဒင်ဆရာရယ်''

ထိုသို့နှင့် ကျွန်ုပ်သည် အထောက်အထား ခိုင်လုံစွာနှင့် နောက်တစ်ခေါက် ထပ်၍ပြောရ ပြန်လေတော့၏။

''ဗိုလ်လေးက ကျွန်တော့်ရဲ့ ဗေဒင်ပညာကိုမယုံဘူး ထင်တယ်။ နာမည်တစ်လုံးနဲ့ လုပ်စားနေတာပါဗျာ။ ကျုပ်အိမ်က ဆိုင်းဘုတ်ကို လာကြည့်လိုက်ဦး။ ''ဗေဒင်ယတြာနှင့် အခါတော်ပေး''တဲ့။ မှတ်ထားလိုက်။ အခု မြွေဟောက်မတို့ အုပ်စု အဖွဲ့အားလုံး နီးပါးကို ကြက်ကလေး ငှက်ကလေး ဖမ်းမိသလိုကို ဖမ်းမိစေရမယ်။ အဲဒီအထဲမှာ ခေါင်းဆောင်ကြီးပါ မိကိုမိရမယ်။ ဘာပြုလို့ ဒီလိုဟောကိန်း ထုတ်ရသလဲဆိုတာ ဗိုလ်လေးတို့ ကျွန်တော့်ကို မေးတဲ့အချိန်က တနင်္ဂနွေအချိန်။ စနေမရဏနှစ်၊ အတိတ်နိမိတ် စနည်းတဘောင် ဉာဏ်ရှိတိုင်း ဆောင်တဲ့။ ကျွန်တော်တို့နေတဲ့ ကျွန်းက တောင်ကျွန်း။ အဲဒီတော့ ဇမ္ဗူဒီပါလက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းတယ်တဲ့။ နိမိတ်ဖတ်ဗေဒင်ဟောကိန်းအရ ကြည့်တော့လဲ တာလမ်းပေါ်မှာ ကြက်တူရွေးတောင် ဖမ်းစားတဲ့ ကောင်လေး တစ်ယောက်။ သူ့ရဲ့ ကြက်တူရွေး လှောင်ချိုင့်ထဲမှာ အားလုံးပေါင်း (၅)ကောင်၊ အကြီးဆုံး တစ်ကောင်က ကြက်တောကြီး၊ အလတ် (၃)ကောင်က ကုလား၊ (၃)ကောင်မှာ တစ်ကောင်က နည်းနည်းငယ်တော့ အမဖြစ်နိုင်တယ်၊ အငယ်ဆုံးတစ်ကောင်က တော့ ကျေးကြုတ်ဆိုတော့ အဖြေက ရှင်းနေပြီလေ။ အဲဒါမှာ ကောင်လေးတစ်ယောက်ရဲ့ သူငယ်ချင်း တစ်ယောက်က နှုတ်ဆက်သွားသေးတယ်။ ''ဟာ ဟော့ကောင် ရဲနိုင်၊ ဒီနေ့ မင်း အောင်မြင်လှချေလားတဲ့'' အဖြေက အဲဒါပဲလေ ဗိုလ်လေး ရှင်း ရှင်းလေးပဲ''

''ဟာ.. ဒီကိစ္စက ကျွန်တော်တော့ သိပ်မယုံချင်သေးဘူးဗျာ။ ကျွန်တော်တို့နှစ်ယောက် တစ်ခုခုတော့ အပေးအယူ သဘောမျိုး လုပ်မှထင်တယ်။ လောင်းကြေးထပ်ရဘယ်လိုနေမလဲ။ ကျွန်တော်တို့က လက်တွေ့သမား၊ သိပ္ပံသမားတွေ''ဟု ပြောလာသောကြောင့်--

ကျွန်ုပ်သည်လည်း စိတ်အတွင်း၌ ကြည်ရွှင်သွားကာ -

''ဟော တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ဗိုလ်ကြီး ပြန်ရောက်လာတာနဲ့ အလောတော်ပဲ။ ဒီလိုဗိုလ်ကြီး၊ ကျွန်တော်နဲ့ ဗိုလ်လေးနဲ့အလောင်းအစားတစ်ခုဖြစ်နေတယ်။ ကျွန်တော်က အခုနက ကျွန်တော်တို့ အမှုလာဖွင့်တဲ့ကိစ္စ တရားခံတွေကို ချောချောမောမောမိရမယ်။ ထပ်ပြောလိုက်ဦးမယ်ဗျာ။ တစ်ရက် အတောအတွင်း (သို့မဟုတ်) တစ်နာရီအတောအတွင်း မိကိုမိရမယ်။ အဲဒါ ဗိုလ်ကြီးက ကျွန်တော်တို့နှစ်ယောက်ရဲ့ အလုပ်ကိစ္စမှာ သက်သေ လုပ်ပေးပါ။ ဗိုလ်လေးကို ကျွန်တော် အားတော့နာတယ်ဗျာ။ ပလေကပ်ဆိုနည်းနည်း ဈေးများတယ်။ အဲဒီတော့ ဦးဂျမ်းတစ်ကွင်းကြေး''ဟု ပြောလိုက်ရာ--

ဒုရဲအုပ် ခိုင်မင်းဦးက ကျေနပ်စွာ ခေါင်းကိုညိတ်လိုက်ပြီးနောက် ဗိုလ်ကြီးအား အလေး



www.burmeseclassic.com

www.burmeseclassic.com



ပြ၍-

"ဆက်လုပ်ခွင့်ပြုပါ" ဟု ခွင့်တောင်းပြီးနောက်-

"ကဲ ဗေဒင်ဆရာရေ၊ လူမှာကတိ၊ မင်းမှာသစ္စာတဲ့။ တည်စေနော်။ ကျွန်တော်ကလဲ အဲဒီလို စိန်ခေါ်လာရင် တိမ်ပေါ်အထိ တက်ချင်တဲ့ လူမျိုးဗျ။ အဲဒီလို လူတွေရှာနေတာ၊ အင်းဘာလိုလိုနဲ့ ဦးဂျမ်းပုဆိုးလေးတော့ ဝတ်ရချည်သေးရဲ့"

ကျွန်ုပ်နှင့် ဒုရဲအုပ်ခိုင်မင်းဦးတို့ တစ်ယောက်နှင့် တစ်ယောက် ရင်းနီးစွာ အချေအတင် ပြောနေကြသည်ကို မောင်ကျော်မင်းသိုက်သည်ကား ငြိမ်သက်စွာ ငေး၍ ကြည့်နေလေ၏။ ထိုစဉ် စခန်းမှူး ရဲအုပ် ထက်ဖင်အောင်သည် ကျွန်ုပ်တို့အားလုံးအား တစ်ခုခု ပြောချင်နေဟန်ရှိ၏။ သို့သော် --

"ကလင်---ကလင်--ကလင်"

"ဟဲလို-အမိန့်ရှိပါ၊ ကျွန်တော် ------အပိုင်ရဲစခန်းက စခန်းမှူး ထက်ဖင်အောင်ပါ"

"ဩော်--ဟုတ်ကဲ့-- ဟုတ်ကဲ့--- အဲ---ဟုတ်ကဲ့- ရှိပါတယ်ခင်ဗျ--ဟုတ်ကဲ့--- ဟုတ်ကဲ့--ဟုတ်ကဲ့ပါ--ကျွန်တော် ဆက်လက်ဆောင်ရွက်ပေးလိုက်ပါ့မယ်၊ ဟုတ်ကဲ့--- ဟုတ်ကဲ့--အခုပဲ အမှုလာဖွင့်ကြတယ်--ဟုတ်ကဲ့ပါ-ဒုရဲအုပ်ခိုင်မင်းဦးနဲ့ တစ်ပါတည်း ထည့်ပေးလိုက်ပါ့မယ်။ ဟုတ်ကဲ့-- ဟုတ်ကဲ့ပါခင်ဗျာ--ဟုတ်ကဲ့ပါ"

စခန်းမှူး ရဲအုပ် ထက်ဖင်အောင်သည် တယ်လီဖုန်းကို နေရာတကျ သေချာစွာချပြီးနောက်---

"ကဲ-- ဗိုလ်လေးခိုင်မင်းဦးရေ၊ မြို့နယ်မှူးဆီက ဖုန်းလာတယ်။ အဲဒီတော့ ဗေဒင်ဆရာကို ဦးဂျမ်းပုဆိုးသာ ဝယ်ပေးလိုက်ပေတော့။ မောင်ရင်လိုက်နေတဲ့ အမှုတွဲထဲက တရားခံ(၅)ယောက်စလုံး ဖမ်းမိထားပြီတဲ့။ ------မြို့နယ်အချုပ်ခန်းထဲရောက်နေကြပြီတဲ့။ အဲဒီထဲမှာ မိန်းကလေး တစ်ယောက်ပါတယ်။ မမြမှုလို့ ပြောတာပဲ။ ----- ရွာကကောင်လေးလဲ တစ်ပါတည်း ခေါ်ခဲ့ပါလို့ပြောတယ်။ ပစ္စည်း

**"ကဲ ဗေဒင်ဆရာရေ၊ လူမှာကတိ၊ မင်းမှာသစ္စာတဲ့။ တည်စေနော်။ ကျွန်တော်ကလဲ အဲဒီလို စိန်ခေါ်လာရင် တိမ်ပေါ်အထိ တက်ချင်တဲ့ လူမျိုးဗျ"**



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန်အပ်ချင်လို့ဆိုလား၊ တောင်းပန်ချင်လို့ဆိုလား။ အဲဒီတော့ ကဲ အချိန်မီပါသေးတယ် အခုပဲ သွားကြတော့''

ဟု စခန်းမှူးရဲအုပ် ထက်ဇင်အောင်က ပြောလာသောကြောင့် ကျွန်ုပ်တို့သည် ---မြို့နယ် ရဲစခန်း ရုံးစိုက်ရာသို့ သွားရန်အတွက် အရေးပေါ် ပြင်ဆင်ရလေတော့သည်။

~~~~~

ထိုသို့နှင့် မြို့နယ် ရဲစခန်း ရောက်၍ တရားခံများကို ဖမ်းမိပုံအကြောင်း စုံစမ်းမေး မြန်းကြည့်ရာ ရဲစခန်းရှေ့အနီး တစ်ဝိုက်တွင် သူတို့အချင်းချင်း ဆိုင်ကယ် တစ်စီးနှင့်တစ်စီး ကျော်တက်ရာမှ နားလည်မှု လွဲပြီးလျှင် အရှိန်ပြင်းစွာ မောင်းလာသော အားကြောင့် (၃)စီးတွဲ အတွဲလိုက် မှောက်လဲသွားရာမှ ဆိုင်ကယ်မောင်းနှင်လာသူများမှာ အနာတရဖြစ်သူဖြစ်၊ သတိလစ်သူ လစ်နေကြကြောင်းနှင့် မသင်္ကာ၍ ရှာဖွေကြည့်ကြရာ ၎င်းတို့၏ အိတ်ထဲ၌ ဘုရားဆင်းတုတော် (၅)ဆူနှင့် တခြား တရားမဝင် သယံဇာတပစ္စည်းများနှင့် စကားပြောလက်ကိုင်ဖုန်း (၃)လုံးနှင့်အတူ ငွေကျပ် (၁၀)သိန်းတို့ကို တွေ့ရှိရ၍ သက်သေခံ ပစ္စည်းများနှင့်အတူ ---မြို့နယ်ရဲစခန်းမှ ဖမ်းဆီးထားကြောင်း သိရလေတော့သည်။

မောင်ကျော်မင်းသိုက်သည် နှေးကွေးသော ခြေလှမ်းများဖြင့် ကျွန်ုပ် အနားသို့ လျှောက်လာပြီးလျှင်-

''ဆရာပြောတာ သိပ်မှန်သွားပြီ ဆရာရယ်။ မြမှူဟာ ကျွန်တော့်ဆီကို လာခြင်းကောင်းပေမယ့် ပြန်ခြင်း မကောင်းတဲ့ မြူမလေး ဖြစ်သွားရတာကို ကျွန်တော် စိတ်မကောင်းမိတာ အမှန်ပါ။ ဪ် မြမှူဆိုတဲ့ မြူမလေးရယ်''

ထိုသို့နှင့် ဒုရဲအုပ် နိုင်မင်းဦးသည် ရယ်ဒီမိတ် ဦးဂျမ်းပုဆိုးပါကင်လေးကို ကျွန်ုပ်အား ပေးပြီးလျှင်-

''လေးစားပါတယ် ဗေဒင်ဆရာ။ ဒီတစ်ပွဲမှာတော့ ဦးဂျမ်းတင်မကဘူး စာရေးဆရာလိုင်းက ကြည့်မယ်ဆိုရင်တော့ ကုန်ကြမ်းပါ ရသွားပြန်ပြီပေါ့ဗျာ။ ဪ်--ကိုယ့်ဆရာ တကယ်လို့ ဝတ္ထုတစ်ပုဒ်အနေနဲ့ ရေးဖြစ်ခဲ့ရင်တော့ မြို့နာမည်၊ ရွာအမည်လေးတွေ ဖျောက်ရေးပေးပါ။ တော်ကြာ ပုဂ္ဂိုလ်ရေးလေးတွေအရ မကောင်းတတ်လို့ ကျွန်တော်တို့လဲ စောင့်ဖတ်မှာပါဗျာ ကလောင်နာမည်က ဘယ်သူလဲတဲ့။

**မောင်မောင်ဝင်းတင်**

**(ရွှေပင်မြေ)**



www.burmeseclassic.com
~~~~~

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## "ကံတရားဆိုတာ အဆန်းသားကလား"

သာစည်အောင်တင်

(၁)

"ရှယ်နချိန် မှားယွင်းခဲ့ ဗညားနွဲ့ကုမှာ မင်းသားငဲ့ကြို လာသည် ဒဂုံမှာ ပျော်မွေ့"

"မွေမနှိပ်ပန်းသည် အို ကို၊ နမ်းမယ်ပျိုထင်၍ စောင်း တန်းတွင်ဖြင့်တွေးကာဘဝင်ဆွေး လှိုက်ဆူ"

"ခြေတော်တင်ချစ်တဲ့ ဇာရယ်ကြောင့် ပြစ်မနော သိမ်း ပိုက်တော်မူ"

"ချစ်ဦးမဲ့ နန်းပျော်သူ တိုးလွှမ်းတော်မူပဲပ၊ တစ်သံ တည်းပေါင်းဖွဲ့ချစ်တာ နှောင်းခဲ့ မေတ္တာ"

"မင်းသားစိတ် ဆန်း ကြယ်လာသည့် ပန်းသည်မှာ ကံထူးလို့ပေ"

"အေး–အဲသဟာ၊ မင်း သီချင်ပါတယ်ဆိုတဲ့ အို ရုပ်ရှင် မင်းသမီးကြီး၊ ဘာ ကြောင့် ဒီလောက်တောင် ချမ်း သာရတာလဲဆိုတဲ့ အကြောင်း ကို ပြောရရင် အဲသလိုမျိုးပဲကွ၊ မွန်ဘုရင် ရာဇာဓိရာဇ် မင်း ဗညားနွဲ့ ဆိုတဲ့မင်းသားငယ် ဘဝက ဘုရား စောင်းတန်းမှာ တွေ့ခဲ့ရတဲ့ မွန်မကလေး မွေမ နှိပ်ဆိုတဲ့ လင်ရှိ မိန်းမပန်းသည် တို့ မိဖုရားမြှောက် တော် ကောက်ခဲ့တဲ့ အနေအထားမျိုး ပဲဟေ့"

ကိုအောင်ကျော်သည် တစ်ရံရောအခါက ဦးလေးဖြစ် တဲ့ ဘာသာပြန်ရေး ဆရာဗိုလ် အေးမောင်နဲ့အတူ ရုပ်ရှင် ဇာတ် ကားကြီး(၄)ကားအတူ ရိုက်ခဲ့ ဖူးပါတယ်။ တစ်ခါမှာတော့ကာ သာစည်မြို့နယ် မဲတောရွယ် မယ် ရွှေဘ၊ သင်းသင်းလဲ၊ ကျော်ဇောကြီးတို့နဲ့ တောပုန်းကြီး စံဖဲ (ဗိုလ်စံဖဲ) ရိုက်ကွင်းနားချိန် မှာ နာမည်ကျော် ရုပ်ရှင်မင်း သမီးကြီး တစ်ယောက် ချမ်းသာ လာပုံကို စကားစပ်မိပြီး နောက် ကြောင်းကို ပြောလို့ ပြောတာ ကတော့ဖြင့်ရင်––

(၂)

"ကိုလှမောင်"

ဆရာသော်တာဆွေရဲ့ ငွေကို လေကိုသုံးသူ ဆိုတဲ့ မိုး ကုတ်သူဌေး ကိုမြမောင်လိုပါပဲ။ ကိုလှမောင်ဟာလည်း မိုးကုတ် ကျောက်တွင်း သူဌေးတစ်ဦး တစ်ယောက်ပါ။ သို့သော်လည်း ကိုမြမောင်ကိုတော့ မြှာမှေ့တဲ့ သူတော့ မဟုတ်ရပါလေဘူး။ ဗညားနွဲ့နဲ့ တူတာကတော့ဖြင့် ရင် ရွှေတိဂုံဘုရားစောင်းတန်း က ပန်းသည် အပျိုချော တစ် ယောက်ကို မြင်တွေ့မေတ္တာမျှ ပြီး မိဘတွေက သဘောမတူ တဲ့ ကြားက ကြင်ဖက်သက်နှံ ဇနီးမောင်နှံ အဖြစ် တော် ကောက်လို့ မြှောက်စားခဲ့တော့ တာပါ။ ပန်းသည်ရဲ့ နာမည် က–

"မြမြ"

"တစ်နေ့"

ကိုလှမောင်ဟာ ပေပါ တစ်လုံးကို အတွင်းအပြင် ဓာတ်ဆီနဲ့ သဘောဆေး သုတ် လို့ နေပါတယ်။ ဒီလိုနဲ့ နေအ တော် စောင်းသွားလို့ ကောင်း ကောင်း မမြင်ရတော့တဲ့ အခါ မှာတော့–

"မြလေးရေ မောင့်ကို မီးပြထားပါဦးကွယ့်"

အဲသလို လှမ်းပြီးတော့ ပြောလိုက်တဲ့အခါမှာ မြမြတာ



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုယ်တော်လေး လူထွက်တော့ အားလုံးရှင်းနေပြီပဲဟာ။ တရားရုံးမှာ လက်ထပ်လိုက်ကြရအောင်"

"နေပါဦး မြလေးရယ် ဟိုကောင် ဆုံးတာ ဘာမှကြာသေးတာလဲ မဟုတ်ဘူးလေ"

"အို- မလိုချင်ဘူး သင်္ကန်းချွတ် ဒီမှာ ပုဆိုးနဲ့အင်္ကျီတွေဝတ် ကျောင်းမပြန်နဲ့တော့ ဒါပဲ"

ဒီလိုနဲ့ပဲ ထိုင်ကိုယ်တော် သင်္ကန်းဝတ် လူထွက်နဲ့ မုဆိုးမ ပူပူနွေးနွေး မြမြကလေးတို့ အကြောင်းဆက် ပေါင်းဖက်ကြပါလေတော့ သတည်းပေါ့"

ခြံကျယ် ဝန်းကျယ်ကြီးထဲမှာ အစောင့်မာလီ ကုလားတစ်ယောက်သာရှိပြီး အိမ်ဖော်မိအေးဆိုတာကလည်းပဲ ခပ်နုံနုံ ခပ်အအ ဘာဆိုဘာမှ မသိလေတော့ သင်္ကန်းဝတ် လူထွက်နဲ့ မြမြ ဟန်ကို ကျလို့ပေါ့လေ"

ဒါပေမယ့် သိပ်ပြီး မကြာလှတဲ့ အချိန်မှာ မြမြတစ်ယောက် ရေချိုးခန်းထဲမှာ ချော်လဲပြီး နံရံနဲ့ ခေါင်းနဲ့ ရိုက်မိလို့ ပွဲချင်းပြီး ဆုံးပါသတဲ့၊ အဲဒါကို ဖယောင်းတိုင်မီးထွန်းပြီး ကိုလှမောင်ရဲ့ အနီးကိုကပ်လို့ လာတယ် ဆိုရင်ပဲ ဖယောင်းတိုင်ဟာ ပေပါထဲကို ကျသွားလို့ ပြီးတော့မှ-

"ဝုန်း"

ဒီလိုမျိုး ပေပါရော ကိုလှမောင်ရော မီးလောင်တဲ့အခါမှာ

"အမယ်လေး-ကယ်ကြပါဦး ကယ်ကြပါဦး၊ မောင့်ကို မီးတွေလောင်နေလို့ "

အဲသလို အော်ဟစ်အကူအညီတောင်းပါသော်လည်း ခြံဝန်းအကျယ်ကြီးထဲမှာ ဖြစ်ပြီး ပတ်ဝန်းကျင်အိမ်ကလည်း ကျဲလေတော့ ဝေါ်ဝေါ်နဲ့ လူတွေက ရောက်လို့ မလာကြပါလေဘူး။ ကူညီမယ့်လူတွေ ရောက်လို့ လာတဲ့အခါမှာတော့ကာ ကိုလှမောင်ဟာ မီးလောင်လို့ အသက် ပျောက်နေပါပြီ"

"မြမြ"

"ပန်းသည် ဘဝက လာခဲ့တဲ့ မြမြ"

ပီပါထဲဝင်လို့ ဓာတ်ဆီနဲ့ ဆေးသုတ်နေတဲ့ ကိုလှမောင် အပေါ် အကောက်ကြံပြီး ဖယောင်းတိုင်ကို ပစ်ချလိုက်တာလေလား၊ အဲသလိုမျိုး ပတ်ဝန်းကျင်က သံသယဝင်ကြပါတယ်။

(၃)

"သုံးလလောက် အကြာမှာ"

"မြမြ"





www.burmeseclassic.com







လည်း ပတ်ဝန်းကျင်က ဘုန်းကြီး လူထွက်ကို သံသယဝင်ကြလေတယ်။ မြမြရဲ့ စိန်တွေ၊ ပတ္တမြားတွေ ရတနာတွေကို ဘုန်းကြီး လူထွက်က မောင်ပိုင်စီးလိုက်တာပဲလို့ ယုံကြည်ယူဆကြတာကတော့ ပတ်ဝန်းကျင်ကပါ။

ဘယ်လိုပဲ ဖြစ်ဖြစ် ဘုန်းကြီး လူထွက်ကတော့ သူ ဒွေး သူကြွယ်ကြီး ဘဝကို နေ့ချင်း ညချင်း ရောက်လို့ လာခဲ့ပါတော့တယ်။

(၄)

"ကိုသုမန"

ဘုန်းကြီး ဘွဲ့ကိုပဲ လူနာမည် ပြောင်းလို့ အဲသလိုမျိုးပဲ ခေါ်ကြပါတော့တယ်။

တစ်နေ့-

"ကိုအေးရေ ကျွန်တော့်ကို ဟို ရုပ်ရှင်မင်းသမီးနဲ့ မိတ်ဆက်ပေးပါလားဗျာတဲ့။ အဲ ပွင့်ပွင့်လင်းလင်း ပြောရရင် S.E ကားတစ်စီးနဲ့ တင်ပြီး တောင်းမယ်ပေါ့ဗျာ"

"အဲသလိုမျိုး ကိုသုမနက ပြောတော့ ငါကလဲ တစ်နယ်တည်းသားဆိုတော့ မိတ်ဆက် ပေးလိုက်ရာက နောက်တော့ သူတို့က မိတ်ဆွေဖြစ်သွားကြပြီး ညားကြလေသတည်းပေါ့ ကျော်ရာ အဲ-အဲ"

"အင်း-အခုတော့ဖြင့်ရင် ဦးသုမနလဲ မရှိကော့ဘူး။ အဲဒီ ရုပ်ရှင်မင်းသမီးကြီးလဲ မရှိကြတော့ဘူးနော်"

"အေးပေါ့လေကွာ။ ငါလဲပဲ သံဝေဂရပါတယ် ကိုသုမနနဲ့ အဲဒီမင်းသမီးရဲ့ သားသမီးတွေဟာလဲ ဘယ်သူမှ ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာခဲ့ကြဘူး။ အားလုံး သာမန်ပါပဲကွ။

"အင်း-ကိုလှမောင်ကို မြမြက ရှင်းပစ်။ မြမြကို ကိုသုမနက ရှင်းပစ်၊ နောက်ဆုံးမှာ ရုပ်ရှင် မင်းသမီးကြီးက သူဌေးဘဝနဲ့ တင်းတောင့် တင့်တယ် နေသွားနိုင်တာပဲနော် ဦးလေး"

"အေးပေါ့လေကွာ ကံတရားဆိုတာ ဆန်းသလားကွ"

"ကဲ ကဲ ဦးလေး။ နေပူရှိန်လည်း လျော့သွားပြီ၊ ဇာတ်သိမ်းခန်းရိုက်ကြရအောင်"

"ဇာ့အေး အေး ကိုရွှေဘနဲ့ သင်းသင်းလှဲကိုခေါ်ခိုင်းလိုက်တော့ကွာ "

မှတ်ချက်။ ။ ဦးလေး ဖြစ်သူ ဘာသာပြန်ရေး ဆရာဗိုလ်အေးမောင် (ကွယ်လွန်) အား တမ်းတမ်းတတ အမှတ်တရဖြင့်-

သာစည်-အောင်တင်

www.burmeseclassic.com




အားလုံး အားလုံး အတွက်

# RED

## GENERAL SERVICES

အထွေထွေဝန်ဆောင်မှုလုပ်ငန်း

အသံပစ္စည်းဆောင်းဘောက်များ
မီးစက်နှင့်မီးပစ္စည်းများ
တို့အတွက် **RED**


စတိတ်ရှိုးအငြိမ့်
မော်ဒယ်လ်ဖက်ရှင်အခွေ
တို့အတွက် **RED**

**အသံချဲ့စက်နှင့်ဆောင်းဘောက်များ၊**

**တီးဝိုင်းပစ္စည်း၊ မီးပစ္စည်းများကို**

အလွန်သက်သာသောနှုန်းဖြင့်

ငှားရမ်းပေးနေပါပြီ




ညှိခံပွဲများ၊ ဖျော်ဖြေပွဲများ၊ အလှူမင်္ဂလာ
အခမ်းအနားများ၊ အစည်းအဝေး
အခမ်းအနားများနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနား
အမျိုးမျိုးအတွက် ငှားရမ်းနိုင်ပါပြီ။

**OFFICE** - အမှတ်(၁၁၂၀-က)၊ပုဂံလမ်းမပေါ်၊(၅၄)ရပ်ကွက်၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး


PHONE; 09 73121670,09 43110321, 01 8100310,01 397164,
01 297297,01 9000017, 09 73121671

**PHONE**- တစ်ချက်ဆက်တာနဲ့အရောက်လာခဲ့မယ့် **RED**

www.burmeseclassic.com

www.burmeseclassic.com

"ဒေစီဆိုတဲ့ လှပတဲ့ဗိုလ်ကပြားမလေးအကြောင်း
ရေးသားဖော်ထုတ်ခဲ့တဲ့ သတင်းထောက်တစ်ဦးရဲ့
ဇာတ်လမ်းတစ်ပုဒ်"



အောင်ရဲကျော် (မခင်း)

# သတင်းထောက်ဇော်ရှင်းနှင့် လှယမင်းဒေစီ



www.burmeseclassic.com

www.burmeseclassic.com



**"သတင်းထောက်ဇော်ရှင်းနှင့် လုယမင်းဒေဝီ"**

**အောင်ရဲကျော်**

**(မှုခင်း)**

(၁)

ဖူလိုင်မိုးတို့က သဲသဲလှုပ် ရွာလျက်ရှိ၏။ မတ်တူးဗင်အဖြူရောင် ကားလေးမှာ မိုးစက် မိုးပေါက်တို့ကြားမှာ အပြေးအလွှား မောင်းလာနေခဲ့ရင်းမှ ထောက်ကြန့်လမ်းဆုံသို့ ရောက်သည်နှင့် အရှိန်လျှော့၍ ပဲခူးဘက်လမ်းသို့ ချိုးကွေ့ဝင်လိုက်သည်။ မိုးကာ ပန်းရောင်ဝတ်ထားပြီး ခေါက်ထီးပန်းရောင် ဆောင်းထားသူ အမျိုးသမီးတစ်ဦးက ကားကိုလက်ပြ၍ ရပ်တန့်နေကြောင်း ခပ်လှမ်းလှမ်းအကွာမှပင် တွေ့နေရသောကြောင့် ယာဉ်မောင်းသူက ထိုအမျိုးသမီး၏ ရှေ့နား အရောက်တွင် သူ့ကားကို ဘရိတ်နင်းကာ ရပ်တန့်ပေးပြီး ကားမှန်တံခါးများ ချ၍ လှမ်းကြည့်လိုက်သည်။

"ပဲခူး သွားချင်လို့ပါ အငှားကား မှတ်ပြီး တားမိတာတောင်းပန်ပါတယ်"

အားတုံ့ အားနာဖြစ်ဟန်တူသော အမျိုးသမီး၏ တောင်းပန်စကားဆုံးတော့ ယာဉ်မောင်းသူကသူ့လက်ပတ်နာရီကို မြှောက်ကြည့်၍ ပြန်ပြောလိုက်သည်။

"(၆)နာရီ ခွဲသွားပြီ၊ ပဲခူးကား အလာ ကျဲသွားပြီဗျ။ ကျွန်တော့်ကားလဲ အငှားလိုက်ပြီး ပြန်လာတာပါ၊ ပဲခူးသွားမှာမို့ လိုက်လို့ရတယ်"

ပြောပြောဆိုဆို ယာဉ်မောင်းသူက သူ့တစ်ဖက်ရှိကားရှေ့ခန်းတံခါးအား ဖွင့်ပေးလိုက်သည်။ အမျိုးသမီးက ဖွင့်ထားသော ကားတံခါးကို ကိုင်လျက်လာလမ်းသို့ မျှော်ပြီး ခရီးသည်ကားကို လှမ်းကြည့်မိသော်လည်း အရိပ်အယောင် မတွေ့သဖြင့် မရဲတရဲနှင့် ကားရှေ့ခန်းတွင် ဝင်ထိုင်လိုက်ပြီး ကားတံခါးကို ဆွဲပိတ်လိုက်စဉ် ယာဉ်မောင်းသူက ရှေ့မီးဖွင့်၍ ကားစက်နှိုးပြီး ပဲခူးလမ်းအတိုင်း မောင်းထွက်ခဲ့လေသည်။

စောစောပိုင်းက သဲသဲလှုပ်ရွာသွန်းနေတဲ့မိုးမှာတဖြည်းဖြည်း ရပ်တန့်သွားကာ ခပ်ပါးပါးလေး ဖွဲဖွဲမျှသာရှိနေပြီမို့ယာဉ်မောင်းသူက ကားကို အရှိန်မြှင့်၍ မောင်းလိုက်သည်။ ခရီးသည်အမျိုးသမီးနှင့်ယာဉ်မောင်းသူတို့မှာ ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်နေကြပြီး တစ်ဦးနှင့်တစ်ဦး စကား တစ်ခွန်းတလေမျှ မပြောဖြစ်ခဲ့ကြပေ။ တစ်ခါတစ်ရံတွင် အမျိုးသမီးရဲ့ စိုးရိမ်မကင်းဖွယ် သံသယ မျက်လုံးအစုံတို့က သူ့ထံ ဝေ့ဝိုက် ဖြတ်သန်းသွားခဲ့ကြောင်း ယာဉ်မောင်းသူက ကောင်းစွာ ရိပ်စားမိခဲ့သည်။ ဒါပေမယ့်လည်း သူမအပေါ် အပြစ်မမြင်ရက်ခဲ့ပေ။ သွေးမတော် သားမစပ် တစ်ကြိမ် တစ်ခါမျှ တွေ့မြင်ဖူးခြင်း မရှိသည့်သူစိမ်းယောကျာ်းတစ်ဦး၏ ကားပေါ်တွင် ပါလာသည့် အမျိုးသမီးတစ်ဦးအနေဖြင့် လုံခြုံစိတ်ချမှုပြည့်စုံနိုင်ပါမည်လား၊ သူမအနေဖြင့် ထိုသို့သော အတွေးမျိုးရှိကောင်းရှိနေမည် မဟုတ်ပါလား။ သူမအပေါ် အပြစ်ဆို၍က မဖြစ်ပေ။ ထို့ကြောင့်လည်း သူမအတွက် စိုးရိမ်မှု ပြေလျော့စေရန် ရည်ရွယ်ပြီး သူ့ဘက်က စကားစပြီးပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီက မိန်းကလေးက ပဲခူးကပဲလား၊ ဘယ်ကလာတာလဲ"

"ဟုတ်ပါတယ်၊ ပြည်ကလာတာ လမ်းမှာ ကားပျက်နေလို့ နောက်ကျသွားတာ"

"ပဲခူးကို အစောကြီး ရောက်မှာပါ"

"အိမ်ကို ထောက်ကြန့် ရောက်တော့ ဖုန်းဆက်ထားပါတယ်။ ပြည်က အသိကားနဲ့ လိုက်ခဲ့တာ ကားက ရန်ကုန်ကို ဆက်သွားတယ်လေ၊ လမ်းမှာ ပျက်လို့အချိန်နောက်ကျရတာ"

"ကျွန်တော့်ကိုလဲ ခင်ဗျား အသိကားလိုပဲ သဘောထားပါ။ စိတ်ချပါ၊ အိမ်အရောက် ပို့ပေးပါ့မယ်၊ ကိုယ့်တစ်မြို့တည်းသားတွေပဲ"

သူ့ထံမှ သွက်လက်ရင်းနှီးသော စကားများကြောင့် သူမ စိတ်အစဉ်မှာကြောက်လန့်စိုးရိမ်မှု ပြေလျော့သွားပုံရသည်။ သူမက စတင်မိတ်ဆက်သည်။

"ကျွန်မနာမည် ဒေစီလို့ ခေါ်ပါတယ်၊ ပဲခူးကလျာဏီထဲမှာနေပြီး ပြည်ဘက်ကို ယိုးဒယားပစ္စည်း အရောင်းအဝယ်သွားတာလေ"

'ကျွန်တော့်နာမည်ကိုတော့ ပဲခူးအငှားကား လောကမှာ မေးလို့ရပါတယ်။ ဇော်ရှင်းလို့ ခေါ်တယ်၊ နေတာကတော့ ဥသျှာ (၂)လမ်း"

သူတို့နှစ်ဦး ခင်မင်ရင်းနှီးမှု တည်ဆောက်သည့် သဘော အပြန်အလှန် မိတ်ဆက်ကြရင်း စကားတွေ ဖောင်ဖွဲ့လာကြရာမှ အင်းတကော်သို့ပင် ဝင်လာခဲ့သည်အထိ ကြာလှသည် မထင်။ ကားလမ်းနံဘေး ရောင်စုံမီးများ လင်းထိန်နေသည့် "ရွှေစတား"စားသောက်ဆိုင်ရှေ့ ကားကို ရပ်တန့်လိုက်သည်နှင့် ဇော်ရှင်းက အလျင်ဆင်းပြီး သူမဘက်မှ ကားတံခါးအား ဖွင့်ပေးခဲ့ကာ ခေတ္တအနားယူရန် ဖိတ်ခေါ်လိုက်သည်။

"ခဏဆင်းပြီး အနားယူလိုက်ဦးနော်"

"ကျွန်မ မဆင်းတော့ပါဘူး။ ခေါင်းနည်းနည်းမူးနေလို့ ကားပေါ်မှာပဲနားနေတော့မယ်"

"ဘယ်ရမလဲ-- ကျွန်တော် ညစာစားဦးမှာလေ၊ မိတ်ဖြစ်ဆွေဖြစ်အတူစားကြတာပေါ့ လာပါဗျာ အားမနာပါနဲ့ တစ်မြို့တည်းသားချင်းပဲဟာ"

စေတနာ ဗရပွနဲ့ မရမက ဖိတ်ကြားနေသည့် သူ့စကား များက သူမအတွက် အားနာ သွားရသည့်ထင်၏။ သူမရဲ့ခရီးဆောင်အိတ်အတွင်းမှ လက်ပွေ့အိတ်လေးတုတ်ယူပြီး ကားပေါ်မှ ဆင်းခဲ့သည်။ ဇော်ရှင်းက ကားတံခါးများ လုံခြုံရေးသော့ချပြီး ရွှေစတားဆိုင်ထဲသို့ ဦးဆောင် ဝင်သွားသဖြင့် သူမမှာ နောက်ပါးမှ လိုက်သွားခဲ့လေသည်။

လိမ္မော်ရည် သောက်နေသော သူမဘက်သို့ ဇော်ရှင်း အကြည့်ရောက်သွားခဲ့သည်တွင် သူမ၏ အလှပုံရိပ်လေးများအား ပေါ်လွင်စွာ တွေ့ခဲ့ရသည်။ ဖြူစင် ဝင်းမွတ်သောအသားရောင်နှင့် လိုက်ဖက်လှစွာ သွယ်လျသော လည်တိုင်လေးက ဖြောင့်စင်းလျက်ရှိသည်၊ပေါ်လွင်သော နှာတံနှင့် သဘာဝအတိုင်းကော့ညွတ်နေသည့် မျက်တောင်အောက်မှ ဝိုင်းစက်နေသည့် တောက်ပစူးရှသော သမင်မျက်လုံး ပိုင်ရှင် အလှသခင်မလေး



www.burmeseclassic.com

www.burmeseclassic.com





တစ်ယောက် ဖြစ်နေကြောင်း ယခုမှ အကဲခတ်မိသည်။ သူမ၏ သွင်လျာကို တွေ့စကတည်းက ဗမာအစစ်မဟုတ်မှန်း သိခဲ့ရသည်။ ကပြားမလေးရဲ့ အလှက ဘိုဆန်ပေမယ့် သူ့ပါးပြင်ပေါ်က သနပ်ခါးများကြောင့် မြန်မာမှုဟန် ပေါ်လွင်နေသေးပေသည်။

စကားတပြောပြောနဲ့ ရင်းနှီးလာကြရာမှ သူမရဲ့ ကိုယ်ရေးကိစ္စများအား သူမကိုယ်တိုင် ပြော၍ သိခွင့်ရခဲ့သည်။ သူမ နာမည်အပြည့်အစုံက ဒေစီကျော်ဖြစ်ပြီး ဖခင်ဖြစ်သူမှာ ဂျူးဗမာကပြား ဗုဒ္ဓဘာသာဝင် အငြိမ်းစား ထောင်ပိုင်ဖြစ်ကြောင်း၊ သူမ အသက် (၁၂)နှစ်အရွယ်မှာ ဆုံးပါးသွားကြောင်းသူမအောက် ညီမလေး တစ်ယောက်ရှိပြီး မိခင်အိုကြီးနှင့် အတူနေကြကြောင်း။ ညီမလေးမှာ နောက်ဆုံးနှစ် ကျောင်းသူဖြစ်၍ သူမမှာ မြန်မာစာ အဓိကဖြင့် ကျောင်းပြီးခဲ့သည်မှာ (၃) နှစ်ခန့်ရှိပြီဖြစ်ကြောင်း အဖေဖြစ်သူ၏ ပင်စင်လစာလေးဖြင့် မပြည့်စုံ၍ တစ်လမ်းမှ အရောင်းအဝယ် လုပ်နေခဲ့ပြီး မြဝတီမှ ယိုးဒယားပစ္စည်းများ တနိုင်တပိုင်သယ်၍ ပြည်ဘက်မှာရှိသော မိခင်ဘက်မှ ဆွေမျိုးများထံ သွားရောင်းကြောင်း ယခု ပြည်မှအပြန် အသိကားကြုံနှင့်ပါလာရာမှ လမ်းမှာကားပျက်၍ ထောက်ကြန့်ကို နောက် [illegible] ခဲ့ကြောင်း စသည် [illegible] တွေ့ခဲ့သောအချိန်အထိ စီကာပတ်ကုံး ရှင်းပြလေသည်။ ဤသို့ သူမ၏ဘဝပုံပြင်လေးကို ကြားရတော့ စာနာစိတ်လေး ဖြစ်မိသွားရသူမှာ ဇော်ရှင်း ဖြစ်၏။

သူ့ဘက်ကလည်း ဖခင်ဖြစ်သူ ရဲမှူးဆုံးပါးသွားပြီး မိခင်နှင့် ညီမလေးကို လုပ်ကျွေးနေကြောင်း၊ သူ့ဖခင်ကျန်ရစ်သော ယခု ကားဖြင့် အငှားလိုက်ရင်း သူ ဝါသနာပါသော မှုခင်းသတင်းများ စုဆောင်း ခဲ့ကြောင်း ညီမဖြစ်သူမှာ ကျောင်းပြီးစဉ်ကတည်းကစ၍ ပဲခူးဈေးရုံထဲရှိ အထည်ဆိုင်တွင် အထည်ရောင်းကြောင်း မိမိမှာ ကျောင်းပြီးခဲ့သည့်အချိန် မှစ၍ မိမိရရှိခဲ့သော ဥပဒေဘွဲ့နှင့် သင့်တော်သော ရှေ့နေရှေ့ရပ်အလုပ်ကို မလုပ်ကိုင်လိုသဖြင့် ပဲခူးမြို့တွင် မှုခင်းရုံးခွဲဖွင့်လှစ်ထားပြီး ရှုထောင့်မှုခင်းနှင့်သတင်းဂျာနယ်ရုံးခွဲတာဝန်ခံအဖြစ် ဆောင်ရွက်ကာ သတင်းများရေးကြောင်း၊ မိမိ နာမည်မှာ ဇော်ရှင်းဖြစ်ပြီး ကလောင်အမည်မှာ ဇော်ရှင်း (ဥဿာ)ဖြစ်ကြောင်း၊ သူ့ဘက်မှ သိသင့်သောအချက်များ ပြောပြခဲ့ပြီး သူ့ရဲ့ ဖုန်းနံပါတ်ပါသော လိပ်စာကတ်ပြားလေးအား သူမထံ ပေးခဲ့သည်။ သူမရဲ့ ဖုန်းနံပါတ်ကိုလည်း သူ့မှတ်တမ်းစာအုပ်ထဲတွင် ရေးမှတ် ယူထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

စားပွဲထိုး ရောက်လာပြီး သူ မှာထားသော ညစာ အတွက် ပြင်ဆင်ပြီး၍ သတင်းလာပို့သောကြောင့် သူက ယူလာခဲ့ရန် ခေါင်းညိတ်ပြလိုက်လေသည်။

ညစာ စားသုံးရန် အသင့်ဖြစ်နေသည်မို့ ဇော်ရှင်းက ထမင်းသုံးဆောင်ရန် ဖိတ်လိုက်သည်။

''ထမင်းသုံးဆောင်ဦးလေ ညီမ''

ငြင်း၍မရမည်ကို ကြိုတင် သိထားသကဲ့သို့ ခင်မင်မှု အရိပ်အယောင်လေးမှာလည်း မြင့်မားလာခဲ့ပြီဖြစ်၍ ညစာအတူစားရန် သဘောတူလိုက်ပြီး စားဖြစ်ကြသည်။ ထမင်းစားသောက်ပြီး သူမနာရီကြည့်တော့ ည(၉)နာရီခွဲနေလေပြီ။ ထောက်ကြန့်မှ ဖုန်းဆက်ထားသဖြင့် အိမ်က မျှော်နေပေမည်။ ဇော်ရှင်း သန့်စင်ခန်းသွားနေခဲ့စဉ် သူမက နောက်တိုးအား ခေါ်ယူပြီး ကျသင့်ငွေကို လုံးရှင်းထားလိုက်သည်။ ထို့နောက် ဇော်ရှင်း ရောက်လာသည်နှင့် မတ်တတ်ရပ်၍ ပြန်ကြစို့ ဟူသော အသွင်ဖြင့် ခြေလှမ်းကို ပြင်လိုက်ပြီး နောက် စားပွဲထိုးနောက်တိုးအား လှမ်းခေါ်၍ ငွေရှင်းတော့ သူမ ရှင်းပြီးကြောင်း ပြောပြသိရသဖြင့် ဇော်ရှင်း ကျွဲမြီးတိုသွားခဲ့သည်။

''မဟုတ်တာ ဟော့ကောင် နောက်တိုး ပြန်ပေးလိုက်''

''အစ်ကိုရယ် ညီမ သွားချင်တဲ့နေရာ အထိ ကူညီခဲ့တဲ့ အစ်ကို့အပေါ် ဒါလောက်လေးတော့ ပြုစုကူညီခွင့်ပေးပါ အစ်ကို၊ နောက်တစ်ကြိမ်ဆုံမှ အစ်ကို ဒကာခံတော့နော်''

သူမဘက်က အနူးအညွတ် တောင်းပန်နေတာကြောင့် ဇော်ရှင်းမှာ ကျေနပ်သွားရပြီး ကျေးဇူးတင်စကားဆို၍ ဆိုင်ပြင်သို့ ထွက်ခဲ့ကြကာ၊ ကားကို ဆက်မောင်းခဲ့သည်။

ပဲခူးမြို့ထဲသို့ ဝင်တော့ ပဲခူးတက္ကသိုလ်ရောက်သည်နှင့် လမ်းဘေး တစ်ဖက်တစ်ချက်မှ ဆုတောင်းပြည့် စေတီနှင့် တက္ကသိုလ် ပရိဝုဏ်တွင် ရောင်စုံမီးတို့က မျက်စိပသာဒကို ပေးစွမ်းနေသည်။ မဇင်းလမ်းဆုံရောက်သည်နှင့်ရွှေသာလျောင်းဘုရားလမ်းဘက် ချိုးကွေ့လိုက်သည်။ ခေတ္တအကြာတွင် သူမပြသသော လမ်းသွယ်လေးတစ်ခုထဲသို့ ကွေ့ဝင်ခဲ့ပြီး မီးရောင်ထိန်လင်းနေသည့် နေအိမ်တံခါးဖွင့်ထားသည့် အပြာရောင်တိုက်ပုလေး တစ်လုံးရှေ့တွင် သူမက ကားရပ်ရန် ပြောသောကြောင့် ကွက်တိရပ်လိုက်သည်။

ကားရပ်သော အသံကြားသဖြင့် အသက် (၁၇) နှစ်ခန့် ထင်ရသူ ဒေစီနှင့် မျက်နှာ ပုံစံချင်းတူသော ကပြားမလေး တစ်ဦး အိမ်ထဲမှ ထွက်လာခဲ့ပြီး ခြံစည်းရိုး သံပန်းတံခါး လာဖွင့်ပေးလေသည်။

''အစ်ကို ---ခဏလောက် ဆင်းပါဦးလားလို့''

''မိုးသိပ်ချုပ် နေပြီလေ၊ နောက်မှ လာမယ်''

''အစ်ကို လမ်းကြုံရင် ဝင်လည်နိုင်ပါတယ်နော်''

''လမ်းကြုံမှပဲ ဝင်လည်ရတော့မှာလားကွာ၊ လမ်းမကြုံရင် ကြုံအောင်တော့ လုပ်ရမှာ''



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှ စကားဖြစ်သည်မို့ သူမအတွက် ကြားလိမ့်မည် မဟုတ်ပေ။ လက်ပြနှုတ်ဆက်တော့ ကားထွက်သွားသည်အထိ သူမက လက်ပြဇေ့ယမ်းရင်း ကျန်ရစ်ခဲ့သည်။

***

စာရေးစားပွဲမှာ ထိုင်၍ နိုးမှုတစ်ခုမှ ဖမ်းမိတရားခံ၏ ဓာတ်ပုံနှင့် သက်သေခံပစ္စည်း ဓာတ်ပုံများ ထုတ်ယူကြည့်ရှုရင်း သတင်းရေးရန် စီစဉ်ကာရှိသေး သူ့လက်ကိုင်ဖုန်းမှ လူခေါ်သံ ဆက်တိုက်မည်လာ၍ ဘော(လ်) ပင်ချပြီး ဖုန်းကောက်ယူလိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျာ၊ ကျွန်တော် သတင်းထောက် ဇော်ရှင်းပါ"

တစ်ဖက်မှ အသံရှင် ဒေစီက လှမ်း၍ ဆက်ပြောနေသော စကားသံကြောင့် သူ့ရင်ထဲ ဘုရားပွဲ လှည့်သွားရသည်။ အထူးသဖြင့် သန်ဘက်ခါ သူမကို့ အိမ်တွင် ပြုလုပ်မည့် သူမဖခင်ကွယ်လွန်သော နှစ်ပတ်လည် အလှူပွဲသို့ ဖိတ်ကြားခံရခြင်းမို့ သူ့ရင်ထဲ ဇော်မပြတတ်လောက်အောင် ကြည်နူးခဲ့ရခြင်း ဖြစ်သည်။ ဖုန်းချခါနီး သူမထပ်ပြောသွားတဲ့ စကားသံလေးက သူ့ နှလုံးသားကို တုန်ခါသွားသည်အထိ ခံစားမိသည်။

"အစ်ကို မလာရင် ညီမတော့ စိတ်ဆိုးမှာ သိလား" တဲ့၊ ဖုန်းခွက်လေးကို ဖွဖွနမ်းရှုပ်ရင်း တစ်ဦးတည်း အရူးကြီးပမာ အသံထွက်အောင် ပြောလိုက်မိသည်။

"ညီမ စိတ်ဆိုးမှာကိုတော့ မခံပါရစေနဲ့ ဆက်ဆက်လာခဲ့မှာနော်တဲ့" သန်ဘက်ခါဆိုသော သတ်မှတ်ရက်၏ကြားတွင် မနက်ဖြန်ဆိုသော တစ်ရက်ကိုပင် တစ်ကမ္ဘာကြီး ခြားနေသည်အထိ ကြာမြင့်လေစွဟု စိတ်အစဉ် လှုပ်ရှားနေသူမှာ ဇော်ရှင်း ဖြစ်လေသည်။

မတ်တူးဗင် အဖြူရောင် ကားလေး အိမ်ရှေ့ရောက်သည်နှင့် အပြာနုရောင် ဝမ်းဆက်ဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်ထားပြီး ပခုံးထက်ဝဲကျနေသည့် နက်မှောင်သော ကေသာထက်တွင် နှင်းဆီဖြူတစ်ပွင့် ပန်ဆင်ထားသူ ကပြားမလေး ဒေစီအား မိတ်ကပ် မချယ်ဘဲ သနပ်ခါးပါးပါး လိမ်းထားလျက်





www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည့် မြင်ကွင်းက မြန်မာဆန်ဆန်အလှ ဖြစ်သည်။ ကားအနီးရောက်လာ၍ သူမ ကိုယ်တိုင် တံခါးဖွင့်ပေးခဲ့သည်။

''အစ်ကို လာဖြစ်ပါ့မလားလို့ မိုးလင်းကတည်းက မျှော်နေရတာ''

''နည်းနည်း နောက်ကျ သွားတာ ခွင့်လွှတ်ပါနော်''

ကားတံခါး ပြန်ပိတ်ရင်း သူနောက်ကျသည်ကို ခွင့်လွှတ်ရန် တောင်းပန်စကားဆိုကာ သူမ နောက်ပါးမှ အိမ်ထဲသို့ လိုက်၍ ဝင်သွားခဲ့သည်။ အိမ်ထဲရောက်တော့ ညေ့သည်က လေးငါးခြောက်ယောက်ခန့်သာ ရှိတော့၏။

သူမက မိခင် ဒေါ်စောမြတ်မွန်နှင့် ညီမဖြစ်သူအေမီတို့ကို သူနှင့်မိတ်ဆက်ပေးသည်။ သူမ၏ မိသားစုက ယခုမှ လူချင်း နီးကပ်စွာတွေ့ခဲ့ကြပေမယ့် သူ့ရဲ့ စိတ်နေသဘောထားကို သမီးဖြစ်သူ ပြန်ပြော၍ သိခဲ့ရကြောင်း ယခုကဲ့သို့ ကူညီခဲ့သည့်အတွက် ကျေးဇူးအထူးတင်ရှိကြောင်း ဒေါ်စောမြတ်မွန်က ပြောကြားသကဲ့သို့ အေမီကလည်း သူမတို့ မိသားစုအပေါ် ဆွေမျိုး မိတ်သင်္ဂဟလိုသဘောထားပြီး အလှူသို့လာရောက်၍ ကျေးဇူးတင်ရှိကြောင်းအသီးသီး ပြန်ပြောကြရင်း သူ့အတွက် ပြင်ဆင်ထားသော စားပွဲဆီသို့ ညီအစ်မ နှစ်ယောက်က ဦးဆောင် ခေါ်သွားပြီး အုန်းနို့ခေါက်ဆွဲဖြင့် ဧည့်ခံလေသည်။ ဒေဗီမှာ စားပွဲအနီးလိုအပ်သည်များ စီစဉ်ပေးရန် နေခဲ့ပြီး အေမီကတော့ ကျန်ဧည့်သည်များကို နှုတ်ဆက်စကား သွားရောက်ပြောကြားနေခဲ့သည်။

''အစ်ကိုတို့များ နေနိုင်လိုက်တာနော်၊ ရောက်ကတည်းက ၁စ်ခါ ဖုန်းဆက်ပြီး ထပ်မဆက်တော့ဘူး၊ ညီမက လာဦးမလားလို့ မျှော်နေမိတာ''

သူ့ ပန်းကန်ထဲသို့ ဟင်းရည်များ ထည့်ပေးရင်း သူမ ပြောနေသော စကားများက ဟန်ဆောင်မှု ကင်းမဲ့လှကြောင်း သူ့အနေဖြင့် ယုံကြည်ခဲ့မိသည်။ သူမ၏ ရင်ထဲတွင်လည်း သူနဲ့ ပတ်သက်သော စိတ်ကူးယဉ် ကြည်နူးမှုလေးတွေ ရှိနေမည်ဆိုသည်ကို သူမ၏ မျက်လုံးထဲ



တွင် မသိမသာ ပေါ်ပေါက်နေသော ကြင်နာမှုအရိပ်အငွေ့များက ရှိနေကြတယ် မဟုတ်လား–

--

နောက်ပိုင်း ရက်များတွင် သူမထံသို့ တစ်နေ့တစ်ကြိမ်ခန့် ဖုန်း မှန်မှန်ဆက်ဖြစ်သည်။ ရုံဖန်ရံခါများ၌ လမ်းကြုံသည်ဟု အကြောင်းပြပြီး အလည်အပတ် ရောက်တတ်သကဲ့သို့ သူနဲ့ အဆက်အသွယ် ဝေးသွားသောအခါ သူမထံမှ ဖုန်းဖြင့် ဆက်သွယ်လာလေ့ရှိသည်။ ခင်မင်ရင်းနှီးမှုမှ တစ်ဆင့် သမုဒယ သံယောဇဉ်ကြိုးမျှင်လေးများမှာ နှစ်ဦးစလုံးတွင်



www.burmeseclassic.com

www.burmeseclassic.com



ရစ်ပတ်ဖွဲ့နှောင်နေခဲ့ကြပြီ ဖြစ်သည်။ သူ့အနေဖြင့် သူမအပေါ် ချစ်နေမိပြီဖြစ်ကြောင်း ဖွင့်ဟလိုပေမယ့် ရရှိပြီးသားခင်မင်မှုက နေမြင့်လေ အရှုံးရင့်လေ ဆိုသကဲ့သို့ ကြာလေလေ မခွဲနိုင် မခွာရက်ဖြစ်ခဲ့ကာ အားလပ်သော အချိန်များသည် သူမအတွက် ဖြစ်နေခဲ့တော့သည်။

သူ့ရင်ထဲက ခံစားမှုများအပေါ် ရိပ်စားနေမိသည့် ဒေစီအနေဖြင့်လည်း တစ်နေ့နေ့၊ တစ်ချိန်ချိန် သူ့နှုတ်ဖျားမှ တောင်းဆိုလာမည့် ချစ်ရေးဆိုမှုကို မျှော်လင့်ရင်းဖြင့် သူတို့နှစ်ဦး၏ ရင်းနှီးမှုအပေါ် သူမတို့ရပ်ကွက်ထဲမှ မပြောဘဲနဲ့သိ၊ မကြည့်ဘဲနှင့်မြင် ဖြစ်နေခဲ့သည်။ ထို့ကြောင့်လည်း ဒေါ်စောမြတ်မွန်က သမီးဖြစ်သူအား တိုးတိုးတိတ်တိတ် မေးခဲ့သည်။

''သမီးနဲ့ မောင်ဖော်ရှင်းတို့ ဘယ်အဆင့် ရောက်နေပြီလဲ အမေ့ကို ပတ်ဝန်းကျင်က မေးနေကြပြီ''

''အမေရယ် သမီးတို့က ရိုးရိုးသားသား ခင်တာပါ။ ခုအချိန်ထိ ဖြူစင်သန့်ရှင်းကြပါတယ်''

~~~~~

ဒေစီ ယခင်တစ်ကြိမ် နှစ်ကြိမ် မြဝတီတက်စဉ်ကာလက ပဲခူး ဟာဒယကဖီး ဆိုက်



ကားဂိတ်သို့ လိုက်ပို့ပေးခဲ့ဖူးသည်များကို ပြန်လည်မြင်ယောင်နေမိသည်။ ညအချိန် အမျိုးသမီး တစ်ယောက်တည်း စွန့်စွန့်စားစား ခရီးသွားရသော မရေရာ မသေချာသည့် အလုပ်အတွက် သူ့အနေဖြင့် စိုးရိမ်မှု လွန်ကဲ၍ ဟန့်တားခဲ့ဖူးသည်။ ချစ်ရသူ တစ်ယောက်အနေဖြင့် သည်မျှ ပင်ပန်း ဆင်းရဲသော အသက်မွေးဝမ်းမှု အလုပ်ကို မလုပ်ကိုင်စေချင်၍ တားမြစ်တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ သူမဘက်က သူ့ စေတနာကို တုံ့ပြန်သောအားဖြင့် ယခုတစ်ခေါက်သည်နောက်ဆုံးသွားခြင်းသာဖြစ်ပြီး တောင်းပန်ခွင့်တောင်းခဲ့ပြန်တော့လည်းသူ့ရင်ထဲမှာ ကျေနပ်ခဲ့ရပါသည်။ ခွဲခွာသွားသူအတွက် ကျန်ရစ်သူက လက်ပြနှုတ်ဆက်ပြီး လွမ်းမောကျန်ရစ်ရမည့် ခံစားမှုမျိုးကိုတော့ သူ့ဘက်မှ ခံနိုင်စွမ်းမရှိဖြစ်ခဲ့သည်မို့ ကားဂိတ်သို့ လိုက်ပါပို့ဆောင်မှု မပြုခဲ့မိသည်ကို နောင်တ ရမိနေပြီ များလား၊ ဝမ်းနည်းမှု လွမ်းဆွတ်မှုများက သူ့အပေါ် နှိပ်စက်ကလူ ပြုနေကြသည်ထင်၏။

ခုတင်ပေါ် ပက်လက်လှဲလျောင်း၍ စိတ်အနားယူရင်း အိပ်ရာနံဘေးရှိ စားပွဲပေါ်မှ ရေဒီယို ခလုတ်ကို အသာအယာ နှိပ်လိုက်မိသည်။ ခံစားနားဆင် မြန်မာသံစဉ် အစီအစဉ်မှ ကွယ်လွန်သွားပြီဖြစ်သော ဂီတစာဆို တေးသံရှင် စန္ဒရားလုထွင့်ရဲ့ အိပ်၍ မပျော်သောည



www.burmeseclassic.com
~~~~~

www.burmeseclassic.com



သီချင်းသံ တစ်ဝက်တပျက်က သူ့ဝေဒနာများအား နှိုးဆွပေး နေသည့်အလား

အိပ်မပျော်လေတိုင်း–

ရှေးဖြစ်နောက်ကြောင်းများတွေ တွေးတောမိတယ်---ကိုယ့် အတွက် မဖြေသာ---အဖြေ လည်းရှာရန်မလွယ်---ပြန် လည်ကာ ဆန်းစစ်ကြစမြဲမို့ စိတ်မသက်သာဖွယ်---ငြော် နှိပ်စက်ကြသည်မို့လည်း ဒီလို ညများမတွေ့ပါရစေနဲ့ကွယ်–။

ဆက်ပြီး နားဆင်ရန် ခွန်အားမရှိတော့သည်မို့ ရေဒီယို ခလုတ်ကို လှမ်းပိတ်ခဲ့မိသည်။ သူမအပေါ် ရင်နင့်အောင် ချစ်မိနေခဲ့သော စွဲလမ်းမှုများက သူ့အပေါ် အနိုင်ယူသွားကြလေပြီသာ ဖြစ်သည်။ သူမ၏ နောက်ဆုံး ခရီးစဉ်မှ ပြန်လာခဲ့ရင်တော့ သူ့ရင်ထဲက ခံစားမှုများအား ဖွင့်လှစ်ပြတော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်ရင်း အိပ်ပျော်သွားစေရန် စောင်ခေါင်းမြီး ခြုံခဲ့သော်လည်း အိပ်၍ မပျော်နိုင်ခဲ့တော့ပေ။ အတွေးသံသရာထဲတွင် နစ်မျောသွားနေခဲ့ရင်း နံနက်လင်းကြက်တွန်သံကြားခါမှပင် မှေးခနဲ အိပ် ပျော်သွားလေတော့သည်။

(၄)

ညစာ ထမင်းစားပြီး၍ လက်ဆေးခါစရှိသေး။ သူ့လက် ကိုင်ဖုန်း လူခေါ်သံ မြည်လာ၍ နားထောင်လိုက်သည်။

“ဟုတ်ကဲ့ အမိန့်ရှိပါ ခင်ဗျား။ ကျွန်တော် သတင်း ထောက် ဇော်ရှင်းပါ။ ကျွန်တော် နာရီဝက်အတွင်း အရောက်လာ ခဲ့ပါမယ်”

လက်စွဲတော် နီကွန် ဒီဂျစ်တယ်ကင်မရာအား ယူ၍ လက်မှနာရီကိုကြည့်တော့ ည (၇) နာရီထိုးနေပြီဖြစ်သဖြင့် သူ့အား အရေးကြီးကိစ္စရှိ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ခေါ်ယူနေသည့်မို့ အချိန်ဆွဲ မနေတော့ဘဲ ကားပေါ် အပြေးအလွှားတက်ပြီး အမှတ်(–)ရဲစခန်းဘက်သို့ ဦးတည် မောင်းနှင်ခဲ့သည်။ သူ အမှတ် (–) ရဲစခန်းရှေ့ ကားဆိုက်တော့ စခန်းရှေ့တွင် ရပ်၍ စကားပြောဆိုနေကြသော မြို့နယ်မှူး အပါအဝင် ရဲအရာရှိများအားအသင့်တွေ့လိုက်ရသည်။ သူ့ကိုတွေ့တော့ မြို့နယ်မှူးက လက်ယပ် လှမ်းခေါ်ရင်း ရဲအရာရှိတစ်ဦးနှင့် မိတ်ဆက်ပေးလေသည်။

“ကိုဇော်ရှင်းရေ ဟောဒါ လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေးအဖွဲ့က တိုင်းအဆင့် တာဝန်ခံ ဒုရဲမှူးပါ”

ဒုရဲမှူးက သူ့အား လက်ဆွဲနှုတ်ဆက်လိုက်၍ အလိုက်သင့် နှုတ်ဆက်ရင်း သူ့ကိုယ်သူ ပြန်မိတ်ဆက်လိုက်သည်။

“ဟုတ်ကဲ့ ရဲမှူး အထူးလေးစားပါတယ်။ ကျွန်တော် မှုခင်းသတင်းထောက် ဇော်ရှင်းပါ”

စခန်းမှူး ရုံးခန်းထဲတွင် အခြားအမည်မသိ ရဲအုပ်တစ်ဦးနှင့် အမျိုးသမီးရဲအုပ် တစ်ဦး၊ တပ်ကြပ်ကြီး တစ်ဦး အပြင် အမှတ် (–) ရဲစခန်းမှ နယ်ထိန်းတာဝန်ခံ အရာရှိနှင့် တပ်ဖွဲ့ဝင်များ စုစည်းမိကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက ရရှိ သတင်းနှင့် မူးယစ်ဗဟိုမှ ညွှန်ကြားချက်၊ တိုင်းတပ်ဖွဲ့မှူး၏ မိန့်မှာချက်များကို ရှင်းပြနေ၍ ယနေ့ ည စတင်လှုပ်ရှားရမည့်

www.burmeseclassic.com



စုရပ်သို့ ည (၈) နာရီတိတိ ထွက်မည်ဖြစ်ကြောင်း ရှင်းပြသည်။ အချိန်က (၅) မိနစ်သာ ကျန်သဖြင့် လိုက်ပါမည့်သူများ အဖွဲ့ ခွဲဝေကြရာမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပည့် အရာရှိတစ်ဦးမှာ သူ့ကားနှင့်လိုက်မှာဖြစ်ပြီး ရှေ့မှ သွားသော ကားနှစ်စီး၏ နောက်ဆုံးမှ လိုက်ရမည်ဖြစ်သည်ဟု သိရှိရ၍ ကားပေါ်နေရာ ယူလိုက်လေသည်။

ရှေ့ဆုံးမှ အမှတ်(-) **စခန်းမှူးနှင့် နယ်ထိန်းအဖွဲ့၊** အလယ်မှ ကားတွင် လူကုန်ကူးမှု တားဆီးတိုက်ဖျက်ရေး တိုင်း



တာဝန်ခံ ဒုရဲမှူးနှင့် ရဲအရာရှိ အမျိုးသား၊ အမျိုးသမီးပါသော ကားဖြစ်ပြီး သတင်းထောက် ဇော်ရှင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ပါသောကားမှာ နောက်ဆုံးမှ လိုက်ခဲ့သည်။ ပဲခူး–မန္တလေး ကားလမ်းအတိုင်း ထွက်လာကြပြီး ပဲခူးမြို့အထွက် ကလီကျေးရွာအလွန် စစ်ဆေးရေးဂိတ်သို့ ရောက်သည်နှင့် အားလုံး ကားပေါ်မှ ဆင်းကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် လူကုန်ကူးမှု တားဆီး တိုက်ဖျက်ရေးတိုင်းတာဝန်ခံတို့က တပ်ဖွဲ့ဝင်များအား ကိုယ်စီ တာဝန်ခွဲဝေ ပေးထားသည်။

တစ်နာရီခန့် စောင့်ပြီး ည (၉)နာရီခန့်တွင် မြို့နယ်မှူး၏ လက်ကိုင်ဖုန်းဆီမှ လူခေါ်သံကြားပြီး မြို့နယ်မှူးနှင့် စကားပြောဆိုနေကြောင်း တွေ့ရပြီးနောက် အဖွဲ့သားအားလုံးကို မြို့နယ်မှူးက အသင့်ရှိစေရန်နှင့် ကားမှ ပဲခူးမြို့ထဲမှ ထွက်ခွာလာကြောင်း ပြောကြားအမိန့်ပေးသောကြောင့် တပ်ဖွဲ့ဝင်အားလုံး အသင့် ဖြစ်နေကြပြီး မိမိတို့ ထမ်းဆောင်ရမည့် တာဝန်အတွက် ပြင်ဆင်ကြသည်။ သတင်းထောက် ဇော်ရှင်းလည်းသူ၏ နီကွန်ဒီဂျစ်တယ် ကင်မရာအား လည်မှာ ဆွဲထားကာ ကားလမ်းကို မျှော်ကြည့်လိုက်သည်။

မန္တလေးလမ်းအတိုင်း မီးထိုး၍ မောင်းလာသော အဲကွန်းမှန်လုံ ဘတ်စ်ကားတစ်စီး စစ်ဆေးရေး ဂိတ်ရှေ့ ထိုးရပ်လိုက်သည်။ ပထမဆုံး ကားပေါ်မှ ဆင်းလာသူ အရပ်ဝတ်ဖြင့်လူက မြို့နယ်မှူးအား အလေးပြုခေါင်းညိတ်ပြသဖြင့် မြို့နယ်မှူးနှင့် လူကုန်ကူးတားဆီးရေးအဖွဲ့မှ ဒုရဲမှူးတို့ ကားပေါ်တက်သွားကြပြီး ခုံအမှတ် (၁၂/၁၃/၁၄/၁၅/၁၆/၁၇) တို့တွင် ထိုင်နေသော အမျိုးသမီးများကို တစ်ဦးချင်း အမည်စစ်ဆေး၍ ကားအောက်သို့ ဆင်းခိုင်းလေသည်။

အမျိုးသမီး ခြောက်ဦး ကားပေါ်မှ ဆင်းလာတော့ နောက်ဆုံးမှ ဆင်းလာသူ အမျိုးသမီးကို ကြည့်ပြီး ဇော်ရှင်း အထိတ်တလန့် ဖြစ်သွားရ၏။ လူတူမရှားမို့ ဆင်တူတာလား။ ဇဝေဇဝါဖြင့် ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



တုန်း မြို့နယ်မှူးက အဆိုပါ အမျိုးသမီး ခြောက်ယောက်ကို ကားနံဘေးတွင် တန်းစီရပ်ခိုင်း လိုက်ပြီးနောက် သူ့အားအချက် ပြလိုက်သောကြောင့် သူ့ကင်မရာမှ မီးနှစ်ကြိမ်ပွင့်ပြီး ဓာတ်ပုံ နှစ်ကွက် ရိုက်ယူလိုက်သည်။

"ဟုတ်ပါသည်။ ဒေစီမှ ဒေစီစစ်စစ်၊ ဘယ်လိုဖြစ်တာပါလိမ့်"

သူ့ရင်ထဲတွင် အံ့သြမှုများစွာဖြင့် စိတ်မှ ရေရွတ်နေမိသော်လည်း အများသူငါ ရဲတပ်ဖွဲ့ဝင်များ ရှေ့မှောက်တွင်စကားပြောရန် ခက်နေခဲ့သည်။ သူမကတော့ သူ့ထံ တစ်ချက်ကြည့်ပြီး မသိကျိုးကျွန် မျက်လွှာချ၍ ခေါင်းငုံ့နေခဲ့၏။

"ကဲ မင်းတို့ အမျိုးသမီး ခြောက်ယောက်စလုံးရှေ့ဆုံး ကားပေါ်တက်၊ အမျိုးသမီး ရဲ အရာရှိနဲ့အဖွဲ့ တစ်ပါတည်း လိုက်သွားကြ"

သူမတို့အားလုံး အမျိုးသမီး ရဲအရာရှိပါသော အမှတ် (–) စခန်းမှူးအဖွဲ့ ကားနှင့် ပါသွားကြပြီး အပြန်ခရီးတွင် မြို့နယ်မှူးမှာ သူ့ကားနှင့် ပြန်လိုက်ခဲ့ကာ နောက်ဆုံးမှပင် မောင်းစေခဲ့သည်။

"ဗိုလ်ကြီး အမျိုးသမီးတွေက ဘယ်မြို့ကလဲ"

"ဟာ သိရမှာပေါ့ သတင်းထောက်ကြီး၊ ဒီသတင်းကို စိတ်ဝင်စားနေပြီနဲ့ တူတယ်။ အဲဒီ အထဲမှာ ကပြားမလေး တစ်ယောက်ကလွဲရင်ပြည်ဘက်က ဆင်းရဲသားလက်လုပ်လက်စား မိန်းကလေးတွေပါဗျာ"

"ဒါနဲ့ အဲဒီ ကပြားမလေးနဲ့ ဘယ်လိုပတ်သက်တာလဲ ဗိုလ်ကြီး"

"ဟာ အရေးကြီးဆုံးက သူပဲဗျ၊ အဲဒီ ပြည်ဘက်က မိန်းကလေးတွေကိုယိုးဒယားမှာ အလုပ်ရမယ်ဆိုပြီးမဲဆောက်ထဲက လူပွဲစားတွေဆီ ကယ်ရီလုပ်နေတဲ့ ပဲခူးကလျာဏီထဲက ဒေစီဆိုတာ သူပဲလေ"

ကားမီးရောင်ဖြင့် ရှေ့ကို အားယူပြီး လမ်းအန္တရာယ်ကို မျက်ခြည်မပြတ် ကြည့်နေရသည့် သူ့မျက်လုံးတွေ ဝေဝါးသွားရသည်အထိ မနည်းအားယူပြီး ကားကို သတိနှင့် မောင်းနေခဲ့ရသည်။ သူ့ဘဝမှာ ဘယ်လိုမှ မမျှော်လင့်ထားသည့်ကိစ္စမို့ ရင်နင့်မတတ် ခံစားနေရသလို နားမလည်နိုင်အောင်လည်း ဖြစ်ခဲ့ရသည်။

ကားမှာ အမှတ်(–)ရဲစခန်းဘက် ချိုးကွေ့ဝင်လိုက်ပြီး ရဲစခန်းရှေ့ ကားရပ်လိုက်သည်နှင့် အမျိုးသမီး ခြောက်ယောက်အား စခန်းရုံးထဲသို့ ခေါ်သွားကြသည်။ တစ်ဆက်တည်းတွင် သူသိချင်သမျှစုံစမ်းခဲ့သောအခါ ဒေစီမှာ ပြည်ဘက်တွင် ရှိသော သူ့ မိခင်ဘက်မှ ဆွေမျိုးများ အကူအညီဖြင့် တစ်ဖက်နိုင်ငံတွင် တရားမဝင် အလုပ်လုပ်ကိုင်လိုသူများအား နှစ်ကြိမ်ခန့် ပို့ခဲ့ကြောင်း၊ ဒုတိယအကြိမ် ပါသွားသော မိန်းကလေးမှာ ပွဲစားများ လက်မှ ပြန်လွတ်ပြေးလာပြီး သူ့မိဘတွေ သတင်းပေးတိုင်တန်းချက်အရ လူကုန်ကူးမှု တားဆီးရေး ဗဟိုမှ တိုင်းဒေသကြီး တာဝန်ခံနှင့် တိုင်းရဲတပ်ဖွဲ့မှူးတို့ထံ အချက်အလက် အပြည့်အစုံဖြင့် အကြောင်းကြားခဲ့၍ လက်ပူးလက်ကြပ် ဖမ်းဆီးနိုင်ရန် စုံစမ်း ထောက်လှမ်းခဲ့ရာမှ အလွန်ခက်ခဲစွာ သတင်းရယူ



www.burmeseclassic.com

www.burmeseclassic.com





ခဲ့ရကြောင်း အထူးသဖြင့် ပါးနပ်လိမ္မာစွာ ပါဝင် ကျူးလွန်ခဲ့သည့် ပဲခူးမှ ဒေစီဆိုသော ကပြားမလေးနဲ့ ပတ်သက် ဆက်နွယ်မှု လမ်းစမှာ မျက်ခြည်ပြတ်ပြီး ကွင်းဆက်ပြတ် နေသဖြင့် မျက်စိ လည်ခဲ့ရပြီး ခြေရာပျောက်နေခဲ့ကြောင်း။ ဒေစီ ဆိုသူ မိန်းကလေးက ပြည်မှာရှိသည့် သူရဲ့ လူစုခေါင်းရေးတာဝန်ခံ မောင်တစ်ဝမ်းကွဲ ဘတင့် ဆိုသူနှင့် ဖုန်းအဆက်အသွယ်ဖြင့် အချိန်းအချက်လုပ်ခဲ့ပြီး ဘတင့်က စုဆောင်းရရှိပြီးလူ ဘယ်နှယောက် နာမည် ဘယ်သူ စသည်ကို ဒေစီထံ သတင်း ပို့ပြီးသည်နှင့် ဒေစီက အချက်ပေးသော နေ့ရက်တွင် ရန်ကုန် အောင်မင်္ဂလာ အဝေးပြေးဝင်းသို့ ပို့ပေးပြီး ပဲခူးကားဂိတ်မှ ဒေစီ ကြိုတင် ဝယ်ယူထားသော ကားမှအသင့် ရှိသည့် ခုံမျာ လိုက်ပါကြကြောင်း၊ သူမက ဂိတ်မှ စောင့်၍ အသင့်ပါလာသော ခုံလွတ်တွင် ဝင်ထိုင်ပြီး သူတို့ချင်း သိပ်စကား မပြောကြဘဲ ခရီးသွားဖော်ချင်း အဆင့်မျှသာ ဆက်ဆံကြကြောင်း၊ ယခုကဲ့သို့ တိတိကျကျ ဖမ်းဆီးရမိခြင်းမှာလည်း မိမိတို့ အမာခံ သတင်းပေးများမှ တစ်ဆင့် ပြည်၊ ရန်ကုန်၊ ပဲခူး ရဲတပ်ဖွဲ့ဝင်ခြင်း ပူးပေါင်း ဆက်သွယ်မှုကြောင့် ဖြစ်ကြောင်း၊ ပြည်မှ ဘတင့်အား ကား ထွက်ပြီးသည်နှင့် စောင့်ကြည့်နေသော အဖွဲ့မှ ဖမ်းဆီးခဲ့ပြီး ယခု ပဲခူးသို့ ခေါ်လာပြီ ဖြစ်ကြောင်း၊ သူမတို့ စီးလာသော ကားနှင့် မိမိ တပ်ဖွဲ့ဝင်တစ်ဦး တိုက်ရိုက်စီးနင်းလာပြီး စစ်ဆေးရေး ဂိတ်တွင် ရှေ့ဆုံးမှ ဆင်းလာ ခဲ့ကာ ပစ်မှတ်များ ပါလာကြောင်း အချက်ပေးသတင်းရပြီးမှ ပိုင်နိုင်စွာ ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်းများအား မြို့နယ်မှူးက စိတ်ရှည်လက်ရှည် ရှင်းပြ၍ သိခွင့်ရခဲ့သည်။

ဖော်ရှင်းက စခန်းမှူးထံ ခွင့်ပြုချက် တောင်းခံပြီးတိုင်ချက် ကူးယူ၍ သတင်းအချက်အလက်များအား စုဆောင်းခဲ့ပြီး အမျိုးသမီး အချုပ်ခန်းသို့ သွားရောက်ခဲ့ကာ သူမအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

''ဖြစ်ရလေ ညီမရယ်၊ အစ်ကို ဘယ်ဟုန်းကမှ မမျှော်လင့်ခဲ့ဖူးတဲ့ အမှုကိစ္စနဲ့ ပတ်သက်ရတယ်လို့''

သူ့စကားဆုံးတော့ သူမရဲ့ ပါးပြင်ပေါ်သို့ စီးကျနေသော မျက်ရည်များကို သုတ်ပစ်ခဲ့ရင်း ဝမ်းနည်း ကြေကွဲစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြေခဲ့သည်။

"အစ်ကို ညီမအတွက် စိတ်မကောင်းမဖြစ်ပါနဲ့နော်၊ အမေနဲ့ ညီမလေးကိုသာ စောင့်ရှောက် ကူညီလိုက်ပါ"

"ညီမအမှုကို လဲ ဥပဒေ ဘောင်ထဲက အစ်ကို တတ်နိုင် သလောက် ကူညီမယ်လို့ကတိ ပေးပါတယ်"

"အစ်ကိုဆီက အထူး အခွင့်အရေးတစ်ခု တောင်းဆိုပါရစေ။ အစ်ကို ဒီသတင်းကိုရေးရင် ညီမဓာတ်ပုံမပါအောင် လုပ်ပေးပါ။ ညီမ သိပ်ရှက်လို့ပါနော်"

သူမရဲ့ တောင်းဆို စကားက သူ့နှလုံးသားကို ကွဲအက် နာကြင်စေသည်အထိ ခံစားခဲ့ရလေသည်။ သူမအပေါ် သူတကယ် ချစ်ခဲ့သည်ဆိုတဲ့အကြောင်း သူမရဲ့ တောင်းဆိုချက်နဲ့ သက်သေပြရမည့် အခြေအနေ ရောက်နေပြီလား။

"အစ်ကို အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်" ဟုသာ တိုးတိုးညင်သာ အဖြေပေးခဲ့ပြီး အချုပ်ခန်းကို ကျောခိုင်းခဲ့သည်။ ဝေး၍ ဝေး၍ ကျန်ရစ်သော သူမရဲ့ ငိုရှိုက်သံများကြောင့် သူ့စိတ်အစဉ်မှာ လှုပ်ရှားနေခဲ့ရတော့သည်။

(၅)

ရှုထောင့် မှုခင်းနှင့် သတင်းဂျာနယ်၏ မျက်နှာဖုံးစာမျက်နှာတွင် ပြည်ဘက်မှ ကျေးလက်နေ အမျိုးသမီးငါးဦးအား တစ်ဖက်နိုင်ငံထဲသို့ အလုပ်အကိုင်ရမည်ဟု လိမ်ညာ ခေါ်ဆောင်လာသည့် ပဲခူးမှ လူကုန်ကူးသူ မဒေစီဆိုသော သတင်းစာလုံးမည်းကြီး အောက်တွင် ပန်းနုရောင်ဝမ်းဆက် ဝတ်ဆင်ထားသည့် သူမ၏ ရုပ်ပုံလွှာအား ပေါ်လွင် ထင်ရှားစွာ တွေ့မြင်ရသည်။

သတင်းထောက် ဖော်ရှင်းမှာ သတင်းဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိလာသော သူရေးသားပေးပို့ခဲ့သည့် သတင်းစာမျက်နှာကို အထပ်ထပ် ပြန်ဖတ်နေမိသည်။ ပြည်သူများကို မှုခင်းအသိပညာပေးနိုင်ရန် သူ၏ သတင်းထောက်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် နိုင်ခဲ့သည်မို့ သူ၏ အောင်မြင်မှုအတွက် ကျေနပ်မှုပီတိများ ခံစားခဲ့ရသော်လည်း အဲဒီ ပီတိရဲ့ နောက်ကွယ်က သည်သတင်းကို သူရဲ့နှလုံးသွေးများနှင့် ရင်နင့်စွာ ရေးသားခဲ့ရခြင်းကိုတော့ဖြင့် စာဖတ်သူများ သိနိုင်ကြလိမ့်မည် မဟုတ်ပေ။

အထက်မှ သူ့အပေါ် ယုံကြည်စွာ အပ်နှင်းခဲ့သော မှုခင်းသတင်းထောက် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပြီဆိုသော အသိတရားများက သူ့ရင်မှခံစားမှုအချို့အပေါ် ဖြေလျော့ပေးနိုင်ခဲ့သည် မဟုတ်ပါလား။


**အောင်ရဲကျော် (မှုခင်း) မှတ်ချက်။**

**ပဲခူးမြို့မှ သတင်းထောက်အဖွဲ့ (ရုံးခွဲ)သို့ အမှတ်တရ ဂုဏ်ပြု ရေးဖွဲ့ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com



“

ဖောက်ပြန်တဲ့
အမေအတွက်
လူသတ်သမား
ဖြစ်သွားတဲ့
သားတစ်ယောက်ရဲ့
ဇာတ်လမ်းတစ်ပုဒ်

”

တွင်းကြီးသား တင်ဝင်းဦး

# မငိုပါနဲ့ မလေးနွယ်



www.burmeseclassic.com

www.burmeseclassic.com



## မငိုပါနဲ့ မလေးနွယ်

**တွင်းကြီးသား**

**တင်ဝင်းဦး**

ကားမှတ်တိုင်မှာ ရပ်ရင်း လက်တွင် ပတ်ထားသည့် အညွှံ့စား နာရီလေးကို ကြည့်မိသည်။ ရှစ်နာရီ ထိုးရန် ငါးမိနစ်သာလိုသည်။ သည်တော့ စိတ်က ဆန္ဒမစောတော့။ ဘေးဝဲယာကိုကြည့်ရင်းနှင့် အချိန်ကို ဖြုန်းပစ်လိုက်သည်။ လူတွေကားတွေက သာကေတမှ တစ်ဆင့် မြို့ထဲသို့ အလျှိုအလျှိုသွားနေကြပြီ။ ကားတွေ လူတွေထံ ကြည့်နေမိသော လေးနွယ်မျက်လုံး၏ အကြည့်များက ဒွာသက်မပါ။ အချိန် ဖြုန်းရုံသက်သက်။

ကား မှတ်တိုင်မှာ မလေးနွယ်လိုပင် ကားစောင့်သူလေး ငါး ခြောက်ဦး ရှိသည်။ ယောကျ်ားလေးတွေက ဒူးဆစ်အထိ ရှည်သည့် ဘောင်းဘီနှင့်။ အင်္ကျီကိုယ်ကျပ်နှင့်။ မိန်းကလေး နှစ်ယောက်က ပေါင် အရင်းအထိ ကပ်ချပ်နေသည့် ဘောင်းဘီ အနက်ကလေးတွေနှင့်။ အင်္ကျီကလည်း ပုခုံးထက်မှာ လက်နှစ်သစ်ကြိုးနှင့် ဆိုင်းထားရုံ ပြုတ်မကျရုံသာ ထိန်းထားသည့်ပုံ။ သည်တော့ ဘေးကိုကြည့်ရင်း မိမိကိုယ်ကို ပြန်ကြည့်ပြန်တော့လည်း ဒူးဆစ်အောက်သာ ဖုံးထားသည့် ရှေ့နောက်အကွဲနှင့်။ ကျပ်တည်းပြီး မပေါ်တပေါ် စွပ် ကျယ်နှင့်. . ။

"လေး--မနက်ဖြန်ဆယ်နာရီလောက်ကို ဆူးလေဘုရားက စောင့်နေနော်။ ကိုမျိုးဆက်ဆက်လာမယ်။ ရုံးပိတ်တယ်လေ"

ကိုမျိုးဟုခေါ်သည့် မျိုးသက်နိုင် **စကားကို** ပြန်လည်ကြားယောင်မိတော့ ပြုံးမိသည်။ ပြုံးနေသည့် **ကိုမျိုး ချစ်စရာ** မျက်နှာ၊ ချစ်စရာ မျက်ဝန်းများနှင့် မမေ့ရက်စရာ သွားဖွေးဖွေးလေးတို့ကို ပြန်လည်မြင်ယောင်ရင်း တမ်းတနေမိပြန်သည်။

"လေးက မလာဘူးဆိုရင်ကော. . "

တမင် အရွဲ့တိုက်ပြီး မေးမိသည်။ နောက်ပြောင်သည့် သဘော။ ကျီစယ်လိုသည့် သဘော။ မလေးနွယ် စကားကြောင့် ကိုမျိုး တုန်ခါသွားသည်ဟု ထင်မိသည်။ ထိတ်လန့်သော မျက်လုံးတို့သည် အကျည်းတန်သွားသည်။

"ဖြေလေ"

"မလေး မလာဘူး ဆိုရင် ကိုမျိုး ငိုပစ်လိုက်မှာပေါ့"

ကိုမျိုး စကားကြောင့် တခစ်ခစ် ရယ်သူကမလေးနွယ်။ ရယ်နေသည့် မလေးနွယ်၏ လက်ကလေးများကို ဆုပ်ကာ၊ လက်ဖမိုးလေးများကို နမ်းပြီး ခွေ့ခနဲ ဖက်လိုက်ပြီး အမောဖြေနေသူက ကိုမျိုး။

သို့ဖြင့် မိုးမမြင် လေမမြင် ဖြစ်ခဲ့ရပုံလေးတွေက မလေးနွယ်ရဲ့ စိတ်အာရုံ မလေးနွယ်ရဲ့ နှလုံးသားထက်မှာ အရိပ်လို ကပ်ပါဆဲ။ တွေးရင်း နှင့် ကားမှတ်တိုင် အရိပ်အောက်မှာ တစ်ကိုယ်တည်း ပြုံးနေမိသည်။ ဘေးက လူတွေက မလေးနွယ်ကို ကြောင်အမ်းအမ်းနှင့် ကြည့်နေသည်ကို ဂရုမပြုနိုင်။

မလေးနွယ် အဝတ်အစား၊ အပေါစား မိတ်ကပ်နှင့် မလေးနွယ် မျက်နှာ အပြင်အဆင်ကို ကြည့်ရင်း တန်ဖိုး ဖြတ်နေသည့် မျက်ဝန်းများကို မေ့



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ အတော် ကြာတော့ လိုင်းကား လာသည်။ အလျင်ကားတွေက လူကျပ်မကျပ်။ ခုကားက လူချောင်သည်။ သည်တော့ ကားပေါ်တက် ကားခပေးပြီး မြို့ထဲ ပါလာသူက မလေးနွယ်. . . ။

"ပန်း ဆိုး တန်း ပါတယ် ဆရာရေ့"

စပယ်ယာ၏ အသံမဆုံး။ မှတ်တိုင်မှာရပ်တော့ တိုးဇေ့ပြီး ဆင်းကာ၊ ဆူးလေ ဘုရားဘက် ဆက်လျှောက်လာခဲ့သည်။ မြို့တော်ခန်းမ ဘေးမှတစ်ဆင့် ရင်ပြင်တော်သို့တက်ခဲ့သည်။ ချိန်းထားသည့်နေရာသို့ ကိုမျိုး မရောက်သေး။ သည်တော့ လေးနွယ်သည် ဘုရားကို တစ်ပတ် ပတ်ပြီး ကြည့်ညိုသည်။ တစ်ပတ် ပြည့်ပြီးတော့ အနောက်ဖက် စောင်းတန်းမှာ ထိုင်သည်။

"ဘဝ အဆက်ဆက် ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း လက်ရှိအခြေအနေမျိုးလို ဆိုးရွားတဲ့ အကုသိုလ်က အကျိုးတရားတွေ ဘယ်သောအခါမှ မခံစားပါရစေနဲ့. အရှင်ဘုရား။ ဝဋ်ကြွေးရှိရင် ဒီဘဝ ဒီမျှနှင့်ပဲ ကျေအေးပါစေတော့"

ရင်ထဲ၌ပင် ဆုတောင်းရင်း ဘုရားကို ဦးသုံးကြိမ်ချသည့်အပြီး မျက်လုံးကို စုံမှိတ်ထားပြီ ရှိရှိသမျှသော သတ္တဝါအားလုံး အမျှပေးဝေ လိုက်သည်။ အမျှဝေရင်းနှင့် စိတ်ထဲမှာ ဖျတ်ခနဲ ပေါ်လာသည့်က သား --- လေးနွယ်ရဲ့ သား။ မောင်မိုးအောင်။

"သားရယ် ---"

ဘုရားရှင်တော်၏ မျက်နှာတော်ကို အာရုံပြုထားရင်းမှ သားဖြစ်သူ၏ ချစ်စရာ့ မျက်နှာ အပြစ်မဲ့သည့် မျက်လုံးတွေကို မြင်ယောင်မိသည်။

"ဘဝ အဆက်ဆက် ဖြစ်လေရာ
ဘဝတိုင်း ဘဝတိုင်း လက်ရှိအခြေအနေမျိုးလို
ဆိုးရွားတဲ့ အကုသိုလ်က အကျိုးတရားတွေ
ဘယ်သောအခါမှ မခံစားပါရစေနဲ့. အရှင်ဘုရား။
ဝဋ်ကြွေးရှိရင် ဒီဘဝဒီမျှနှင့်ပဲ ကျေအေးပါစေတော့"

သည့်တော့ နှုတ်က အသံထွက်တရင်း မျက်ရည် မကျအောင် ကြိုးစားလိုက်သည်။

"မလေး"

ရုတ်တရက် ခေါ်သံကြောင့် အာရုံဖြတ်ပြီး ဘေးကို စောင်းကြည့်မိသည်။

"ဟင် ကိုမင်းလွင်"

မှန်ပါသည်။ ကိုမင်းလွင်မှ ကိုမင်းလွင်အစစ်။ ကြည့်စမ်း။ ဘယ်တုန်းက ဘယ်အချိန်က သူ့အနားရောက်နေသည် မသိ။ စတစ်ကော်လံခေါင်းတုံး အဖြူ၊ ယောပုဆိုး အနက်ကို ဝတ်ထားသည့် ကိုမင်းလွင်၊ လွယ်အိတ်ထဲမှာ စာအုပ်တွေ အပြည့် ထည့်ထားသည့် ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်၊ စာရေးဆရာ ကိုမင်းလွင်။

ကိုမင်းလွင်ကို ကြည့်ရင်း မှုန်တေတေ မျက်နှာထားနှင့် ကြည့်မိသည်။ နှုတ်ခမ်းစု လိုက်သည်။ အမုန်းမျက်ဝန်းတို့က စားတော့ဝါးတော့မတတ်။

''ရှင် ဘာလာလုပ်တာလဲ''

''ကိုယ် ဘုရားကို လာတာလေ။ သားလေး ဆယ့်နှစ်နှစ်ပြည့်တဲ့ရက်လေ။ လေးနွယ် မေ့နေပြီပေါ့၊ ဟုတ်လား''

တည်ငြိမ်စွာဖြင့် ပြောလာသည့် ကိုမင်းလွင် အသံက တုန်ခါမှုမရှိ။ ကြိုးစားပြီး ပြောနေသည်က သေချာသည်။ ကိုမင်းလွင် မျက်ဝန်းမှာလည်းမျက်ရည်ကျ ချင်ချင်။ မမာနိုင်သောနှလုံးသားမှ ခံစားရလွန်းသည့်သောက ဝေဒနာများကြောင့် အက်အက်ကွဲကွဲဖြစ်ချင်ပြီး စိုက်စိုက်စူးစူးကြည့်နေသည့် ကိုမင်းလွင်သည် မလေးနွယ် မျက်နှာဆီမှ လွှဲဖယ်လိုက်သည်။ မလေးနွယ် နှုတ်ခမ်းများ တုန်ခါနေပါသည်။ ဟန်ဆောင်မှုတွေဖြင့် ဥပေက္ခာပြုနေသည်ကို နားလည်ပါသည်။

''မင်း ဘာလာ လုပ်တာလဲ လေးနွယ်''

''ဒီလိုပေါ့ သားလေးရော နေကောင်းလား''

ဟု ကိုမင်းလွင်ရဲ့ အမေးကို ဖြေရင်း သားလေး အကြောင်းကို မေးမိသည်။ မပြတ်သေးသည့် သံယောဇဉ် အပိုင်းအစများကို တွေ့လိုက်ရသည်။

''မလေးနွယ်ရဲ့ မေတ္တာကြောင့် သားလေး နေကောင်းပါတယ် လေးနွယ်။ ကဲ ကိုယ်သွားဦးမယ် လေးနွယ်''

ဖြေရင်းမှ ရုတ်တရက်ထပြန်သွားသည့် ကိုမင်းလွင်ကိုကြည့်ရင်း မလေးနွယ်ဘာမှ ပြန်မပြောမိ။ ကျောပြင်ကိုကြည့်ရင်း မရေရာသည့် အတွေးများဖြင့် မသေချာသော အဖြေကိုရှာရင်း မိမိ နှလုံးသားကို ပြန်လည် သုံးသပ်နေမိ၏။

''ငါ -ငါ ကိုမင်းလွင်ကို တကယ်ပြတ်တာ၊ မုန်းခဲ့တာ ဟုတ်ရဲ့လား၊ သားကိုရော ဥပေက္ခာပြုခဲ့တာ မှန်သလား၊ ငါ ဘာလဲ၊ ဘာလဲ''

ပြုံကျလုလု ရှူးမတတ်တွေးရင်းရှိသည်။ ဖောခွေးအသံက မခေါ်ဘဲနှင့်ကျလာသည်။ အို -ချိန်းထားတာက ကိုမျိုး။ တွေ့ရတာက ကိုမင်းလွင်။ တစ်ချိန်က လင်မယား တော်ခဲ့သည့်သူ။ ခုတော့၊ အို--သူနဲ့ လေးနွယ်တို့ ဘာမှ မဆိုင်တော့ဘူး။ အားမာန်တင်းရင်း ထိုင်ရာမှ ထလိုက် သည်။

''ဟော -- ကိုမျိုး''

မှန်သည်။ ကိုမျိုး တစ်ယောက် ရင်ပြင်ပေါ်ကို တက်လာသည်။ နှစ်ဦးသား ယှဉ်ပြီး ရပ်လိုက်သည်။ အပြိုင် ပြုံးမိသွားသည်။ ပြုံးရင်းမှ လေးနွယ်သည် မလုံမလဲနှင့် ကိုမင်းလွင် ဆင်းသွားရာ တောင်ဘက်စောင်းတန်းဆီ ကြည့်မိသည်။

''သွားကြစို့ မလေးနွယ်''

''ဘယ်ကိုလဲ''

ကိုမျိုးက လေးနွယ်၏ လက်ကလေးများကို ကြင်နာမှုအပြည့်နှင့် ဆုပ်ယူရင်း တိုးတိုးလေး ပြောလိုက်သည်။ သည်တော့ သဘောကျသွားသူက မလေးနွယ်။ ဘာတဲ့ . . ။ တည်းခိုခန်းတဲ့၊ ဩော် ယောက်ျားတွေ



www.burmeseclassic.com

www.burmeseclassic.com



များ မပြောချင်တော့၊ မတွေ့လိုက်နှင့် တွေ့လိုက်ပြီ ဆိုတာနဲ့ လွတ်လွတ်လပ်လပ် လုံခြုံသည့် အရပ်ကို ရှာတော့တာပဲကိုး။

အို ဘာပဲဖြစ်ဖြစ်။ ကိုမျိုးနှင့် တွေ့ကြတိုင်းလည်း ခုလိုပင် လုံခြုံသည့် တည်းခိုခန်း တစ်ခုခုကို သွားနေကျပဲလေ။ ဒါတွေက ပုံပြင်မှ မဟုတ်တော့တာ။ ချစ်မိတော့လည်း---

"သွားလေ၊ ကိုမျိုး သဘော"

"လာ"

နှစ်ဦးသား ရင်ပြင်ထက်မှ ဆင်းခဲ့သည်။ မြို့တော်ခန်းမဘေးရောက်မှ တက္ကစီငှားသည်။ ကိုမျိုးက သွားရမည့်နေရာ တည်းခိုမည့် တည်းခိုခန်းအမည်ကို ပြောသည်။ တက္ကစီသမား သဘော ပေါက်သည်။ ဈေးညှိပြီး မောင်းကာ ထွက်ခဲ့သည်။

ထိုအချိန် အစအဆုံး ကြည့်နေသူက ကိုမင်းလွင်။

"ဩော်---လေးနွယ် လေးနွယ်။ ဒီအကျင့်တွေ မပြင်သေးဘဲကိုး။ အင်း မိန်းကလေး ဆိုတဲ့ဂုဏ်၊ ငါ့ အိမ်ထောင်ရှိခဲ့သူ။ ငါ့မှာ သားတစ်ယောက် ရှိတယ်။ ဒါတွေကိုမှမထောက်"

ကိုမင်းလွင် တွေးရင်းနှင့် လေအန်ကုန်းဘက် ထွက်ခဲ့သည်။ သူ့ခြေလှမ်းတွေက လေးလေးပင်ပင်။ သူ့နှလုံးသားတွေက ဖရိုဖရဲ။ မှန်တိုင်းထန်သည့် စိတ်တို့က ဟိုဟိုဒီဒီ။ ညက် ညက်ကြေနေသည့် သူ့အသိတွေက ကမ္ဘာ့အပြင်မှာ။ သူ့မျက်လုံးက မျက်ရည်တွေနှင့်။

"ပျံ့ပေဦးတော့ ငှက်ခါး မလေးရယ်"

"ဟာ ကိုမင်း လာထိုင်"

လေအန်ကုန်း လက်ဖက်ရည်ဆိုင် ရောက်တော့ ကိုနန္ဒာက ဆီးကြိုနှုတ်ဆက်သလို၊ ကိုဟောမာ၊ ကိုရွှေအောင်၊ မောင်ကြော့ဦးတို့က နှုတ်ဆက်ကြသည်။ အားလုံး ကဗျာသမား၊ စာသမားတွေချည်းဆိုတော့ ပြောစရာမလို။ တစ်ယောက်မရှိ တစ်ယောက်ချေ၊ ပေး၊ ကျွေး ကူညီရင်းဖြင့် ပေါင်းသင်းခဲ့တာ ကြာပြီ။ ဝတ္ထုရှည်တွေ၊ ပေါင်းချုပ်တွေ၊ ကဗျာစာအုပ်တွေလည်း တစ်ဦးချင်း အဖွဲ့လိုက် ထုတ်ဝေခဲ့ကြပြီးသား။ ကိုမင်းလွင် ရောက်ပြီးမကြာပါ။ အခြား စာရေးဆရာတွေရောက်လာသည်။ စုံသွားပြီ။ သည်တော့ ကိုယ့်အဖွဲ့နှင့်ကိုယ်။ ကိုယ့်ဝိုင်းနှင့်ကိုယ်။ ကဗျာ အကြောင်း၊ စာအကြောင်း၊ မဂ္ဂဇင်းအကြောင်း၊ ဂျာနယ်အကြောင်း ပြောရင်းဆိုရင်း စိတ်အပန်းဖြေနေကြဆဲ။

'မောင်မိုးအောင်လေး အခြေအနေရော အဆင်ပြေ

> **ဩော် ယောကျ်ားတွေများ မပြောချင်တော့။ မတွေ့လိုက်နှင့်။ တွေ့လိုက်ပြီဆိုတာနဲ့ လွတ်လွတ်လပ်လပ် လုံခြုံသည့်အရပ်ကို ရှာတော့တာပဲကိုး---**



www.burmeseclassic.com

www.burmeseclassic.com



လား''

မေးလာသူက ကိုနန္ဒာ။ ကိုနန္ဒာ အမေးကို ခပ်မြန်မြန် ခေါင်းညိတ်ပြမိသည်။ အတော်ကြာမှ လေးတွဲစွာဖြင့်–

'' ညပိုင်းပဲ အလုပ်ဆင်းတယ်လေ။ နေ့ခင်းမှာ ကျောင်းတက်ရသေးတာမို့လား။ အင်း ကိုနန္ဒာကို ကျေးဇူးတင်ပါတယ်။ ခုလိုကူညီတာ''

ကိုမင်းလွင်က လက်ထဲမှ မဂ္ဂဇင်းတစ်အုပ်ကို ကိုင်ရင်းပြောသည်။ မောင်မိုးအောင်ဆိုတာ ကိုမင်းလွင်ရဲ့သား၊ တစ်ဦးတည်းသော ရင်သွေး၊ အလုပ်ဆိုတာက ကိုနန္ဒာက ရှာပေးစားခြင်းပင်။ သည်တော့ ကျေးဇူးတင်ရသည်က အမှန်။

''ကိုမင်းလွင် ဘယ်လိုစိတ်ကူးထားလဲ''

ကိုနွေမောင်က မေးလိုက်သည်

''ဘာကိုမေးတာလဲ ကိုနွေမောင်''

''ဩြော် လေးနှယ်နဲ့ ပြန်ပေါင်းဖို့ ကိုစွကို မေးတာပါ စိတ်မကောင်းဘူးဗျာ။ တကယ် ပြန်ပေါင်းစေချင်တာ။ ခင်ဗျားတို့ရဲ့ နောင်ရေးထက် ကလေးရဲ့ နောင်ရေးက ရှိသေးတယ်လေ''

''ဟုတ်တယ် ကိုမင်းလွင်၊ ကလေးရဲ့ နောင်ရေးက ရှိသေးတာကို ထည့်တွက်ကြဦး။ မိန်းမဆိုတာ မီးဝေးချိပ်လိုပဲ မာတတ်တယ်နော်''

ကိုဟေမာက ထပ်ဆင့်ပြီး အနာဟောင်းကို ပြန်ဖွပေးလိုက်သည်။ အိပ်နေသည့် နှလုံးသားကို တမင် ပုတ်နှိုးခဲ့ကြတာမဟုတ်။ တကယ် စေတနာနှင့် ပြောနေကြခြင်းရယ်ပါ။

''အစကတည်းက လေးနှယ်က မာပြီးသားပဲ ကိုဟေမာ။ သူ့လမ်းနဲ့သူသွားမှာပါ။ ကျွန်တော့်ကတော့ မမျှော်လင့်ချင်တော့ဘူး။ ဘာပြုလို့လဲဆိုရင် ပန်းတစ်ပွင့်ဟာ အနမ်းများလာရင်၊ နမ်းတဲ့သူ ပေါလာရင် ရင်ကော့ ခေါင်းမော့ချင်ကြတယ်လေ။ ဒါပေမယ့် အကြွေစောမှာကိုတော့ သတိမပြုကြဘူး''

ကိုမင်းလွင် အဖြေကရှင်းပါသည်။ သို့သော် –အတွန့်တက်မေးသူက မောင်ကြော့ဦး။ ကဗျာဆရာ။

''ဒါဖြင့် ကြွေမှပဲ ကောက်ယူပန်ဆင်တော့မယ်ပေါ့ ဟုတ်လား''

သည် စကားကြောင့် မဲ့ပြုံး တစ်ချက်ပြုံးလိုက်သည်။ မကြားချင်ပါပဲ ကြားနေရ၊ နားမထောင်ချင်ပါပဲ ထောင်နေရသည့် အဖြစ်မျိုး။

''ပန်းအကြွေတစ်ပွင့်ဟာ တည့်တည့်မတ်မတ်နဲ့ ကျလာမယ်ဆိုရင်တော့ ပန်ဆင်ဖို့ကောက်ယူမိမှာပါ။ ဒါပေမယ့် လေအလွင့်မှာကျွန်တော့် ရှေ့ကနေပါသွားရင်တော့ ကျွန်တော်ကျောပေးပြီး ဥပေက္ခာပြုဖို့ ကြိုးစားပြီး သတ္တိမွေးနေပါပြီ ကိုကြော့ဦး''

ကိုမင်းလွင် စကားကို သဘောကျသည်။ အဖြေကရှင်းပါသည်။ တကယ်တော့။ ကိုမင်းလွင်ရဲ့ စိတ်ထား၊ မလေးနှယ်ရဲ့ အကြောင်း အားလုံး သူတို့သိကြသည်။ နားလည်ကြပါသည်။ ထို့ကြောင့် ဟိုတစ်ချိန်တုန်းကလည်း စေ့စပ်ပေးဖူးသည်။ နားချပေးဖူးသည်။ ရင်ကြားစေ့မရသည့် ကွဲကွာမှုကကြာလေ ပိုဆိုးလေ။ ပိုဆိုးရုံလည်း ခုအချိန်၌ တစ်ကွဲ တစ်



www.burmeseclassic.com

www.burmeseclassic.com



ပြားစီနေကြသည် မဟုတ်လား။

ထိုနေ့က လေအန်ကုန်းမှာ စာပေအကြောင်းထက် ကိုမင်းလွင်နှင့် မလေးနွယ် အကြောင်းကိုသာ ပြောရင်း အချိန်ကုန်ခဲ့သည်ပဲလေ။

~~~~~

ဝါသနာကို စွန့်ခွာလို့ မရခဲ့။ သည်တော့ ရိုးတွင်းချည်ဆီအထိ စွဲကပ်ခဲ့သည့် စာရေးဆရာ ဖြစ်လိုသော ဆန္ဒသည် မင်းလွင်၏ စိတ်မှာ စွဲကပ်ခဲ့သည်။ ရွာမှာ ကျောင်းနေစဉ်ကတည်းက နံရံကပ်စာစောင်တွေမှာ ဝတ္ထုလေး၊ ကဗျာတိုလေးတွေ ရေးရင်းနှင့် သန္ဓေယူခဲ့သည်။ မိမိဘဝက ဆင်းရဲခဲ့သော်လည်း ရည်မှန်းချက်က ကြီးသည်။

ရွာမှာ ရှစ်တန်းအထိ နေခဲ့ပြီး မြို့ကျောင်းမှာ ကျောင်းဆက်ပြီး နေခဲ့သည့် မင်းလွင်။ ဆယ်တန်းနှစ်နှစ်ဆက်တိုက်ကျပြီး ရှက်သည်ဆိုသော အကြောင်းပြချက်နှင့် ရန်ကုန်ကို ဆင်းသည်။ ရန်ကုန်မှာ ရွာမှ ဦးဇင်း ရှိသည်။ သီတင်းသုံးတာက သရက်တောတိုက်။ သည်တော့ လိပ်စာပြပြီး ရှာသည်။ တွေ့တော့ ဝင်သည်။ ဦးဇင်းအား အလုပ် လုပ်ချင်ကြောင်း အကြောင်းပြပြီး စာရေးသည်။ မယောင်မလည်နှင့် စာပေလောကထဲ စုံပစ်ဝင်သည်။ မဂ္ဂဇင်းတွေထဲပါသည့် လိပ်စာတွေ ရေးယူ။ ရေးပြီးစာမူ တွေကို ပို့ပြီးပြီး နှစ်လသုံးလကြာ တော့ သွားပြီးစုံစမ်း။ မပါခဲ့။ မပါတော့ စာမူတွေပြန်ယူပြီး ပြင်။ ပြင်ပြီး ထပ်ပို့။ သည်လိုနှင့် (၁)နှစ်သာ ကျော်သွားသည်။ မပါ။

နောက်ဆုံး ဝတ္ထုတိုလေး တစ်ပုဒ် ဖော်ပြခံရပြီးသည့်နောက် အကျိုးပေးသန်ခဲ့ပြီဟု ဆိုရမည်။ ဖော်ပြခံရသည့် ဝတ္ထုက တစ်လတည်းနှင့် လေးပုဒ်။ သည်တော့ ဆက်ရေးသည်။ နာမည် ရလာသည်။ နာမည် ရအောင်လည်း ကြိုးစားခဲ့သည်။ ရေးသည်။ ပို့သည်။ ဤတွင် လေထန်ကုန်းတို့၊ လေအန်ကုန်းတို့၊ အင်္ဂါပိုင်းတို့၊ သောကြာနေ့တို့ဆုံသည့် စာရေးဆရာ စုံသည့် ရက်မျိုးတွေမှာ ဝင်ဆန့်လာသည်။

သည့်တွင် အမှတ်မထင်ဘဲ လေးနွယ်နှင့်တွေ့ခဲ့သည်။ လေးနွယ်က လှသည်။ ချောသည်။ သူက ရန်ကုန်မွေး။ သူ့မိဘတွေက အညာက ရွှေဘိုဘက်က စားသောက်ဆိုင်မှာ အလုပ် လုပ်သည်ဟုသာ သိရသည်။ လေးနွယ်နှင့် ရင်းနှီးရာမှ ကျွမ်းဝင် ချစ်ခင်ခဲ့ကြပြီး လက်ထပ်ခဲ့ကြသည်။

မင်္ဂလာ ဆောင်ပြီး လေးငါးခြောက်လအထိ မြို့ထဲ မသွားသူက လေးနွယ်။ သည်တော့ သဘော ကျသွားသည်။ မင်္ဂလာကိစ္စအပြီး လေးနွယ် အိမ်မှာလိုက်ခဲ့ပြီး သီးခြားအခန်းဖွဲ့ပြီး ကပ်နေခဲ့သည်။ ဝတ္ထုတွေရေး၊ ထုတ်ဝေသူတွေဆီပို့၊ တစ်လနှစ်အုပ်နှုန်း ရေးနိုင်လွန်းသည့် မင်းလွင် ငွေကလည်း ရွှင်။ သည်ကြားထဲ ဒီဗွီဒီကားကြီးတွေရိုက်ဖြစ်သေး။

မကြာပါ။ လေးနွယ်ကိုယ်ဝန်ရှိလာသည်။

“သေချာတယ် ကိုမင်းလွင်။ မနေ့ကပဲ ဆေးခန်းသွားပြီး စစ်ကြည့်ခဲ့တာ”

လေးနွယ်က ပြောရင်း



www.burmeseclassic.com
~~~~~

www.burmeseclassic.com



လက်နှစ်ချောင်း ထောင်ပြသည်။ ကိုယ်ဝန်နှစ်လ ရပြီဆိုသည့် သဘော။

‘‘ဝမ်းသာလိုက်တာ လေးနွယ်ရယ်။ ကိုယ်တို့ကလေး ရရင် ဒီထက်ပိုပြီးဝမ်းသာကြရမှာ။ သိလား’’

ထိုစဉ်က သိပ်ပြီး ပျော်ခဲ့သည့် မင်းလွင် ရည်ရွယ်ချက်မြင့်မားခဲ့သည့် မင်းလွင် မိသားစုရေး ကြိုတင်တွေးထားသည့် မင်းလွင် စာမူခတွေစု၊ ဆင်ခြေဖုံးမှာ သီးခြားဝန်းလေးဝယ်။ အိမ်ဆောက်မည် ဆိုသည့် မင်းလွင်။

သိပ်ပြီးမကြာပါ။ လေးနွယ် မျက်နှာမြင်ခဲ့သည်။ သားလေး။ သည်တော့ ပိုပျော်ရသည်။ လက်ရုံးတစ်ဆူ ရပြီ။ မင်းလွင်မှာ သားဖြစ်သူနှင့် အချိန် ကုန်နေသည်။ မြို့ထဲပင် မရောက်ခဲ့။ သားဖြစ်သူ နှစ်လသားအရောက်၊ လေးနွယ် လုပ်ခဲ့သည့် ဆိုင်မန်နေဂျာ ဆိုသူ ကားနှင့် ရောက်လာသည်။

‘‘ကျွန်တော့် နာမည် ကိုဝေလွင်ပါ’’

ဟု သူ့ကိုယ်သူ မိတ်ဆက်သည်။ ဤတွင် လေးနွယ်ထံမှ အပြုံးများ၊ အကြည့်ရိပ်ဝန်းများကို တွေ့လိုက်ရသည့် ကိုမင်းလွင်။ အသေးစိတ် လေ့လာမိသော လေးနွယ်ရဲ့ အပြုံး၊ အကြည့်နှင့် အမူအရာတွေက ရိုးသားမှု မရှိခဲ့။

‘‘မင်း နေကောင်းရင် အလုပ်ဆင်း’’

ဆိုသည့် စကားနှင့် အတူ၊ အထပ်ထပ် ပုံပြီးချသွားသည့် ငွေတွေ’’

‘‘ဒါ ဘာသဘောလဲ လေးနွယ်’’

‘‘ ဘာကိုလဲ’’

‘‘မင်းအပြုံး၊ အကြည့်တွေကို ပြန်ဆန်းစစ်ပါ။ ကိုယ် ကြည့်နေတာနဲ့ သိတယ်။ ပြီးတော့ ဒီငွေတွေက ဘာလဲ။ ဘာသဘောလဲ’’

‘‘ဒါက ခင်မင်လို့’’

‘‘တော်ပါတော့ လေးနွယ်၊ ခင်မင်မှုပုံရိပ်က တစ်မျိုး။ မရိုးသားတဲ့ ပုံရိပ်က တစ်မျိုးပါ။ ဒီလို အဖြစ်တွေ ကိုယ် စာရေးခဲ့သူပါ လေးနွယ်’’

မင်းလွင် စကားကြောင့် လေးနွယ်က အံကြိတ်ပြီး နှုတ်ခမ်း စူသည်။ ဟင်းခနဲ မကျေနပ်သံပြုပြီး အိပ်ဟန်ဆောင်သည်။ မင်းလွင်မှာတော့ သားလေးကို ပွေ့ပြီးရပ်ဆဲ။ ကြေကွဲဆဲ။

မကြာပါ။ နောက်ထပ် ရောက်လာသူက မျိုးဇော်နိုင်ဆိုသည့် ကောင်လေး။ အသက် (၂၀)ကျော်ရုံ။ ထိုနေ့က မင်းလွင် မြို့ထဲထွက်သည်။ အပြန်မှာ အိမ်ရှေ့ ကားရပ်ထား၍ အသာ ချောင်းကြည့်သည်။

**‘‘မင်းအပြုံး၊ အကြည့်တွေကို ပြန်ဆန်းစစ်ပါ။ ကိုယ် ကြည့်နေတာနဲ့ သိတယ်။ ပြီးတော့ ဒီငွေတွေက ဘာလဲ။ ဘာသဘောလဲ’’**



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း မင်းလွင်ရင်ထဲ အက်အက်ကွဲကွဲ ဖြစ်ရပြီ။ သားလေးက ကြမ်းပြင်မှာ အသက်ထွက်လုလု ငိုလို့၊ မဒွေလေးနွယ်က လူစိမ်းနှင့်ထိုင်ပြီး စကားတွေပြောလိုက်၊ ပြုံးလိုက်။ လူစိမ်းက လေးနွယ်ရဲ့ ပါးကိုတို့လိုက်။

မင်းလွင် မမြင်လိုတော့။ ချောင်းသံပေးပြီး ဝင်ခဲ့သည်။ သည်တော့ ဟန်ဆောင်ကောင်းသည့် လေးနွယ်က မိတ်ဆက်ပေးသည်။

"ကိုမင်းလွင် ဒါ မျိုးဇော်နိုင်။ ကိုမျိုးလို့ ခေါ်တယ်။ လေးရဲ့ သူငယ်ချင်း"

"သူငယ်ချင်း ဆိုရင် သူငယ်ချင်းလို ဆက်ဆံကြလေ လေးနွယ်"

ပြောရင်း အက်အက်ကွဲကွဲ ငိုနေသည့် သားလေးကို ပွေ့ချီလိုက်သည်။ မကြာ။ ကိုမျိုးဆိုသည့် လူငယ် ပြန်သွားသည်။ သည်ကတည်းက မင်းလွင်သည် ကြေကွဲဝတ္ထုတွေ ဖိရေးခဲ့သည်။ တစ်ခါတစ်ရံ အိမ်မှာရေး။ တစ်ခါတလေ ကျောင်းသွားပြီး ရေး။

ခြောက်လကျော်ပြီ။ တစ်ရက် ကျောင်းမှာ လေးညအိပ်ပြီး လေးနွယ်ဆီအပြန်။ အချိန်က နေ့လယ်။ ဘုန်းကြီးလမ်းမှနေပြီး ကာစီး။ ပန်းဆိုးတန်းအဆင်း---

"ဟင်"

တက္ကစီကား တစ်စီး။ ကားပေါ်မှာ လေးနွယ်။ ပြီးတော့ သူဘေးမှာ ပါသွားသူက ကိုမျိုး (ခ) မျိုးဇော်နိုင်။

"တောက် ရက်စက်တဲ့ မိန်းမ၊ ကောက်ကျစ်တဲ့ မိန်းမ၊ သစ္စာပျက်တဲ့ မိန်းမ"

**"တောက်---**
**ရက်စက်တဲ့**
**မိန်းမ၊**
**ကောက်ကျစ်တဲ့**
**မိန်းမ၊**
**သစ္စာပျက်တဲ့**
**မိန်းမ"**

တွေးရင်း --- ဝေးသွားသည့် ကားလေးဆီငေးဆဲ။

"ဟင် သား၊ သား ဘယ်သူနဲ့များ ပစ်ခဲ့တာပါလိမ့်"

မတွေးတော့ အိမ်ကို အပြေး ပြန်ခဲ့သူက မင်းလွင်။ နှလုံးသားတွေသည် ခံစားရဖန်များတော့ အရည်ပျော်ခဲ့ပြီလား။

~~~~~

"အဲဒီ အချိန်ကစပြီး သူတို့ လင်မယား တရားဝင်ကွဲခဲ့ကြတယ်လေ။ ဒီကောင်ကလဲ သားလေးပေးရင် ကွဲမယ်။ ဟိုကောင်မကလဲ အကြိုက်ပဲပေါ့။ ဘယ်ငြင်းမလဲ။ ရော့ အင့် ဆိုပြီး ပေးလိုက်တာလေ"

"ဟုတ်လား"

"ဟုတ်တယ် ဆရာမရဲ့။ အဲသလို တရားဝင်ကွဲပြီး၊ လေးနွယ်ကလဲ သူ့အလုပ်သူပြန်လုပ်ခဲ့တယ်။ မင်းလွင်လဲ ကလေးနဲ့ ကျောင်းပြန်နေခဲ့ရ ရှာတယ်။ ကလေးကို ပြုစုရင်းပေါ့။ နောက်ပိုင်း ရွှေပြည်သာဘက်မှာရှိတဲ့ သူတို့ရွာက အိမ်မှာ အငှားနေရှာတာ။ ရွာကိုလုံးဝ မပြန်တော့တဲ့ အထိပဲ။

"အင်း ဖြစ်ရမယ်။



www.burmeseclassic.com
~~~~~

www.burmeseclassic.com



စာရေးဆရာဆိုတာ ဒီလိုပါပဲလေ''

''ဟုတ်တော့ ဟုတ်ပါတယ်လေ။ ဒီလို ဆင်းရဲကြတာ၊ ကြုံတွေ့ရတာတွေဟာ စာရေးဆရာတွေရဲ့ အရသာပဲ။ ဆက်ပြောရရင် မောင်မိုးအောင်လေး ကြီးလာခဲ့တယ်။ သူ့ဘဝသူ ရပ်တည်နိုင်ခဲ့တဲ့အချိန်။ ကျောင်းထားပေးခဲ့ပြီး နေခဲ့ရတာတယ်။ ဒါနဲ့ မနှစ်ပိုင်းက ကျွန်တော့်ကို အကူအညီတောင်းလို့ တည်းခိုခန်း တစ်ခန်းမှာ သန့်ရှင်းရေးလုပ်သားအဖြစ် လုပ်နေတယ်လေ။ အစက နေ့ခင်းတာဝန်။ နောက်ပိုင်း ကလေးက ကျောင်းဇာ် တစ်ဖက်နဲ့မို့ ည ဂျူတီလွှဲလုပ်ရှာတာ''

''ဩော် ဩော်''

လေအန်ကုန်း စာရေးဆရာတွေ အချင်းချင်း ပြောဆိုသံတွေက ပလူပျံနေကြသည်။ ထိုအချိန်တွင် ကိုမင်းလွင်က ရောက်လာသည်။

''ဟော အချစ် ကျေးကျွန် လာနေပြီ''

ကိုဟေမာက အတည်ပေါက်နှင့် ပြောလိုက်သည်။

ညဂျူတီ ဝင်ဖို့ မိုးအောင်က ပြင်ဆင်ပြီး ဖခင်ကို နှုတ်ဆက်သည်။

''အဖေ သား သွားမယ်''

''အေးအေး – ဝီရိယနဲ့လုပ် ကြားလား''

''ဟုတ်ကဲ့''

သားဖြစ်သူ ထွက်သွားသည်။

မိုးအောင်သည် ရပ်ကွက်ထဲမှ တစ်ဆင့် မြို့ထဲသွားသည့် လိုင်းကားပေါ် တက်ခဲ့သည်။ မှောင်ပြီ။ သို့သော် လမ်း မီးရောင်ကြောင့် လင်းနေသည်က အမှန်ပင်။ မောင်မိုးအောင် ဘဝက ကံဆိုး မိုးမှောင်ကျခဲ့ရသည့် ဘဝ။ အဖေနှင့် အမေက လင်မယားပြတ်စဲထားသည်။ ဖခင် လက်ပေါ်မှာ ကြီးပြင်းခဲ့ရသည့် သူ့ဘဝ မိခင်ရဲ့ အပြစ်ပယ်ခံရသည့် ဘဝ။

လွန်ခဲ့သည့် လပိုင်းက အဖေ ဖြစ်သူနှင့် မြို့ထဲလိုက်သွားခဲ့သည်။ ထိုရက်ကကျောင်းပိတ်သည်။ ဖခင်ဖြစ်သူသည် မဂ္ဂဇင်းတိုက်တွေဝင် စာမူတွေထုတ်ပြီး အပေါင်းအသင်းတွေနှင့် လေအန်ကုန်းမှာထိုင်။ အပြန် ကားဂိတ်အရောက်–

''ဟိုမှာ မင်းရဲ့ အမေ''

ဟု အဖေက လက်ညှိုးထိုးပြခဲ့သည်။ ထိုအခါ မိခင်ဖြစ်သူ စိမ်းကားသူကြီးကို အပြေးလိုက်ကြည့်မိသည်။

''အမေ''

အမေ့နား အရောက် ခေါ်မိသည့် မိုးအောင်ရဲ့အသံ။

''ဘာ''

''အမေ ဟိုမှာ အဖေ''

ဟု လက်ညှိုးထိုးပြခဲ့သည်။ သည်တော့ အမေသည် သွေးက စကားပြောလာခဲ့ပြီထင်။ မိုးအောင်ကိုဖက်ပြီး ငိုရှာသည်။ ပြီး– ပိုက်ဆံတွေ ပေးခဲ့သေးသည်။ ဒါက–ကျောင်းစရိတ်၊ စာအုပ်ဖိုး။ ဒါက–ကျောင်းဝတ်စုံဖိုး၊ ဒါ က–မုန့်ဖိုး၊ စုံလို့။ ပြီး ပြောသေးသည်။

''နောက်ရက် မင်းကို အမေ လာခေါ်မယ် သိလား''

ဟု ပြောခဲ့သေးသည်။

သူတို့နှစ်ဦး စကားပြောနေသည်ကို ရပ်ကြည့်နေသည့် ကိုမင်းလွင်''



www.burmeseclassic.com

www.burmeseclassic.com



"မင်းသာ လိမ်မာရင် ငါတို့ စိတ်ဆင်းရဲရမှာ မဟုတ်ဘူး"

တွေးမိသော အတွေးတွေက ကမ္ဘာတစ်ဖက် ခြားခဲ့သည်လေ။ သည်တုန်းက မိုးအောင် ပျော်ခဲ့ရသည်နေ့"

အမေနှင့် ပထမဆုံးဆုံ ခဲ့ရသည့်ရက် ---။

အကြာကြီး ပစ်ထားခဲ့တာ အမေ၊ ရက်စက်တယ် အမေရယ်---

~~~~~

သည်ကနေ့ ညနေပိုင်း ဖခင်ဖြစ်သူ မြို့ထဲက ပြန်မလာသေး။ သည်တော့ အလုပ်ရှိရာ မြို့ထဲကို မိုးအောင်ထွက်ခဲ့သည်။

"အင်း စိတ်တွေလေး လိုက်တာ အဖေများ"

အတွေးကို ပြီးအောင် မတွေးရဲ။ လိုင်းကားစီးပြီး မြို့ထဲရောက်ခဲ့သည်။ မြို့လယ်မဟုတ်သောနေရာ။ စည်းစိမ်ရှင်တည်းခိုခန်း။ မိုးအောင်သည် တာဝန်ခံအား သူရောက်ကြောင်း သတင်းပို့ လက်မှတ်ထိုးသည်။ ပြီး တာဝန်ခံ ခိုင်းသည့် အခန်းများ ထဲဝင် သန့်ရှင်းရေးလုပ်။ ည (၁၀)နာရီ ထိုးပြီး တည်းခိုမည့် အတွဲတွေက အလျှိုအလျှို။ အချို့က အဆင့်မြင့်အခန်း။ အချို့က သာမန်။ အချို့က အောက်ဆုံးအခန်း။ တည်းခိုကြသည်က အခန်းပြည့်လုနီးပါး။

တည်းခိုခန်း ထဲမှာတော့ ပြာလဲ့လဲ့ မီးရောင်မှအပ ဘာမီးမျှ မရှိခဲ့။ မိုးအောင်သည် အခန်းလွတ်များကို သန့်ရှင်းရေးလုပ်လိုက်၊ အခန်း ငှားလာသူကို သော့တွဲယူပြီး လိုက်ဖွင့်ပေးလိုက်။ သူ့လိုပင် ညအလုပ် သမား နှစ်ဦးခန့်သည် ကိုယ့်အလုပ်နှင့် ကိုယ်။

"ညီလေး မောင်မိုး လာပါဦးကွာ။ ဒီမှာ အတွဲရောက်နေပြီ။ အခန်းလိုက်ဖွင့်ပေး"

"ဟုတ်ကဲ့"

"မီးဖွင့်ပေးပြီး သူတို့ သန့်ရှင်းခိုင်းရင် အကုန်လုပ်ပေးကြားလား"

"ဟုတ်ကဲ့"

တာဝန်ခံပေးသည့် သော့တွဲကိုယူ သော့တွဲတွင်ချိတ်ထားသည့် အခန်းနံပါတ်ပြားကို ကြည့်တော့ အခန်းအမှတ်(၁၃)

**"မီးဖွင့်ပေးပြီး သူတို့ သန့်ရှင်းခိုင်းရင် အကုန်လုပ်ပေး ကြားလား"**

တဲ့။ အတွဲက နောက်မှပါလာသည်။

"ဒီအခန်းပဲဗျာ"

"အင်း--အင်း--သန့်သားပဲ"

"စားစရာမှာရင်လဲ ရပါတယ်"

ပြောရင်း အခန်းဖွင့်ပေးသည်။ အမျိုးသမီးက အလျင် ဝင်သည်။ တွေ့ရာ ခုတင်ထိုင်ပြီး တစ်ဖက်လှည့်နေသည်။ ယောက်ျား ဖြစ်သူက အပေါ်အင်္ကျီ ချွတ်ရင်း စားစရာမှာသည်။

'ကလေးမြန်မြန်နော်'

'ဟုတ်ကဲ့'

ပြန်ထွက်ခဲ့သည်။ စားစရာ မှာသည်ကို ပြောပြသည်။ မကြာပါ။ စား[illegible]ချာ အခ[illegible]နှင့်



www.burmeseclassic.com
~~~~~

www.burmeseclassic.com



အခန်းထဲဝင်သည်။ မိုးအောင်က မီးခလုတ်ကို ဖွင့်လိုက်သည်။ ပြာလဲ့လဲ့ မီးရောင်သည် ပျောက်သွားပြီး မီးချောင်းများက လင်းလက်လာသည်။

"ဟင်"

အမျိုးသမီးကို ကြည့်ရင်း မိုးအောင် တုန်လှုပ်သွားသည်။

"အမေ -- အမေ"

မှန်သည်။ မွေ့ရာထက်တွင် အိပ်စက်ဟန်ပြုနေသူက မိုးအောင်ရဲ့ မိခင်။

"တောက် ဒီလူပဲ။ အဖေ ပြောပြောနေတဲ့ အကောင်ပဲ ဖြစ်ရမယ်"

တွေးရင်းနှင့် အစားအစာ အချို့ကို စားပွဲခုံလေးပေါ် တင်လိုက်သည်။ လူစိမ်းက ဘောက်ဆူးချသည့် ငွေကိုပင် မယူ။ အပြေးလှည့်ထွက်သည်။ ပြီး မန်နေဂျာ စားပွဲနား ယောင်နန လုပ်သည်။

"မောင်မိုး ဘာလိုလို့တဲ့လဲ။ ဘာမှာလို့လဲ"

"ဟို -ဟို ယောက်ျားကြီးက စက္ကူဖြတ်ချင်လို့တဲ့၊ အဲဒါ ဆရာ့ဆီက ကတ်ကြေး တောင်းခိုင်းလို့"

"ဩော် အေး အေး"

မန်နေဂျာက ကတ်ကြေး တစ်ချောင်း ပေးလိုက်သည်။ သည်တော့ မိုးအောင်သည် ကတ်ကြေးကို လက်မှာ မြဲမြဲကိုင်။ အခန်း(၁၃)တံခါးကို ခေါက်လိုက်သည်။ တံခါးပွင့်လာသည်။ မီးရောင်က ပြာလဲ့လဲ့သာ။ အခန်းထဲမှာ အမေသည် ထိုင်ရင်းနှင့် ခေါက်ဆွဲကြော်စားဆဲ။ ယောက်ျားဖြစ်သူက ရမ်သောက်ဆဲ။

'ဘာကိစ္စလဲ ချာတိတ်'

မိုးအောင် ပြုံးမိသည် ထင်သည်။ လူစိမ်းအနား တိုးကပ်သွားသည်။ ပြီး-လက်ထဲမှ ကတ်ကြေးဖြင့် လူစိမ်း၏ ဗိုက်ကို ထိုးချလိုက်သည်။

"အား ဟာ မင်း မင်း"

ဒါပဲ ပြောနိုင်သည်။ ဘယ်နှစ်ချက်ထိုးမိမှန်း မသိ။

"ဟင် အမလေး"

အမေ့အော်သံ။

"အမေ"

"ဟင် သား--သား"

မိုးအောင်သည် မီးခလုတ်ကို ဖွင့်သည်။ အခန်းထဲ ဝင်းထိန်သွားသည်။

"သားရယ် -မင်း- မင်း"

"အမေ -- အဖေက ပြောခဲ့တယ်။ ဒီလူရှိလို့ အမေက သူ့ကိုမချစ်တော့တာတဲ့။ ဒီလူသေမှ အေးမယ်တဲ့။ ဒါကြောင့် ကျွန်တော် သတ်လိုက်တာ။ အမေ ဒီလူမရှိတော့ အဖေနဲ့ အမေ ပြန်ပေါင်းရအောင်နော် ကျွန်တော်တို့နဲ့ အတူတူ နေကြရအောင်"

"အို သားရယ်"

~~~~~

"မလေးနွယ် ဖမ်းသွားတဲ့ သတင်း။ သတင်းစာထဲမှာ ပါတယ် ကိုမင်းလွင်"

မနက်ခင်း လေအန် ကုန်းအဝင် ကိုကြေးဦးက သတင်းစာ ပေးရင်း ပြောလိုက်သည်။

"ဘာ"

သည်စကားကြောင့် တုန်လှုပ်သွားသူက ကိုမင်းလွင်ပဲမဟုတ်လား။

"ဟုတ်တယ် မနေ့ညက စည်းစိမ်ရှင်တည်းခိုခန်းမှာ



www.burmeseclassic.com
~~~~~

www.burmeseclassic.com



သူ့အဆက် မျိုးဇော်နိုင်နဲ့တည်း ကြတယ်တဲ့။ အဲဒါ ဘာပြဿနာ ဖြစ်တယ်မသိဘူး။ ကတ်ကြေးနဲ့ လေးနှွယ်က ထိုးသတ်လိုက်သ တဲ့''

''ဘာ''

''ဟုတ်တယ်ကွ။ ရော့ ဖတ်ကြည့်''

'''ဟုတ်ရဲ့လားကွာ''

''ဟုတ်တယ် မနေ့ညက စည်းစိမ်ရှင်တည်းခိုခန်း မှာ သူ့အဆက် မျိုးဇော်နိုင်နဲ့ တည်းကြတယ်တဲ့။ အဲဒါ ဘာပြဿနာ ဖြစ်တယ် မသိဘူး။ ကတ်ကြေးနဲ့ လေးနှွယ်က ထိုးသတ် လိုက်သတဲ့''

ဟု ပြောရင်း သတင်းစာကို ယူသည်။ အစအဆုံး ဖတ်သည်။ သေချာပြီ။ ဒါ လူလေး ညဂျူတီ ဆင်းတဲ့ တည်းခိုခန်း။

''ယုံပြီလား ကိုမင်းလွင်၊ ဒီကောင်မ တစ်နေ့နေ့ ဒုက္ခတွေ့မယ်၊ ပြဿနာဖြစ်မယ် ဆိုတာလေ''

ကိုမင်းလွင် ငိုင်ကျသွားသည်။

''အခု ရဲစခန်းမှာတဲ့။ အင်းစိန် စီအိုင်ဒီအဖွဲ့က အမှုကို လိုက်နေတယ်တဲ့''

''ဒီထဲ ရေးထားတာက သူ သတ်ပါတယ်လို့ ဝန်ခံထားတာပဲ''

ဟုပြောသည် ကိုမင်းလွင်ရဲ့ အသံက ခြောက်ကပ်ကပ်။ ပြောရင်းနှင့် မနေ့ည ညတာဝန် အပြီး ပြန်လာသည့် သားရဲ့မျက်နှာ၊ အမူအရာတို့ကို မြင်ယောင်မိသည်။ ကပျာကယာ အကျီချွတ်ပုံ၊ လျှော်ပုံ''

''လူလေး ဒီကောင်ရှိလို့ အဖေတို့ မိသားစုကွဲရတာကွ။ ဒီကောင်သေမှ အေးမှာ''

သားဖြစ်သူကို မြို့ထဲ ခေါ်သွားစဉ်က ပြောသော စကား။ ထိုစကားများကို ကြားယောင်မိသည်။ သည်တော့ မထင်ရဲသည့် ထင်မြင်ချက်များက ကိုမင်းလွင်ရဲ့ ရင်ထဲမှာ အပြည့်။

''သတ်တာက သား။ လေးနှွယ်က သားကိုငဲ့ပြီး ငဲ့ပြီး''

တွေးရင်းနှင့် ကိုကြော့ဦး မှာထားသည့် ပေါ့ကျကိုပင်မ သောက်နိုင်။

''ကိုယ် အိမ်ပြန်ဦးမယ်ကွာ''

''မင်း ရဲစခန်း လိုက်မလို့လား။ အင်းစိန်ရဲစခန်းမှာတဲ့။ ကိုယ်တို့ပါ လိုက်မယ်လေ''

ကိုဟေမာက ပြောသည်။ ခေါင်းခါပြရင်း ကျောပေးခဲ့သည်။ ပြီး–လိုင်းကားနှင့်ပြန်ခဲ့သည်။ အိမ်ရောက်တော့ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်တွေ ရောက်နေသည်။

'တော်သေးတယ်ဗျာ၊ ခင်ဗျားဆီ လိုက်တော့မလို့''

ရဲမှူးက ပြောရင်း အိမ်ထဲ ဝင်ခဲ့သည်။ ကိုမင်းလွင် ဘာမျှ မပြောမိ။

''ထိုင်ကြပါဗျာ''

ဟု မရဲဟရဲ ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် အခန်းထဲမှာ အိပ်စက်နေသည့် သားဖြစ်သူထံ ကြည့်မိသည်။ ရဲတွေက ပါးသည်။ ကိုမင်းလွင် မျက်လုံးသွားရာ ကြည့်သည်။

"ခင်ဗျား အမည်က ကိုမင်းလွင်။ စာရေးဆရာနော်"

"ဟုတ်ကဲ့"

"ဖတ်ရပါတယ်၊ ဒီဗွီဒီကားတွေလဲ ကြည့်ရပါတယ်။ နာမည်ကြီးပဲ"

"ဟုတ်ကဲ့"

"လာရင်း ကိစ္စကတော့ ကိုမျိုးလို့ခေါ်တဲ့ မျိုးဇော်နိုင် အသတ်ခံရတဲ့ကိစ္စပါ။ ကျွန်တော်တို့ နည်းနည်းပါးပါး မေးစရာရှိလို့ပါ။ ဆရာနဲ့ မလေးနွယ်တို့ တရားဝင်လက်ထပ်၊ တရားဝင် ကွာရှင်းခဲ့တာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"ကလေးရပြီး ကွဲတာပေါ့"

ရဲမှူး၏ အမေးကို ခေါင်းညိတ်ပြမိသည်။ ထွေထွေထူးထူး မဖြေလိုတော့။ အမှန်သည် အမှန်သာဖြစ်မည်။ ဖုံးကွယ်ရအောင်ကလည်း မိမိမှာဘာမှ မသိ။ ကွဲပြီးတဲ့နောက် မလေးနွယ်ဟာ လူတစ်ယောက်အဲ အခုသတ်ခံရတဲ့ ကိုမျိုးနိုင်ငြိခဲ့တာကိုရော သိလား"

"ကျွန်တော် ဘဝမှာ စာရေးရရင်ပြီးရော၊ ကျောခိုင်းပြီးတဲ့ မိန်းမတစ်ယောက် အကြောင်းကို မတွေးလိုပါဘူး"

ကိုမင်းလွင် စကားကြောင့် ရဲမှူး ပြုံးသည်။

"နားလည်ပါပြီ ကိုမင်းလွင်။ သိချင်တာက ခင်ဗျားရဲ့ သား မောင်မိုးအောင်ဟာ အဲဒီ တည်းခိုခန်းမှာ ညဂျူတီဝင်တာ မှန်တယ်နော်"

"ဟုတ်ကဲ့"

"မောင်မိုးအောင်ဟာ လာတည်းတဲ့ အမျိုးသမီးကို သူ မိခင်ပါလို့ သိမှာပေါ့နော်"

ကိုမင်းလွင် မဖြေခဲ့။ မဖြေလိုတော့။

"စိတ်အေးအေး ထားပါ ကိုမင်းလွင်။ လူသတ်တဲ့ တရားခံ မလေးနွယ်က သူသတ်တာပါလို့ ဝန်ခံချက် ပေးထားပြီးသားပါ"

ပျားရည်နှင့် ဝမ်းချပြီလား မပြောတတ်။ ကိုမင်းလွင်သည်ကနေ့ မနက်မှ လျှော်ထားသည့် ဘောင်းဘီတိုနှင့် သားရဲ့ အင်္ကျီဆီ မျက်လုံး ရောက်သွားသည်။ ရဲမှူးက မေးငေါ့ပြတော့ တာဝန်ကျ ရဲသားက ဘောင်းဘီနှင့် အင်္ကျီကို သိမ်းလိုက်သည်။

"ညတွင်းချင်းပဲ မောင်မိုးအောင် အိမ်ပြန်လာတာလား"

"မဟုတ်ဘူး မနက်မှ"

"သြော် ကောင်လေး အိပ်နေသလား"

ခေါင်းပင် ညိတ်ပြလိုက်သည်။

"အိပ်ပါစေဗျာ။ ကောင်လေး ပင်ပန်းမှာပေါ့"

ဟု ပြောရင်း သီလိုသည်ကိုမေးရင်း ပြန်သွားခဲ့ကြသည်။ သည်တော့မှ နှစ်မြိုက်စွာ အိပ်နေသည့်သား။ သားရဲ့ အနားကပ်ထိုင်ပြီး ရင်ခွင်ထဲ ဆွဲသွင်းကာ သားရဲ့ပါးကို အားပါးတရ နမ်းမိသည်။ ချုံးပွဲချိုရင်းနှင့် သည်တော့မှ နိုးလာသူက သား---

"သားရယ် မင်း လူမိုက် လူမိုက်လေး အဖေနဲ့ ခွဲရတော့မယ်"

www.burmeseclassic.com



'တော်သေးတယ်ဗျာ၊ ခင်ဗျားဆီ လိုက်တော့မလို့''

ဂဲမှူးက ပြောရင်း အိမ်ထဲဝင်ခဲ့သည်။ ကိုမင်းလွင် ဘာမျှ မပြောမိ။

''ထိုင်ကြပါဗျာ'' ဟု မရဲတရဲ ပြောရင်း နှင့် အခန်းထဲမှာ အိပ်စက်နေသည့်

သားဖြစ်သူထံ ကြည့်မိသည်။

ဂဲတွေကပါးသည်။ ကိုမင်းလွင် မျက်လုံးသွားရာ ကြည့်သည်။

သားအဖ နှစ်ယောက် ဖက်ပြီး ငိုသံက ခပ်တိုးတိုး။

သည်နေ့က ကမ္ဘာ မီး လောင်သည်နေ့။

~~~~~

၄ ဘာပဲဖြစ်ဖြစ်၊ ဘယ်လိုပဲ ဝန်ခံချက်ပေးပေး။ အမှန်က အမှန်။ မလေးနွယ် လိမ်ညာမရတော့။ သတ်သူကို စီအိုင်ဒီက ဖော်လိုက်ပြီ။ တာဝန်ခံဆီ ကတ်ကြေး တောင်းတာ၊ ပြီး– မိုးအောင် ဝတ်သည့် အဝတ်မှ သွေးစွန်းတာ။ ဒါတွေက အဓိက အမှု ပေါ်ဖို့ အကြောင်း အချက်တွေ။

သားဖြစ်သူသည် အသက်တော့ မပီသေး။ ခုမှ (၁၃) နှစ်။ ဖြစ်တာက အခန်းအမှတ် (၁၃)။ သူတို့ လင်မယားကွဲကွာ ခဲ့ကြတာလည်း(၁၃)နှစ်။ မလေးနွယ် ကြေကွဲခဲ့ရသည်။ နောင်တ ရခဲ့သည်။ ပစ်ပယ်ခဲ့စဉ်က မ ထားခဲ့ဘူးသည့် သံယောဇဉ်တို့ က ခုမှ အတိုးချပြီး ရစ်နှောင်ခဲ့ ပြီလား။ ဘာပဲဖြစ်ဖြစ် ရင်မှဖြစ် သောသားသည် သားသာ ဖြစ်သည်။ သွေးသည် သွေးသာဖြစ်သည်။

''နင် ငိုနေတာလား၊ ဒါ နင့်ကြောင့်''

ကိုမင်းလွင် ရင်ထဲမှာ ပင် ပြောရင်း မလေးနွယ်ကို ကြည့်မိသည်။ အကယ်၍များ မိမိတို့ အဖြစ်အပျက်ကို ဝတ္ထု ရေးပြရဦးမည်။ (၁၃)အုပ်မြောက် ဝတ္ထု အမည်ကို ဘယ်လိုပေးမလဲ။ ရေးရဲတဲ့ သတ္တိရော ကိုမင်းလွင် ရှိပါ့မလား။

''နင် မငိုပါနဲ့လား လေးနွယ်''

''နင့်ကြောင့်–––နင့်ကြောင့်''

တွင်းကြီးသား–တင်ဝင်းဦး



www.burmeseclassic.com
~~~~~


www.burmeseclassic.com


# HURRICANE

## RESTAURANT & KTV

- ထူးကဲ၍ အရသာရှိသော စားဖွယ်ရာမျိုးစုံနှင့်
- မြန်မာဘီယာ၊ စည်ဘီယာ၊ အဖျော်ယမကာများနှင့်အတူ
- မြူးကြွယစ်ကြွေး သံစဉ်တေးများ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်တကွ
- တစ်နေ့တာ ဝင်ပန်းနွမ်းနယ်သမျှတွေကို
- HURRICANE RESTAURANT & KTV မှ

ထာဝစဉ် ကြိုဆိုဖိတ်ခေါ်လိုက်ပါတယ် .......




အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၅၇၉၀၂၆


www.burmeseclassic.com

www.burmeseclassic.com



"အသက်ကြီးတဲ့ လင်ကို
အသေသတ်ချင်တဲ့
ဖောက်ပြားတဲ့ မယားရဲ့
ဇာတ်လမ်းတစ်ပုဒ်"

ဘောင်ချစ်စိုး (လသာ)

# အချစ်ထဲကအဆိပ်



www.burmeseclassic.com

www.burmeseclassic.com



## အချစ်ထဲကအဆိပ်

**အောင်ချစ်စိုး (လသာ)**

အောင်ဒင်နှင့် မိစိုးတို့ တွေ့စဉ်က မိစိုး၏ လင်ကြီးဦး ရေဂျမ်းအား လုပ်ကြံသတ်ဖြတ် ရန် ပြောဆိုမှုမှာ မဖြစ်နိုင်စရာ ကြီးဟု ယူဆခဲ့ကြသည်။ ဦးရေ ဂျမ်းက မိစိုးထက် နှစ်ဆ အ သက်ကြီးသည်။ အောင်ဒင်နှင့် မတွေ့ခင် ဆယ်နှစ်စောပြီး ဦး ရေဂျမ်းနှင့် မိစိုးတို့ လင်မယား ဘဝရောက်ကြသည်။ မိစိုးက သူ့လင် အဘိုးကြီးကို ငြီးငွေ့ သည်မှာ ရှစ်လမျှရှိပြီ။ အဘိုး ကြီးကမူ ဒီအဖြစ်ကို သတိမမူမိ ပုံမှရ။ စာအုပ်တွေနှင့်သာအချိန် ကုန်နေသည်။ သူ ဝယ်ထား သည့် ငွေစတွေကိုသာ အရိပ် တကြည့်ကြည့် ဖြစ်နေသည်။ မိန်းမကိုကား ဖုတ်လေသည့် ငါးပိ ရှိမှန်းပင် မသိတော့။

မိစိုးနှင့် အောင်ဒင်တို့ ချစ်မိကြသည်မှာ ခြောက်လမျှ ကြာခဲ့သည်။ ဘာအခက်အခဲမျှ မကြုံခဲ့ကြသေး။ ထို့နောက် လူ တွေက သူတို့အကြောင်းတောင် ရိပ်မိကြ၊ ပြောဆိုကြပြုလာ သည်။ သူတို့အဖြစ်ကို ဦးရေ ဂျမ်းက သတိ မပြုမိသေးပေ။

"လင် အဘိုးကြီးကငါ့ ကို ဘယ်တော့မှ ကွာရှင်းမှာ မဟုတ်ဘူး"

မိစိုးက စိတ်ပျက်လက် ပျက်တွေးသည်။ ငါနဲ့ အောင်ဒင် မှာက ပိုက်ဆံရှိကြတာမဟုတ်။ ဦးရေဂျမ်းကြီး ငွေစတွေသာ ရခဲ့လျှင် 'သူနဲ့ အောင်ဒင်'တို့ ဘဝ ပန်းခင်းသောလမ်းဖြစ်မှာ ပဲဟု မိစိုး သိထားသည်။

ထူးထူး ဆန်းဆန်း တိုက်ဆိုင်မှုပေလား မသိ။ လူ တစ်ယောက်၏ အကြံပေးချက် ကို သုံးပြီး လူသတ်ရန် သူတို့ ချစ်သူ နှစ်ဦးက စိတ်ကူးတော့ သည်။ တစ်ညနေ၊ ဆားပုလင်း ကြီး ဦးကျော်မြိုင် တစ်ယောက် မိစိုးတို့ အိမ်ကို ရုတ်တရက်လာ လည်သည်။ အောင်ဒင်လည်း ရောက်နေသည်။ သူက ကြုံ လျှင် ကြုံသလို ရေဝင်သောက် ရင်း လာလေ့ရှိသည်။

"ခုတစ်လော ဒီနား တစ်ဝိုက်မှာ သူခိုး ပူနေတယ်"

ဦးရေချမ်းကို ရဲကျော် မြိုင်က သတင်းပေးသည်။ သူခိုး တွေကို မဖမ်းနိုင်သေးဘူးဗျ။ ဘယ်သူဘယ်ဝါဆိုတာတော့ကျုပ် တို့ ရဲက သိထားပါပြီ။ မကြာ ခင် မိတော့မှာပါ။ စိုးရိမ်စရာရှိ တာက သူခိုးမှာ သေနတ် တစ် လက်ပါတယ်။ လူတစ်ယောက် ယောက်ကိုတော့ ဒီကောင် သတ် နိုင်တယ်ဗျ။ ခင်ဗျားတို့ အိမ်က လူခေါင်တဲ့ နေရာဖြစ်တယ်။ မောင်အောင်ဒင်ပဲ အိမ်နီးနား ချင်းရှိတာ။ ခင်ဗျားမှာက အဖိုး တန် ငွေစတွေ အများကြီး ရှိ တော့"

"ဘာ ပြောချင်သလဲ ဆားပုလင်းကြီးရာ"

"သတိဝိရိယ မပေါ့ဖို့ ပြောချင်တာပဲ ဦးရေဂျမ်း။ သတိ ကျပ်ကျပ်ထားဗျာ"

"သူခိုးပူတုန်း ခင်ဗျား ငွေစတွေကို ဘဏ်မှာ ဘာလို့ မထားချင်ရသလဲဗျာ"

"ဘဏ်တွေနဲ့ ရှုပ်ရှုပ် ယှက်ယှက် မလုပ်ချင်ဘူး ဆား ပုလင်းရဲ့"

ဆားပုလင်း ကိုကျော် မြိုင်က လက်ပေါက်ကတ်သည့် အဘိုးကြီးအား စိတ်မတိုမိရန် ထိန်းရင်း သတိပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ။ ကျုပ်ဝတ္တရားအရ ခင်ဗျားကို သတိပေးပြီးပြီ။ ကျုပ် ပြောတာကို မမေ့နဲ့ပေါ့ဗျာ"

ဆားပုလင်းကြီး ပြန်သွားသည်။ အောင်ဒင် အသံထွက်လာသည်။

"ကျွန်တော်ကိုတော့ ဆားပုလင်းကြီးက ဘာမှမပြောဘူး။ နိုးစရာရှိလို့ မပြောတာနဲ့တူတယ်။ ဘာပဲဖြစ်ဖြစ်၊ အဲဒီသေနတ်နဲ့ သူခိုး ကျုပ်အိမ်လာလို့ကတော့ ဒီကောင်နောင်တရပြီသာ မှတ်တော့။ ကျုပ်မှာလဲ သေနတ် တစ်လက် ရှိတယ်၊ တွေ့တာနဲ့ လက်နှေးမှာမဟုတ်ဘူး"

အောင်ဒင်က အရပ်ထောင်ထောင် မောင်းမောင်း ဗလ ကောင်းသည်။ 'လူလုံးချောပေပဲ"ဟု မိစိုးက ထင်သည်။ ကိုယ့် သဘောကျမှုကို ပင် မိန်းမတို့ ဣန္ဒြေ အတော် ထိန်းရမှန်း မသိ။

"သူခိုးရန်ကို ရှင်စိုးရိမ်မိတာ သိတော့ စိတ်တောင် မကောင်းဘူး ကိုအောင်ဒင်"

****

သုံးညလွန်၊ လေးည မြောက်၊ ညအိပ်ရာထဲတွင် မိစိုး၊ နိုးနိုးကြားကြား ဖြစ်နေသည်။ လင်ကြီး ဦးရေဂျမ်းကမူ တခေါခေါဖြင့် အိပ်မောကျနေပြီ။ အချိန်က ည နှစ်ချက်တီးရန် ဆယ်မိနစ် အလိုဖြစ်သည်။



မိစိုး စိတ်တွေ တုန်လှုပ်နေသည်။ အိမ်ထဲ ကို အောင်ဒင် ဝင်လာရန် ဆယ် မိနစ်သာ လိုတော့သည်။ အချိန်က ကြာလွန်းလှသည်။

ထို့နောက် အသံ တစ်သံကြားလိုက်သည်။ မှန်ကွဲသံ။ နောက်ပြတင်းပေါက်ကိုတွန်းဖွင့်သံ၊ ဆက်တိုက်ပေါ်လာသည်။

ဦးရေဂျမ်းက တုတ်တုတ်မျှ မလှုပ်။ ပြတင်းပေါက်ဖွင့် တက်လာမည့် အောင်ဒင်၏ အသံကို မိစိုးက ကျိတ်မျှော်ခဲ့သည်။ ထို့နောက် ဦးရေဂျမ်း အိပ်ရာသို့ သူဝင်ပြီး နှိုးသည်။

"အကိုးကြီး ထ--ထ လှေကားခြေရင်းမှာ လူကပ်နေပြီ--ထတော်"

သူမ လှုပ်နှိုးသဖြင့် ဦးရေဂျမ်းက အိပ်ရာမှ ဖြည်းညင်းစွာ နိုးလာပြီး မေးသည်။

"ဘာလဲ" အောက်မှာ လူသံကြားလို့လား"

'မပြောတတ်ဘူး တော် သေချာတာကတော့"

အခုတော့ သူအိပ်ရာက ကောင်းကောင်းနိုး၍ ထထိုင်သည်။

"ဒါ တစ်ယောက်ယောက်ဖြစ်မယ်။ ငါဆင်းမယ်။ ဟုတ်မှာပါ"

မီးခိုးရောင် အကျီ င်္ဟောင်း ကောက်စွပ်ပြီး အခန်းပြင်ဘက်ကို သူ ထွက်သွားသည်။ မှောင်ထဲမှာ မိစိုးက ငုတ်တုတ် ထိုင်စောင့်နေသည်။ အချိန်တွေ ကြာလွန်းသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်ရသည်။ တကယ်တော့ မိနစ်ဝက်မျှပင် မရှိ။ ထို့နောက် အိပ်ခန်း တံခါးအောက်ခြေကြား မှ အလင်းရောင် သေးသေး လေး မြင်ရသည်၊ လင်ကြီး၏ ရုတ်[illegible] ကြမ်းမောင်းသံ ပေါ်လာပြီးနောက် သေနတ်သံ တစ်ချက် ဒိုင်းကနဲ မြည်သည်။ ကြမ်းပြင်ပေါ် လူ ဒါမှမဟုတ် တစ်ခုခု လဲကျသံကြီး ကြားရ ပြီးနောက် အခန်းတံခါး ဂုန်းဆို ပွင့်လာသည်။ အိမ်ပြင်မှာ ပြေးလွှားနေသည့် ခြေသံများ ဆူညံနေသည်။ မိစိုးက ပူပန်စွာ စောင့်နေဆဲ။ ငါ ရဲကို အကြောင်းမကြားခင် ကိုအောင် ဒင့် လွတ်ရာကျွတ်ရာ ပြေးဖို့ အချိန်ပေးရမယ်ဟု သူမစိတ်က တွေးနေသည်။

အိပ်ရာဘေးက မီးဖွင့်ပြီး အိပ်ရာက သူမ ထသည်။ ခုတော့ အားလုံးပြီးဆုံးကုန်ပြီ။ ထူးထူးဆန်းဆန်း သူမ စိတ်တွေ တည်ငြိမ်နေသည်။ ရဲကို ဘာပြောရမည်ဆိုသည်ကို သိသည်။ မကြာခင် ကိုအောင်ဒင်နှင့် ဘယ်လို လက်ထပ်ရမလဲ။ ခြောက်လလောက် စောင့်ရဦးမှာလား။ လက်ထပ်ပြီးသည်နှင့် သူတို့စုံတွဲ အညာကို ခွေပြန်မိုးပြ သွားမည်။ အညာ မရောက်တာ ကြာလှပြီ။

တံခါးပွင့်လာသည်။

လင်ကြီး ဦးရေဂျမ်း ဝင်လာသည်။

ဝင်လာသူကို မိစိုး တမေ့တမောကြီး ကြည့်နေမိသည်။ သူ့ ရင်ဘတ်တွေအောင့်လာသည်။ သူမကို ယောက်ျားဖြစ် သူက ပြန်ကြည့်သည်။ တုတ်ကို ဘာဝေမျက်နှာက ဖြူဖတ်ဖြူ ရော်နှင့် လူပုံက ကပိုကယို။ သို့သော် အသက် ရှင်လျက်သား။

'ဘာ--ဘာတွေ ဖြစ်ကုန်ပြီလဲရှင်'



'ဒီကောင် အဝေးသွားပြီ။ ငါ့ငွေစတွေ သူယူသွားမှာ အစိုးရိမ်ဆုံးပဲ ခုတော့။ ဆားပုလင်းကြီး စကားနားထောင်ပြီး ဘဏ်မှာ ထားတော့မယ်'

'ဒါနဲ့ ကျွန်မ သေနတ် သံကြားလိုက်တယ်။ ရှင့်အတွက် ကျွန်မ ရင်ဘာမှ မဖြစ်ဘူးနော် အဘိုးကြီးရဲ့''

''ဟင့်အင်း ငါ ဘေးကင်းတယ် မိစိုးရဲ့။ ငါ သတင်းဆိုး ကြားထားတယ်။ အောင်ဒင်လေ ခင်စရာ ကောင်းပြီး သတ္တိရှိတဲ့ လူပါပဲကွာ။ တို့အိမ်ကို စောင့်ရှောက်ပေးတဲ့ အနေနဲ့ သူခိုး နောက်လိုက်သွားလေရဲ့။ သူက လှေကား ခြေရင်းမှာ ကွယ်။ သူ့အတွက် ဘာလုပ်ပေး



www.burmeseclassic.com



ရမှန်းတောင် မသိပါဘူးကွာ''

မိစိုး သတိတွေ လစ်ကာ ရှေ့ကိုလဲအကျ ဦးရေဂျမ်းက သူ့ကိုဆီးကြိုပွေ့လိုက်သည်။ အိပ်ရာထဲ ပို့သည်။ နောက်အိမ်အောက်ကို ဆင်းခဲ့သည်။ အောက်ရောက်လျှင် လူသေ အလောင်းပေါ် ခွကျော်ခဲ့သည်။ သူကား အေးအေးဇဆေးဆေး နိုင်သည်။ ကြမ်းခင်းပေါ်က သွေးတွေ အနားရောက်သည်။ သူ့ငွေစတွေ ထားသည့် အခန်းထဲဝင် ကြည့်ပြီး ငိုချင်စိတ်ပေါက်လာသည်။ အကောင်းဆုံးငွေစများ မရှိတော့။

တံခါးပိတ်ပြီး စာကြည့်ခန်းထဲ သူဝင်သည်။ ရဲကို ဖုန်းဖြင့် အကြောင်းမကြားမီ သူ ညအိပ် အင်္ကျီအိပ်ကတ်ထဲရှိ သေနတ်လေးကို ကျကျနန သန့်ရှင်းအောင် တိုက်ချွတ်ခဲ့သည်။ သူ့ စားပွဲထဲ ထိုပစ္စည်းကို ထည့်ပြီး သော့ပိတ်လိုက်သည်။ ပြဿနာ တစ်ခုကို သူ ဂရုစိုက်ပြုလုပ်ခြင်း ဖြစ်သည်။ နောက်ထပ် ဒုက္ခဆိုတာ မကြားချင်တော့ပေ။

ဆားပုလင်းက သူ့ကို သတင်းပေးသောအခါ ဂရုစိုက်ရမည့်အရာကို သူသတိပြုမိခြင်းပင် ဖြစ်ပေသည်။

Ref: John Escott ၏ As The brspector said ကိုမှီးပါသည်။

မေတ္တာရည်၍
အောင်ချစ်စိုး(လသာ)



www.burmeseclassic.com

www.burmeseclassic.com



## ညီလေးဖတ်ဖို့ရေးတဲ့စာ

# မှန်းတဲ့ဆု-မမှန်းတဲ့ဆု

### သူသစ်



၄

**ညီလေးရေ---**

အစ်ကိုတို့ အလုပ်ထဲမှာ ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ပတ်သက်ရင် အလေးထားလို့ အလုပ်သမားတွေနဲ့ ကြီးကြပ်ရေးမှူးတွေကို ဘေးအန္တရာယ်ကင်းရှင်းရေးဆုတွေကို Main Contractor ကုမ္ပဏီကြီးက ပေးလေ့ရှိပါတယ်။ အလုပ်သမားတွေအတွက် အပတ်စဉ် တနင်္လာနေ့တိုင်းပေးလေ့ရှိပြီး ကြီးကြပ်ရေးမှူးတွေအတွက်ကိုတော့ တစ်လတစ်ခါပေးလေ့ရှိပါတယ်။

အဲဒီလို ပေးတဲ့အခါ စင်္ကာပူဒေါ်လာငွေနဲ့ ညီမျှတဲ့ Gift Voucher တွေပေးပါတယ်။ အလုပ်သမားလေးတွေကို ဒေါ်လာ ၅၀ဖိုး Voucher နဲ့ ကြီးကြပ်ရေးမှူးတွေကိုတော့ ဒေါ်လာ တစ်ရာဖိုး Voucher ပေးပါတယ်။ အစ်ကိုတို့ ကုမ္ပဏီကတော့ ဘယ်သူဘယ်လောက်ရရ သူတို့ရတဲ့တန်ဖိုးနဲ့ ညီမျှတဲ့ စင်္ကာပူဒေါ်လာငွေကို ထပ်ချီးမြှင့်ပါတယ်။ ဥပမာ ၅၀ဖိုး Voucher ရတဲ့ အလုပ်သမားလေးတွေကို စင်္ကာပူဒေါ်လာငွေသား ၅၀ ပေးပါတယ်။ ဒီတော့ အလုပ်သမားတစ်ယောက် ဆုတစ်ခါရရင် Voucher က ၅၀ဖိုး၊ ငွေသား ၅၀ဖိုးနဲ့ တစ်ရာလောက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



Voucher ကို Main Contractor လို့ ခေါ်တဲ့ အလုပ်ရှင်ဘက်က ပေးတာပါ။ ကြီးကြပ်ရေးမှူးတွေလည်း တစ်ခါရရင် Voucher က ၁၀၀ ဖိုး၊ ငွေသားကိုတော့ အစ်ကိုတို့ ကုမ္ပဏီက ပေးတော့ ၁၀၀ ထပ်ရပြီး ဆုတစ်ခါရရင် ၂၀၀ ရသလိုပါပဲ။

ဒီတော့ အဲဒီဆုတွေကို ကြီးကြပ်ရေးမှူးတွေက ဂုဏ်သိက္ခာအတွက်သာ လိုချင်ပြီး အလုပ်သမားလေးတွေအတွက်ကျတော့ ငွေသုံးရလို့ ပိုလိုချင်ကြပါတယ်။ ဒီနေရာမှာ ဆုကို ဘယ်လိုရွေးလဲဆိုတာ အစ်ကို ပြောပြပါမယ်။ ပုံမှန်အားဖြင့်တော့ သက်ဆိုင်ရာကုမ္ပဏီက အစ်ကိုတို့လို ဘေးကင်းရေးဝန်ထမ်းတွေကို မေးပြီးမှ ပေးလေ့ရှိပါတယ်။ နောက်ပိုင်းကျတော့ Main Contractor ကုမ္ပဏီကြီးက သူ့ဝန်ထမ်းဆောက်လုပ်ရေးပိုင်းက ဝန်ထမ်းတွေကို လှေလာပြီး ရွေးခိုင်းပါတယ်။ အဲဒီမှာတင် ကမောက်ကမတွေ စဖြစ်တော့တာပါပဲ။

အလုပ်သမားတွေဟာ ဆုတစ်ခါရရင် စက်ဘူဒေါ်လာ တစ်ရာလောက် ကျိုန်းသေနေတာကြောင့် လူတိုင်းနီးပါးလိုချင်ကြပါတယ်။ အစ်ကိုက ဘေးအန္တရာယ်ကင်းရှင်းရေး ဝန်ထမ်းဖြစ်လို့ လုပ်ကွက်ထဲ ပတ်သွားနေတော့ ဘယ်သူတကယ် အလုပ်လုပ်တယ်။ ဘယ်သူကမလုပ်ဘူး။ ဘယ်သူကတော့ ဖြတ်လမ်းနည်းသုံးတယ်။ ဘယ်သူကတော့ မသုံးဘူး။ စတာတွေ သိနေလေတော့ တစ်ပတ်တစ်ယောက် နာမည်စာရင်းပေးရင် တကယ်ရသင့်ရထိုက်သူတွေကိုသာ အစ်ကိုက တင်ပေးပါတယ်။

အဲဒီတော့ အလုပ်သမားလေးတွေဟာ မရသေးရင်လည်း ကြိုးစားသလို ရပြီးသားတွေကလည်း ပိုပြီး စည်းကမ်းလိုက်နာကြပါတယ်။ အဲဒီလိုပဲ တစ်ဖက်မှာ ဘာဖြစ်လာသလဲဆိုတော့ အလုပ်လည်း သေသေချာချာမလုပ်၊ ဖြတ်လမ်းနည်းတွေသုံးပြီး ဘေးမကင်းတာတွေကို အစ်ကိုတို့ မသိအောင်လုပ်နေကြတဲ့ အလုပ်သမား တချို့ကပါ ဆုလိုချင်လို့ နည်းမျိုးစုံ သုံးလာတာပါပဲ။

သူတို့က ဆုလိုချင်တော့ အစ်ကို့ကို တိုက်ရိုက်ပြောတယ်။ "Safety ငါတို့ ဆုမရနိုင်ဘူးလား'တဲ့။ အစ်ကိုက တည့်တည့်နဲ့ ရှင်းရှင်းပဲ ပြောပါတယ်။ 'မင်းကြိုးစားလေ မင်းဘေးကင်းကင်းနဲ့ လုပ်တတ်ရင် ငါနာမည်တင်ပေးမယ်'လို့ ဆိုတော့ မျက်နှာတွေ ရှုံ့ကုန်ပါတယ်။ ဟုတ်တယ်လေ အလုပ်ကျတော့ သူများလောက်မလုပ်။ ဘေးမကင်းတဲ့ ဖြတ်လမ်းနည်းတွေသုံးပြီး ဆုကျတော့ လိုချင်လို့တော့ ဘယ်ရမလဲ။ အဲဒီလိုသာ ပေးကြစတမ်းဆို တကယ်ကြိုးစားပြီး၊ တကယ် စည်းကမ်းလိုက်နာတဲ့ အလုပ်သမားတွေအပေါ် အစ်ကို့ဘက်က မမျှတရာ ကျတာပေါ့ ညီလေးရေ။

ညီလေးရေ---

ဒီလိုနဲ့ အစ်ကို တကယ်သဘောကျပြီး အလုပ်ကြိုးစား၊ စည်းကမ်းလိုက်နာသူတွေ တစ်ယောက်ပြီး တစ်ယောက် ဆုတွေရကုန်ပါတယ်။ အဲဒီကာလမှာပဲ Main Contractor ကုမ္ပဏီကြီးက သူတို့ရဲ့ ဆောက်လုပ်ရေးဝန်ထမ်းတွေ ထောက်ခံချက်နဲ့ တင်မှပေးမယ်လို့ ဖြစ်လာပါရော။ အဲဒီမှာ အစ်ကိုတို့ လုံးဝမထင်တာတွေ ဖြစ်ကုန်တော့

www.burmeseclassic.com





တာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီဝန်ထမ်းတွေက သူတို့နဲ့ အနီးဆုံးက အလုပ်သမားလေးတွေကို ရွေးပေးနေတော့တာကိုး။ ဥပမာ သူတို့က cable ကြိုးတွေဆက်တဲ့ လူတွေနဲ့ အတူလုပ်ရင် အဲဒီကြိုးဆက်တဲ့ အုပ်စုထဲကတစ်ယောက် ရပါလေရော။ သူတို့က Panel ဆင်တဲ့အဖွဲ့နဲ့လုပ်ရင် အဲဒီအဖွဲ့ထဲက တစ်ယောက်က ရပါလေရော။ ဒီတော့ ကျန်တဲ့အဖွဲ့က အလုပ်သမားလေးတွေခမျာ သူတို့နဲ့ တွဲမလုပ်ရင် မရတဲ့ သဘောဖြစ်ကုန်တာပေါ့။

တကယ်တော့ အဲဒီ Main Contractor ဝန်ထမ်းတွေဟာ သက်ဆိုင်ရာ အလုပ် အသီးသီးအတွက် တစ်ယောက်စီရှိနေပေမယ့် လူတိုင်းက အနီးကပ် ကြီးကြပ်နေတာတော့ မဟုတ်ပါဘူး။ ဒီတော့ လုပ်ကွက်ထဲမှာ ကြာကြာနေပြီး အစ်ကိုတို့ ကုမ္ပဏီက အလုပ်သမားလေးတွေနဲ့ တွဲလုပ်ဖူးသူမျိုးကသာ တွေ့တဲ့လူကို နာမည်စာရင်းတင်နေတော့တာပါပဲ။

အဲဒါထက် ဆိုးတာက အချိန်ခိုး၊ အလုပ်လုပ်ရမှာပျင်း၊ အမြဲတမ်းဆင်ခြေပေးနေတဲ့ အလုပ်သမားလေးတစ်ယောက် ဆုရသွားတာပါ။ သူဆုရတာက လူလည်ကျလို့ရသွားတာပါ။ သူက ဘင်္ဂလားဒေ့ရှ်နိုင်ငံသား။ Main Con: safety တစ်ယောက်ကလည်း ဘင်္ဂလား။ အဲဒီမှာ အလုပ်သမားလေးက အစ်ကိုမသိခင်မှာ သူ့ဘာသာ သူအဲဒီ ဘေးကင်းရေးဝန်ထမ်းကို ပြောလိုက်တာဟိုကလည်း ဆုတစ်ခါမှ မရသေးဘူးဆိုတဲ့ သူနဲ့နိုင်ငံတူ အလုပ်သမားလေးရဲ့ စကားကို ယုံပြီးပေးလိုက်တာ လုပ်ကွက်တစ်ကွက်လုံး ပွက်လောရိုက်ကုန်ပါရောလား။

**ညီလေးရေ---**

အဲဒီအချိန်တွေမှာပဲ Main Contractor ဝန်ထမ်း တစ်ယောက်က အိန္ဒိယနိုင်ငံသားဖြစ်လို့ အစ်ကိုတို့ ကုမ္ပဏီက အိန္ဒိယကြီးကြပ်ရေးမှူးလေး တစ်ယောက် ဆုနှစ်ခါရသွားပြန်ပါတယ်။ မြန်မာ၊ တရုတ်ကြီးကြပ်ရေးမှူးလေးတွေ ဆုမရသေးခင်မှာ အဲဒီ အိန္ဒိယကြီးကြပ်ရေးမှူး နှစ်ခါရသွားတာဘယ်သူမှ မကျေနပ်ကြပါဘူး။ ဒါပေမဲ့ အစ်ကိုတို့ဘာမှုလုပ်လို့တော့ မရခဲ့ဘူးပေါ့။

**ညီလေးရေ---**

တစ်ဖက်မှာလည်း အစ်ကိုဟာ တကယ်ကြိုးစားပြီး စည်းကမ်းလိုက်နာတဲ့ အလုပ်သမားလေးတွေ ဆုရအောင် Main Contractor safety တွေကို တွန်းအားပေးခဲ့ပါတယ်။ တချို့က တ

www.burmeseclassic.com

www.burmeseclassic.com



ကယ် ကြိုးစားတယ်၊ ဆုမရဘူး။ သူတို့ ဘယ်လို ခံစားရမလဲ။ စဉ်းစားကြည့်ပါ။ တချို့က ဖြတ်လမ်းနည်းနဲ့ ဘေးမကင်းတဲ့ အလုပ်မျိုးလုပ်၊ ရေသာခိုပြီး ဆုရသွားတယ်။ ခုနကြိုးစားနေတဲ့သူတွေအတွက် တကယ်နစ်နာပါတယ် ညီလေးရေ။ တကယ် ကြိုးစားပြီး ဆုမရသေးတဲ့ အလုပ်သမားတွေခမျာ သူတို့လည်း ဆုမရသေး၊ ရတော့လည်း သူတို့လုပ်သလို မလုပ်၊ ရေသာခို အချောင်သမား၊ ဖြတ်လမ်းနည်းနဲ့ ဘေးမကင်းအောင်လုပ်တဲ့ သူကရဆိုတော့ နစ်ခါနာသလိုပေါ့ကွာ။

ဒါပေမဲ့ အစ်ကို သူတို့ကို အားပေးပါတယ် ညီလေးရေ။ ငါရအောင် လုပ်ပေးမယ်လို့။ အစ်ကို တကယ်လည်း လုပ်ပေးခဲ့ပါတယ်။ အစ်ကိုနဲ့ခင်တဲ့ Main Contractor safety တွေကို အလုပ်တကယ်လုပ်တဲ့ ဘယ်နိုင်ငံသား အလုပ်သမားရဲ့ နာမည်ကိုမဆို တင်ပေးခဲ့ပါတယ်။ သူတို့ ထောက်ခံမှုရမယ်ဆိုတဲ့ ဆောက်လုပ်ရေးဝန်ထမ်းတွေကိုလည်း အစ်ကို တကယ်ပေးချင်တဲ့ အလုပ်သမားလေးတွေရဲ့နာမည်တွေ တင်ပေးခဲ့ပါတယ်။

ဒါဘာဖြစ်လို့လဲဆိုတော့ လုပ်ငန်းခွင်တစ်ခွင်၊ အဖွဲ့အစည်းတစ်ဖွဲ့အတွင်းမှာ စစ်မှန်တဲ့ ရလဒ်တွေသာ ရှိနေစေချင်လို့ပါ။ အဲဒီအတွက် တချို့အလုပ်သမားတွေ အစ်ကို့ကို မကြိုက်ကြပါဘူး။ မကြိုက်လည်း ပြဿနာမရှိပါဘူး။ တကယ်ဘေးကင်းကင်းနဲ့ အလုပ်မလုပ်လို့ကတော့ အဲဒီ ပရောဂျက်ပြီးတဲ့အထိ အဲဒီအလုပ်သမားဆုရဖို့ အစ်ကို ဘယ်တော့မှ ထောက်ခံပေးမှာ မဟုတ်ပါဘူး။

ရှေ့မှာပြောခဲ့သလိုပါပဲ။ တကယ်ကြိုးစားပြီး တကယ် ဘေးကင်းကင်း လုပ်နိုင်သူတွေအတွက်ဆိုရင်တော့ အစ်ကို လက်မတွန့်ပါဘူး။ သူတို့တစ်တွေ ဆုရမှ၊ သူတို့တစ်တွေ ရှေ့ရောက်လာမှ အဖွဲ့အစည်းက အောင်မြင်မှာပေါ့ ညီလေးရေ။ ခိုးလုပ်နေတဲ့သူ ဆုရမှတော့ အဲဒီ အဖွဲ့အစည်းမှာ လုပ်ချင်တာလုပ်တဲ့ကောင် ဆုရတယ်ဆိုပြီး ဝိုင်းပြစ်တင်တာ ခံရမှာဖြစ်သလို အပေါ်ကနေ အကဲဖြတ်ပေးနေတဲ့ အစ်ကိုတို့ပါ ညံ့ရာကျပါတယ် ညီလေးရေ။

**ညီလေးရေ---**

ပြီးခဲ့တဲ့ စက်တင်ဘာလထဲမှာ အစ်ကို့ကို Main Contractor ကုမ္ပဏီက ဆုနှစ်ဆုပေးခဲ့ပါတယ်။ ပထမဆုက Quality Performance လို့ခေါ်တဲ့ အရည်အသွေးပိုင်းဆိုင်ရာဆု။ နောက်တစ်ဆုကတော့ အစ်ကိုလည်း လိုချင်တဲ့ Best Safety Supervisor ဆုပါ။

ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်နေတဲ့ အစ်ကို့အတွက် အရည်အသွေးပိုင်းဆိုင်ရာ ဆုဆိုတာ ရယ်စရာကောင်းပါတယ်။ အစ်ကိုမမှန်းထားပါဘူး။ ဒါပေမဲ့ အစ်ကိုတို့ ကုမ္ပဏီရဲ့ လူစာရင်းမှာ ပါသွားပြီး ဆုရခဲ့ပါတယ်။

နောက်တစ်ဆုကတော့ မှန်းထားတဲ့ဆုပါ။ အစ်ကို အခု လုပ်နေတဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးနယ်ပယ်မှာ Best Safety Supervisor ဆုဆိုတာ လူတိုင်း လိုချင်ကြတဲ့ဆုပါ။ အစ်ကိုလည်း အတူတူပါပဲ။ ဒါပေမဲ့ အခုပရောဂျက်မှာ ဆောင်းပါးအစက ရေးခဲ့သလို အလုပ်သမားတွေနဲ့ ကြိုး

www.burmeseclassic.com



ကြပ်ရေးမှူးတွေသာ ဆုပေးပြီး အစ်ကိုတို့လို Safety တွေကို မပေးခဲ့ပါဘူး။

ဒီတော့ အဲဒီဆုကို ရဖို့ဖြစ်နိုင်ချေ နည်းပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့လကမှ အသံထွက်လာပါတယ်။ အဲဒီဆုပေးမယ်တဲ့။ အရိုးဆုံးပြောရရင် အစ်ကို အဲဒီပရောဂျက်မှာလုပ်နေတာ ဆုရအောင်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အကောင်းဆုံး ဖြစ်အောင်တော့ လုပ်ခဲ့တာပါပဲ။

အဲဒီကာလလေးမှာပဲ Main Contractor ရဲ့ ဆောက်လုပ်ရေးဝန်ထမ်းတွေက အစ်ကို့ကို ဝိုင်းထောက်ခံပေးပါတယ်။ သူတို့ ပြောတာကြားရတာက အစ်ကိုဟာ လုပ်ကွက်ထဲမှာ အမြဲရှိတဲ့အပြင်၊ ယာဉ်တွေလူတွေအပြန် ခရီးမှာပါ အမြဲကူညီလိုပါတဲ့။ ဘတ်စ်တွေ လုပ်ကွက်ထဲ လာရင် မနေတတ်တဲ့ အစ်ကိုက အလုပ်သမားတွေ စနစ်တကျနဲ့ စီးနိုင်အောင်လုပ်ပေးခဲ့ပြီး တစ်စီးပြီး တစ်စီး စနစ်တကျနဲ့ ထွက်နိုင်အောင်လုပ်ပေးခဲ့တာပါ။

တစ်ပြိုင်တည်းမှာပဲ Main Contractor Safetyခေါင်းဆောင်နဲ့ အစ်ကိုတို့လုပ်ကွက် Main Contractor Safety အကြီးအကဲကပါ အစ်ကို့နာမည်နဲ့ ပရောဂျက်ကတ်နံပါတ်တွေ မှတ်သွားပြီး ဆုအတွက် တင်ဖို့ပြင်ကြပါတယ်။ နောက်ဆုံးတော့ အစ်ကို ဆုရခဲ့ပါတယ်။ အဲဒီဆုရပြီးချိန်မှာ Main Contractor Safety ခေါင်းဆောင်ပြောတဲ့ စကားတစ်ခွန်းကို အစ်ကို့နှလုံးသားမှာ သိမ်းထားပါတယ်။ သူပြောတာက 'မင်းတကယ်ကြိုးစားလို့ ကြိုးစားတဲ့သူကို ငါတို့ မေ့မထားဘူးဆိုတာ မင်းသိပြီနော်'တဲ့။ ဒီဆုက သက်သေလို့ သူမပြောရုံ တမည်ပါပဲ။

**ညီလေးရေ---**

ဆုတွေရဖို့ အစ်ကို လူကြီးတွေကို မကပ်ထားခဲ့ပါဘူး။ အစ်ကို လုပ်နိုင်သမျှတွေထဲက အကောင်းဆုံးဖြစ်အောင်တော့ လုပ်ပေးခဲ့တာချည်းပါပဲ။ အဲဒီအတွက် ဆုရတယ်လို့ ခံစားရပါတယ်။ နောက်တစ်ပိုင်းကတော့ အလုပ်သမားလေးတွေကို အကဲဖြတ်သလို အစ်ကို့ဝန်းကျင်က လူတွေက အစ်ကို့ကို အကဲဖြတ်သွားကြတာပါ။ မလုပ်ရင် မပေးဘူး။ လုပ်ရင်ပေးမယ် ရှင်းနေတာပါပဲ။

ဒီတော့ ညီလေးရေ--။ လောကမှာ ညီလေး လုပ်စရာရှိရင် အကောင်းဆုံးဖြစ်အောင် လုပ်ပါလို့ အစ်ကိုမှာချင်တာပါပဲ။ သူများကို အကဲဖြတ်ထောက်ခံပေးရင် မှန်မှန်ကန်ကန် ထောက်ခံပေးတတ်သလို ကိုယ့်အလှည့်ကျရင်လည်း သူများက မှန်မှန်ကန်ကန်ထောက်ခံပါလိမ့်မယ်။

အဲဒီအခါ ညီလေး မမှန်းထားတဲ့ဆုတွေရော၊ မှန်းထားတဲ့ဆုတွေပါ အကုန်ရလာမှာ မလွဲပါဘူး။ အဆုံးစွန်အထိပြောရရင်တော့ ဆုမရသည့်တိုင် ကိုယ်တိုင်လုပ်ခဲ့တဲ့ အလုပ်တွေမှာ အကောင်းဆုံးလုပ်ခဲ့တယ်ဆိုတဲ့ အသိက ဆုတွေရနေသလို ဘဝတစ်လျှောက် ခံစားနေရမယ်ဆိုတာကို ညီလေး သိစေချင်တာပါပဲကွာ။

**ဘူးသစ်** (၁၃-၁၀-၂၀၁၂)



www.burmeseclassic.com

www.burmeseclassic.com



Love is...

# အချစ်ဦးဆို့ ပန်းကြွေးရွာ

ညိုရှိုင်းထန် (မြင်းခြံ)

အနေဝေးသွားခဲ့တာ ကြာခဲ့ပေမယ့် ရန်ခုန်သံတွေကတော့ အခုအချိန်ထိ ရှင်သန်နွေးထွေးနေဆဲပါ 'မ'ရယ်။ ရင်ခုန်သံကို နားလည်စအရွယ်မှာပဲ ပထမဆုံးချစ်ခဲ့ရတဲ့ အချစ်ဆုံးသူမို့ ယနေ့တိုင် မမေ့နိုင်ခဲ့ပါဘူးဗျာ။ ဒီကကို ရေးနေဆဲမှာပဲ အခုန်မြန်တဲ့ ရင်အစုံက ထိန်းချုပ်မှု ကင်းမဲ့စွာ ပရမ်းပတာ ဖြစ်နေခဲ့ပါတယ် 'မ'ရယ်။

မောင်ရဲ့ အလွမ်းသံစဉ်တွေဟာ 'မ'ရှိရာအရပ်မှာပဲ အစဉ်သဖြင့် လွင့်ပျံ့ဝဲနေခဲ့ပါတယ်ဗျာ။ 'မ'သာ မောင့်နှလုံးသားကို နားလည်ခဲ့မယ်ဆိုရင် အဝေးကြီးဝေးနေရပေမယ့် မောင်ရဲ့ အနှိုင်းအဆမဲ့ ရင်ခုန်သံကို အတိုင်းအဆမရှိ ကြားနေရမှာပါ 'မ'ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော်မြို့နယ်၊ ရွှေလောင်းမြို့၊ ရေနက်ကွင်းမှာ တည်ထားတဲ့ ငါးမွေးမြူရေးကုမ္ပဏီကြီးမှာ စာရေးမအဖြစ်နဲ့ အလုပ်ဝင်လုပ်နေတဲ့ သဇင်နိုင် (ခ) ကျွန်တော်ချစ်တဲ့ မ။

ဆယ်တန်းအောင်ပြီးခါစ သူငယ်ချင်းတွေနဲ့အတူ အဝေးကြီးကနေ အလုပ်လုပ်ဖို့ ရောက်လာခဲ့တဲ့ မျိုးသူလွင် (ခ) အချစ်ငတ်သမားလေး ဖြစ်ခဲ့ရတဲ့ ကျွန်တော်။

ကျွန်တော်တို့နှစ်ယောက်ရဲ့ ဆုံစည်းမှုက ကဗျာမဆန် ကာရန်မညီဘဲ မာထန်စွာနဲ့ အစပြုခဲ့ကြတယ်နော်။ ကျွန်တော့် သူငယ်ချင်းရဲ့ ဦးလေး၊ 'မ'တို့ရဲ့ ဆရာဖြစ်သူက မိတ်ဆက်ပေးခဲ့ပေမယ့် ဇာတ်လမ်းစကတည်းက ကျွန်တော့်ဘက်က ရှုံးနိမ့်နေခဲ့ပါတယ် 'မ'ရယ်။

"သဇင်နိုင်၊ ဒါ ငါ့တူတွေလေ၊ ခရမ်းကလာတာ"

"အဲဒါ ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ မလုပ်နဲ့၊ နောက်မှ ခရမ်းသားကြောင့် မျက်ရည်မကျစေနဲ့"

ဆရာတပည့်တွေမို့ ပြောမနာဆိုမနာ ဖြစ်နေတဲ့ ဦးလေးက ရယ်မောရင်း ပြောခဲ့ပေမယ့် 'မ'ရဲ့အဖြေကတော့–

"ဝေးသေးတယ်၊ ဒီလိုပုံစံမျိုးတွေကို စိတ်ကူးထဲတောင် မထည့်ဘူး" တဲ့။

ရက်ရက်စက်စက် ပြောထွက်ခဲ့တဲ့ 'မ'ရဲ့ စကားလုံးတွေက ယောကျ်ားတစ်ယောက်ရဲ့ မာနသိက္ခာကို ထိပါးစေခဲ့တာ အမှန်ပါပဲ။ ကျွန်တော့် နေရာမှာ တခြားသူတစ်ယောက်ဆို တူညီတဲ့ စကားမျိုးနဲ့ တုံ့ပြန်တိုက်ခိုက်မှာ သေချာပေမယ့် ကျွန်တော်ကတော့ ဆွံ့အနေခဲ့မိတယ်လေ။ ဒီလို ဆွံ့အနေခဲ့အောင်လည်း 'မ'ရဲ့ အလှတွေက ကျွန်တော့်ကို ဖမ်းစားနိုင်ခဲ့ပါတယ် 'မ'ရယ်။ မာနမျက်ဝန်းတွေနဲ့ တည်ငြိမ်ရင့်ကျက်လွန်းတဲ့ 'မ'ရဲ့ အလှတွေအောက်မှာ ကျွန်တော်ဟာ အရှုံးတွေနဲ့ စတင်ခဲ့ရပါတယ်ဗျာ။ ဒူးထောက်ခစားလို့ ဦးညွှတ်အရှုံးပေးဖို့ အသင့်ဖြစ်နေခဲ့သူပါ 'မ'ရယ်။

ဆိုဒ်တစ်ခုလုံးမှာ အလှဆုံးနဲ့ မာနအကြီးဆုံးရယ်လို့ နာမည်ကြီးနေတဲ့ 'မ'ကိုမှ ကျွန်တော် ရွေးချစ်မိခဲ့ပါတယ် 'မ'ရယ်။ မဖြစ်နိုင်မှန်း သိရက်နဲ့ မာနစံမင်းသမီးလေးရဲ့ အချစ်ကိုမှ လိုချင်ခဲ့မိတယ်လေ။ အလုပ်ခွင်မှာ နေ့စဉ်နေ့တိုင်း မြင်တွေ့နေရတာကိုက ကျွန်တော့်ရဲ့အချစ်တွေကို





www.burmeseclassic.com

www.burmeseclassic.com



ပိုလို့ တိုးစေခဲ့ပါတယ်ဗျာ။ 'မ'ရဲ့ မျက်နှာလေးကို မမြင်ရရင် မနေနိုင်လောက်အောင်ကို အရူးအမူး ချစ်ခဲ့ရသူပါ 'မ'ရယ်။

'မ'အပေါ်မှာထားတဲ့ ကျွန်တော့်ရဲ့ အချစ်တွေကို ရိပ်မိနေတဲ့သူတွေကတောင် ကျွန်တော့်ကို လှောင်ပြောင်ခဲ့ကြပါသေးတယ် 'မ'ရယ်။

"ညီလေး မင်းရည်းစား ထားဖူးလား။ မထားဖူးရင် ဆယ်ယောက်လောက် ပြန်ထား၊ ပြီးမှ မသဇင်ကို ချစ်ခွင့်ပန်။ မင်းထက် ဝါရင့်တဲ့သူတွေတောင် မရတာ မင်းလို ချာတိတ်လေးဆိုရင် အဝေးကြီးပဲ" တဲ့။

'မ'ရယ် သူတို့ရဲ့စကားတွေက ကျွန်တော်ရဲ့ မျှော်လင့်ချက်တွေကို အရောင်မှိန်စေခဲ့ပါတယ်ဗျာ။ ဒါပေမယ့် ကျွန်တော့်ရဲ့ အချစ်တွေကိုတော့ မဟန့်တားနိုင်ခဲ့ပါဘူးလေ။

ကျွန်တော်ရဲ့ တည်မြဲတဲ့အချစ်၊ မလျှော့တဲ့ ဇွဲ၊ လုံ့လ ရှိကျိုးတဲ့ အသနားခံ တောင်းဆိုမှုတွေကြောင့် ထိုက်တန်တဲ့ရလဒ်တစ်ခုကိုတော့ ပြန်ရခဲ့ပါတယ် 'မ'ရယ်။ ခြောက်လဆိုတဲ့ ကာလလေးအတွင်းမှာ တခြားဘယ်သူ့ကိုမှ မပေးခဲ့တဲ့ 'မ'ရဲ့အပါးမှာ ကိုယ်ရံတော်လေးအဖြစ်နဲ့ ခစားခွင့်လေးပေးခဲ့တယ်နော်။ မာနမင်းသမီးလေးရဲ့ အနားမှာ နေခွင့်ရတာကိုပဲ ကျွန်တော့်အတွက် ကျေနပ်စရာဖြစ်ခဲ့ရပါတယ် 'မ'ရယ်။

ကျွန်တော်ပြောတဲ့ စကားတိုင်းကို အလေးအနက် နားထောင်ပေးပြီး ချိုမြိန်တဲ့ အပြုံးတွေနဲ့ ကြည်နူးစေခဲ့တဲ့ 'မ' 'မောင်'ဆိုတဲ့ အသုံးအနှုန်းကို ကျွန်တော့်ဘက်က တစ်ဖက်သတ်သုံးခွင့်ပေးခဲ့သလို 'မ'ရဲ့ ပခုံးထက်မှာ ကလေးငယ်လေး တစ်ယောက်လို ခိုနားခွင့်လေးပေးခဲ့တဲ့ 'မ'။ ကျွန်တော်ရဲ့ ကလေးဆန်ဆန် အနိုင်ယူမှုတွေကြောင့် မာနမျက်ရည်တွေ အကြိမ်ကြိမ်ကျခဲ့လည်း ခွင့်လွှတ်နားလည်ပေးနိုင်ခဲ့တဲ့ 'မ'။ ကျွန်တော့်ကို ချစ်နေခဲ့လိမ့်မယ်လို့ပဲ တွေးထင်ထားခဲ့မိပါတယ် 'မ'ရယ်။

ကျွန်တော် လိုချင်တဲ့အဖြေကို မပေးခဲ့တာကလွဲလို့ 'မ' ပေးခဲ့တဲ့ အခွင့်အရေးတွေဟာ ချစ်သူတွေနဲ့မှ မခြားခဲ့ဘဲကိုး။ တစ်နေ့နေ့မှာ 'မ' ရဲ့ အချစ်တွေကို ပိုင်ဆိုင်ခွင့်ရမှာပဲလို့ မျှော်လင့် နေခဲ့မိပါတယ် 'မ'ရယ်။

ဒါပေမယ့် 'မ'ရယ်၊ 'မ'ရဲ့အနားမှာပဲ နေခွင့်ရနေဦးမယ်လို့ မျှော်လင့်ခဲ့တဲ့ ကျွန်တော်ဟာ မထင်မှတ်ဘဲ ဌာနေကို ပြန်ရဖို့ ဖြစ်လာခဲ့တယ်လေ။ မပြန်ခင်အချိန်လေးမှာ 'မောင့်' အတွက် တိကျတဲ့ အဖြေတစ်ခုပေးပါ 'မ'ရယ်လို့ တောင်းဆိုခဲ့မိတယ်နော်။ ဒါပေမဲ့-----

* * * * *

ကျွန်တော်တို့ ပြန်ခါနီး (၅)ရက်လောက်အလိုမှာ 'မ'ရဲ့ မိဘတွေရှိရာ ရွှေလောင်းမြို့ပေါ်ကို တစ်ရက်လောက် သွားလည်ဦးမယ်ဆိုပြီး ပြန်သွားခဲ့တယ်နော်။ မသွားခင်မှာ ပေးခဲ့တာက မျှော်လင့်ချက် ရောင်ခြည်တန်းလေး တစ်မျှင်ရယ်ပါ 'မ'ရယ်။

"မင်းအတွက် စာပေးထားခဲ့တယ်။ လာပေးလိမ့်မယ်" တဲ့။

ကျွန်တော် အလွန့်ကို ပျော်ရွှင်ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပါတယ်ဗျာ။ ဒီစာဟာ ကျွန်တော့်အတွက် 'အချစ်'ဆိုတာကလွဲလို့ ဘာများဖြစ်နိုင်ဦးမှာလဲ။ ဘာစာမှန်း မသိပေမယ့် ကြိုပြီးရင်ခုန်နေရတာကိုက တုန်ယင်မောဟိုက်ရပါတယ် 'မ'ရယ်။

မျှော်လင့်ထားသလို ဖြစ်မလာတတ်တဲ့ ကံဇာတ်ဆရာရဲ့ အလှည့်အပြောင်းက သေသပ်လွန်းလှပါတယ် 'မ'ရယ်။ 'မ'ပေးခဲ့တဲ့ စာက ကံဆိုးစွာပဲ 'မောင့်'လက်ထဲကို ရောက်မလာခဲ့ဘူးလေ။ ဘယ်သူ့ဆီမှာ သွားတောင်းရမှန်းလည်း မသိဘူး။ ထိပေါက်ပြီး ထိလက်မှတ်ပျောက်တဲ့သူလို ဆောက်တည်ရာမဲ့ခဲ့သူက ကျွန်တော်ရယ်ပါဗျာ။ 'မ' ပြန်အလာကို မျှော်လင့်ရုံမှတစ်ပါး ကျွန်တော့်အတွက် တခြားဘာမျှ မရှိတော့ဘူးလေ။

ဒါပေမယ့် 'မ'ရယ် ပြန်လာလိမ့်နိုးနဲ့ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ပေမယ့် လှည့်ဖြားရက်သူက ရှောင်ဖယ်တိမ်းလို့ စိမ်းကားခဲ့ပြီလေ။ မချစ်ခင်ကဝေးလို့ မဝေးခင်က လွဲခဲ့ရတဲ့ မောင့်နှလုံးသားတွေဟာ မလွဲသာလို့ ခွဲခွာခဲ့ရပေမယ့် 'မ'ဆီမှာပဲ ကျန်နေခဲ့ပါပြီ 'မ'ရယ်။ ချစ်သူရဲ့ အဖြေစကားကို ကြားရခါနီးမှ ဝေးကွာခဲ့ရလို့လည်း မချင့်မရဲ စိတ်တွေနဲ့ ယနေ့အချိန်ထိ မဖြေသာနိုင်ခဲ့ပါဘူး 'မ'ရယ်။

'မ'နဲ့အတူ ပျော်ရွှင်ကြည်နူးခဲ့ရတာလေးတွေကို ပြန်တွေးမိတိုင်း ရင်မှာတနုံ့နုံ့နဲ့ ခံစားရပါတယ် 'မ'ရယ်။ သတိရစရာတွေချည်း တမင်တကာ ရှာဖွေတွေးခဲ့တာလည်း မဟုတ်ပါဘူး 'မ'ရယ်။ 'မ'နဲ့ ပတ်သက်လာရင် ခြေလှမ်းလေးလှမ်းတာ၊ လက်သည်းလေးဆိုးတာကအစ မောင့်အတွက် သတိရစရာချည်းပါပဲဗျာ။

'မ'ကို မောင် ပင့်ကူရုပ်ရင်ထိုးလေး လက်ဆောင်ပေးတုန်းက ပြောခဲ့ဖူးတဲ့ စကားလိုပဲ မောင်ရဲ့ သံယောဇဉ် နှောင်ကြိုးလေးတွေဟာ 'မ'ရဲ့ နှလုံးသားအပါးမှာ ပင့်ကူမျှင်လေးတွေလို ရစ်ပတ်နှောင်ဖွဲ့နေဆဲပါ 'မ'ရယ်။

အစကတည်းက မချစ်နိုင်ဘူးလို့ ပြောခဲ့ရင်လည်း ဖြေသာနိုင်ပါသေးတယ် 'မ'ရယ်။ အ ခုတော့ အချစ်သင်္ကေတတွေ ပေးပြီးတော့မှ တ မြည့်မြည့်နဲ့ ဆွေးမပြေနိုင်အောင် ပြုစားရက်တယ်နော်။ ရက်စက်နိုင်ပါပေ့ 'မ'ရယ်။ ဘာကြောင့်များလဲဗျာ။

'မောင့်'လို မအူမလည် ကောင်လေးတစ်ယောက်ကို 'မ'ရဲ့ အလှကွန်ရက်အောက်မှာ အလှည့်ခံဂျင်လေးတစ်လုံးအဖြစ် သဘောထားခဲ့တာလား။ မိန်းကလေးတွေရဲ့ အတွင်းစိတ်ဓာတ်ကို နားမလည်ခဲ့ဘဲ ကိုယ်လိုရာ ဆွဲတွေးမိခဲ့တာများလား။ ဒါမှမဟုတ် အပျော်ရည်းစားအဖြစ်နဲ့






www.burmeseclassic.com

www.burmeseclassic.com





ပြန်ချစ်မယ်ဆိုလည်း ကျေနပ်ပါတယ်လို့ တောင်းဆိုခဲ့ဖူးတဲ့ မောင့်ရဲ့ ပြောစကားတွေကြောင့် သနားပြီး ဟန်ဆောင်နှစ်သိမ့်ပေးခဲ့တာများလား။

မဖြစ်နိုင်ဘူး ထင်ပါတယ် 'မ'ရယ်။ လုံးဝကို မဖြစ်နိုင်ပါဘူးဗျာ။ ကြင်နာ နွေးထွေးမှုတွေ ပြည့်နှက်နေတဲ့ 'မ'ရဲ့ မျက်ဝန်း တွေထဲမှာ မောင့်အတွက် အချစ်တွေ ရှိကိုရှိနေခဲ့ ပါတယ်ဗျာ။ သက်သေချပြလို့ မရပေမယ့် 'မ'ရဲ့ နှလုံးသားမှာ မောင့်ကို ချစ်နေခဲ့တယ်ဆိုတာ နှလုံးသားချင်း အလိုလို နားလည်နေခဲ့ပါတယ် 'မ'ရယ်။

တစ်ယောက်နဲ့တစ်ယောက် နှလုံးသားချင်း နားလည်ပြီးခါမှ ဘာကြောင့်များ စိမ်းကားခဲ့ရတာလဲဗျာ။ သိခွင့်ရှိဦးမယ်ဆိုရင် မောင့်ကို ရှင်းပြပါဦး 'မ'ရယ်။

'မ'ရဲ့အဖြေကို သိခွင့်ရရင်ပဲ ကျေနပ်နပ်ပါပြီ 'မ'ရယ်။ ဖြေရှင်းဖြစ်အောင်တော့ ဖြေရှင်းပေးပါလို့ ပန်ကြားပါရစေ 'မ'ရယ်။ မောင်တောင်းပန်ပါတယ်ဗျာ။ 'မ'ရဲ့ ဘဝတစ်ခုလုံးကို ပိုင်ဆိုင်ခွင့်မရလည်း 'မ'ရဲ့ နှလုံးသားမှာ မောင်ရှိနေခဲ့တယ်ဆိုရင်ပဲ ကျေနပ်နေမယ့်သူပါ 'မ' ရယ်။ တစ်သက်မှာ တစ်ယောက်၊ တစ်ယောက်မှာ ပထမဆုံးနဲ့ နောက်ဆုံးအဖြစ် ချစ်ခဲ့ရတဲ့ 'မ'။ မောင့်ရင်ထဲမှာ သက်ဆုံးထိတိုင် အချစ်ဆုံးနဲ့ အချစ်ဦးအဖြစ် ထင်ကျန်ရစ်နေဦးမှာပါ 'မ'ရယ်။ ထင်ကျန်နေဦးမှာပါဗျာ။

**အဝေးမြေမှ ဆွေးမဖြေနိုင်ခဲ့တဲ့**
**အချစ်ငတ်သမားလေး**
**မောင်**
**ညိုလှိုင်းထန် (မြင်းခြံ)**

ကဲ **'ညိုလှိုင်းထန် (မြင်းခြံ)'**ရဲ့ **'အချစ်ဦးသို့ ပန်ကြားလွှာ'**ဆိုတဲ့ နှလုံးသား ရှုထောင့်ထဲက **'မျိုးသူလွင် (ခ) မောင်'**ရဲ့ စွပ်စွဲချက်တွေကို **'သဇင်နိုင်(ခ) မ'**က ဘယ်လိုမှား ပြန်ပြီးဖြေရှင်းမလဲ။ မရဲ့ကိုယ်စား ကိုယ်ပွား ခံစားပြီး (၁၁-၁-၂၀၁၃)ရက်နေ့ နောက်ဆုံးထားကာ ရေးသား ပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)
တာဝန်ခံအယ်ဒီတာ
ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

## နှလုံးသားရှုထောင့်



## ဖြောင့်ချက်နှလုံးသား တာဝန်ခံအယ်ဒီတာရဲ့ သုံးသပ်ချက်

### "ပဏ္ဍာမရွေးချယ်စိစစ်ချက်"

၂၀၁၂ခုနှစ်၊ အောက်တိုဘာလထုတ်၊ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ "**သြော်ခေတ် (သနပ်ပင်)**" ရဲ့ "**သံယောဇဉ်မြစ်မင်းရဲ့ ချစ်ခြင်းဖွဲ့အလင်္ကာ**"ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက "**လွှမ်းဝေ**"ရဲ့ ခံစားချက်တွေကို "**ခရေ**"ရဲ့ ကိုယ်စား ကိုယ်ပွားခံစားပြီး ဖြောင့်ချက်ပေးဖြေရှင်းထားသူတွေထဲက ပမာဏရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကိုဖော်ပြလိုက်ပါတယ်--

| | | |
|---|---|---|
| (၁) | ခိုင်နှင်းဆီ | "အကြွေပန်းပါ ကိုဝေ" |
| (၂) | မေသင်းရီ | "စွန့်ရဲရဲ့လား" |
| (၃) | ဝေမာဦး | "နှလုံးသားနဲ့ စဉ်းစားစေချင်" |
| (၄) | ကေသီလွင် | "ထပ်တူပဲလေ" |
| (၅) | နှင်းဖြူသျှင် (သံတွဲ) | "နှင်းငွေ့ဝေဝေ ပန်းခရေ" |
| (၆) | မောင်မောင်ထွန်း | "ဖြေသိမ့်နိုင်ပါစေ" |
| (၇) | သူရမင်းထိုက် | "စာနာစေချင်" |
| (၈) | စံပယ်ဖြူ | "ဘယ်မှုနဲ့ ကြိုမှာလဲ ကိုဝေ" |
| (၉) | ခင်သက်လွင် (လှိုင်သာယာ) | "အဆိပ်သင့်အလွမ်း" |
| (၁၀) | ဟန်နီ (တောင်ကြီး) | "အညတရလေညင်း" |



www.burmeseclassic.com

www.burmeseclassic.com



**(၁) ခိုင်နှင်းဆီ "အကြွေပန်းပါကိုဝေ"**

မြေခကြွေကျနေရတဲ့ ခရေ့ဘဝဟာ ကိုဝေနဲ့ မထိုက်တန်ပါဘူးလို့ ဖြေရှင်း ထားတာသင့်ပါတယ်။

**(၂) မေသင်းရီ "စွန့်ရဲရဲ့လား"**

သူမဘဝဟာ အကျနာထားသူမို့ဟန်ဆောင်နေရသူပါ။ ဒါပေမယ့် ကိုဝေ့မေတ္တာကိုတော့ လက်ခံချင်လို့ အမှန်ကို ဖွင့်ဟဝန်ခံတာပါ။ ကိုဝေ သူမကို လက်ထပ်ရဲရဲ့လားလို့ ဖြေရှင်းထားတာ သင့်ပါတယ်။

**(၃) ဝေမာဦး "နှလုံးသားနဲ့ စဉ်းစားစေချင်"**

သူမမှာ နာမည်ပျက်ရှိခဲ့ဖူးလို့ ချစ်တာတစ်ခုတည်း ရှေ့တန်းမတင်ဘဲ နှလုံးသားနဲ့ စဉ်းစားပါလို့ ဖြေရှင်းထားတာ သင့်ပါတယ်။

**(၄) ကေသီလွင် "ထပ်တူပဲလေ"**

အစချီလာတာ ကောင်းပြီး အဖျားရှူးသွားပါတယ်။ စကားပြေ အရေးအသား သင့်ပါတယ်။

**(၅) နှင်းဖြူသျှင် (သံတွဲ) "နှင်းငွေ့ဝေဝေ ပန်းခရေ"**

ကျိုးကြောင်းဖော်ပြချက်များ အားနည်းနေပါတယ်။

**(၆) မောင်မောင်ထွန်း "ဖြေသိမ့်နိုင်ပါစေ"**

ခရေ အက်ဆီးဒင့်ဖြစ် သေဆုံးသွားပြီမို့ ဖြေသိမ့်နိုင်ပါစေလို့ ကြားလူအနေနဲ့ ရှင်းထားတာ သင့်ပါတယ်။

**(၇) သူရမင်းထိုက် "စာနာစေချင်"**

ခရေရဲ့ ခင်ပွန်းက သာယာချမ်းမြေ့နေတဲ့ အိမ် ထောင်ရေးကို စာနာစိတ်ထားပြီး မညှဉ်းဆဲဖို့ ဖြေရှင်းထားတာ သင့်ပါတယ်။

**(၈) စံပယ်ဖြူ "ဘယ်မူနဲ့ကြိုမှာလဲ ကိုဝေ"**

ဥပမာတွေ၊ အဆိုအမိန့်တွေ၊ ကဗျာတွေ၊ သီချင်းတွေများလွန်းနေတော့ အဓိကလိုရင်း ပျောက်နေပါတယ်။ တင်စားညွှန်းဆိုချင်တာတွေကို လိုအပ်မှ ထည့်ပါ။

**(၉) ခင်သက်လွင် (လှိုင်သာယာ)"အဆိပ်သင့် အလွမ်း"**

လက်ရေးနဲ့ (၁၀)မျက်နှာက များလွန်းနေပါတယ်။ ကျစ်လျစ်ထိမိအောင် ရေးသားလို့ ရပါတယ်။ ဖြေရှင်းချက်သင့်ပါတယ်။ အလားအလာရှိသူမို့ ဖွဲ့ရှိရှိ ကြိုးစားစေချင်ပါတယ်။

**(၁၀) ဟန်နီ (တောင်ကြီး) "အညတရလေ ညင်း"**

ကျိုးကြောင်းဖော်ပြချက် ကျစ်လျစ်ထိမိ ဆွဲဆောင်မှုရှိပါတယ်။

**"အကြိုက်ဆုံးဖြေဆိုချက်နှလုံးသားပိုင်ရှင်"**

ဒီလမှာတော့ အကြိုက်ဆုံးဖြေဆိုချက် နှလုံးသားပိုင်ရှင်အဖြစ် "ဟန်နီ(တောင်ကြီး)ရဲ့ အညတရလေညင်း"ကိုပဲ ရွေးချယ်လိုက်ပါတယ်။ ကဲ ခံစားကြည့်ကြပါစို့။

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)
တာဝန်ခံအယ်ဒီတာ
ရွှေထောင့်မှုခင်းနှင့်ရာဇဝင်ဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ ကိုဝေရဲ့ ရင်ဖွင့်ရှိုက်သံကို ကြားလိုက်ရတော့ ရင်ထဲမှာ မချိအောင် ခံစားခဲ့ရပါတယ်။ ကိုဝေ မေ့လောက်ပြီလို့ ထင်ထားခဲ့တာ။ ကိုဝေရဲ့ စာဖတ်ပြီး ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရတယ်။ တကယ်တော့ ကိုဝေရယ် ခရေက ကိုယ့်ဝမ်းနာကိုယ်ပဲသိတယ်လေ။ သံယောဇဉ်နှယ်ရစ်ပတ်မှာစိုးလို့ အဝေးကို ထွက်ပြေးခဲ့ရသူပါ။ ကိုဝေတို့သားအမိရဲ့ အေးမြတဲ့အရိပ်ကို ခိုလှုံခွင့်ရခဲ့တာ ခရေ့အတွက်တော့ ထူးမြတ်တဲ့ကုသိုလ်ပါ။ ခရေဘာလို့ ကိုဝေကို အဆက်အသွယ်ဖြတ်ရတာလဲဆိုတာ ပြောပြပါ့မယ်။ ဒါကလည်း ကိုဝေရဲ့ ကြီးမားတဲ့မေတ္တာနဲ့ ကြင်နာတတ်တဲ့ နှလုံးသားကြောင့်ပါ။ ခရေ ကိုဝေ့ကို မညာရက်ဘူး။ ဒါကြောင့် ခရေရဲ့ဘဝကို အမှန်အတိုင်းပဲ ပြောပြပါ့မယ်။






www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုဝေရယ် ခရေရဲ့ဘဝက မလှပပါဘူး။ အမေတစ်ခု သမီးတစ်ခု ဘဝနဲ့ နေလာခဲ့ရင်း အမေဆုံးပါးခဲ့ပြန်တော့ လူ့လောက အလယ်မှာ မျက်နှာငယ်နဲ့ နေခဲ့ရတယ်။ အားကိုးအားထား ပြုလောက်စရာ လောက်လောက်လားလားက မရှိဘူးလေ။ လူတိုင်းက ကိုယ့်ဝမ်းစာကိုတောင် အနိုင်နိုင် ကျောင်းနေရတာ။ ခရေ ဘယ်သူ့ဆီမှ အပူမကပ်ချင်ဘူး။ ဒုက္ခမပေးချင်ဘူး။ ခရေ ထမင်းဆိုင်မှာ ဝိုင်းလုပ်ဝိုင်းစား လုပ်ကိုင်ခဲ့တယ်။ အဲဒီမှာ ကားသမား ကိုအောင်နိုင်နဲ့ တွေ့ခဲ့တာပဲ။ တိုတိုပြောရရင် ကိုအောင်နိုင်နဲ့ အိမ်ထောင်ကျခဲ့တယ်။ အိမ်ထောင်သက် ငါးလမှာပဲ ကိုအောင်နိုင့်မှာ ဇနီးနဲ့ သားတစ်ယောက်ရှိမှန်း သိခဲ့တယ်။

ကျွန်မ တော်တော် တုန်လှုပ်သွားခဲ့တယ်။ **ခရေ အရှုံးမှန်းဆုံးဘဝ၊ ခရေ အစက်ဆုပ်ဆုံးဘဝက** သူတစ်ပါးအိမ်ထောင်ရေးကို ဖြိုခွဲတဲ့သူပဲ။ အခု မထင်မှတ်ဘဲ ခရေမုန်းတဲ့ ဘဝကို ခရေကိုယ်တိုင် ရွေးချယ်လျှောက်လှမ်းမိခဲ့တယ်။ တကယ်ပါ ကိုဝေရယ်၊ ကိုအောင်နိုင်မှာ အိမ်ထောင်ရှိမှန်းမသိခဲ့တာ အမှန်ပါ။ ကိုအောင်နိုင်ရဲ့ စကားတွေကို ယုံစားအားကိုးရှာခဲ့မိတယ်လေ။ ခရေ့ဘဝအတွက်က မြက်တစ်ပင်ဟာလည်း တွယ်မှီရာ တစ်ခုဖြစ်ခဲ့လို့ပါ။

ခရေလေ ကိုအောင်နိုင်ကို အလွန်ပဲ မုန်းတီးခဲ့မိတယ်။ မိန်းမနှစ်ယောက်နဲ့ သားတစ်ယောက်ရဲ့ နှလုံးသားကို ဓားသွားတစ်ချောင်းစီ စိုက်ခဲ့လို့ပဲ။ ခရေသိသိချင်းပဲ ခရေ သူ့အနားက နေ ထွက်လာခဲ့တာပဲ။ သူခရီးထွက်သွားတုန်း သူမသိအောင် သူငယ်ချင်းဆီ အားကိုးတကြီးနဲ့ ခိုးပြီး ထွက်ပြေးလာခဲ့တာပါ။ အဲဒီမှာ ကိုဝေတို့ သူတော်ကောင်းသားအမိနဲ့ ခရေဆုံစည်းခွင့်ရခဲ့တာပါပဲ။

**ကိုဝေတို့** သားအမိနဲ့အတူ နေခဲ့ရတဲ့ အချိန်ဟာ ခရေ့အတွက်တော့ တကယ် မိသားစုလေးပါပဲ။ ကြီးမေကိုလည်း အမေတစ်ယောက်လို ခင်တွယ်ခဲ့မိပါတယ်။ ကိုဝေ့ကိုလည်း အစ်ကိုတစ်ယောက်လို **အားကိုးအားထားပြုမိတယ်လေ။** ဒါတွေက ရင်ထဲက လာတဲ့စကားတွေပါ။ ခရေလေ ကြီးမေကို ရိုးရိုးသားသား ခွင့်တောင်းပြီး နေခဲ့တာပါ။ ခရေဟာ တစ်ကောင်ကြွက် အားကိုးရာမဲ့ဖြစ်နေသူဆိုတာကို ကြီးမေကို ပြောပြခဲ့တယ်လေ။ ခရေရဲ့ ဘဝကို တွေ့တွေ့ချင်း မပြောပြခဲ့တာကလည်း ခရေ ညာချင်လို့မဟုတ်ပါဘူး။ အိမ်ထောင်ပျက်လာတဲ့ မိန်းမတစ်ယောက်ကို သားတစ်ယောက် မိခင်က တွေ့တွေ့ချင်း ဘယ်လို ယုံယုံကြည်ကြည်နဲ့ လက်ခံနိုင်မှာလဲ။

ဘယ်သွားလို့ ဘယ်လာရမှန်း မသိဖြစ်နေတဲ့ အချိန်မှာ ခရေရဲ့ မလှပတဲ့ဘဝအကြောင်းကြီးကို မပြောပြချင်ခဲ့တာ နားလည်ပေးပါ ကိုဝေ။ ဖျက်မရတဲ့ အမှားတစ်ခုကို ခရေ ကျူးလွန်ခဲ့ပြီးပြီလေ။ ခရေ လော်မာလို့ မဟုတ်ပါဘူး ကိုဝေ။ ခရေဟာ အိမ်ထောင်ရှိမှန်း မသိခဲ့လို့ လက်ထပ်ခဲ့မိတာပါ။ လူတကာ ထိုးလာမယ့် လက်ချောင်းတွေကို ခရေ ရင်မဆိုင်ဝံ့ဘူး။ ရင်မဆိုင်ရဲဘူး။ တကယ်တော့ ကိုအောင်နိုင်ရဲ့ ဇနီး မယ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကို မကြည့်ရက်လို့၊ မနွယ်ရဲ့ မျက်နှာကို ကောင်းကောင်းမကြည့်ရဲလို့ ထွက်ပြေးလာတာပါ။ ခရေ သူ့အိမ်ထောင်ရှိမှန်းသိရတယ် ဆိုတာက မနွယ်ကိုယ်တိုင် ရောက်လာလို့ပါ။ မနွယ်ကလည်း သတင်းကြားလို့ လိုက်လာတာလေ။ ခရေလေ သိသိချင်း ရှက်လိုက်တာ။ အတော့်ကို ဝမ်းနည်းတယ်။ ဒီလောက်တောင်မှ အ,ရသလား၊ နု,ရကောင်းလားဆိုပြီး ကိုယ့်ကိုယ်



ကိုယ် ထုရိုက်ပစ်ချင်လောက်အောင် ဒေါသထွက်မိတယ်။ အယုံကြည်လွယ်လွန်းတဲ့ ကိုယ့်ကိုယ့်ကိုယ်လည်း ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့ရတယ်။ မနွယ်ကလည်း ခရေ မသိမှန်းသိတော့ အပြစ်မဆိုပါဘူး။ "ရှေ့ဆက်လို့ ဘယ်လိုလုပ်မလဲဆိုတာ ငါ့ညီမ စဉ်းစားပါ" ဆိုတဲ့ စကားပဲ ပြောခဲ့တယ်။ မနွယ်က နာကြည်းလို့ မျက်ရည်ကျခဲ့သလို ခရေလည်း ရှက်လွန်းလို့ ဝမ်းနည်းကြေကွဲပြီး မျက်ရည်ကျခဲ့ရပါတယ်။

ကိုဝေနဲ့ ကြီးမေရဲ့ အရိပ်အောက်မှာ ဝေဒနာတွေ သက်သာခဲ့ရပါတယ်။ ကိုဝေတို့သား အမိနဲ့အတွေ့ နောက်ကျလေခြင်းလို့ ကံကြမ္မာကိုလည်း ယိုးမယ်ဖွဲ့ စွပ်စွဲပြစ်တင်မိခဲ့တယ်။ ကိုဝေတို့သားအမိကို တကယ့်မိသားစုလိုပဲ တွယ်တာ ခဲ့ရတာပါ။ သွေးသားမတော်စပ်ပေမယ့် လူသားချင်း စာနာပေးနိုင်တဲ့ ကိုဝေတို့သားအမိရဲ့ ကျေးဇူးကို ခရေ့တစ်သက် မမေ့ပါဘူး ကိုဝေ။ စိတ် ချမ်းသာစွာ နားနေခွင့်ရခဲ့တဲ့ အချိန်လေးက တန် ဖိုး မဖြတ်နိုင်ပါဘူး။ ကိုဝေရဲ့အကဲကို ခရေ ရိပ် မိပါတယ်။ ကိုဝေရဲ့ ကြင်နာတတ်တဲ့ မျက်ဝန်းအကြည့်ကို မြင်တိုင်း ခရေ ဝမ်းနည်းခဲ့ရပါတယ်။ ခရေရဲ့ ဘဝက အဲဒီအကြည့်ကို ကြည်နူးစွာ လက်မခံနိုင်တဲ့ ဘဝမို့ပါ ကိုဝေ။

ကိုဝေရဲ့ ရင်ထဲက အရိပ်တွေကို လှမ်းမြင်ရတိုင်း ခရေ တိတ်တခိုး မျက်ရည်ကျခဲ့ပါတယ်။ ကိုဝေနဲ့ အရင်တွေ့ရင် သိပ်ကောင်းမှာပဲလို့ ခဏခဏတွေးမိတိုင်း ဖြေလို့မရခဲ့ပါဘူး။ ကိုဝေ မရိပ်မိအောင် မသိအောင် ခရေ မသိဟန်ဆောင်နေခဲ့တာပါ။ နောက်တော့ ခရေ စဉ်းစားဖို့ ကြုံလာခဲ့တယ်လေ။ ခရေ အပြင်ကို အလုပ်ထွက်စုံစမ်းရင်း ကိုအောင်နိုင်ရဲ့ စပယ်ယာလေးနဲ့ လမ်းမှာ ထိပ်တိုက်တွေ့လိုက်ရလို့ပါ။ ကိုအောင်နိုင် ခရေ့ကို လိုက်ရှာနေတယ်လို့ ပြောတာနဲ့ ခရေ ချက်ချင်း ထူပူသွားခဲ့တယ်။ ခရေက ဘာပဲပြောပြော ခုချိန်ထိတော့ သူ့ရဲ့တရားဝင် ဇနီးဖြစ်ခဲ့တာကိုး။ ကံကောင်းတယ်ပြောရမလားပဲ။ ယုဇနရုံးချုပ်မှာ အလုပ်ရခဲ့တယ်။ ယုဇနရုံးခွဲ ကော့သောင်းကို သွားရမယ်ပြောတာနဲ့ ခရေ ချက်ချင်း သဘောတူလက်ခံခဲ့တယ်လေ။ ကိုဝေတို့နဲ့ အတူ ရှိနေတုန်း ပြဿနာ တစ်စုံတစ်ရာ ဖြစ်လာမှာ



www.burmeseclassic.com

www.burmeseclassic.com



ခရေ သိပ်ကြောက်တယ်။ ခရေ့ရဲ့ ကျေးဇူးရှင် သားအမိကို သူများစော်ကားမှာ မလိုလားဘူး လေ။ နောက်ပြီး ကိုဝေ ဝေဒနာတွေ တိုးလာမှာ ကိုလည်း ခရေ စိုးရိမ်တယ်။

ခရေ ဆုတောင်းမပြည့်ခဲ့ပါဘူး။ ကိုဝေ ဖွင့်မပြောပါစေနဲ့လို့ ခရေ ဆုတောင်းခဲ့လို့ပါ။ ဘူတာကို လိုက်ပို့ရင်း လက်ဖက်ရည်ဆိုင် ထိုင် ရအောင်လို့ ကိုဝေပြောကတည်းက ခရေ တ ထိတ်ထိတ်နဲ့ ရင်ခုန်ခဲ့မိတယ်။ "မပြောလာပါ စေနဲ့ မပြောလာပါစေနဲ့"လို့လည်း ရင်ထဲမှာ ကျိတ်ပြီး ဆုတောင်းနေခဲ့တာ။ ကိုဝေ ဖွင့် ပြောလာတော့ "ဦးစားပေး စဉ်းစားပါ့မယ်လို့"ပဲ ခရေ ပြောခဲ့တယ်နော်။ ခရေ စိတ်မကောင်းဘူး ကိုဝေ။ ကိုဝေ့ကို ဝေဒနာတွေပေးခဲ့မိလို့ပါ။ ကြီး မေရဲ့ "အချိန်မရွေး ပြန်လာခဲ့နော်၊ ကြီးမေက အမြဲတမ်း တံခါး ဖွင့်ကြိုနေမှာ"ဆိုတဲ့ စကားက ခရေ့ရဲ့ ရင်ထဲကို အထိခိုက်ဆုံး စကားပါ။ အမှန် အတိုင်းပြောရရင် ခရေ ထွက်မသွားချင်ပါဘူး။ ဖြစ်နိုင်မယ်ဆိုလို့ရှိရင် ကိုဝေတို့ရဲ့ သားအမိ အနားမှာ နေချင်သေးတယ်။ တကယ်တမ်းကျပြန် တော့ ခရေ ဆက်နေခွင့်မရှိဘူးလေ။ ဒါကြောင့် ခရေ ထွက်လာခဲ့တာပါ။

ကော့သောင်းကို ရောက်တော့လည်း ကိုဝေတို့ သားအမိကို အလွန်သတိရတာပဲ။ ခရေ့ ကို ကြင်ကြင်နာနာ ဆက်ဆံပေးခဲ့လို့ ခရေ အ တော် ခံစားရတယ်။ အလုပ်သာလုပ်နေတာ တစ် နေ့မှ မမေ့ခဲ့ပါဘူး။ ခရေ့အတွက် ဒီအလုပ် ကလေးရှိမှ ဖြစ်မှာဆိုတဲ့ စိတ်နဲ့ကြိုးစားလုပ်ကိုင် ခဲ့ပါတယ်။ အမေ ရှိစုမဲ့စုနဲ့ ပညာကိုတတ်အောင် သင်ပေးခဲ့တာ ခရေ့ရဲ့ တစ်ဝမ်းကိုတော့ ကျောင်း နိုင်အောင် ကြိုးစားရမှာပဲလေ။ ဟုတ်ပါတယ် ကိုဝေ့ဆီကို စာ(၃)စောင်ရေးပြီးတာနဲ့ အဆက် ဖြတ်လိုက်တာ ကိုဝေ့ကို ခရေဆက်ပြီး ဝေဒနာ မခံစားစေချင်လို့ပါ။

ဘာလို့ စာဆက်မရေးတာလဲဆိုတဲ့



နောက်က အကြောင်းတစ်ခုက ကိုအောင်နိုင်နဲ့ လည်း ရှင်းရဦးမယ်။ ခရေ့ရဲ့ဘဝကိုလည်း ကိုဝေ မသိသေးဘူးလေ။ ခရေ့မှာလည်း ဖွင့်ပြောရဲတဲ့ သတ္တိမရှိသေးဘူး။ အခြေအနေက ဝေဝေဝါးဝါး နဲ့ ဘာမှပြောပြလို့ မရသေးတဲ့ အခြေအနေမှာ ကိုဝေ့ကိုလည်း ကြိုးရှည်ရှည်နဲ့ ဆွဲမထားချင်ဘူး။ ဒီလိုဆွဲထားပြန်ပြီးမှ ခရေ့ရဲ့ အကြောင်းတွေ သိ သွားရင် ခရေ့ကို ဒီထက်ပိုပြီး အထင် သေးသွား မှာကိုလည်း စိုးရိမ်တယ်။ ကြာရင်တော့ ကိုဝေ မေ့တန်ကောင်းပါရဲ့ဆိုတဲ့ အတွေးနဲ့ အဆက်ဖြတ် လိုက်တာပါ။ အခု ခရေ့ရဲ့ ဘဝလွတ်လပ်သွားပါ ပြီ။ ခရေ ကိုယ်တိုင်ပဲ ကိုအောင်နိုင်နဲ့ ဆက်သွယ် လိုက်တယ်လေ။ ခရေ ထွက်ပြေးနေတို့ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ အေးသွားမှာ မဟုတ်ဘူးဆိုတာ သိလို့ ခရေ သူ့ကိုစပြီး ပြန်ဆက်သွယ်လိုက်တာပါ။ ကိုအောင်နိုင် ကျော့သောင်းကို လိုက်လာခဲ့ တယ်။ ခရေက ကွာရှင်းပေးဖို့ပြောတော့ မကွာပေးနိုင်ဘူး လို့ သူပြောတယ်။ ခရေက မကွာရှင်း ပေးရင် လည်း တရားရုံးကို ဦးတိုက်လျှောက်ထားမယ်။ မယားရှိပါရက်နဲ့ လိမ်ညာဟန်ဆောင်လုည့် ဖြား လက်ထပ်မှုနဲ့ အမှုဖွင့်မယ်လို့ ပြောလိုက် တော့မှ ကွာရှင်းလက်မှတ်ထိုးပေးခဲ့တယ် ကိုဝေ။

ခရေလေ ဝမ်းသာလွန်းလို့ ငိုခဲ့မိတယ်။ သူ့အပေါ် ချစ်ခင်အားကိုးမိတဲ့စိတ်တွေက သူ့ အကြောင်းသိတာနဲ့ တစ်ပြိုင်နက် ပျောက်ကွယ် သွားခဲ့တာ။ ခရေ့အပေါ် ညာရက်လေခြင်း၊ လုပ် ရက်လေခြင်း ဆိုပြီး ဝမ်းနည်းစိတ်၊ ယူကျုံးမရတဲ့ စိတ်နဲ့ စိတ်တွေအနာတရဖြစ်ခဲ့ရတယ်။ ခရေရဲ့ ဘဝမှာ အတတ်နိုင်ဆုံး အမည်းစက်ထပ်ပြီး မစွန်းအောင် ထိန်းသိမ်းချင်သူပါ။ မသိလို့ မှားခဲ့ တာဆိုပေမဲ့ ဒီအမှားက ကြီးလွန်းနေတယ်လေ။ ဘယ်လောက်ပဲ ကွာရှင်းခဲ့ပေမယ့် ဒီအရိပ်ကြီးက တော့ ကျန်ရစ်ခဲ့မှာပဲ ကိုဝေ။

အစွန်းအထင်းနဲ့ ပေကျံနေတဲ့ ဘဝမို့ ကိုဝေရဲ့ လက်ကိုလှမ်းမဆွဲကိုင်ရဲခဲ့ဘူး။ ကြီးမေ ရဲ့ မေတ္တာနဲ့ စေတနာကို နားလည်ထားပြန် တော့ ခရေရဲ့ အရိပ်ဆိုးကြောင့် ခိုလှုံဖို့ မငံ့ရဲခဲ့ဘူး။ ခရေ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာနဲ့ စေတနာတွေမို့ပါ။ ခရေ့အတွက် ကိုဝေရဲ့ မေတ္တာ က စမ်းတစ်ပေါက်ဖြစ်ခဲ့ပေမယ့် ခရေရဲ့ မေတ္တာက ကိုဝေ့အတွက် အနံ့ဆိုးဖြစ်ခဲ့ရင် ဘယ်လို စိတ် ကောင်းနိုင်ပါ့မလဲ ကိုဝေရယ်။ ခရေကကော ဟိုး အဝေးက ကြယ်တွေကို ငေးမောနေသလိုပဲ ကိုဝေ ရဲ့ အချစ်ကိုလည်း အဝေးကသာ ခံယူရဲသူပါ။ ခရေရဲ့ မလှပတဲ့ အနံ့ဆိုးဘဝဖက်နဲ့ ကိုဝေ့ရဲ့ သန့်ရှင်း လှပတဲ့ မေတ္တာပန်းကို မထုပ်ရက်ပါဘူး ကိုဝေ။ ကိုဝေရဲ့ ချစ်မေတ္တာပန်းလေး ရနံ့ဆိုး စွဲသွားမှာကို စိုးရွံ့သူမို့ပါ။ မလှမ်းရဲ မလှမ်းဝံ့လို့ အဝေးကသာ ငေးနေရသူပါ ကိုဝေ။ ခုတော့ ခရေ့ ရဲ့ဘဝကို ကိုဝေ သိပြီးပြီမို့ ကိုဝေပဲ ဆုံးဖြတ်ပေး ပါ။

ခရေရဲ့ဘဝကို ခုလို ဖွင့်ပြောရဲအောင် သတ္တိတွေ ပေးခဲ့တာလည်း ကိုဝေပါပဲ။ အားကိုး အားထားချင်စိတ်နဲ့ ဘယ်လက်ကိုမှ ခရေ ဖွတ် မဆွဲရဲတော့ပါဘူး။ ကိုဝေသာ ခရေ့ကို နားလည် ပေးရင် မေတ္တာလည်းရှိသေးရင် ခရေ ကိုဝေ့ကို စောင့်နေပါ့မယ်။ ဒီမေတ္တာအရေးမှာ ခရေ့မှာ ဆုံး ဖြတ်ပိုင်ခွင့် မရှိလို့ ကိုဝေပဲ ဆုံးဖြတ်ပေးပါ။ ကိုဝေ ဘာကိုပဲ ဆုံးဖြတ်ဆုံးဖြတ် ခရေလက်ခံပါ့မယ်။ ခရေ့အတွက်တော့ ကိုဝေတို့သားအမိ ကျေးဇူးနဲ့ မေတ္တာတရားကို ဘယ်တော့မှ မမေ့ပါဘူး။ ဘဝ မလှပခဲ့သူမို့ လက်ကမ်းရမှာ မရဲလို့ပါ ကိုဝေ ရယ်။ တမင်စိမ်းချင်လို့ အဝေးနေခဲ့တာ မဟုတ်ပါ ဘူး။ အဝေးကသာ တိတ်တိတ်လေး ကြေကွဲနေ ရသူမို့ပါ။ ကိုဝေ့ရဲ့ လက်ကမ်းမှုကို ခရေ မျှော် လင့်ခွင့်ရှိမယ်ဆိုရင် စောင့်နေချင်ပါတယ်။

**ဘဝမလှခဲ့တဲ့ ခရေ**

**ဟန်နီ(တောင်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com







ကရင်ပြည်နယ်၊ ဖွဲ့ကပင် တောင်ခြေရွာမှ အငြိမ်းစား ကျောင်းဆရာကြီး ဦးစောထူးနှင့် ဒေါ်အယ်မာမိုးတို့၏ သား စောကျော်အေးသည် မူလတန်းဆရာအဖြစ် ပုသိမ်ကြီးမြို့နယ်၊ ကျောက်ဖြူ ရွာလေးသို့ ရောက်လာပြီး ကျောင်းနှင့်ရွာ၏ လိုအပ်ချက်များကို စေတနာထားကူညီနေသည့် အပြင် ကလေးများ၏ ပညာရေးအတွက်လည်း အနစ်နာခံပေးနေခဲ့သည်။

ဆရာလေး စောကျော်အေးကို အဓိက ပံ့ပိုးကူညီနေကြသူများထဲတွင် ကိုချက်ကြီးနှင့် မအေးချစ်တို့ မောင်နှမနှစ်ယောက်က အဓိကကျနေသည်။ ကျော်ဖြူရွာရှိ နှမထံသို့ မြို့မှရောက်လာသော ဦးချစ်စရာက စာမတတ်သောကြောင့် ကျောင်းအုပ်ဆရာကြီး ဦးစံအေးနှင့် ဆရာလေး စောကျော်အေးထံတွင် မည်သူမျှမသိအောင် ကျိတ်၍ စာသင်ကြားခဲ့သည်။ ထိုသံယောဇဉ်ဖြင့်ပင် ဦးချစ်စရာက ရွာမှာ မီးရအောင် ကူညီဆောင်ရွက်ပေးခဲ့သည်။

ကျောင်းကိစ္စဖြင့် ဈေးသို့သွားရင်း ဆရာလေး စောကျော်အေးက မအေးချစ်အတွက် ကာလစ်လက်ဆောင် ဝယ်ပေးရာမှ တစ်ဦးနှင့်တစ်ဦး သံယောဇဉ်တွယ်တာခဲ့ကြသည်။ ကျောင်းအုပ်ဆရာကြီး ဦးစံအေးမှာ ဇနီးသည်ဆုံးပြီးချိန်မှစ၍ သားထောက်သမီးခံ မရှိသောကြောင့် သူ၏ ရင်ကျပ်ပန်းနာရောဂါအတွက် ဆရာလေး စောကျော်အေးက အနီးကပ်ပြုစုရင်း သားရင်းပမာ သဘောထားကာ သူ့အိမ်မှာ ခေါ်ထားခဲ့သည်။

နွေရာသီကျောင်းပိတ်ရက်တွင် ဆရာလေး စောကျော်အေးသည် နေရပ်ရွာသို့ ပြန်ခဲ့ရာ မိခင်ကွယ်လွန်သွားကြောင်း သိရပြီး ကျန်ရစ်သူ ဖခင်ကို ကျောက်ဖြူရွာသို့ လိုက်ခဲ့ရန် ခေါ်ရာ မရသဖြင့် သူလည်း ကျောက်ဖြူရွာသို့ မပြန်လိုတော့ကြောင်း ဖွင့်အတင်းငြင်းဆန်ခဲ့သည်။

ထိုသို့ ငြင်းဆန်ရာမှ သူသည် ဦးစောထူးနှင့် ဒေါ်အယ်မာမိုးတို့၏ သားအရင်းမဟုတ်ဘဲ စောကျော်အေး မိဘအရင်းများမှာ သောင်းကျန်းသူ ဗိုလ်သက်ထွန်းနှင့် ဒေါ်ခင်မေတို့ဖြစ်ကြောင်း သိလိုက်ရသောအခါ--ဘာဆွေဆက်

www.burmeseclassic.com











ဖြစ်မည်ကို စောင့်မျှော်ကြည့်ကြစေချင်သည်။

''ထာဝရအလင်းတန်းများ''

ဇာတ်ကား ဖြစ်မြောက်ရေးအတွက် ပန်းချီမိုးကြိုး၏ (ဆရာ ရုပ်ပြဇာတ်လမ်း)ကို ဖိုးသာအောင်က ဇာတ်လမ်း ပြန်လည် တည်ဆောက်ပေးထားသည်။ ဇာတ်ညွှန်းကို မြင့်ဆောင်နှင့် စိုးကျော်ဆန်းတို့ ရေးခွဲ ပေးထားကြသည်။ ရှီမြင့် ရုပ်ရှင်ထုတ်လုပ်ရေး၏ ပဌမမြောက်အဖြစ် ဦးဇော်မြင့် စီစဉ်ထုတ်လုပ်ပြီး ဒါရိုက်တာ ထွန်းအောင်ဇော်က ပံ့ဖော်ခံစားရိုက်ကူး တင်ပြထားသည်။

ပန်းပုပညာရှင် မဟာတ်မခံ ကိုချက်ကြီးစရိုက်နှင့် လူမင်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးစံအေးစရိုက်နှင့် ညွှန့်ဝင်း၊ စောကျော်အေး၏ ဖခင်ရင်း ဗိုလ်သက်ထွန်းစရိုက်နှင့် ဇင်ဝိုင်း၊ စောကျော်အေး မွေးစားဖခင် ဦးစောထူးစရိုက်နှင့် ရဲအောင်၊ ဦးချစ်စရာစရိုက်နှင့် မော့(စ်)၊ ကိုချက်ကြီး ညီမ မအေးချစ်စရိုက်နှင့် မယ်လိုဒီ၊ စောကျော်အေး၏ မိခင်အရင်း ဒေါ်ခင်မေစုရိုက်နှင့် မေသန်းနု၊ ကျောင်းဆရာမ မလှသန်းစရိုက်နှင့် မျိုးသန္တာထွန်း၊ စောကျော်အေး၏ မွေးစားမိခင် ဒေါ်အယ်မာမိုးစရိုက်နှင့် မေသဥ္ဇာဦး၊ ရှီမြင့် ရုပ်ရှင်ထုတ်လုပ်ရေး၏ စင်တင်မင်းသား နောင်နောင်ကို ကျောင်းဆရာလေး စောကျော်အေးအဖြစ် နေရာပေးထားသည်။ ကလေးသရုပ်ဆောင် သူရထွန်းမင်း၊ အိစိကွေး၊ အာဂူး၊ အာကာထက်၊ ရဲထွန်းမြတ်၊ ကလေးသရုပ်ဆောင် သင်တန်းများနှင့် ဇာတ်ပို့ဇာတ်ရံများစွာတို့ဖြင့် သရုပ်ဆောင်ထားကြသည်။

**ကျော်ဇောဟိန်း(ဒေါ်ပုံ)**



www.burmeseclassic.com

www.burmeseclassic.com



# လရှင်တော်အိပ်မက်

ခိုင်စင်သန့်





www.burmeseclassic.com

www.burmeseclassic.com



**လူရွှင်တော်အိပ်မက်ရုပ်ရှင်ဇာတ်ကား**

**ခိုင်စင်သန့်**

သရဝဏ် ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ တတိယကြိုးပမ်းမှုအဖြစ် ဒါရိုက်တာ သရုပ်ဆောင် မင်းအုပ်စိုးက ဇာတ်လမ်းဖန်တီး ဇာတ်ညွှန်းရေးခွဲပြီး တွဲဖက်ဒါရိုက်တာ နန္ဒကျော်၊ စိုးမိုးမင်း၊ ဒါရိုက်တာမင်းအုပ်စိုးတို့ ပုံဖော်ကျူး ရိုက်ကူးထားကြတာက "လူရွှင်တော်အိပ်မက်" ရုပ်ရှင်ဇာတ်ကားပဲ ဖြစ်ပါတယ်။

မြန်မာ့ဆိုင်းပညာကို ကမ္ဘာကသိစေဖို့နဲ့ မတိမ်ကော မပပျောက်စေဖို့ မြန်မာ့ရိုးရာ လူရွှင်တော်များကို တန်ဖိုးထားလေးစားမိစေရန် လူရွှင်တော် တစ်ယောက်ရဲ့ စိတ်ခံစားမှုနဲ့ လူနေမှုဘဝကို ဖော်ကျူးတင်ပြချင်တဲ့ ရည်ညွှန်းချက်များ ပါရှိတဲ့ မြန်မာ့ရိုးရာ လူရွှင်တော်တစ်ယောက် ဖြစ်ချင်တဲ့လူငယ်တစ်ဦးရဲ့ စိတ်ခံစားမှုဇာတ်လမ်းလည်း ဖြစ်ပါတယ်။

မင်းအုပ်စိုး၊ မော့(စ်)၊ ပိစိ၊ ဦးတိမ်ညွှန့်၊ ဝက်မ၊ ပေါ်လေး၊ ဗေဒါ၊ အုန်းသီး၊ ဆင်မ၊ ငွေတောင်၊ ရွှေအိုး၊ ပါကျဲ၊ ခင်ဇာခြည်ကျော်၊ နန်းခမ်းဝါ၊ သန်းသန်းဆင့် စတဲ့ သရုပ်ဆောင်များ ပါဝင်ထားကြပါတယ်။ ဇာတ်လမ်းလေးကတော့–

မျက်မမြင် အမေအိုကြီးကို ရှာဖွေကျွေးမွေးနေတဲ့ တာတီးဟာ လယ်အလုပ်ထက် လူရွှင်တော် ဖြစ်ချင်နေပါတယ်။ တာတီး လူရွှင်တော် ဘယ်လောက်ဖြစ်ချင်သလဲဆိုရင် နွားကျောင်းရင်း





www.burmeseclassic.com

www.burmeseclassic.com





လည်း ခွန်းတောက်အဆိုလေ့ကျင့်၊ လယ်ယာကိုင်းအလုပ်လုပ်ည်း သီချင်းအဆိုလေ့ကျင့် အဲဒီလောက်ထိအောင် ရူးတဲ့သူဖြစ်ပါတယ်။

သူသာ လူရွှင်တော်ဖြစ်ပါက ရလာတဲ့ပိုက်ဆံများနဲ့ အမေဖြစ်သူကို မျက်စိပြန်မြင်အောင်ကုပေးမယ့်အကြောင်းပြောရာ အမေဖြစ်သူက သားဖြစ်သူကို ဆုများပန်ပေးတယ်။ တစ်နေ့ ရွာမှာ ထီပေါက်သူ အလှူရှင် ဦးမြရှိန်တို့က အလှူတွင် ဆိုင်းထည့်ရာ ဦးပေါ်လေးဦးဆောင်သော မြန်မာပြည်ကျောက်စိမ်း ဆိုင်းအဖွဲ့ တာတီးတို့ရွာသို့ ရောက်လာခဲ့တယ်။ ဆိုင်းဝိုင်းထဲက ကိုမော့စ်တို့နဲ့ ရင်းနှီးခင်မင်ခဲ့ရာက တာတီးဟာ ရန်ကုန်ကို ဆိုင်းဝိုင်းနဲ့အတူ ပါလာခဲ့တယ်။ ဆိုင်းဝိုင်းထဲမှာ အစမ်းလေ့ကျင့်ခဲ့ရာ အားလုံးက တာတီးကို သဘောကျလက်ခံခဲ့ကြတယ်။ ဒါပေမယ့် တာတီးက (၆)လစာကြိုတင်ပေးဖို့ တောင်းခံရာမှ ပြဿနာဖြစ်လာခဲ့တယ်။ တာတီးက မျက်မမြင်မိခင်ကြီးကို ဆေးကုသချင်သောကြောင့်ဟု တောင်းပန်ရာ ဦးပေါ်လေးက သဘောပေါက်သွားပြီး တာတီးလိုချင်တဲ့ငွေကို ကြိုထုတ်ပေးခဲ့တယ်။ ရွာပြန်ဖို့ အထုပ်အပိုးပြင်နေတဲ့ တာတီးရှိရာ ကိုမော့စ်တို့အဖွဲ့ ရောက်လာပြီး ရွာပြန်ရင် ဒီအတိုင်းမပြန်ဘဲ လူရွှင်တော် အဝတ်အစား ဝတ်ပြီး ပြန်ဖို့ အားလုံးက ဝိုင်းမြှောက်ပေးကြတယ်။ တာတီးက မိမိမှာ လူရွှင်တော်အဝတ်အစားမရှိတဲ့အကြောင်း ပြောတယ်။ ကိုမော့စ်တို့အဖွဲ့က မိမိတို့ဆင်ပေးမယ့်အကြောင်း ပြောပြီး တာတီးကို လူရွှင်တော်အဝတ်အစားများနဲ့ ရွာပြန် လမ်းလျှောက်ရင်း တာတီး မိမိလူရွှင်တော် အဝတ်အစားနဲ့ တင်ဆက်ကပြဖျော်ဖြေနေမှုကို စိတ်ကူးယဉ်ပြီး လမ်းဖြတ်ကူးရာ ကျန်ဇာတ်လမ်းများကိုတော့ ရုံတင်ပြသတဲ့အခါ ဆက်လက်ကြည့်ရှုခံစားစေချင်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

# စာအုပ်စင် ရှုထောင့်

ကိုကြီးထူး

## "ငရဲသားရဲ့ဖြောင့်ချက်"

စာမူခွင့်ပြုချက်အမှတ်
၆၀၀၆၁၆၀ရ၁၂



"ဆရာဝန်စာရေးဆရာ ဒေါက်တာဝင်းနိုင်ထွန်း(ရွှေဘို)"၏ဤစာအုပ်မှာ"ကာမေသု မိစ္ဆာစာရကံ" ကျူးလွန်ခဲ့ကြသော သူဌေးသား လေးယောက်၏ ငရဲအိုးထဲမှ "ဒု–သ–န–သော" အော်ဟစ်သံကို အကြောင်းခံပြီး သံဝေဂရဖွယ် ရေးသားထားရာ မှတ်သားစရာကောင်းလှသည်။ "ကာမဂုဏ်ခံစားရတာက တခဏ၊ ငရဲမှာ ဒုက္ခခံစားရတာက အနန္တ" ဟူ၍သာ စကားလုံးလေးတွေက ခံစားမှုရသကို ပေးနိုင်စွမ်းသည်။ အမျိုးသား စာပေဆုရ ဆရာမောင်ငြိမ်းသူ (ကြို့ပင်ကောက်)နှင့် စာပေဗိမာန်စာမူဆုရ ဆရာချစ်ကိုကိုယု (နှလုံးလှလှမိုက်) တို့က အမှာစာ ရေးသားပေးထားသည်။ တစ်အုပ်လျှင် ၅၀၀ိ/–နှုန်းဖြင့် စိတ်ကြိုက်စာပေမှ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။



## "အဲဒီကိစ္စဘယ်လိုဆုံးဖြတ်ကြမလဲနှင့် ဥပဒေစာစုများ"

"ရွှေနေစာရေးဆရာ ချစ်ကိုကိုယု(နှလုံးလှလှမိုက်)"၏ ဤစာအုပ်တွင် မှုခင်းဖြစ်စဉ်များကို ဖြေရှင်းစဉ်းစားကြရာ၌ ဥပဒေအရ မည်ကဲ့သို့ ဖြေရှင်းစဉ်းစားကြရသည်ကို စီရင်ထုံး အကိုးအကား အထောက်အထားများနှင့် ပြုစုရေးသားထားရာ သင့်စာအုပ်စင်တွင် အမြဲတမ်းထားရှိသင့်သည်။ တစ်အုပ်လျှင် ၃၀၀ိ/– နှုန်းဖြင့် စိတ်ကြိုက်စာပေမှ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

"ငရဲသားရဲ့ ဖြောင့်ချက်" စာအုပ်နှင့် "အဲဒီကိစ္စ ဘယ်လိုဆုံးဖြတ်ကြမလဲ" စာအုပ်နှစ်အုပ်မိတ်ဆက်ပွဲကို ၂၂–၉–၁၂ရက်နေ့ နံနက် (၉)နာရီအချိန်က ရောဝတီတိုင်းဒေသကြီး၊ ဆကာကြီးမြို့ တိုက်နယ်အစည်းအဝေးခန်းမမှာကျင်းပခဲ့ရာ တစ်နယ်လုံးရှိ ကလေးများကို အာဟာရဒါနပြုခဲ့ကြသဖြင့် ထူးခြားသည့် စာအုပ်မိတ်ဆက်ပွဲအဖြစ် မှတ်တမ်းတင်စရာ ဖြစ်ခဲ့ပါသည်။ ပွားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## "အမေစုကိုချစ်တယ်"




"ဆရာဘမင်းမောင်"၏ ဤစာအုပ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်များနှင့် ပြောဆို လှုပ်ရှားမှုများကို ရောင်စုံဓာတ်ပုံများနှင့်တကွ ဖော်ပြထားရာ အမှတ်တရသိမ်းဆည်းထားသင့်သည်။ ပညာမော်ကွန်းစာပေမှ တစ်အုပ်လျှင်၁၂၀၀ိ/-နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။

## "တစ်ကမ္ဘာလုံးတစ်ယောက်နှင့် အခြားဝတ္ထုတိုများ"



'ဆရာမ ကြူကြူသင်း' ၏ ဤစာအုပ်တွင် ရသဝတ္ထုတို (၉)ပုဒ်ပါရှိရာ တစ်ပုဒ်ချင်းအလိုက် အင်္ဂလိပ်လို ဘာသာပြန်ထားရာ နှစ်မျိုးအရသာ ခံစားရှုရသည်။ ဝတ္ထုတိုရေးအားကောင်းသလို ဆွဲဆောင်မှုရှိလှသည်ဖြစ်ရာ ဝတ္ထုကိုစာချစ်သူများ နှစ်သက်လက်ခံကြပေလိမ့်မည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

## "ကမ္ဘာကသိသော မြန်မာ့အာဇာနည်အဖေ ဦးအောင်ဆန်းသမီး ဒေါ်အောင်ဆန်းစုကြည်"



'သုတေသီ ဆရာဇော်'၏ ဤစာအုပ်တွင် လွတ်လပ်ရေးဗိသုကာဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ သွေးစဉ်မျိုးဆက်မှသည် ယခုသမီးဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိအခြေအနေအထိ သမိုင်းစဉ်အကျဉ်းလိုရင်းကို ပြုစုထားသည်။ သူရဇော်၊ ဘီ-၆လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ၀၉၇၃၁၉၅၂၈၄ မှ တစ်အုပ်လျှင် ၈၀၀ိ/-နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။

## "ငွေရှိမှအောင်နိုင်မည်"




'ဆရာချစ်နိုင် (စိတ်ပညာ)'၏ ဤစာအုပ်တွင် ဆောင်းပါး (၁၃)ပုဒ် ပါရှိရာ လူငယ်လူရွယ်တိုင်း အတွက် တက်ကျမ်းသဖွယ် ဖတ်ရှုကျင့်သုံးသင့်သည်။ နိုင်စာပေမှ တစ်အုပ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

ကိုကြီးထူး



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



တိမ်စင်လပမာ ရွှန်းပထွန်းလင်းနေသော ကာလဖြစ်သည်။ ထူးခြားပြီး မင်္ဂလာရှိသည့် ကိစ္စရပ်များနှင့် ကြုံရမည်။ ရတနာဝင်ကိန်းရှိသည်။ ကံကောင်းနေချိန်ဖြစ်သဖြင့် ဘာသာတရားကိစ္စတို့ကို ပိုမိုလုပ်ဆောင် ကုသိုလ်ယူပါ။ လုပ်ငန်းသစ်အတွက် ရင်းနှီးမြှုပ်နှံရမည်။ လုပ်ငန်းခွင်မှာ သင့်အစွမ်းအစ ထက်မြက်မှုကို ပြသခွင့်ရရှိမည်။

ချစ်တတ်လွန်းသော သင့်အတွက် မြားနတ်ဆောင်က ရွှေစင်ရုပ်ပမာ ချောမောလှပလွန်းသူလေးကို ခေါ်ဆောင်လာပေးပါလိမ့်မည်။ အချစ်ကံ သိပ်ကောင်းလွန်းနေသည်။ အချစ်ကြောင့် ဂုဏ်တက်မည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ **စနေ။**

**အကျိုးပေးဂဏန်း** – (၇ ၈ ၂) (၂ ၈ ၄)

**ယတြာ**– မွေးနေ့တွင် တစ်နေ့တည်း ဘုရားသုံးဆူဖူးပြီး ကုသိုလ်ကောင်းမှုများကို လုပ်ကာ လိုရာဆုတောင်းပါ။

## တနင်္လာ



အောင်မြင်မှု သောင်ကမ်းကို လှမ်းမြင်ခွင့်ရရှိသော ကာလဖြစ်သည်။ ကြိုးစားသည်ထက်မက အောင်မြင်မှု ကြုံမည်။ စီးပွားရေးနယ်ပယ်မှာ ဈေးကွက်ကောင်းတစ်ခုကို ရှာဖွေတွေ့ရှိမည်။ ငွေကြေးဥစ္စာရရှိရန် လျှို့ဝှက်ချက်ကို ရှာဖွေတွေ့ရှိမည်။ သို့သော် လောင်းကစားမှုနှင့် လုံးဝအကျိုးမပေးပါ။ နိုင်ငံရပ်ခြား ကိစ္စမှာ ခဲရာခဲဆစ်ကြားမှ အဆင်ပြေသွားမည်။

မဆွတ်ခင်က ညွတ်ချင်နေသော ချစ်သူကို အမျိုးမျိုး ဆိုးနွဲ့ဗိုလ်ကျနေပါလိမ့်မည်။ မျက်နှာတစ်ချက် မညိုးအောင် အလိုလိုက်အကြိုက်ဆောင်တတ်သော ချစ်သူနှင့်ကြုံမည်။ တယုတယ အလိုလိုက်ကြင်နာတတ်သော ချစ်သူကြောင့် သင်ကံကောင်းပြီးရင်း ကံကောင်းပါလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ စနေ။

**အကျိုးပေးဂဏန်း** – (၁ ၈ ၃) (၉ ၈ ၀)

**ယတြာ**– လပြည့်နေ့တွင် ဘုရားတွင် လင်ဗန်းဖြင့် လက်ဖက်လေးပုံကို ကပ်ကာ မေ့မကြာဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



ဘူးသီးမှ အရီးတော်ချင်သူ အချို့နှင့် ကြုံတွေ့ရတတ်သော ကာလဖြစ်သည်။ သင့်ဂုဏ်သိက္ခာ တက်လာမှ ခေါ်ချင်ပြောချင်သူ များပြားလာမည်။ လုပ်ငန်းနယ်ပယ်မှာ ပြိုင်ဘက်များ ဟောတစ်ယောက်၊ ဟောတစ်ယောက် ကြုံရတတ်သည်။ အကင်းပါးပါး ဆောင်ရွက်မှ ပြိုင်ဘက်များထက် နှာတစ်ဖျားသာ သွားမည်။ အရေးကြီးကိစ္စများ ဆောင်ရွက်သောအခါ အင်္ဂါသား၊ သမီးနှင့် တွဲဖက်လုပ်ဆောင်ပါ။

ချစ်သူနားမှာ အရိပ်ပမာ မခွဲမခွာရှိနေပေလိမ့်မည်။ သင့်အချစ်ရေးကို ကံကောင်းမွန်မှုများကို လူတကာက အားကျနေမည်။ သင့်ချစ်သူလေးက သင့်ကို ငုံထားမတတ် တုန်နေအောင်ပင် ချစ်ရှာနေမည်။ ကယုကယင် ကြင်ကြင်နာနာနှင့် ချစ်တတ်လွန်းသူလေးကြောင့် ရင်ခုန်သံမြန်ရပါလိမ့်မည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ အင်္ဂါ။

**အကျိုးပေးဂဏန်း** – (၁ ၈ ၇) (၅ ၈ ၈)

ယတြာ– ကလေးများကို ပဲမုန့်၊ ပေါင်မုန့်နှင့် နွားနို့များတိုက်ကာ အာဟာရ ဒါနပြုလှူဒါန်းပါ။

## ဗုဒ္ဓဟူး



ကံအား၊ ဉာဏ်အား ပွင့်လင်းမှုကြုံနေသော ကာလဖြစ်သည်။ ယုံကြည်မှုများ ပြည့်ဝတက်ကြွနေမည်။ အနှောင့်အယှက် အန္တရာယ်များ ကင်းရှင်းနေမည်။ မိသားစုနှင့်အတူ ဘာသာရေးဆိုင်ရာ အလှူမင်္ဂလာပြုလုပ်ခွင့် ရရှိမည်။ ကြံတိုင်းအောင် ထင်တိုင်းဖြစ်စေရန် မှန်ကန်ပြီး အကျိုးရှိသော စကားကိုပြောဆိုပါ။ သည်းခံစိတ်ရှည်ခြင်းကြောင့် လုပ်ငန်းခွင်မှာ လူချစ်လူခင်များပါလိမ့်မည်။

ကြင်နာတတ်လွန်းသော ချစ်သူချောကြောင့် ရင်ခုန်စိတ်လှုပ်ရှားနေမည်။ သင့် အိပ်ပျော်နေသော နှလုံးသားကို လှုပ်နိုးပေးမည့် စူးရှချိုမြိန်သော မျက်ဝန်းတစ်စုံနှင့် ကြုံမည်။ ညို့ငင်နိုင်စွမ်းရှိသော ချစ်မျက်ဝန်းတစ်စုံကြောင့် သင့်နှလုံးသား အရည်ပျော်သွားမည်။

**ထီထိုးရမည့်နေ့** – ကြာသပတေး၊ သောကြာ။

**အကျိုးပေးဂဏန်း** – (၂ ၈ ၀) (၈ ၈ ၅)

ယတြာ– သီလရှင်တစ်ဦးကို ထီး (သို့)ဖိနပ် လှူဒါန်းပြီး ကုသိုလ်ဒါနပြုပါ။

## ကြာသပတေး



ငုပ်လျှိုးနေမည့် ဝီရိယထူးကို လက်တွေ့အသုံးချခွင့်ရှိသော ကာလဖြစ်သည်။ မျှော်လင့်ချက်များ အဓိပ္ပာယ်ပြည့်ဝနေမည်။ ထိပ်တန်းဘဝတစ်ခုသို့ ရောက်ရှိမည်။ ယခုကာလမှာ ဝင်ငွေတိုးသကဲ့သို့ ဂုဏ်သိက္ခာလည်း တိုးတက်မည်။ ဆရာကောင်းတွေ့နိုင်သကဲ့သို့ တပည့်ကောင်းများလည်း ရရှိတတ်၏။ မိသားစုအတွက် အကျိုးပြုမည့် နည်းလမ်းကောင်းများ ရှာဖွေတွေ့ရှိမည်။

ထူးဆန်းလှပသော အချစ်ခရီးလမ်းကို လျှောက်လှမ်းရမည်။ နွေးထွေးချိုမြိန် ရင်ခုန်ဖွယ်ရာ အချစ်နေ့ရက်များကို ပိုင်ဆိုင်ရမည်။ ချစ်ခြင်းပင်လယ်ထဲမှာ အချစ် လှေလေးစီးပြီး ဖြတ်သန်းခွင့်ရပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။ သင့်အချစ်ရေးကို နှစ်ဖက်မိဘက ကြည်ဖြူစွာ ခွင့်ပြုမည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၆ ၈ ၂) (၆ ၈ ၄)

**ယတြာ**– တန်ခိုးကြီး ဘုရားတစ်ဆူတွင် ပွင့်တော်မူပြီး ဘုရားရှင်များကို အာရုံပြုလျက် အဓိဋ္ဌာန်ပုတီး သက်စေ့စိပ်ပါ။

## သောကြာ



ဉာဏ်ကွန်ခြယ်ထားသော အတွေးစိတ်ကူးများရတတ်သည်။ ဆန်းသစ်သည့် တီထွင်မှုများကြောင့် မမျှော်လင့်ထားသော အောင်မြင်မှုရတတ်၏။ သမားရိုးကျ လုပ်ငန်းများမှ လမ်းခွဲပြီး လမ်းသစ်တီထွင်ခွင့် များစွာကြုံမည်။ သင်၏ လုံ့လဝီရိယအပေါ် မူတည်ပြီး ခွေးထွေးသော အောင်မြင်မှုကြုံမည်။ အကြံကောင်း တစ်ချက်ကြောင့် လူတကာကြားမှာ စူပါစတားဖြစ်နေမည်။

တစ်ဘဝစာ တစ်သက်တာအတွက် ဘဝလက်တွဲဖော်ချစ်သူလေးကို ရွေးချယ်မိသည်။ ချစ်သူကို ဟိုးရင်တွင်း ခပ်နက်နက်ဆီကနေ နှင့်ခနဲ နေအောင် ချစ်မိသွားမည်။ ချစ်သူဟန်ပန်တွေကို အသေးစိတ်ကလေးကအစ မြတ်နိုးနေမိမည်။ ချစ်တတ်လွန်းသော သင့်အတွက် အချစ်ကံကောင်းမှာပါ။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၉ ၈ ၃) (၂ ၈ ၄)

**ယတြာ**– ဘုရားမှာ ပန်း၊ ရေချမ်းနှင့် သစ်သီးခွမ်းကပ်လှူကာ သီလခံယူပါ။

## စနေ



ကြက်ကန်းဆန်အိုးတိုးမိမည်။ အောင်မြင်မှု အလင်းတန်းက သင့်ကိုရှာဖွေနေပါပြီ။ ပွဲလယ်တင့်ကာ မျက်နှာပန်းလှနေမည်။ နေ့ချင်းညချင်း အောင်မြင်လာတာ မဟုတ်ဘဲ အနှစ်နှစ် အလလက ကြိုးစားထားသောကြောင့် အောင်မြင်လာသည်ဆိုတာကို သတိပြုပါ။ နည်းစနစ်တကျ ကြိုးစားသော သင့်အတွက် အောင်မြင်မှုကို ကြိမ်းသေရရှိမှာ ဖြစ်ပါသည်။ ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း ရှိနေသည်။

သင့်အချစ်ရေးက အနေနီးသူလေးကို သံယောဇဉ်တိုး နှောင်ကြိုးများ ရစ်ပတ်ဖွဲ့နှောင်နေလိမ့်မည်။ သင့်အချစ်ရေးကို နှစ်ဖက်မိဘများ သိမြင်ပေါက်ကြားသွားမည်။ အချစ်ရေးမှာ မမျှော်လင့်တဲ့ အပြောင်းအလဲတစ်စုံတစ်ရာ ကြုံရတတ်သည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၅ ၈ ၈)၊ (၄ ၈ ၇)

**ယတြာ**– မွေးနေ့နံနက် စောစောတွင် ဘုရားမှာ သီလခံယူပြီး ယာဂုခွမ်းကပ်လှူကာ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ပါ။

တက္ကသိုလ်စိုးမိုးနိုင်



www.burmeseclassic.com